၇ ရက် သတင်းဂျာနယ်
# 7 DAY NEWS JOURNAL
http://www.7daynewsjournal.com

အတွဲ(၁၁)၊ အမှတ်(၂၂) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၄ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက် ၊ ကြာသပတေး၊ (ဩဂုတ် ၉ ၊ ၂၀၁၂)



TRI
MEN'S AND LADIES' WEARS




မိုးခေါင်၍ ညှိုးနွမ်းကာ မဖြစ်ထွန်းသော ပဲစင်းငုံပင်အချို့



တနသ်ာရီမြစ်ရေတက်သဖြင့် တနသ်ာရီမြို့ ရေကြီးမှုဖြစ်ပေါ်နေစဉ်

ဓာတ်ပုံ-ထားဝယ်မြို့တော်

## မိုးခေါင်၍ အညာတောင်သူများ ဒုက္ခရောက်

သတင်းအဖွဲ့

မြန်မာနိုင်ငံရှိမြစ်အများစု မြစ်ရေကြီးနေသဖြင့် မြန်မာနိုင်ငံ အထက်ပိုင်းနှင့် အောက်ပိုင်းဒေသအချို့၌ ရေလွှမ်းမိုးမှု ကြုံတွေ့နေရချိန်တွင် အလယ်ပိုင်းဒေသများမှာ မိုးကောင်းစွာ မရွာသွန်းသဖြင့် ဒေသခံ တောင်သူများ ဒုက္ခရောက်လျက်ရှိသည်။

စာ(၂၈-၂၉)သို့

## မြစ်ရေကြီး၍ ဒေသအချို့ ရေလွှမ်း

သတင်းအဖွဲ့

မြို့ခုနစ်မြို့တွင် မြစ်လေးစင်းမှာ စိုးရိမ်ရေမှတ် ကျော်လွန်ကာ မြစ်ရေကြီးလျက်ရှိပြီး ထပ်မံ၍ ယခုရက်ပိုင်းအတွင်း မြစ်ငါးစင်းမှာ စိုးရိမ်ရေမှတ်ထက်ကျော်နေ၍ ထိုမြစ်များတစ်လျှောက်ရှိမြို့များနှင့် ကျေး ရွာများတွင် ရေကြီးရေတက်မည်ဖြစ်ကြောင်း ထပ်မံသတင်းရရှိသည်။

အချပ်ပို(A)သို့

## နိုင်ငံတော်သမ္မတက ခန့်အပ်ထားသော ပုဂ္ဂိုလ်များ၏ စီးပွားရေးလုပ်ငန်းနှင့် ပိုင်ဆိုင်မှု တင်ပြရန်ညွှန်ကြားချက် ဆိုင်းငံ့ထား

မင်းဟိန်းကျော်

ရန်ကုန်၊ ဩဂုတ်-၆

နိုင်ငံတော်သမ္မတက ခန့်အပ်ထားသော ပုဂ္ဂိုလ်များ၏ ပိုင်ဆိုင်မှုများကို နိုင်ငံတော်သမ္မတထံ ဩဂုတ် ၁ ရက် နောက်ဆုံးထား ပေးပို့တင်ပြရန် သမ္မတရုံးမှ ညွှန်ကြားစာပို့ခဲ့သော်လည်း ယခုအခါ အဆိုပါညွှန်ကြားချက်အားဆိုင်းငံ့ထားကြောင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ဝန်ကြီးများက ပြောသည်။

"ပိုင်ဆိုင်မှုတွေ တင်ပြဖို့ နိုင်ငံတော်သမ္မတရုံးက စာလာတယ်ဆိုတာလည်း မှန်ပါတယ်။ အခုအဲဒီကိစ္စကို ဆိုင်းငံ့ထားဖို့လည်း စာဝင်ပါတယ်။ နောက်မှ ညွှန်ကြားမှုတွေ ထပ်လာနိုင်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဝန်ကြီးတစ်ဦးက ပြောသည်။အဆိုပါညွှန်ကြားချက်များသည်မိမိထံသို့လည်းရောက်ရှိကြောင်း ၎င်းကိစ္စနှင့်ပတ်သက်၍ တစ်စုံတစ်ရာမှတ်ချက်ပေးရန် မရှိကြောင်း၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ အကြီးအကဲက 7Day News ၏ ဆက်သွယ်မေးမြန်းမှုကို ပြန်လည်ဖြေကြားသည်။

စာ(၁၂)သို့


## ကမ္ဘာကျော် နိုင်ငံရေးဒဿနပညာရှင် ဖရန်စစ်ဖူကူယားမား မြန်မာနိုင်ငံလာမည်

ကိုကိုကြီး

ရန်ကုန်၊ ဩဂုတ် - ၆

ကမ္ဘာကျော်နိုင်ငံရေးဒဿနပညာရှင်၊ စာရေးဆရာ ပါမောက္ခ ဖရန်စစ်ဖူကူယားမားသည် မြန်မာနိုင်ငံသို့ ဩဂုတ်လတတိယအပတ်အတွင်းရောက်ရှိမည် ဖြစ်သည်။

ဖရန်စစ်ဖူကူယားမားသည် မြန်မာနိုင်ငံသို့ လေးရက်ကြာလာ ရောက်မည်ဖြစ်ပြီး ရန်ကုန်နှင့်နေပြည်တော်တို့တွင် နှစ်ရက်စီ စီးပွားရေးစီမံခန့်ခွဲမှု၊ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် ချဉ်းကပ်ဆောင်ရွက်ပုံနည်းလမ်းများနှင့် ကောင်းမွန်သည့်အစိုးရတစ်ရပ် တည်ဆောက်ရေးဆိုင်ရာ စသည့်အကြောင်းအရာများနှင့် ပတ်သက်ပြီး ဆွေးနွေးပွဲများ၊ ဟောပြောပွဲများပြုလုပ်သွားရန် စီစဉ်ထားကြောင်း သမ္မတအကြံပေးအဖွဲ့မှ နိုင်ငံရေး အကြံပေး ဦးကိုကိုလှိုင်ကပြောသည်။



စာ(၁၂)သို့

## ပိုလ်တထောင်ဆိပ်ကမ်း နယ်မြေတွင် ရေပေါ်ဟိုတယ်ငုံ့ အကောင်အထည်ဖော်မည်

စာ(၂)သို့

## တရားရုံးတွင် အမှုများ ကြန့်ကြာနေရသော အကြောင်းရင်း

စာ(၈)သို့

## ပီအာ–လား တပ်ပေါင်းစု–လား ပိုနေမြဲ ကျားနေမြဲ–လား

ရေးသားသူ–ကျော်ဝင်း

စာ(၂၆)သို့




7 DAY NEWS JOURNAL
Vol.11, No.22 • AUGUST 9 , 2012



ဗိုလ်တထောင်ဆိပ်ကမ်းတစ်နေရာ

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# ဗိုလ်တထောင်ဆိပ်ကမ်းနယ်မြေတွင် ရေပေါ်ဟိုတယ်ဇုန် အကောင်အထည်ဖော်မည်

**အိဖြူလွင်**

**ရန်ကုန်၊ ဩဂုတ်-၁**

ဗိုလ်တထောင်ဆိပ်ကမ်းနယ်မြေကို ခရီးသွားလုပ်ငန်းများ ကြုံနေရသော အခက်အခဲများ ဖြေရှင်းရန်အတွက် ရေပေါ် ဟိုတယ်ဇုန်အဖြစ် ဖော်ဆောင်မည်ဖြစ်ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ပြောကြားသည်။

ဟိုတယ်လိုအပ်ချက်ကို ဖြေရှင်းရန် အဆိုပါအစီအစဉ်မှာ ဟိုတယ်ဆောက်ခြင်းထက် ပို၍မြန်ဆန်နိုင်သည့်အတွက် အမြန်ဆုံးအ ကောင်အထည်ဖော်မည်ဟု ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။ ရေပေါ်ဟိုတယ်များအတွက် လိုအပ်မည့် ရေအစရှိသည်တို့ကို ဖြည့်ဆည်းပေးမည်ဖြစ်ပြီး ရေပေါ်ဟိုတယ်အတွက် ဆိုက်ကပ်ရန် လိုအပ်မည့် ဆိပ်ခံတံတားစသည် တို့ကိုလည်းပြင်ဆင်ပေးမည်ဟုပြည်ထောင်စုဝန်ကြီးက ရန်ကုန်ဆိပ်ကမ်းများ အဆင့်မြှင့်တင်ရေး ဆောင်ရွက်ရန် ဇူလိုင် ၂၉ရက်က ရှင်းလင်းရာတွင် ပြောကြားသည်။

အဆိုပါ ဆိပ်ကမ်းနယ်မြေကို အဆင့်မြှင့်ပြုပြင်တည်ဆောက်ရာတွင် ဟိုတယ်ဇုန်အပြင် အများပြည်သူအပန်းဖြေအနားယူနိုင်ရန် ညစျေးတန်းများ၊ လေဟာပြင်ဖျော်ဖြေပွဲများပါ ကျင်းပနိုင်သည့် နေရာအဖြစ် ပြုပြင်မည်ဖြစ်သည်ဟု သတင်းရရှိသည်။

ထိုသို့ပြုပြင်ရာ၌ ဗိုလ်တထောင်ဆိပ်ကမ်းနယ်မြေရှိ ကမ်းပါးထိန်း ရေကာတာတံတိုင်းကို မြစ်ဘက်သို့ ပေ ၁၀၀ ခန့် မြေဖို့ပြီး အမာခံလွင်ပြင်အဖြစ် တိုးချဲ့တည်ဆောက်မည်ဖြစ်ပြီး ပြုပြင်ပြီးပါက စုစုပေါင်းဆိပ်ကမ်းနယ်မြေ ၈ ၁၀ ဧကကျော်ရှိလာမည်ဖြစ်သည်ဟု မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဦးဆောင်ညွှန်ကြားရေးမှူးက ပြောကြားသည်။

ဆိပ်ကမ်းနယ်မြေပြုပြင်ခြင်းကို ပုဂ္ဂလိက ပြည်တွင်း၊ပြည်ပ လုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ အကျိုးတူပူးပေါင်းခြင်းစနစ် (Joint Venture)ဖြင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ပူးပေါင်းဆောင်ရွက်မည်ဟု ဦးဆောင်ညွှန်ကြားရေးမှူးကပြောကြားသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးကလည်း အခန်း၆၀ခန့်ပါဝင်သည့်ဌာနပိုင် သုံးထပ်သင်္ဘောများကို ရေပေါ်ဟိုတယ် (သို့မဟုတ်) စားသောက်ဆိုင်အဖြစ် ဖွင့်လှစ်ရန် ငှားရမ်းမည်ဟု ပြောကြားသည်။

# ခွင့်ပြုချက်မရသေးသော်လည်း မန္တလေးမြို့တော်သစ်စီမံကိန်း အစုရှယ်ယာတစ်စု ကျပ် ၁၀,၀၀၀ဖြင့်ရောင်း

**ညီညီဇော်**

**မန္တလေး၊ ဩဂုတ် - ၄**

မန္တလေးမြို့တော်သစ် စီမံကိန်းသည် သက်ဆိုင်ရာက ခွင့်ပြုပါက ၁၀နှစ်အတွင်း အကောင်အထည်ပေါ်လာနိုင်ကြောင်း ထိုစီမံကိန်းကို ဦးဆောင်နေသည့် စီဘီဘဏ် ဥက္ကဋ္ဌဦးခင်မောင်အေးကပြောသည်။

လက်ရှိတွင်မူ သက်ဆိုင်ရာက ခွင့်ပြုပေးခြင်းမပြုသေးဘဲရှိသော မြို့တော်သစ်ဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီဖွဲ့စည်းရန် ရှယ်ယာရှင်များဖိတ်ခေါ်နေသည့်အဆင့်သာရှိသေးသည်။ "ကျွန်တော် ခန့်မှန်းတာကတော့ မကြာခင် ဒီစီမံကိန်းနဲ့ပတ်သက်ပြီးကြေညာပြီး တင်ဒါပစ်မယ်လို့ထင်ပါတယ်။ အတိအကျတော့ မပြောနိုင်ပါဘူး" ဟုမြို့တော်သစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အများပိုင်ကုမ္ပဏီလီမိတက်ကို တည်ထောင်ရန် ဩဂုတ်၄ရက်က ကျင်းပသော အစုရှယ်ယာများဖိတ်ခေါ်သည့် အခမ်းအနားတွင် ၎င်းကပြောသည်။

မန္တလေးမြို့တော်သစ်စီမံကိန်းသည် တံတားဦးမြို့နယ် အင်းဝမြို့ဟောင်းအနီးရှိ ဧက ၂၀,၀၀၀ ကျော်အကျယ်အဝန်းရှိသည့် မြေနေရာတွင် တည်ဆောက်သွားမည်ဟုဆိုပြီး ဟိုတယ်ဇုန်၊ စက်မှုဇုန်၊ စီးပွားရေးလုပ်ငန်းဇုန်များ ပါဝင်မည်ဟု ဆိုသည်။

မြို့ခံလုပ်ငန်းရှင်အချို့ကမူ ယင်းစီမံကိန်းသည် သက်ဆိုင်ရာက တရားဝင်ခွင့်ပြုခြင်းမရှိသေးသည့်အတွက် ရှယ်ယာမဝင်သေးဘဲ စောင့်ကြည့်ဦးမည်ဟု ဆိုသည်။ အဆိုပါစီမံကိန်းအတွက် မြို့တော်သစ်ဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက်ကို တည်ထောင်ရန် အစုရှယ်ယာများဖိတ်ခေါ်နေပြီး တစ်စုလျှင် ကျပ်တစ်သောင်း သတ်မှတ်ထားသည်။ မန္တလေးမြို့သစ်စီမံကိန်းအတွက် အစုရှယ်ယာဖိတ်ခေါ်သည့် အခမ်းအနားတွင် မန္တလေးမြို့မှ ရှယ်ယာအဆိုပြုလွှာ ၂၅၀ ကျော်ကို ရရှိသွားခဲ့ပြီး ငွေကြေးလတ်တလောပေးသွင်းရခြင်းမရှိသေးဟု သတင်းရရှိသည်။



7 DAY NEWS JOURNAL
Vol.11, No.22 • AUGUST 9 , 2012

# မင်္ဂလာမန္တလေးမြို့သစ်စီမံကိန်း စတင်တော့မည်

## ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ကျပ်၉၁ ဘီလီယံလျာထား

**မေဝင်းမွန်**

**ရန်ကုန်၊ ဩဂုတ် –၄**

မန္တလေးမြို့တွင်နိုင်ငံတကာအဆင့်မီမင်္ဂလာမန္တလေးမြို့သစ်အမည်ရှိစီမံကိန်းကို ဩဂုတ်လ ၁၂ရက်နေ့တွင်လုပ်ငန်းစတင်မည်ဖြစ်ကြောင်း စီမံကိန်းဖော်ဆောင်မည့် C.A.D ဆောက်လုပ်ရေးကုမ္ပဏီမှမန်နေဂျင်းဒါရိုက်တာ ဦးဇင်မင်းဆွေက ပြောကြားသည်။



**မန္တလေးမြို့သစ်စီမံကိန်းပုံစံငယ်**

ထိုစီမံကိန်းကို အမေရိက၊ တရုတ်၊ စင်ကာပူ၊ ထိုင်ဝမ် စသည့် နိုင်ငံတကာဗိသုကာပညာရှင်များ ပါဝင်သည့်SCP အဖွဲ့နှင့်မန္တလေးမှ မြန်မာဗိသုကာများပါဝင်သည့် C.A.D အဖွဲ့များ ပူးပေါင်းပုံစံထုတ် ဒီဇိုင်းရေးဆွဲခြင်းဖြစ်ပြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် အကျိုးတူ New Star Light ဆောက်လုပ်ရေးနှင့် C.A.D ဆောက်လုပ်ရေးတို့မှ မြန်မာကျပ်ငွေ ၉၁ ဘီလီယံ ရင်းနှီးမြှုပ်နှံမည်ဟုသိရသည်။

မန္တလေးမြို့ ၇၃ လမ်း၊ သဇင်လမ်းနှင့်ငုရွှေဝါလမ်းကြား၊ ချမ်းမြသာစည်မြို့နယ် နိုင်ငံတကာဘောလုံးကွင်းသစ်ကြီးနှင့်မျက်နှာချင်းဆိုင်ရှိ မြေဧရိယာ ၄၇ ဧကတွင် တည်ဆောက်သွားမည်ဖြစ်သည်။

“မျက်နှာချင်းဆိုင်မှာရှိတဲ့ နိုင်ငံတကာအားကစားကွင်းကြီးကို အထောက်အကူပြုအဆောက်အဦတွေဖြစ်တဲ့ ကားပါကင်၊ ဟိုတယ်တွေ၊ စူပါမားကက်တွေအပြင် အိမ်ရာစီမံကိန်းလည်း ပါဝင်ပါတယ်။ လမ်းတွေမပြီး၊ ဘာတွေမပြီးနဲ့ မြေကွက်ရိုက်ပြီးပေးလိုက်တဲ့ စီမံကိန်းပုံစံမျိုးတွေကနေ ခွဲထွက်ပြီး အခြေခံအဆောက်အအုံတွေဆောက်လို့အားလုံးပြီးမှဒီမြေကွက်တွေကို ရောင်းပေးသွားမှာပါ။ ကြိုပွိုင့်စနစ်နဲ့ ရောင်းတဲ့ပုံစံမျိုးလည်းမဟုတ်ပါဘူး။ ရေမြောင်းတို့၊ လျှပ်စစ်မီးစနစ်တွေကိုလည်း မြေအောက်စနစ် အသုံးပြုမှာပါ။ လုံခြုံရေးစနစ်၊ မီးအန္တရာယ် ကာကွယ်မှုစနစ်၊ မြေခင်းအလှဆင်စတာတွေအတွက်လည်း စနစ်တကျဆောင်ရွက်ထားပါတယ်။ နိုင်ငံတကာအဆင့်မီတဲ့ မြို့ပြစီမံကိန်းစံနမူနာဖြစ်အောင်၊ ဒေသတွင်းစီးပွားရေးလုပ်ကိုင်မှု အခွင့်အလမ်းတွေ တိုးအောင်ရည်ရွယ်တဲ့ စီးပွားရေးဖွံ့ဖြိုးမှုကို အခြေပြုတဲ့ စီမံကိန်းတစ်ခုပါ”ဟုC.A.D ဆောက်လုပ်ရေးမှ မန်နေဂျင်းဒါရိုက်တာ ဦးဇင်မင်းဆွေကပြောသည်။

မင်္ဂလာမန္တလေးစီမံကိန်းတွင် လူနေအိမ်ရာများ၊ ကြယ်လေးပွင့်အဆင့်ဟိုတယ်တစ်လုံး၊ ကြယ်သုံးပွင့်အဆင့်ဟိုတယ်တစ်လုံး၊ အမိုးခုံးစကြံနှင့် လူနေဆိုင်တန်း (Shopping Arcade) များ၊ ရှော့ပင်းစင်တာ၊ ကွန်ဒိုမီနီယံနှစ်လုံး၊ ကားအစီးရေ ၁,၀၀၀၊ မော်တော်ဆိုင်ကယ်စီးရေ ၃,၀၀၀ ရပ်နားနိုင်မည့် လေးထပ်ကားပါကင်၊ လမ်းလျှောက်ဈေး(Walking Street)စသည်များပါဝင်မည်ဖြစ်သည်ဟု ဆိုသည်။

လာမည့် ၂၀၁၃ ခုနှစ် ဒီဇင်ဘာတွင် ကျင်းပမည့်ဆီးဂိမ်းအမီ ကြယ်သုံးပွင့်အဆင့် ဟိုတယ်၊ ရှော့ပင်းစင်တာ၊ ဈေးဆိုင်များ၊ ကားပါကင်တို့ကိုအပြီးသတ်တည်ဆောက်မည်ဖြစ်ပြီး လူနေအိမ်ရာများကိုမူ ၂နှစ်အတွင်းအပြီးတည်ဆောက်သွားမည်ဟု ဦးဇင်မင်းဆွေက ပြောကြားသည်။

## ထုတ်ဝေခွင့် ယာယီရပ်ဆိုင်းခံခဲ့ရသော ဂျာနယ်သုံးစောင်လုံး ပြန်လည်ထုတ်ဝေခွင့်ရ

**ရန်ကုန်၊ ဩဂုတ် – ၆**

ထုတ်ဝေခွင့် ယာယီရပ်ဆိုင်းခံခဲ့ရသော The Voice နှင့် Envoy သတင်းဂျာနယ်နှစ်စောင်အား ထုတ်ဝေခွင့်နှစ်ပတ်စီပိတ်ပြီးနောက်ပြန်လည်ထုတ်ဝေခွင့်ပြုလိုက်ပြီဖြစ်ကြောင်း စာပေစိစစ်နှင့်မှတ်ပုံတင်ဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ထို့ကြောင့် The Voice ဂျာနယ်မှာ ဩဂုတ်လ ၁၈ ရက်တွင် ပြန်လည်ထွက်ရှိမည်ဖြစ်ကြောင်း ဂျာနယ်၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင်ကြေညာထားသည်။ အလားတူ Envoy ဂျာနယ်မှာလည်း လာမည့်အပတ်တွင် ပြန်လည်ထွက်ရှိမည်ဖြစ်သည်။ ဇွန်လမှစတင်၍ ထုတ်ဝေခွင့် ယာယီရပ်ဆိုင်းခံခဲ့ရသော လျှပ်တစ်ပြက်သတင်းဂျာနယ်မှာလည်း စာပေစိစစ်နှင့်မှတ်ပုံတင်ဌာနက ပြီးခဲ့သည့်အပတ်တွင် ထုတ်ဝေခွင့် ပြန်လည်ခွင့်ပြုခဲ့သည်။



7 DAY NEWS JOURNAL
Vol.11, No.22 ▪ AUGUST 9 , 2012

# ဦးသန့်နေထိုင်ခဲ့သောအိမ်ကို ပြတိုက်ငယ်ဖွင့်လှစ်နိုင်ရန် မိသားစုပြင်ဆင်

**အောင်သူရ**

**ရန်ကုန်၊ ဩဂုတ် - ၂**

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့် ၁၉၅၀ ပြည့်နှစ်များက နေထိုင်ခဲ့သော နေအိမ်အား မကြာမီ ပြန်လည်ပြုပြင်ကာ ဦးသန့်၏ ဘ၀အစိတ်အပိုင်းနှင့် အလုပ်နှင့် ပတ်သက်သည်များကို အိမ်၏အစိတ်အပိုင်းအချို့တွင် ပြတိုက်ငယ် အဖြစ်ပြုလုပ်သွားရန် မိသားစုက စီစဉ်နေကြောင်း သတင်းရရှိသည်။

အချို့နေရာများကို အများပြည်သူနှင့်ဆိုင်သော ဆွေးနွေးပွဲများ၊ သင်ခန်းစာ ပို့ချချက်များ ပြုလုပ်နိုင်ရန် မိသားစုများက ပြင်ဆင်နေကြောင်း မြေးတော်စပ်သူ စာရေးဆရာ ဦးသန့်မြင့်ဦးက ၎င်း၏ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် ဩဂုတ်လ ၂ရက်က ရေးသားထားသည်။



၁၉၅၀နှစ်များအတွင်း ဦးသန့်နေထိုင်ခဲ့သော ၀င်ဒါမီယာရှိနေအိမ်

ဓာတ်ပုံ-ThantMyintU Fan Page

ယခင်အစိုးရလက်ထက်က ထိုအိမ်သည် အစိုးရပိုင်ဖြစ်ပြီး မိသားစု၏ စိတ်ကူးကို အကောင်အထည်ဖော်နိုင်ရန် သမ္မတက ခွင့်ပြုချက်ပေးခဲ့ပြီး လအနည်းငယ်ကြာ အချိန်ယူပြင်ဆင်ကာ အကောင်အထည်ဖော်နိုင်မည်ဟု မျှော်လင့်ကြောင်းလည်း ဦးသန့်မြင့်ဦးက ရေးသားထားသည်။

အဆိုပါအိမ်သည် ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဆာကူရာ ရီစီဒန့်အနောက်ဘက်မှ ၀င်ရသော ၀င်ဒါမီယာရာဂါးဒင်း အမှတ်(၃၁) တွင်တည်ရှိသည်။

# မလေးရှားကားကုမ္ပဏီတစ်ခု စက်ရုံတည်ထောင်ရန် မြေနေရာ လိုက်ရှာနေ

**ကိုကိုကြီး**

**ရန်ကုန်၊ဩဂုတ်-၄**

မလေးရှားနိုင်ငံအခြေစိုက် ကားထုတ်လုပ်သည့် Tan Chong ကုမ္ပဏီက ကားပစ္စည်းများ ထုတ်လုပ်တပ်ဆင်သည့် စက်ရုံတစ်ရုံကို တည်ထောင်ရန် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြေဧက ၁၀၀ အကျယ်အ၀န်းရှိ မြေနေရာတစ်ခုကိုလိုက်လံရှာဖွေနေကြောင်းရန်ကုန်သို့ ရောက်ရှိနေသည့် ၎င်းကုမ္ပဏီအကြီးတန်းမန်နေဂျာ ဦးဇော်မင်းကပြောသည်။

"ရန်ကုန်မှာ လိုချင်တာ။ ရန်ကုန်မှာမရှိလို့ ပဲခူးသွားတာ။ ဘာမှမဆုံးဖြတ်ရသေးဘူး"ဟု အကြီးတန်းမန်နေဂျာကပြောသည်။

လတ်တလောအခြေအနေတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ လျှောက်ထားမှုမရှိသေးသော်လည်းတည်ဆောက်မည့်မြေနေရာရရှိပါက လုပ်ငန်းလည်ပတ်လုပ်ကိုင်ရန် ၎င်းကော်မရှင်၏ ခွင့်ပြုချက်ရရှိရန် တင်ပြသွားမည်ဖြစ်ကြောင်း ဦးဇော်မင်းက ပြောသည်။

ထို့ပြင် ရန်ကုန်မြို့တွင်လည်း မော်တော်ယာဉ်များ ပြုပြင်ထိန်းသိမ်းသည့် ၀န်ဆောင်မှုစင်တာတစ်ခု ဖွင့်လှစ်နိုင်ရန် စီစဉ်နေသည်ဟု ၎င်းကပြောသည်။

အလားတူ ထိုင်းနိုင်ငံ ဘန်ကောက်အခြေစိုက် ကားတင်သွင်းသည့် ထိပ်တန်းကုမ္ပဏီတစ်ခုဖြစ်သော TSL ကလည်း ၎င်း၏ပထမဆုံး ပြည်ပရင်းနှီးမြှုပ်နှံမှု ခြေလှမ်းအဖြစ် မြန်မာနိုင်ငံတွင် မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းသည့် လုပ်ငန်းကို ယခုနှစ်မကုန်မီ စတင်နိုင်ရန် ရည်ရွယ်ထားသည်ဟု အမှုဆောင်အရာရှိချုပ် မစ္စဆူဇီပွန်က ပြောကြောင်း ဇူလိုင် ၂၈ ရက်ထုတ် ဘန်ကောက်ပို့စ်သတင်းစာတွင် ဖော်ပြထားသည်။



# နာကာတာ မြန်မာနိုင်ငံသို့ ဒုတိယအကြိမ် လာရောက်မည်

**ဗိုလ်ဗိုလ်၀င်း**

**ရန်ကုန်၊ဩဂုတ်-၄**

ဂျပန်နိုင်ငံမှ နာမည်ကြီး ဘောလုံး သမားဟောင်းဖြစ်သူ နာကာတာသည် ရန်ကုန်မြို့သို့ယခုလအတွင်း လေးရက်ကြာအလည်အပတ်ခရီး လာရောက်မည်ဖြစ် ကြောင်း သတင်းရရှိသည်။

နာကာတာသည်ဩဂုတ်လ ၁၉ရက်မှ ၂၂ရက်အထိ ရန်ကုန်မြို့သို့လာရောက်လည်ပတ်မည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့်လည်း တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း အဆိုပါခရီးစဉ်ကိုစီစဉ်သည့် Victory Radiance ထရေးဒင်းကုမ္ပဏီမှ တာ၀န်ရှိသူကပြောသည်။

**စာ(၁၂)သို့**




## CRIME မှုခင်းသတင်း CORNER

### အရွယ်မရောက်သေးသူအား လိင်အလွဲသုံးစားပြုရန်ကြံစည်သူကို အရေးယူ

**ကျော်ဇေယျ**

**နေပြည်တော်၊ဩဂုတ်-၁**

မိခင်ဖြစ်သူ မြက်ရိတ်သွားခိုက် အိမ်တွင်ကျန်ရစ်ခဲ့သူ မိန်းကလေးငယ်အား အိမ်နီးချင်းဖြစ်သူက လိင်အလွဲသုံးစားပြုရန် ကြံစည်သဖြင့် မိခင်ဖြစ်သူက အမှုဖွင့်တိုင်ကြားခဲ့မှု ဇူလိုင် ၂၈ ရက်က နေပြည်တော် ပျဉ်းမနားတွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင်လ ၂၈ရက် နံနက် ၁၁နာရီအချိန်ခန့်က နေပြည်တော် ပျဉ်းမနား ××× ရွာနေ မ×××(၂၉) နှစ်သည် ရွာအပြင်သို့မြက်ရိတ်ထွက်ရာ သမီးဖြစ်သူ မ××× (၆နှစ်)မှာ အိမ်တွင်တစ်ဦးတည်း ကျန်ရစ်ခဲ့သည်ဟုဆိုသည်။ ထိုအချိန်တွင် အိမ်နီးချင်းဖြစ်သူ ညိုစန်း၀င်းရောက်လာပြီး အိမ်တွင်တစ်ဦးတည်း ကျန်ရစ်နေသူမိန်းကလေးငယ်အား ညိုစန်း၀င်းက သူအိပ်ချင်နေ၍ အိပ်ခန်းအတွင်းရှိ ခေါင်းအုံးအား ယူပေးရန် စေခိုင်းလိုက်သည် ဟုဆိုသည်။

ကလေးငယ်က အိပ်ခန်းအတွင်းရှိခေါင်းအုံးအား၀င်ယူစဉ် ညိုစန်း၀င်းက အိပ်ခန်းအတွင်း လိုက်လာပြီး လိင်အလွဲသုံးစားပြုလုပ်ရန် ကြိုးစား၍ ကလေးကလည်း အော်ဟစ်ခဲ့သည်။ ညိုစန်း၀င်းလည်း ယင်း၏နေအိမ်သို့ပြန်သွားခဲ့သည်ဟုသိရသည်။ ထို့နောက်မိန်းကလေးငယ်သည်မိခင်ဖြစ်သူမြက်ရိတ် ပြန်လာစဉ် အဖြစ်အပျက်အားတိုင်ကြားပြောပြသဖြင့် ကလေးငယ်၏မိခင်က ညိုစန်း၀င်းကို ဥပဒေအရ အရေးယူပေးပါရန် တိုင်တန်းခဲ့ရာ နေပြည်တော် ပျဉ်းမနား ရဲစခန်း (ပ)၄၁၀/ ၂၀၁၂ပြစ်မှုပုဒ်မ၃၇၆/၅၁၁(မုဒိမ်းကျင့်ရန်ကြံစည်မှု) အရ အမှုဖွင့်အရေးယူထားကြောင်း ရဲမှတ်တမ်းများအရ သိရသည်။

"ဒီဘက် ဆယ်စုနှစ်တွေမှာ ဒီလိုမကြားဝံ့မနာသာ သက်ငယ်မှုတွေ များလာတာကို တွေ့ရတယ်။ လူကြီးချင်း ပေးစားထားတဲ့ ဇနီးမယားပဲဖြစ်ဖြစ်၊ ကာယကံရှင်က သဘောတူကြည်ဖြူလို့ပဲဖြစ်ဖြစ် မိန်းကလေးဆိုရင် အသက်(၁၄)နှစ်နဲ့အောက်ကို ဘယ်လိုအကြောင်းအရာကြောင့်ပဲဖြစ်ဖြစ် လိင်ကိစ္စကျူးလွန်ရင် ပြစ်မှုပုဒ်မ ၃၇၆ မြောက်ပါတယ်။ သမီးမိန်းကလေးမွေးထားတဲ့မိဘတွေကလည်း ကိုယ့်သမီးကိုယ် ငယ်သေးတယ် မဖြစ်လောက်ပါဘူးလို့ ထင်ထားပြီး ပေါ့ပေါ့လျော့လျော့ ထားတတ်တော့ အကြံသမား တွေအတွက် လွယ်ကူသွားတတ်တာတွေလည်း ရှိပါတယ်" ဟု ဥပဒေအကြံပေးအရာရှိတစ်ဦးက ပြောသည်။

### အကျီဆင်းဆယ်ရာမှ ရေနစ်သေဆုံး

**ကျော်ဇေယျ**

**နေပြည်တော်၊ဩဂုတ်-၁**

လှည်းရေဆေးရာမှ သဲကျင်းရေအိုင်အတွင်းသို့ အင်္ကျီကျသွားသဖြင့် ဆယ်ယူရာ ရေနစ်သေဆုံးခဲ့ရသော ဖြစ်ရပ်တစ်ခု ဇူလိုင် ၂၉ရက်က နေပြည်တော်ကောင်စီ နယ်မြေအတွင်း ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နေပြည်တော် ပျဉ်းမနားမြို့၊ နတ်သူရဲကျေးရွာတွင် ကိုကျော်သူ(၃၇)နှစ်ဆိုသူမှာ ဇူလိုင် ၂၉ ရက် နံနက် ၉နာရီအချိန်ခန့်က နတ်သူရဲကျေးရွာ အရှေ့မြောက်ဘက်ရှိ နှမ်းစိုက်ခင်းများအကြားအတွင်းရှိ သဲကျင်းရေအိုင်တွင် ၎င်း၏လှည်းအား ရေဆေးရာ၌ ယင်း၏အင်္ကျီမှာ ရေအိုင်အတွင်းကျသွားသဖြင့် ဆင်း၍ဆယ်ယူရာမှ ရေနစ်သွားခဲ့သည်ဟုဆိုသည်။

ကိုကျော်သူ ရေနစ်နေသည်ကို ပတ်၀န်းကျင်မှ သိရှိပြီး ရွာသူ ရွာသားများက ဝိုင်း၀န်းဆယ်ယူသော်လည်း အသက်ရှင်လျက်ပြန်မရဘဲ ကမ်းစပ်နှင့် ပေနှစ်ဆယ်အကွာ၌ အလောင်းအား ပြန်ဆယ်မိပြီး အဆိုပါ သဲကျင်းရေအိုင်မှာ အကျယ်ပေ ၅၀ အနက် ၇ ပေခန့်ရှိသော ရေအိုင်ဖြစ်ကြောင်း သိရသည်။ မှုခင်းဆေးပညာအရ စစ်ဆေးနိုင်ရန် အလောင်းအား ခုတင်(၂၀၀)ဆေးရုံသို့ ပို့ဆောင်ပြီး ယင်းသေဆုံးမှုဖြင့်ပတ်သက်၍ နေပြည်တော် ပျဉ်းမနားရဲစခန်းမှ သေမှုသေခင်းအမှတ်စဉ် ၃၃/ ၂၀၁၂ အရ အမှုဖွင့်ကာ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# ၁၀ လကျော်အတွင်း ပြည်ပမှ ကားအစီးရေခြောက်သောင်းကျော် ဆိပ်ကမ်းအရောက်တန်ဖိုး ကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံဖိုး တင်သွင်းထား

## ကားသွင်းခွင့်ရှိသော်လည်း ကားအရောင်းစင်တာနှင့် ပွဲစားများထံမှသာ ဝယ်သူများ

**မိုးညို၊ အေးမြတ်သူ၊ ချယ်ရီမြင့်**

**ရန်ကုန်၊ ဩဂုတ် - ၅**

ယာဉ်အိုယာဉ်ဟောင်းဖျက်သိမ်းရေးစီမံကိန်း စတင်သော ၂၀၁၁ စက်တင်ဘာ ၁၉ရက်မှ ၂၀၁၂ဇူလိုင် ၂၇ရက်အထိ ၁၀လကျော်အတွင်း ကားအစီးရေ စုစုပေါင်း ၆၃,၉၄၂စီး တင်သွင်းပြီးဖြစ်ကာ စုစုပေါင်း ဆိပ်ကမ်းအရောက်တန်ဖိုး စုစုပေါင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံရှိခဲ့သည်။

၂၀၁၂ ဇူလိုင် ၂၇ ရက်အထိ စာရင်းများအရ လူစီးယာဉ် ၆၀,၀၄၂စီး၊ ဘတ်စ်ကား၁,၀၅၈ စီး၊ ကုန်တင်ယာဉ် ၂,၈၂၂စီး စုစုပေါင်း ၆၃,၉၄၂စီးအား တင်သွင်းပြီးဖြစ်ကြောင်း အကောက်ခွန်ဦးစီးဌာနမှ တရားဝင်ထုတ်ပြန်ထားသည်။

နိုင်ငံသားမှတ်ပုံတင်ကိုင်ဆောင်ထားသူတိုင်း ကားတင်သွင်းခွင့်ရှိသော်လည်း အများစုမှာ ကားအရောင်းစင်တာနှင့် ကားပွဲစားတန်းမှ ယာဉ်များကိုသာ အဓိကထားဝယ်ယူလျက်ရှိကြောင်း ကားလုပ်ငန်းရှင်များကပြောသည်။



**ရန်ကုန်မြို့လယ်မှ မော်ဒယ်မြင့်ယာဉ်အချို့**   ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

"တချို့က ကိုယ်ဝယ်သွင်းတဲ့ကားကို စောင့်ရတာကြာလို့ ကားအရောင်းစင်တာတွေမှာပဲဝယ်ကြတယ်"ဟု တာမွေမြို့နယ်မှ ကားအရောင်းစင်တာတစ်ခုရှိ မန်နေဂျာတစ်ဦးကဆိုသည်။

ထို့အပြင် မိမိတင်သွင်းလာသည့်ယာဉ်နှင့်ပတ်သက်၍ တာဝန်ယူမှုအပိုင်းနှင့် စက်ကိရိယာချို့ယွင်းမှုဖြစ်ပွားပါက မိမိအစီအစဉ်ဖြင့်သာ ပြန်လည်ပြုပြင်နေရခြင်း၊ ဆိပ်ကမ်းတွင် မော်တော်ယာဉ်ပြန်လည်ထုတ်ယူရာ၌ အချိန်ပေးရခြင်း စသည်တို့ကြောင့် စီးမည့်သူက တိုက်ရိုက်ဝယ်ယူတင်သွင်းမှုနည်းပါးနေခြင်းလည်းဖြစ်ကြောင်း ကားတင်သွင်းသူလုပ်ငန်းရှင်တစ်ဦးကဆိုသည်။ မော်တော်ယာဉ်တင်သွင်းခွင့်လျှောက်ထားရာတွင် နေပြည်တော် စီးပွား/ကူးသန်းဝန်ကြီးဌာနသို့လျှောက်ထားရာ၌ စာရွက်စာတမ်းလိုအပ်ပါက ရန်ကုန်သို့ပြန်လည်ရယူ၍တင်ပြရသောကြောင့် အချိန်နှစ်နာမှုများရှိကြောင်း Farmer Autoကားအရောင်းစင်တာမှ ဒါရိုက်တာ ဒေါက်တာထွန်းဝင်းကပြောသည်။

**စာ(၁၂)သို့**

# ပြည်ပရင်းနှီးမြှုပ်နှံသူများကို ချပေးရန် အရှုပ်အရှင်းကင်းသော မြေနည်းပါး

**ပြည်သိမ်း**

**ရန်ကုန်၊ ဩဂုတ်-၂**

ပြည်ပရင်းနှီးမြှုပ်နှံသူများအတွက် နိုင်ငံတော်မှချပေးရန် အရှုပ်အရှင်းကင်းသော မြေယာအလွန်ပင် နည်းပါးကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းကပြောကြားသည်။

နိုင်ငံတော်တွင် တိကျသည့် မြေယာစီမံချက်မရှိခဲ့ခြင်း၊ စနစ်တကျတိုင်းထားသည့် အကျယ်အဝန်းဧက၊ ဟတ်တာများ မရှိခြင်းတို့ကြောင့် ယခုကဲ့သို့ အခက်အခဲနှင့် ကြုံတွေ့ရကြောင်း ပြည်တော်စုဝန်ကြီးက ရှင်းပြသည်။

"နိုင်ငံတော်နဲ့ ရင်းနှီးမြှုပ်နှံသူတွေ နှစ်ဦးနှစ်ဖက် အဆင်ပြေမယ့် မူဝါဒတွေ ချမှတ်ဆောင်ရွက်သွားမယ်" ဟု ဦးဝင်းထွန်းကဆိုသည်။

မြေယာခွဲဝေ အသုံးချရေး မူဝါဒကော်မရှင်ကို ဖွဲ့စည်းထားပြီး မြေယာအသုံးချရေးနှင့်ပတ်သက်၍ ဥပဒေများ လုပ်ထုံးလုပ်နည်းများ စနစ်တကျအသုံးချရန် စီစဉ်ထားကြောင်း သိရသည်။ အခြေချနေထိုင်သူများ၏ ဘဝအာမခံချက်၊ အလုပ်အကိုင်အခွင့်အလမ်း၊ ရေရှည်ရပ်တည်မှုကိုကြည့်၍ ဥပဒေနှင့်စည်းမျဉ်းချမှတ်ဆောင်ရွက်နေကြောင်း သိရသည်။ လက်ရှိ မြန်မာနိုင်ငံ၏ မြေယာဈေးနှုန်းသည် အာရှတွင် ဈေးအမြင့်ဆုံးဖြစ်နေပြီး ပြည်ပရင်းနှီးမြှုပ်နှံမှုများအတွက် အတားအဆီးဖြစ်နေကြောင်း စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးစိုးသိန်းက ဇူလိုင် ၁ရက် သတင်းထောက်များနှင့် တွေ့ဆုံရာတွင်ပြောကြားခဲ့သည်။

မြေယာဈေးနှုန်းကြီးမြင့်မှုအခက်အခဲကိုဖြေရှင်းနိုင်ရန် ဥပဒေတစ်ခုပြဋ္ဌာန်းပြီး အခွန်စနစ်ဖြင့် ပြုလုပ်၍ရကြောင်း ပြည်ထောင်စုဝန်ကြီးကရှင်းပြသည်။ မြန်မာနိုင်ငံတွင် ပြည်ပရင်းနှီးမြှုပ်နှံသူများအတွက် အဓိကစိန်ခေါ်မှုများမှာ လျှပ်စစ်မီးနှင့် မြေဈေးနှုန်းပြဿနာများဖြစ်နေကြောင်းကိုလည်း သိရသည်။

မြေယာဈေးနှုန်းကြီးမြင့်ရခြင်းမှာ ငွေကြေးတတ်နိုင်သူများက ထုတ်ကုန်လုပ်ငန်းများနှင့် အခြားသော ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရန် အခွင့်မသာသဖြင့် အလားအလာအလာကောင်းသည့် မြေကိုသာ ဝင်ရောက်ရင်းနှီးမြှုပ်နှံကြခြင်းကြောင့်ဖြစ်ကြောင်း ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်ကြီးတစ်ဦးက ပြောကြားသည်။

ယင်းကြောင့် ပြည်တွင်း မြေ ဈေးကွက်မှာ ၂၀၁၁ အစိုးရသစ် တက်လာပြီးနောက် စီမံကိန်းများကြောင့် အရောင်းအဝယ်သွက်ပြီး ဈေးနှုန်းများမြင့်တက်ခဲ့သည်။ သို့သော် ၂၀၁၂နှစ်ဆန်းမှစတင်၍ အရောင်းအဝယ်ပြန်အေးသွားပြီး လက်ရှိအချိန်တွင် အခွန်စနစ်အပြောင်းအလဲကို မျှော်လင့်နေကြကြောင်း သိရသည်။





နာကျင်ကိုက်ခဲ၊ ရောင်ယမ်းမှုများသက်သာပျောက်ကင်းစေရန်
အကောင်းဆုံး
“ကျားဘမ်း” ပလာစတာ
WARM
COOL
TIGER BALM PLASTER
Myanmar Reg: No.1407AA1734
Myanmar Reg: No.1407AA1733
MARKETED & DISTRIBUTED BY
THUKHA DANA CO., LTD.
1. Head Office : No.84, 12th Street, Lanmadaw Township, Yangon. Tel : 01-215151, 215252, 215454, 227028, 212433
2. Mandalay : No.141, 34th Street, Between 78th&79th Street, Chanayetharzan Township, Mandalay. Tel : 02-69377, 69388, 69363
3. Mawlamyaing : No.(381-A), Lower Main Road, Mayangone Quarter, Mawlamyaing. Tel : 057 - 23207, 09 - 8702954
4. Taunggyi : No.273, Zawtika Street, Thit Taw Quarter, Taunggyi. Tel : 081-22503
5. Pathein : No.12 (A), Mahabandoola Street, Pathein. Tel : 042 - 22889
6. Pyay : No.1/2, Kan Street, In front of Tun Thiri Cinema, Pyay. Tel : 053 - 25139
7. Myitkyina : No.B/2, Nawarat Constructional Building, Sumparabum Street, Myitkyina. Tel : 074 - 21299
8. Myeik : No.92 (B), Bogyoke Street, Seitngae Block, Myeik. Tel : 059 - 41468
9. Lashio : No.69, Theinni Street, Quarter-2, Lashio. Tel : 082 - 22005
10. Pyinmana : No.6/3, Bogyoke Street, Mingalar Quarter, Pyinmana. Tel : 067-21110
11. Taunggoo : No.2/307, Bo Hmu Phoe Kum Street, In front of Kan Taw Gyi, Taunggoo. Tel : 054-25678
12. Magway : No.44, Myo Ma 6th Street, Myo Ma Oh Bo Quarter, Magway. Tel : 063-26165
TIGER BALM®
PLASTER




TERUMO® JAPAN
THUKHA DANA
Digital Blood Pressure Monitor
သွေးပေါင်ချိန်တိုင်း ကိရိယာ
ES*P311
TERUMO ACTIVITY MONITOR
Check Total Calorie Consumption
to Control Meals & Exercise
Lightweight 22 grams
MEMORY
SET
MODE
MEDISAFE™ MINI
Blood Glucose Reader
သွေးချိုတိုင်း ကိရိယာ
mg/dl
mmol/L
Memory
TERUMO Ear Thermometer
EM-30CP LB/R
Just 1 second
MARKETED & DISTRIBUTED BY THUKHA DANA CO., LTD.
1. Head Office : No.84, 12th Street, Lanmadaw Township, Yangon.
Tel : 01-215151, 215252, 215454, 227028, 212433
2. Mandalay : No.141, 34th Street, Between 78th&79th Street, Chanayetharzan Township,
Mandalay. Tel : 02-69377, 69388, 69363
3. Mawlamyaing : No.(381-A), Lower Main Road, Mayangone Quarter, Mawlamyaing.
Tel : 057 - 23207, 09 - 8702954
4. Taunggyi : No.273, Zawtika Street, Thit Taw Quarter, Taunggyi. Tel : 081-22503
5. Pathein : No.12 (A), Mahabandoola Street, Pathein. Tel : 042 - 22889
6. Pyay : No.1/2, Kan Street, In front of Tun Thiri Cinema, Pyay. Tel : 053 - 25139
7. Myitkyina : No.B/2, Nawarat Constructional Building, Sumparabum Street, Myitkyina. Tel : 074 - 21299
8. Myeik : No.92 (B), Bogyoke Street, Seitngae Block, Myeik. Tel : 059 - 41468
9. Lashio : No.69, Theinni Street, Quarter-2, Lashio. Tel : 082 - 22005
10. Pyinmana : No.6/3, Bogyoke Street, Mingalar Quarter, Pyinmana. Tel : 067-21110
11. Taunggoo : No.2/307, Bo Hmu Phoe Kum Street, In front of Kan Taw Gyi, Taunggoo. Tel : 054-25678
12. Magway : No.44, Myo Ma 6th Street, Myo Ma Oh Bo Quarter, Magway. Tel : 063-26165

7 DAY NEWS JOURNAL
Vol.11, No.22 • AUGUST 9 , 2012

# ကုန်းလမ်းပို့ဆောင်ရေးဌာနနှင့် ဂျပန်ကားကုမ္ပဏီ ပူးပေါင်းပြီး ဘတ်စ်ကား၃,၀၀၀ တင်သွင်းမည်

**ကိုကိုကြီး**

**ရန်ကုန်၊ ဩဂုတ် - ၆**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးဌာနနှင့် ဂျပန်နိုင်ငံ၊ တိုကျိုမြို့အခြေစိုက် ဂျပန်ကားကုမ္ပဏီတို့ အကျိုးတူ ပူးပေါင်းပြီး အဝေးပြေးယာဉ်များနှင့် အများပြည်သူသုံး မော်တော်ယာဉ်(City Bus)အစီးရေ၃,၀၀၀ တင်သွင်းသွားမည်ဖြစ်ကြောင်း ယင်းကုမ္ပဏီ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးတင်အောင်မြင့်ကပြောသည်။

"သွင်းလာတဲ့ကားတွေ သုံးလအတွင်းမှာ ရောက်မယ်လို့ မှန်းထားတယ်"ဟု ဥက္ကဋ္ဌကပြောသည်။ ယင်းကုမ္ပဏီသည် မြန်မာနိုင်ငံတွင် ပထမဆုံး ရင်းနှီးမြှုပ်နှံမှုခြေလှမ်းအဖြစ် ပြည်တွင်း ပို့ဆောင်ရေးလုပ်ငန်း နယ်ပယ်တွင် စတင်ဆောင်ရွက်ခြင်းဖြစ်သည်။

တင်သွင်းမည့်ယာဉ်အများစုသည် ၂၀၀၆မော်ဒယ်နှင့်အထက် ယာဉ်များဖြစ်ပြီး အပိုပစ္စည်းရရှိနိုင်မည့်အမျိုးအစားများကို အဓိကတင်သွင်းသွားရန် ရည်ရွယ်ထားသည်ဟုသိရသည်။ ဓာတ်ဆီနှင့် ဒီဇယ် အသုံးပြုနိုင်သည့်ယာဉ်များကို အခြေခံတင်သွင်းသွားမည်ဖြစ်ပြီး နောက်ပိုင်းတွင် Hybrid အသုံးပြုနိုင်သည့်ယာဉ်များကိုလည်း တင်သွင်းသွားရန်ရှိကြောင်း သိရသည်။

ကုမ္ပဏီနှင့် ကုန်းလမ်းပို့ဆောင်ရေးဌာနတို့ ပူးပေါင်းဆောင်ရွက်ရာတွင် ဌာနက မြေနေရာပံ့ပိုးပေးပြီး ကုမ္ပဏီက နည်းပညာ၊ ငွေကြေးနှင့် စီမံခန့်ခွဲသည့် နည်းစနစ်တို့ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကာ အကျိုးခံစားခွင့် အနေဖြင့် ဌာနက ၄၀ရာခိုင်နှုန်းနှင့် ကုမ္ပဏီက ၆၀ရာခိုင်နှုန်း ရရှိမည်ဖြစ်သည်။

"နိုင်ငံအနေနဲ့ နစ်နာဆုံးရှုံးမှု မရှိအောင် ဌာနက အပြန်အလှန်ထိန်းကျောင်းတဲ့အပိုင်းကိုပဲ တာဝန်ယူထားတယ်။ တင်သွင်းလာတဲ့ပစ္စည်းတွေကို မူဝါဒနဲ့ကိုက်ညီမှု ရှိမရှိကိုစစ်ဆေးမယ်။ လုပ်ငန်းပိုင်းကိုတော့ လွတ်လွတ်လပ်လပ်ပေးလုပ်ထားတယ်"ဟု ကုန်းလမ်းပို့ဆောင်ရေးဌာန လက်ထောက်အထွေထွေမန်နေဂျာ ဦးတင်ဝင်းအောင်ကပြောသည်။

ကုန်းလမ်းပို့ဆောင်ရေးဌာနက တာဝန်ယူလုပ်ကိုင်လျက်ရှိသည့် လုပ်ငန်းများမှာ ခရီးသည်ပို့ဆောင်ရေး၊ ကုန်စည်ပို့ဆောင်ရေး၊ တက္ကစီပြေးဆွဲခြင်းနှင့် မော်တော်ယာဉ်ပြေးဆွဲခြင်းလုပ်ငန်းများဖြစ်ပြီး ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးတို့မှလွဲပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လုပ်ကိုင်လျက်ရှိသည်။

ကုမ္ပဏီက တင်သွင်းလာသည့်ကားများကို လက်ရှိပြေးဆွဲနေသည့် ယာဉ်လိုင်းများတွင် အစားထိုးလဲလှယ်ရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးရုံး၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ၊ အခြားသက်ဆိုင်သည့်အဖွဲ့အစည်းများနှင့်ညှိနှိုင်းသွားမည်ဖြစ်ကြောင်း ယင်းဌာနလက်ထောက်အထွေထွေမန်နေဂျာကပြောသည်။

"အကြမ်းအားဖြင့်ပဲ ရှိသေးတယ်။ တိတိကျကျ သတ်မှတ်ထားတာမရှိသေးဘူး"ဟုယင်းက ပြောသည်။ ဌာနအနေဖြင့် လုပ်ငန်းများလည်ပတ်ရာတွင် ကားအစီးရေ ၅,၀၀၀ နီးပါးဖြင့် မူလက ဆောင်ရွက်ခဲ့သော်လည်း လက်ရှိတွင် ကားအစီးရေ ၁,၅၀၀ ဖြင့်သာ လုပ်ကိုင်လျက်ရှိကြောင်း၊ ဂျပန်ကုမ္ပဏီနှင့် အကျိုးတူပူးပေါင်းလုပ်ကိုင်ခြင်းကြောင့် ဌာနပိုင်သည့် ယာဉ်အစီးရေများလာနိုင်ကြောင်း ပြောကြားသည်။



လွှတ်တော်အဝင်၊အထွက်တံခါးတွင် XRay စက်တပ်ဆင်ထားပုံ

ဓာတ်ပုံ-သီဟ

# လွှတ်တော်ကိုယ်စားလှယ်များ၏ လုံခြုံရေးတိုးမြှင့်

**သီဟ**

**နေပြည်တော်၊ ဩဂုတ် - ၆**

လွှတ်တော်ကိုယ်စားလှယ်များ၏ လုံခြုံရေးတိုးမြှင့်သည့်အနေဖြင့် အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်အဆောက်အအုံအဝင်ဝတို့တွင် X Ray စက်များ တပ်ဆင်လိုက်ပြီး ဩဂုတ် ၆ရက်မှစတင်ကာ လွှတ်တော်အဆောက်အအုံများအတွင်း ဝင်ရောက်သူများသည် X Rayဖြတ်ပြီးမှသာ ဝင်ကြရတော့သည်။

လွှတ်တော်အဆောက်အအုံဝင်းအဝင်ဝတွင်လည်း ယခင်ကပင် X Ray စက်တပ်ဆင်ထားပြီးဖြစ်သော်လည်း ယခုအခါ အတွင်းဂိတ်တွင်ပါ ထပ်မံတပ်ဆင်လိုက်သည့်အတွက် နှစ်ကြိမ်ဖြတ်သန်းစေသည့်သဘောဖြစ်သည်။ ဇူလိုင်၃၁ရက်ကကျင်းပခဲ့သော ပြည်သူ့လွှတ်တော်တွင် လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းက လွှတ်တော်ကိုယ်စားလှယ်များကို မိမိတို့၏လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို သတိပြုကြရန် အကြံပြုပြောကြားခဲ့သည်။



7DAY NEWS JOURNAL
Vol.11, No.22 • AUGUST 9 , 2012

## ၂၀၁၂ ဩဂုတ်ဝမှ ၁၄ရက်ထိ
## မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

### ဘင်္ဂလားပင်လယ်အော် မုန်တိုင်းအခြေနေ

ယခုရက်သတ္တပတ်အတွင်း ဘင်္ဂလားပင်လယ်အော်မှာ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်လာနိုင်သော်လည်း မုန်တိုင်းငယ်တစ်ခုဖြစ်လာရန် အလားအလာမရှိသေးပါ။ အနောက်တောင်မုတ်သုံလေဟာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းမှာ အားအသင့်အတင့်နဲ့ ကျန်ဘင်္ဂလားပင်လယ်အော်နဲ့ ကပ္ပလီ ပင်လယ်ပြင်မှာ အားကောင်းနိုင်ပါတယ်။

### မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြစ်ဝကျွန်းပေါ် ကမ်းရိုးတန်းနဲ့ မွန်ကမ်းရိုးတန်း၊ ကမ်းလွန်ပင်လယ်ပြင်မှာ လှိုင်းကြီးနိုင်ပြီး၊ လှိုင်းအမြင့်မှာ (၆)ပေမှ(၇)ပေခန့်ရှိနိုင်ပါတယ်။ ရေပြင်မြေပြင်လေဟာ တစ်နာရီ (၃၅)မိုင်ခန့်အထိ တိုက်ခတ်နိုင်ပါတယ်။ ကျန်မြန်မာ့ပင်လယ်ပြင်နဲ့ ကမ်းလွန်ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်သာ ရှိနိုင်ပါတယ်။ လှိုင်းအမြင့် (၃)ပေမှ(၅)ပေအထိ ရှိနိုင်ပါတယ်။

### မိုးရွာသွန်းမှုအခြေအနေ

မိုးလေဝသဂြိုဟ်တုမှတိုင်းတာချက်အရပြီးခဲ့တဲ့ ဇူလိုင်လ(၃၀)ရက်မှ ဩဂုတ်လ(၅)ရက်နေ့အထိ ရက်သတ္တတစ်ပတ်အတွင်းမှာ ရခိုင်ပြည်နယ်နဲ့ တနင်္သာရီတိုင်းတွေမှာ(၇လက်မ)ခန့်၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ မွန်ပြည်နယ် နဲ့ တနင်္သာရီတိုင်းတွေမှာ(၃လက်မခွဲ)ခန့်နဲ့ ကျန်ဒေသ တွေမှာ (၂လက်မ)ခန့် ရွာသွန်းခဲ့ပါတယ်။

ပြီးခဲ့တဲ့ရက်သတ္တပတ်ဟာ ၂၀၁၂ခုနှစ်အတွင်း မိုးရွာသွန်းမှု လျော့နည်းနေခဲ့တဲ့မြန်မာနိုင်ငံအလယ်ပိုင်းဒေသများအဖို့ ပထမဆုံးအကြိမ်အဖြစ် ဇူလိုင်လ (၂၄)ရက်မှစတင်ကာ တစ်ပတ်အတွင်း မိုးရေချိန် (၂)လက်မ ကျော် စတင်ရရှိနေပြီဖြစ်ပါတယ်။

### မိုးရွာသွန်းနိုင်မှုခန့်မှန်းချက်

ခန့်မှန်းကာလအတွင်း တစ်ပြည်လုံးတွင် အထူးသဖြင့် အရှေ့ပိုင်းဒေသများမှလွဲ၍ မိုးအားလျော့နည်းဖွယ်ရာရှိပါတယ်။ မန္တလေးတိုင်းအလယ်ပိုင်း၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်းတို့မှာ နေရာကွက်ကျား၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နဲ့ တနင်္သာရီတိုင်းမှာ နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ မြောက်ပိုင်းတို့မှာနေရာစိပ်စိပ်နဲ့ ကျန်ဒေသတွေမှာတော့ နေရာအနှံ့အပြား (၅)ရက်မှ(၆)ရက်ခန့် မိုးရွာပြီး ရွာသွန်းမြဲခန့်ရှိနိုင်ပါတယ်။ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်း နဲ့ရန်ကုန်တိုင်း တွေမှာ နေရာကွက် မိုးကြီးနိုင်ပါတယ်။

### မိုးတိမ်တောင်များဖြစ်ပေါ်နိုင်မှုအခြေအနေ

အများအားဖြင့် တစ်ပြည်လုံးမှာ ထစ်ချုန်းမည့်အခြေအနေများ တဖြည်းဖြည်း လျော့နည်းလာနိုင်ပေမယ့် မကွေးတိုင်းတောင်ပိုင်းနဲ့ ရှမ်းပြည်နယ်တောင်ပိုင်းတို့မှာ မိုးတိမ်တောင်များဖြစ်ဖို့ ၅၅ရာခိုင်နှုန်းခန့်ရှိနိုင်ပါတယ်။ စစ်ကိုင်းတိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းမြောက်ပိုင်း၊ ကယားပြည်နယ် နဲ့ ရှမ်းပြည်နယ် အရှေ့ပိုင်းဒေသများမှာ မိုးတိမ်တောင်များဖြစ်ပေါ်ဖို့ အလားအလာ ဒုတိယအများဆုံးဖြစ်နိုင်ပြီး သေချာမှု ၂၅%ခန့်ရှိနိုင်ပါတယ်။ တစ်ခါတစ်ရံနေရာကွက် မိုးကြီးပြီး လျှပ်တစ်ပြက်ရေကြီးခြင်းနဲ့ မြေပြိုမှုအန္တရာယ်များ ကြုံတွေ့နိုင်ပါတယ်။

### နေ့အပူချိန်များအခြေနေ

ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့မှာ အပူရှိန်လျော့နည်းနိုင်ပါတယ်။ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ချင်းပြည်နယ်၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းတို့မှာ အပူရှိန် အမြင့်မားဆုံး ဖြစ်နိုင်ပါတယ်။ ကျန်ဒေသများမှာတော့ ပုံမှန် အပူရှိန်ခန့်သာရှိနိုင်ပါတယ်။

### မြစ်ရေအခြေအနေ

ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသများတွင်ရှိ မြစ်များနဲ့ မြေနိမ့်ဒေသများတွင် မြစ်ချောင်းများမှာ ရေလျှံမှုအလားအလာများ မြင့်မားနိုင်ပါတယ်။ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ်၊ သံလွင်မြစ်၊ ပဲခူးမြစ်၊ ရွှေကျင်မြစ် စသည့်မြစ်တို့တွင် လက်ရှိရေအမှတ်များထက် ပိုမိုမြင့်တက်လာနိုင်ပြီး၊ မြေနိမ့်ပိုင်းများတွင် ရေလွှမ်းမိုးနိုင်ပါတယ် ။

### တောင်တရုတ်ပင်လယ်ပြင်အခြေအနေ

တောင်တရုတ်ပင်လယ်ပြင်မှာ အခုလာမယ့်ရက်သတ္တတစ်ပတ်အတွင်းမှာ မုန်တိုင်းများ ဆက်တိုက်ဖြစ်လာနိုင်ပြီး မြန်မာနိုင်ငံဘက်ကိုလည်း အရှေ့ဘက်မှ မုန်တိုင်း အကြွင်းအကျန်နဲ့ လေပွေလှိုင်းများ ရောက်ရှိလာနိုင်ဖွယ်ရာရှိနေပါတယ်။ မုန်တိုင်းအကြွင်းအကျန်များ လာရောက်ခဲ့ပါက မိုးကောင်းနိုင်ပြီး စစ်တောင်းမြစ်၊ ပချုံးမြစ်၊ သံလွင်မြစ်၊ ရွှေကျင်မြစ် တို့တွင် ရေကြီးမှုအန္တရာယ်များ မြင့်မားနိုင်ပါတယ်။

**ဒေါက်တာထွန်းလွင်**

# တရားရုံးတွင် အမှုများ ကြန့်ကြာနေရသော အကြောင်းရင်း

**အေးသူစံ**

**ရန်ကုန်၊ဩဂုတ်-၁**

တရားရုံးများတွင် တရားရင်ဆိုင်နေရသောအမှုများ ကြန့်ကြာနေရခြင်းမှာ တရားဥပဒေဆိုင်ရာ အခွင့်အရေးများ ပေးထားမှုနှင့် တရားရေးဝန်ထမ်းများ၏ လုပ်ငန်းပိုင်းဆိုင်ရာ အားနည်းချက်များကြောင့် ဖြစ်ကြောင်း အမှုများကို လိုက်ပါ ဆောင်ရွက်ကြသည့်ရှေ့နေများက သုံးသပ်ပြောကြားသည်။

တရားရုံးသို့ရောက်ရှိလာသော အမှုတစ်ခုအတွက် လာရောက်ထွက်ဆိုရန် ဆင့်ခေါ်ထားသောသက်သေများလာရောက်ရန် ပျက်ကွက်ခြင်း၊ ရုံးချိန်းတစ်ချိန်းချင်းစီကို စျေးသတ်မှတ်၍ အချိန်ဆွဲကာ အကျိုးဆောင်ခ တောင်းယူခြင်း၊ အမှုပေါင်းများစွာကို တစ်ပြိုင်တည်းလက်ခံထားခြင်းတို့ကြောင့်လည်း ကြန့်ကြာမှုများ ဖြစ်လာကြောင်း အထက်တန်းရှေ့နေအချို့က သုံးသပ်ပြောကြားသည်။

“သက်သေတွေ လာရမှာ မလာတာလည်း တစ်ချက်ပေါ့။ များသောအားဖြင့် တရားမမှုမှာ တရားလိုက အဆိုပြုတယ်။တရားပြိုင်က ချေလွှာတင်ရတယ်။ ချေလွှာမတင်ခင် တရားမကျင့်ထုံး အမိန့် ၁၁၊ နည်း ၁၅ မှာဆိုရင် စာရွက်စာတမ်းကြည့်ခွင့်တောင်းတို့၊ အမိန့် ၁၁၊ နည်း ၁ အရမေးခွန်းတွေ မေးမြန်းတို့ကျတော့ ဥပဒေက အခွင့်အရေးပေးထားတဲ့အတွက် ကြာတယ်ပြောလို့မရဘူး” ဟု အထက်တန်းရှေ့နေ ဦးတင်ယု(ဆကာကြီး)ကပြောသည်။


လက်ရှိတွင် မြန်မာနိုင်ငံ၏ တရားစီရင်ရေးများ၌ အမှုများ ကြန့်ကြာရခြင်းမှာ လူပြောအများဆုံးကိစ္စရပ်များဖြစ်နေပြီး တရားရင်ဆိုင်ရသည့်စရိတ်စကကြီးမြင့်မှုများကြောင့် တစ်စုံတစ်ရာဖြစ်ပေါ်လာပါက တရားရုံးသွားရောက်ရန် ဝန်လေးမှုများရှိနေကြောင်း သိရသည်။ **စာ(၁၂)သို့**

# စဉ့်ကူးမင်းခေါင်းလောင်းကြီးကို ခေါင်းလောင်းထိုးခွင့်မပြုတော့

**အေးသူစံ**

**ရန်ကုန်၊ ဩဂုတ် - ၁**

ရန်ကုန်မြို့၊ ရွှေတိဂုံစေတီတော်ရှိ စဉ့်ကူးမင်းခေါင်းလောင်းကြီးအား ဩဂုတ်လကုန်မှစ၍ ခေါင်းလောင်းထိုးခြင်းကို ခွင့်ပြုတော့မည်မဟုတ်ကြောင်း ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့မှ ရုံးအဖွဲ့မှူး ဦးဝင်းကြိုင်က 7Day News သို့ ပြောသည်။



ရွှေတိဂုံစေတီတော်ပေါ်ရှိ စဉ့်ကူးမင်းခေါင်းလောင်းကြီးနှင့်လေ့လာနေကြသော နိုင်ငံခြားသားများအား တွေ့ရစဉ်    ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

“ခေါင်းလောင်းကြီး သက်တမ်းက အရမ်းကြာနေပြီ။ ခုလို မထိန်းသိမ်းလိုက်ရင် နောက်လူတွေ မှတ်သားလေ့လာတဲ့အခါ ပဲ့ရွဲ့နေတာတွေပဲ မြင်နေရမှာပေါ့။ အခု သိပ်မပဲ့ရွဲ့သေးခင် ထိန်းသိမ်းနေတာပါ။ ဒါကြောင့် ခေါင်းလောင်းထိုးရင်းထိုးရင်းနဲ့ ပျက်စီးသွားမှာစိုးလို့ ထိုးခွင့်မပြုတော့တာပါ”ဟု ဦးဝင်းကြိုင်က ပြောသည်။ သို့သော် ဩဂုတ်လဆန်းမှစ၍ ခေါင်းလောင်းကို ကာရံလိုက်ပြီဖြစ်ပြီး ခေါင်းလောင်းထိုး၍မရတော့ပေ။

ခေါင်းလောင်းထိုးခွင့် မပြုသော်လည်း ခေါင်းလောင်းကြီးနှင့် အမှတ်တရဓာတ်ပုံရိုက်ခြင်းကို ခွင့်ပြုထားပြီး အများပြည်သူဘုရားဖူးများ လေ့လာကြည့်ရှုနိုင်ရန်အတွက် အကာအရံအတားများဖြင့် ထိန်းသိမ်းသွားမည်ဟုဆိုသည်။

ခေါင်းလောင်းအတွင်း အမှတ်တရစာတန်းရေးထိုးသည့် အလေ့အထကိုလည်း မည်သည့်အခါကမှ ခွင့်ပြုမထားကြောင်း၊ ယခုကဲ့သို့ အရံအတားများဖြင့် ထိန်းသိမ်းလိုက်သည့်အတွက် အမှတ်တရ စာရေးထိုးသည့်အကျင့်ကိုလည်းကာကွယ်ရာရောက်ကြောင်း ဦးဝင်းကြိုင်က ဆက်လက်ပြောသည်။

စဉ့်ကူးမင်းခေါင်းလောင်းကြီးကိုကောဇာသကရာဇ်(၁၁၄၀) ခုနှစ်တွင် စဉ့်ကူးမင်းက သတ္တုစပ်(ရွှေ၊ ငွေ၊ ကြေး၊ သံ၊ ခဲ)ဖြင့် သွန်းလုပ်လှူဒါန်းခဲ့ပြီး မဟာဃဏ္ဍာဟု ဘွဲ့အမည်ပေးခဲ့သည်။ ခေါင်းလောင်းကြီး အလေးချိန်မှာ၁၅,၅၅၅ ပိဿာရှိပြီး အင်္ဂလိပ်လက်ထက်တွင် ယင်းခေါင်းလောင်းကြီးကို လက်နက်ပြုလုပ်ရန် ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် ယူဆောင်သွားခဲ့ရာ သယ်ယူစဉ် ကမ်းနား၌ ပြုတ်ကျကျန်ခဲ့သဖြင့် အချိန်ကာလအတော်ကြာ ရေအောက်နစ်မြုပ်ခဲ့ဖူးသည်။ အင်္ဂလိပ်တို့က ရေထဲမှ ဆယ်ယူရန် အမျိုးမျိုးကြိုးစားသော်လည်း မရခဲ့ဘဲ မြန်မာတိုင်းရင်းသား မျိုးချစ်ပုဂ္ဂိုလ်များ၊ ဘုန်းတော်ကြီးများက ဦးဆောင်ပြန်လည်ဆယ်ယူခဲ့ပြီး ရွှေတိဂုံစေတီတော်ရှိ မူလနေရာဖြစ်သည့် ရာဟုထောင့်တွင် ပြန်လည်ထားရှိခဲ့ခြင်းဖြစ်သည်ဟု သမိုင်းမှတ်တမ်းများတွင်ဖော်ပြသည်။

စဉ့်ကူးမင်းခေါင်းလောင်းကြီးကို ခေါင်းလောင်းထိုးခွင့် မပြုတော့ခြင်းနှင့်ပတ်သက်ပြီး “ဒါကတော့ လိုအပ်လို့ ထိန်းသိမ်းရတာပါ။ ခေါင်းလောင်းမှာ ရေးထိုးထားတဲ့ ကမ္ပည်းစာတွေက အင်မတန်အရေးကြီးပါတယ်။ ဒီကမ္ပည်းစာတွေကသမိုင်းကို ပြောပြနေတာပါ။ ဒီခေါင်းလောင်းကြီးကို မထိန်းသိမ်းလို့ ဒီကမ္ပည်းစာတွေပျက်သွားမယ်ဆိုရင်သမိုင်းမှတ်တိုင်တွေပျက်ယွင်းသွားရင် ဒါဟာ ယဉ်ကျေးမှုအမွေအနှစ်ဆုံးရှုံးမှုတစ်ခုပဲ။ ဒါကြောင့် ထိန်းသိမ်းသင့်ပါတယ်”ဟု ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးညွှန့်ကပြောသည်။

# ကချင်ပြည်နယ်ရှိ ကျောင်း ၁၈ ကျောင်း တည်ဆောက်ရန် တင်ဒါဆွဲသူမရှိ

**ရန်မျိုးနိုင်**

**ရန်ကုန်၊**

**ဩဂုတ် - ၂**

ကချင်ပြည်နယ်ရှိ အခြေခံပညာကျောင်းများ ပြန်လည်တည်ဆောက်ရန် တင်ဒါခေါ်ယူရာတွင် မငြိမ်းချမ်းမှုနှင့် လမ်းပန်းဆက်သွယ်ရေးအခက်အခဲများကြောင့် ကျောင်းငါးကျောင်းသာ တင်ဒါရရှိကြောင်း သတင်းရရှိသည်။

“မြစ်ကြီးနားနဲ့ ဝိုင်းမော်မှာပဲ တင်ဒါဆွဲတဲ့သူရှိတယ်။ ကျန်တဲ့ တောင်ပေါ်ဒေသက တင်ဒါဆွဲမယ့်သူမရှိဘူး”ဟု ကချင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာကပြောကြားသည်။

ကချင်ပြည်နယ်ရှိ မြစ်ကြီးနား၊ ဝိုင်းမော်၊ တနိုင်း၊ ချီဖွေ၊ ဆော့လော်၊ ပူတာအို၊ ဆွမ်ပရာဘွမ်၊ မချမ်းဘော၊ ခေါင်လံဖူးနှင့် နောင်မွန်းမြို့နယ်များရှိ အခြေခံပညာကျောင်း ၂၃ ကျောင်းကို တည်ဆောက်ရန် တင်ဒါခေါ်ယူခဲ့ခြင်းဖြစ်သည်။ ကျောင်းငါးကျောင်းတည်ဆောက်ရန်အတွက်သာ တင်ဒါဆွဲသူရှိခဲ့ပြီး၊ ၁၈ ကျောင်းအတွက်တင်ဒါဆွဲမည့်သူမရှိခဲ့ပေ။

အခြေခံပညာကျောင်းများ တည်ဆောက်ရန် တင်ဒါလျှောက်ထားမည့်သူ မရှိသောဒေသများမှ ကျောင်းများကို ကချင်ပြည်နယ် အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တိုင်ပင်ပြီး ဒေသခံဆောက်လုပ်မည့်သူများကိုသာတင်ဒါပေးသွားမည်ဖြစ်ကြောင်း ဒေါ်ဘောက်ဂျာကဆိုသည်။

“ကျွန်တော့်မြို့နယ်မှာ သုံးကျောင်းရတယ်။ အဲဒီသုံးကျောင်းကို ရပ်မိရပ်ဖတွေနဲ့တိုင်ပင်ပြီး ရအောင်ဆောက်မှာပါ”ဟု နောင်မွန်းမဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးချန်တန်ခင်ကပြောသည်။

ကချင်ပြည်နယ်၌ အခြေခံပညာအဆင့်တွင် ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူ ၂၄၅,၈၄၄ ဦးရှိပြီး အခြေခံပညာကျောင်း ၁,၃၅၅ ကျောင်းရှိကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှသတင်းရရှိသည်။

Life
7 DAY NEWS JOURNAL
Vol.11, No.22 • AUGUST 9 , 2012

# တွမ်ဂျုတ်တွေရောက်လာပြီလား

ချမ်းငြိမ်း



**အသံတစ်သံကို အစက အဝေးကြီးမှ တိုးပျပျကြားရသည်။ ထိုမှတစ်သံတည်းမဟုတ်တော့၊ တဖြည်းဖြည်း စုဝေးပေါင်းစပ်လာပြီး တစ်စထက်တစ်စ နီးကပ်လာသည်။ မကြာပါ၊ မီဒီယာများမှတစ်ဆင့်ကြားသိလာရသည်။ ပြည်ထောင်စုလွှတ်တော်များမှတစ်ဆင့် ကြားလာရသည်။ တစ်ဆက်တည်း မီဒီယာများတွင် မြင်တွေ့ရသည့် ပုံရိပ်များက စိတ်မကောင်းစရာ၊ ညှိုးချုံးသော မျက်နှာများဖြင့် သူတို့၏ ဆန္ဒများကို စက္ကူချပ်ပေါ်တွင် ရေးသားကာ တချို့ထိုင်၍၊ တချို့စီတန်းလှည့်လည်၍ မြို့ကြီးဆီရောက်လာသော တောင်သူလယ်သမားကြီးများ၊ သနပ်ခါးပါးကွက်ကြား လယ်သူမကြီးများ၊ မြေမဲ့ယာမဲ့ ဖြစ်သွားသော လယ်သမားများ. .**

(၁)

၂၀၁၂ ဇူလိုင်လ ၄ ရက်တွင် ကျင်းပခဲ့သည့်ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွတ်က အဆိုတစ်ရပ်တင်သွင်းခဲ့သည်။ ယင်းအဆိုတွင် တောင်သူလယ်သမားများ၏ လယ်ယာမြေများ သိမ်းဆည်းခံရခြင်းများအပေါ် စုံစမ်းလေ့လာဖော်ထုတ်ပြီး နစ်နာမှုမရှိစေရေး၊ တရားမျှတစွာ ဖြေရှင်းဆောင်ရွက်ပေးရန် ပါရှိခဲ့သည်။ ၎င်းကပင် မြို့ပြတိုးချဲ့ရေးနှင့် စက်မှုဇုန်များ တည်ဆောက်ရေးအတွက် တောင်ဒဂုံ၊ ဒဂုံဆိပ်ကမ်း၊ ဒဂုံအရှေ့မြို့နယ်၊ မင်္ဂလာဒုံမြို့နယ်တို့တွင် လယ်မြေဧကတစ်သောင်းကျော်၊ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် သောင်းဇောင်းကျေးရွာအုပ်စုတွင် လယ်မြေဧက နှစ်ထောင့်လေးရာကျော်၊ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ခေါင်းကွဲအုပ်စု သဘော်တင်ကျေးရွာတွင် မြေနုကျွန်းဧက ခြောက်ရာကျော်၊ တောင်သာမြို့နယ်တွင် ဧကလေးရာ့ငါးဆယ်တို့ကို ကုမ္ပဏီများသို့ လုပ်ကိုင်ခွင့်ချထားပေးခဲ့သော်လည်း ကုမ္ပဏီများက စိုက်ပျိုးလုပ်ကိုင်ခြင်း မရှိဘဲ မူလလယ်သမားများကို ပြန်လည်အငှားချထားခြင်း၊ နီးစပ်သူများကို လုပ်ကိုင်စေခြင်း၊ တစ်ဆင့်ပြန်လည်ရောင်းချခြင်း၊ စိုက်ပျိုးသူများကို နှင်ထုတ်ခြင်းနှင့် သီးနှံများကို ဖျက်ဆီးခြင်း စသည့်မတရားနိုင့်ထက် စီးနင်းပြုကျင့်မှုများကိုလုပ်ဆောင်ခဲ့ကြောင်း ဆက်လက်ပြောကြားခဲ့သည်။

ဤသို့ဖြစ်ရခြင်းမှာ ၁၉၉၇ ခုနှစ်ကစ၍ စစ်အစိုးရကလယ်ယာမြေများကိုမြို့ပြတိုးချဲ့တည်ဆောက်ရေး၊ စက်မှုဇုန်တည်ဆောက်ရေး၊ တပ်မတော်တပ်ရင်းတပ်ဖွဲ့များ တိုးချဲ့ဖွဲ့ စည်းရေးနှင့် နိုင်ငံတော်စီမံကိန်းများဟုဆိုသော စိုက်ပျိုးမွေးမြူရေးစီမံကိန်းများ ဆောင်ရွက်ရန်အတွက် ပုဂ္ဂလိကကုမ္ပဏီများသို့ မြေနေရာချထားပေးရာတွင် တောင်သူလယ်သမားများ လုပ်ကိုင်နေသည့် မြေယာများ ပါရှိခဲ့သည်။ ကုမ္ပဏီကြီးအချို့သည် ဘိုးစဉ်ဘောင်ဆက် လုပ်ကိုင်ခဲ့သော လယ်သမားများကို အကျိုးတူပူးပေါင်း ဆောင်ရွက်ရန် စည်းရုံးသိမ်းသွင်းခဲ့ပြီး နောက်ပိုင်း၌ တစ်ဧကလုံးအတွက် ကျပ်နှစ်သောင်းမှ အများဆုံး ကျပ်ငါးသောင်း လျော်ကြေးပေး၍ လယ်ယာမြေများမှ စွန့်ခွာစေခဲ့သည်။ ကုမ္ပဏီအချို့သည် လယ်ယာမြေများကို ၎င်းတို့ပိုင်အဖြစ် နည်းလမ်းအမျိုးမျိုးဖြင့် လုပ်ဆောင်ခဲ့ပြီး တစ်စထက်တစ်စ သိမ်းယူခဲ့ကြသည်။ အချင်းချင်း အရောင်းအဝယ်လုပ်ကြသည်။ ထိုပြဿနာသည် ယခင်အစိုးရလက်ထက်က တအုံနွေးနွေးတည်ရှိခဲ့ပြီး ဖွဲ့မီးပမာတငွေ့ငွေ့ လောင်ကျွမ်းခဲ့ရာမှ ယခုအစိုးရလက်ထက်တွင် လယ်သမားများက ဆုံးရှုံးခဲ့ရသည့် လယ်ယာမြေများကို ပြန်လည်ရရှိအောင်၊ တစ်နည်းတစ်ဖုံအားဖြင့် ထိုက်သင့်သည့် နစ်နာကြေးများရရှိအောင် သမာသမတ်ကျသော တောင်းဆိုမှုများ ပေါ်ထွက်လာခြင်းဖြစ်ပါသည်။

ယင်းအခြေအနေများနှင့် ပတ်သက်၍ ဇူလိုင်လ ၂၆ ရက်တွင် လယ်ဆည်ဒုတိယဝန်ကြီး ဦးအုန်းသန်းက ၁၉၈၈ ခုနှစ်နောက်ပိုင်းမှစ၍ သိမ်းဆည်းခံရသော လယ်မြေများမှာ ယခင် အစိုးရများက ဥပဒေနှင့်အညီဆောင်ရွက်ခဲ့သည့် စီမံကိန်းများဖြစ်၍ **နောက်ကြောင်းပြန်ဖြေရှင်းပေးနိုင်မည့် အခြေအနေမရှိပါကြောင်း** လွှတ်တော်တွင် ပြောကြားခဲ့သည်။

**စာ(၁၁)သို့**

---

ဈေးဝယ် ထွက်မယ်

## သားသားမီးမီးလေးတွေအတွက် မေမေတို့စိတ်ကြိုက်ဝယ်နိုင်မယ့်နေရာ

**အိဖြူလွင်**

ဒီတစ်ခါမှာတော့ မိသားစုတိုင်းက တန်ဖိုးထားပြီး ဂရုစိုက်ကြရတဲ့ အိမ်ကဆည်းလည်းလေးတွေအတွက် လိုအပ်မယ့်ပစ္စည်းတွေ ရှိနိုင်မယ့်ဆိုင်ကို လမ်းညွှန်ချင်တာပါ။



ဆည်းလည်းလေးတွေအ





ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

တွက် လိုအပ်မယ့်ပစ္စည်းလေးတွေကို မမွေးခင်ကတည်းက ကြိုတင်စုဆောင်းလိုသူတွေ၊ ဝယ်ဖို့လိုအပ်သူတွေ အားလုံးအတွက် မဝယ်မဖြစ်ပစ္စည်းလေးတွေရနိုင်မယ့်ဆိုင်ကို လမ်းညွှန်ပေးမှာပါ။

ကလေးလေးတွေအတွက် မွေးကင်းစကနေ ၁ နှစ်ခွဲ ၂ နှစ်အရွယ်ထိ သိပ်လို့ရမယ့် ပုခက်ခုတင်လေးတွေနဲ့ အာဟာရပြည့်ဝဖို့အတွက် လိုအပ်မယ့် နို့ဘူးတွေ နို့ဘူးပေါင်းအိုးတွေကို ဒီဆိုင်မှာရနိုင်တာပါ။ ပုခက်ခုတင်လေးတွေက ဗိုက်ခွဲမွေးတဲ့ မိခင်တွေအတွက်ဆို ခါးကိုင်းပြီးထည့်စရာမလိုတဲ့ နှစ်ထပ်ခုတင်တွေကိုပါ ရနိုင်ပြီး ခေါက်ထားလို့ရတဲ့ ခုတင်တွေဖြစ်တာကြောင့် နေရာယူမှုမှာမပူရသလို ပုခက်အဖြစ်ရော ခုတင်အဖြစ်ပါသုံးနိုင်ပါတယ်။

သားသားလေးတွေအတွက်ရော မီးမီးလေးတွေအတွက်ရော အဆင်ပြေအောင် အရောင်စုံရှိပြီး ဈေးနှုန်းအနေနဲ့က ကျပ်ခုနစ်သောင်းကျော်ကနေ တစ်သိန်းကျော်အထိဖြစ်ပါတယ်။

နို့ဘူးတွေကတော့ ထိုင်ဝမ်ထုတ် ကင်မရာတံဆိပ်ကို ကျပ်နှစ်ထောင်ဝန်းကျင်လောက်နဲ့ ရတာပါ။ ကလေးတွေအကြိုက် အရောင်တောက်တောက်ပုံစံလှလှနဲ့ ကလေးတွေ ကိုင်ရလွယ်တဲ့ ပုံစံလေးတွေ မျိုးစုံရှိနေတာပါ။

ဒါ့အပြင် နို့ဘူးတွေ မသန့်ရှင်းရာကနေဖြစ်တတ်တဲ့ ရောဂါတွေကို ကာကွယ်နိုင်အောင်လို့ နို့ဘူးပေါင်းအိုးတွေကိုလည်း ဒီဆိုင်မှာ ရနိုင်ပါသေးတယ်။ နို့ဘူးပေါင်းအိုးတွေက အလိုအလျောက် ပိတ်နိုင်တဲ့ စနစ်လည်းပါရှိပြီး နှစ်သောင်းကျော်ကနေ ငါးသောင်းကျော်အထိရှိတယ်လို့ သိရပါတယ်။

သားသားမီးမီးတွေကို မမွေးခင်ကတည်းကမိခင်ကိုယ်တိုင်လာ ဝယ်မယ်ဆိုရင် ၅ ရာခိုင်နှုန်း လျှော့ပေးဦးမှာဖြစ်လို့ ကိုယ်ဝန်ဆောင် မေမေတွေအကြိုက် ဖြစ်မှာပါ။

မိသားစုတိုင်းက အမြတ်တနိုးကြိုဆိုကြမယ့် ဆည်းလည်းရတနာလေးတွေအတွက် ပစ္စည်းတွေ ကြိုဝယ်ချင်တယ်ဆိုရင် ရွှေဂုံတိုင်လမ်းမ၊ SSC အထူးကုဆေးရုံကြီးအနီးက Camera ကလေးပစ္စည်းဆိုင်ကို သွားကြည့်ဖို့ညွှန်းလိုက်ပါတယ်။

---

ဒီဂိုလေး ချက်ကြိုရအောင်

ဝိုက်ဗီ



## အမဲမှိုမဆလာ



ဒီတစ်ပတ်ဝိုက်ဖီကမှိုနဲ့အမဲသားကိုမဆလာမွှေးမွှေးလေးနဲ့ချက်ထားပါတယ်။ ဆီပြန်ဟင်းလည်း မဟုတ်၊အရည်သောက် ဟင်းလည်း မဟုတ်ဘဲ အမဲသားကထွက်တဲ့ အချိုရည်တွေနဲ့မှိုက အချိုရည်တွေကို ပေါင်းစပ်ပြီး အရည်လေးနဲ့ စားနိုင်အောင်ချက်ပြုတ်ထားတာပါ။ အမဲသားမစားတဲ့သူတွေက ကြက်သား၊ ဝက်သားတစ်မျိုးမျိုးနဲ့ တွဲပြီး ချက်စားနိုင်ပါတယ်။

လိုအပ်တာတွေကတော့ အမဲသားကြိတ်သားတစ်ဆယ်ကျပ်သား၊ ကိုရီးယားမှိုထုပ်တစ်ထုပ် ဒါမှမဟုတ် ကောက်ရိုးမှိုငါးကျပ်သားခန့်၊ ငရုတ်သီးအမှည့်တောင့်ရဲရဲ အနည်းငယ်နှင့် မဆလာ အနည်းငယ်တို့ပဲ လိုအပ်ပါတယ်။

ပထမဆုံး ကြက်သွန်နီကို အကွင်းလိုက်လေးတွေ လှီးပေးပါ။ ပြီးရင် ဆီနည်းနည်းထည့်ပြီး ချင်းနဲ့ကြက်သွန်ဖြူထောင်းကိုဆီသတ်ပါမယ်။ အဲဒီနောက် ကြက်သွန်နီ အကွင်းလေးတွေထည့်။ ကြက်သွန်တွေ နူးမသွားခင် အမဲသားကြိတ်သားကိုထည့်ပါ။ ပြီးရင် ဟင်းမွှေးမဆလာလေးခတ်ပြီး ခဏမွှေပါ။ အရသာအတွက် ဟင်းခတ်မှုန့်နဲ့ ငံပြာရည် လိုသလောက်ထည့်ပါမယ်။ အမဲသားလေး နူးလောက်ပြီဆိုရင် ရေဆေးထားတဲ့ ကိုရီးယားမှိုတစ်ထုပ်ကို ထည့်လိုက် ပါ။

ရေလေး နည်းနည်းထည့်ပြီး မှိုပါနူးအောင် ဆက်တည်ထားပါမယ်။ သုံးမိနစ်လောက်ရှိရင် ငရုတ်သီးအမှည့်လေးတွေ ပါးပါးလှီးပြီး အုပ်ပေးပါ။ အစပ်ကိုတော့ ကြိုက်သလောက် ထည့်လို့ရပါတယ်။ ဒါဆိုရင်တော့ ချိုမြိန်လှတဲ့ အမဲမှိုမဆလာကို သုံးဆောင်လို့ရပြီပေါ့။

7 DAY NEWS JOURNAL
Vol.11, No.22 · AUGUST 9 , 2012

## အယ်ဒီတာ့ထံ ပေးစာ

### မကွေးမြို့ ဗိုလ်ချုပ်ကြေးရုပ်တုနှင့် လွတ်လပ်ရေးပန်းခြံ ဖွင့်ပေးစေလို

ကျွန်တော်တို့မြို့တွင် လွတ်လပ်ရေးအထိမ်းအမှတ် ကျောက်တိုင်ကြီးကို ဝန်းရံ၍ မြို့၏ ကျက်သရေဆောင် ဗိုလ်ချုပ်ပန်းခြံကို တည်ထားသည်။ ထိုပန်းခြံနှင့် မျက်နှာချင်းဆိုင်ကွက်လပ်တွင်ကား ဗိုလ်ချုပ်မြင်းစီးကြေးရုပ်ကြီးကို တည်ထားသည်။ လက်ရာအလွန်မြောက်လှသည့် ပီဘိရုပ်တုကြီးပါတကား။ ထိုကြေးရုပ်ကို တင်ထားသော အုတ်ခုံသည်ပင် အတော်အတန်မြင့်သဖြင့် ဗိုလ်ချုပ်ကြေးရုပ်ကြီးသည် ထည်ဝါခန့်ညားလှသည့်မြို့၏ကျက်သရေဆောင် အထိမ်းအမှတ်ရုပ်တုတစ်ခုဟုဆိုလျှင်လည်း မှားနိုင်မည်မထင်ပေ။

ကျွန်တော် မှတ်မိသမျှ ပြန်ပြောရမည်ဆိုလျှင် ကျွန်တော်ငယ်ငယ်က ထိုနေရာတွင် ထိုကြေးရုပ်ကြီးမရှိသေးပေ။ ကျွန်တော် ဆဋ္ဌမတန်းကျောင်းသားအရွယ်ရောက်မှ ထိုကြေးရုပ်ကြီးကို သွန်းလုပ်ရန်ကြိုးစားကြခြင်းဖြစ်သည်။ အဲဒီတုန်းက ကျွန်တော်တို့ကျောင်းသားများကိုယ်တိုင် အိမ်ရှိ ကြေးဖွန်းအဟောင်းများ၊ ကြေးမီးခြစ်များ ရသရွေ့စုဆောင်းပြီး လှူဒါန်းခဲ့ဖူးသည်။ ထိုကြေးများကိုစုပေါင်း၍ ထိုကြေးရုပ်ကြီးကို သွန်းလုပ်ခဲ့ခြင်းဖြစ်သည်။ ကြေးရုပ်ကြီး ပြီးသွားသောအခါ ထိုကွက်လပ်တွင် ကျကျနနပြင်ဆင်ထားရှိသည့် ကြေးရုပ်ဝင်းထဲတွင် ဆလိုက်မီးမောင်းများ၊ လှပသောပန်းချုံများ၊ ကျောက်ထိုင်ခုံ၊ ကျောက်စားပွဲများ၊ လှပသောအမိုးများနှင့် တန်ဆာဆင်ထားသော ခုံတန်းလျားများ၊ လှပသောရေပန်းများဖြင့် ရှုချင်စဖွယ် ပျော်ရွှင်စဖွယ် ဖန်တီးပေးထားသည်။ ထို့ကြောင့် ကလေး၊ လူကြီးမရွေး မြို့လူထုအားလုံး ညစဉ်လာရောက် အပန်းဖြေလေ့ရှိသည်။ ကျွန်တော်ငယ်ငယ်က ထိုကြေးရုပ်ဝန်းနှင့်ပန်းခြံဝန်းထဲတွင် လျှောစီးခြင်း၊ စိန်ပြေးလိုက်ခြင်းစသော ကလေးသဘာဝကစားနည်းမျိုးစုံနှင့်ကစားခဲ့ဖူးသည်။

**တစ်ဖက်သို့**









**တစ်ဖက်မှအဆက်**

ဗိုလ်ချုပ်ကိုလည်း ကလေးသဘာဝ အားလုံး စုပေါင်း၍ အကြိမ်ကြိမ် အခါခါ အလေးပြုဖူးသည်။

ကျွန်တော်တို့ ငယ်ငယ်က ထိုဗိုလ်ချုပ်ကြေးရုပ်ဝန်းတွင် ဇူလိုင် ၁၉ ရက်နေ့ရောက်တိုင်း အာဇာနည်နေ့အခမ်းအနားများ ကျင်းပလေ့ရှိသည်။ ကျောင်းပေါင်းစုံမှ ကျောင်းသူ၊ ကျောင်းသားများ သူ့အလှည့်နှင့်သူ လာ၍ လွမ်းသူ့ပန်းခွေချကြသည်။ ထို့အပြင် ရုံးဌာနပေါင်းစုံမှ ဝန်ထမ်းများကလည်း လွမ်းသူ့ပန်းခွေချကြသည်။ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများကို အလေးပြုကြသည်။ မိမိ၏ သက်ဆိုင်ရာဌာနများတွင် ဟောပြောပွဲများကျင်းပ၍ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အတ္ထုပ္ပတ္တိများကိုလည်း ဟောပြောကြသည်။ စာစီစာကုံး ပြိုင်ကြသည်။ ကဗျာရွတ်ပြိုင်ကြသည်။

ထိုအခမ်းအနားများ ကျင်းပခြင်းကြောင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကိုယ်ကျိုးစွန့် အနစ်နာခံမှုများ၊ တိုင်းပြည်အပေါ် ကောင်းစားစေချင်သော စေတနာများကို နောင်လာနောက်သားများ သိမြင်ခံစားခဲ့ရပြီး အားကျအတုယူချင်စိတ်များ၊ မျိုးချစ်စိတ်များ ရှင်သန်တက်ကြွလာခဲ့ရသည်။ ကျွန်တော်တို့ကိုယ်တိုင် တေဇလူငယ်သီချင်းများ အော်ဟစ်သီဆို၍ ဗိုလ်ချုပ်အောင်ဆန်းကို အားကျကာ တိုင်းပြည်အကျိုး သယ်ပိုးလိုစိတ်များဖြစ်ခဲ့ရသည်။ လူငယ်ထုတစ်ရပ်လုံး၊ တစ်မျိုးသားလုံး စိတ်ဓာတ်ခွန်အားများ တက်ကြွစေသော မျိုးချစ်စိတ်များ ရှင်သန်တက်ကြွစေသော တန်ဖိုးမဖြတ်နိုင်သည့် ပွဲလမ်းသဘင်မျိုးဖြစ်သည်။

ယခုအချိန်တွင်ကား ဗိုလ်ချုပ်ပန်းခြံကြီးသည် ခြောက်သယောင်းလျက် လေးဘက်လေးတန်မှ သံဆန်ခါများကာရံလျက်။ ရောင်စုံမီးများ၊ ဆလိုက်မီးများ မထွန်းညှိတာကြာပြီ။ ရေပန်းကြီးလည်း ခြောက်သယောင်းလျက်။ ခုံတန်းများလည်း ထိုင်သူကင်းမဲ့လျက်။ ငယ်ငယ်က ပျော်စရာကောင်းသောပြည်သူအများ အပန်းဖြေရာအရပ်ကား ခြောက်သွေ့နေသည်မှာကြာပြီဖြစ်သည်။

အာဇာနည်နေ့အခမ်းအနားသည် မျိုးချစ်စိတ်ဓာတ်ရှင်သန်နိုးကြားစေသော အခမ်းအနားဖြစ်သည်။ အာဇာနည်နေ့ ဒို့မမေ့ဟု ကြွေးကြော်ခဲ့ကြသည်။ အမျိုးသားရေးစိတ်ဓာတ်များ ရှင်သန်နိုးကြားနေစေရန်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် စံနမူနာပြပုဂ္ဂိုလ် မြန်မာတို့၏ အာဇာနည်သူရဲကောင်းဖြစ်သဖြင့် ဗိုလ်ချုပ်ကြေးရုပ်ရှေ့တွင် ဗိုလ်ချုပ်ကိုကြည့်ကာ မျိုးချစ်စိတ်ဓာတ်များ ရှင်သန်တက်ကြွလာလေ့ရှိသည်။

ယခုမူ ဗိုလ်ချုပ်ကြေးရုပ်နှင့်တကွ ပန်းခြံကြီးကား တိတ်ဆိတ်လျက်။ တစ်ချိန်က တန်ဖိုးကြီးသော ထိုအခမ်းအနားကို အမျိုးသားရေးရှုထောင့်မှကြည့်လျှင် တန်ဖိုးမဖြတ်နိုင်သော ထိုအခမ်းအနားကို မျိုးချစ်စိတ်ရှိသူတိုင်း ပြန်လည်နိုးထလာအောင် ဆောင်ရွက်သင့်လှပေသည်။ ဗိုလ်ချုပ်ကြေးရုပ်နှင့်တကွ လွတ်လပ်ရေးပန်းခြံကို တံခါးမရှိ၊ ဓားမရှိပြန်လည်ဖွင့်လှစ်ခွင့်၊ မြို့ပြကို တန်ဆာဆင်ခွင့် ပြန်လည်ပြုလုပ်ပေးသင့်လှပေသည်။ ပြည်သူအများ၏ အပန်းဖြေရာ၊ လူငယ်ထု၏ စိတ်ဓာတ်မြှင့်တင်ရာအရပ်အဖြစ် ပြန်လည်ဖော်ထုတ်ပေးသင့်ပေသည်။ နိုင်ငံရေး မည်သို့ပင်ရှိပါ စေ။ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ အထိမ်းအမှတ်ရုပ်တုကိုပြန်လည်ဖွင့်ခွင့်ပေး၍ အာဇာနည်နေ့အခမ်းအနားများ၊ ဟောပြောပွဲများကိုလည်း တစ်နိုင်ငံလုံးအတိုင်းအတာနှင့် လွတ်လပ်စွာ ပြန်လည် ကျင်းပခွင့်ပေးသင့်ပါကြောင်း 7Day News ဂျာနယ်မှတစ်ဆင့် နှိုးဆော်တင်ပြအပ်ပါတယ်။

**အောင်မင်း(မကွေး)**

## ကချင်ပြည်နယ်ရှိမသန်စွမ်းဒုက္ခသည်များအတွက် မသန်စွမ်းသုံးပစ္စည်းများ သွားရောက်လှူဒါန်းမည်

**ထွန်းခိုင်**

**ရန်ကုန်၊ဩဂုတ်-၂**

ကချင်ပြည်နယ်အတွင်းရှိ မသန်စွမ်းစစ်ဘေးဒုက္ခသည်များအား မသန်စွမ်းသုံး ပစ္စည်းများ သွား ရောက်လှူဒါန်းသွားမည်ဖြစ်ကြောင်း ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့မှ ကိုပဏ္ဍိတ်ထွန်းကပြောသည်။

အဆိုပါမသန်စွမ်းသုံးပစ္စည်းများကိုရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) က လှူဒါန်းခြင်းဖြစ်သည်။ တစ်နှစ်ကျော်ကြာပြီဖြစ်သည့်မြန်မာနိုင်ငံမြောက်ပိုင်းဒေသ တိုက်ပွဲများကြောင့် ထွက်ပြေးတိမ်းရှောင်နေရသည့် စစ်ဘေးဒုက္ခသည်များထဲတွင် မသန်စွမ်းများလည်းပါဝင်ကြောင်း၊ ၎င်းတို့အတွက် မသန်စွမ်းသုံးပစ္စည်းများ လိုအပ်နေကြောင်း ကိုပဏ္ဍိတ်ထွန်းကပြောသည်။

"လောလောဆယ်တော့ သူတို့တွေ တွေ့တဲ့တုတ်နဲ့ထောက်ပြီးသုံး နေရတယ်"ဟု ၎င်းကဆိုသည်။ မသန်စွမ်းသုံးပစ္စည်းများ လှူဒါန်းရာတွင် လူ ၃၀ မှ ၄၀ ဦးခန့် စာမျှအတွက် စီစဉ်နေကြောင်း၊ ဂျိုင်းထောက်၊ တုတ်ကောက်၊ လေဖြတ်သူများ အသုံးပြုနိုင်သည့်လမ်းလျှောက်ဘောင်များ အပါအဝင်မသန်စွမ်းအသုံးပြုပစ္စည်းများ လှူဒါန်းမည်ဖြစ်ကြောင်း ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ) ဥက္ကဋ္ဌ ဦးမြတ်သူဝင်းက ပြောသည်။

"လူသားတွေကြောင့်ဖြစ်သွားတဲ့မသန်စွမ်းသူတွေက လူ့အဖွဲ့အစည်း အပြင်ဘက်ကို ရောက်သွားတယ်။ သူတို့ကိုကျွန်တော်တို့က လူ့အသိုင်းအဝိုင်းထဲပြန်ရောက်အောင် ဆွဲခေါ်ဖို့က ကျွန်တော်တို့အားလုံးမှာ တာဝန်ရှိတယ်"ဟု ၎င်းကပြောသည်။



ဓမ္မ

အသိတစ်လုံးအမြတ်ဆုံး
တစ်လုံးအသိအကျိုးရှိ၏

## တရားအားထုတ်ဖို့ စိတ်ကူးခြင်း

မြတ်စွာဘုရားရဲ့ သာသနာမှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောကြားခဲ့တဲ့ တရားဓမ္မ၊ ဟောကြားခဲ့တဲ့ အဆုံးအမတွေ လိုရင်းအနှစ်ချုပ် ထုတ်ကြည့်လိုက်မယ်ဆိုရင် ကျင့်ဖို့တရားတွေပဲဆိုတာတွေ့ရမယ်။ တရားကျင့်မယ်လို့ စိတ်ထဲက နှလုံးသွင်းလိုက်ပြီး ရည်ရွယ်လိုက်ပြီဆိုကတည်းက အကျိုးတရားတွေဖြစ်ပါပြီ။ ကျင့်ရမယ့်တရားကို ကျင့်မယ်လို့စိတ်က နှလုံးသွင်းလိုက်ရုံနဲ့၊ စိတ်ပိုင်းဖြတ်ဆုံးဖြတ်ရုံနဲ့ အကျိုးရှိပြီလို့ပြော ရမှာဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ ဒီတရားသည် ကျင့်ရမယ့်တရားလို့ နားလည်သွားရင်ပဲ တော်တော်ခရီးရောက်သွားပြီဖြစ်ပါတယ်။ ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနဲ့ မြတ်ဗုဒ္ဓရဲ့အဆုံးအမကို နားလည်လက်ခံယုံကြည်တဲ့သူတစ်ယောက်လို့ ပြောပေမယ့်လို့ တရားကျင့်တဲ့အဆင့်ရောက်တဲ့သူနည်းကြတယ်။

အမှန်အတိုင်း သုံးသပ်ကြည့်ရင် ဒါန၊ သီလ၊ ဘာဝနာသုံးမျိုးမှာ ဒါနပြုတဲ့အဆင့်မှာ ပြုတဲ့သူကများတယ်။ သူ့သူ့ကိုယ်ကိုယ် နိုင်သလောက် လှူဖို့ တန်းဖို့ဆိုရင် ဝန်မလေးကြပါဘူး။ ဒါနနဲ့စာရင် သီလအဆင့်အတန်းရောက်တဲ့သူက နည်းသွားပါတယ်။ လူတစ်ရာမှာ ကိုးဆယ်က ဒါနပြုနိုင်တယ်ဆိုရင်တောင်မှ ဒါနပြုတဲ့လူကိုးဆယ်ထဲမှာ လူဆယ်ယောက်က သီလဆောက်တည်ဖို့ မလွယ်ကူပါဘူး။ တစ်နှစ်တစ်နှစ် ဥပုသ်နေ့တွေ အများကြီးပေ့ါ။ အခါကြီးရက်ကြီးတွေ၊ လပြည့်၊ လကွယ်၊ ရှစ်ရက်တွေ ဒီလို နေ့ထူးနေ့မြတ်တွေရှိပေမယ့်လို့ အထူးတလည် လုံခြုံအောင် သီလဆောက်တည်မယ်လို့ စိတ်ကူးမိတဲ့သူနည်းတယ်။ တစ်ရာမှာ ဆယ်ယောက်ရှိဖို့တောင် မလွယ်ဘူး။ အဲဒီ ဆယ်ယောက်ထဲမှာလည်း တရားအားထုတ်မယ်၊ ကျင့်မယ်လို့ စိတ်ကူးတဲ့လူတစ်ယောက်ရှိဖို့ အနိုင် နိုင်ပါပဲ။ သေသေချာချာ တွက်ကြည့်လို့ရှိရင် တရားကျင့်တာဟာ အင်မတန်ကို အခြေအနေနဲ့ ကိုက်ညီမှ၊ အကြောင်းအမျိုးမျိုး ပြည့်စုံမှ၊ အခြေ အနေပေးမှ ကျင့်နိုင်တာပါ။ တကယ်ကျင့်တာကို အသာထား၊ "ငါ တရား အားထုတ်ရဦးမယ်၊ တရားကျင့်ဦးမယ်"ဆိုတဲ့ အသိဉာဏ်မျိုးဖြစ်ဖို့ ပေါ်ဖို့လည်းခဲယဉ်းတယ်။ ဒါကြောင့် တရားအားထုတ်ဖို့ စိတ်ကူးရုံနဲ့ အကျိုးရှိတယ်လို့ ပြောရမှာဖြစ်တယ်။

ရည်ညွှန်း- ဓမ္မဒူတဒေါက်တာအရှင်ပညိဿရ၏ 'ဓမ္မလမ်းပေါ်မှာ'

## စာ-၉၊ တွမ်ဂျုတ်တွေရောက်လာပြီလား မှ

တစ်ဆက်တည်းပြည်ထောင်စုလွှတ်တော်က ယင်းလယ်ယာမြေအရေးကိစ္စများအပေါ် စုံစမ်းရေးကော်မရှင် တစ်ရပ် ဖွဲ့စည်းရန် အတည်ပြုပေးခဲ့သည်။ ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့ကလည်း ထိုစုံစမ်းရေးကော်မရှင်ဖွဲ့စည်းရေးနှင့် ပတ်သက်၍ အချက်ငါးချက်ပါသော တောင်းဆိုချက်ကို ထုတ်ပြန်ခဲ့ကြသည်။ စောင့်ကြည့်ရမည့် အနေအထား တစ်ရပ်ပင်။

ပြောလိုသည်မှာ တရားမျှတမှု (Justice)ကို ဥပဒေကြောင်းအရတရားမျှတမှု (Legal Justice) နှင့် လူမှုဘဝရလဒ်များ တရားမျှတမှု (Social Justice)ဟူ၍ ပညာရှင်များက ခွဲခြားထားရာ ဥပဒေ(Law)နှင့် တရားစီရင်ရေးစနစ် (Judicial System)သည် အခြေအနေပေါ် မူတည်၍ ဦးထိပ်ထားအပ်သော တရားမျှတမှုနှင့် ကိုက်ညီခြင်းမရှိသည့်အခြေအနေမျိုး တစ်ခါတလေ ဖြစ်ပေါ်တတ်သည်။ ထိုအခြေအနေမျိုးတွင် လူမှုဘဝရလဒ်များ တရားမျှတမှုက မှိန်ဖျော့သွားလေ့ရှိသည်ကို သတိပြုစေချင်သည်။

(၂)

၁၉၃၉ ခုနှစ်က အမေရိကန်ပြည်ထောင်စုတွင် ဝတ္ထုကြီးတစ်အုပ်ပေါ်ထွက်ခဲ့သည်။ သိပ်မကြာပါ၊ အမေရိကန်ပြည်ထောင်စု တစ်ဝန်းလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ ထိုဝတ္ထုကြီးကို ဖတ်မိသူများ စိတ်နှလုံးကြေကွဲကြရသည်။ တကယ်ဟုတ်မှ ဟုတ်ပါလေစဟု သံသယဝင်ကြသည်။ အချို့က စာအုပ်များကိုမီးရှို့ဖျက်ဆီးပစ်ကြသည်။ မဖတ်ရ မရောင်းရဟု ပိတ်ပင်တားမြစ်ကြသည်။ သို့သော် ထိုသို့ တားမြစ်လေ စာအုပ်မှာ ရောင်းကောင်းလေဖြစ်ပြီး မရမက ရှာ၍ ဖတ်ကြသည်။ ခိုး၍ဖတ်ကြသည်။ ဤသို့ဖြင့် ထိုဝတ္ထုကြီးသည် အမေရိကန်တစ်ဝန်း အုတ်အော်သောင်းတင်းဖြစ်ကာ လူတိုင်းပါးစပ်ဖျား၌ ဝတ္ထုထဲပါအကြောင်းအရာများကိုငြင်းခုံဆွေးနွေးကြသည်။ အချို့တိတ်တိတ်ကြိတ်၍ တိုင်ပင်ကြသည်။ အချို့ ငေးမှိုင်တွေဝေသွားကြသည်။ ထိုဝတ္ထုကြီးမှာ အခြားမဟုတ် အမေရိကန်စာရေးဆရာကြီး John Steinbeck ၏ The Grapes of Wrath ဝတ္ထုကြီးဖြစ်သည်။ ဆရာမောင်ထွန်းသူက မကွယ်လွန်မီ **ဒေါသမာန်** အမည်ဖြင့် မြန်မာဘာသာသို့ ပြန်ဆိုခဲ့ပြီးဖြစ်သည်။

ဒေါသမာန်၏ အနှစ်သာရမှာ အမေရိကန်ပြည်ထောင်စုတွင် ၁၉၃၀ ပြည့်နှစ်တစ်ဝိုက်က ကမ္ဘာ့စီးပွားရေးပျက်ကပ်ကြောင့် မြေမဲ့ယာမဲ့ဖြစ်သွားသော ခြေသလုံးအိမ်တိုင်လယ်သမားများဘဝကို ဖွဲ့ဆိုထားခြင်းဖြစ်သည်။ ဝတ္ထုကြီးတွင်ပါဝင်သော **တွမ်ဂျုတ်**ဆိုသည့် ဇာတ်ကောင်မှာ မြေယာဆုံးရှုံး၍ အဘက်ဘက်တွင် မျှော်လင့်ချက်ကင်းမဲ့နေသော လယ်သမားတစ်ဦးဖြစ်သည်။ ဂျွန်စတိန်းဘက်သည် အမေရိကန်တောင်ပိုင်းနယ်သား လယ်သမားများဘဝကို လူထုကိုယ်စားလှယ်အဖြစ် တွမ်ဂျုတ်ကို ဖန်တီးထားသည်။ ထိုဝတ္ထုကြီးထဲတွင် မြေယာမဲ့လယ်သမား တွမ်ဂျုတ်ကို အခြေပြု၍ ဘိုးဘိုးဂျုတ်၊ ဘွားဘွားဂျုတ်၊ ဖေဖေဂျုတ်၊ မေမေဂျုတ် စသဖြင့် စာရေးသူက ဆင့်ပွားဖန်တီးကာ လယ်သမားမိသားစုဘဝကိုခြယ်မှုန်းခဲ့ခြင်းဖြစ်၍ ထိုစဉ်ကာလက ဒုက္ခရောက်နေသော သိန်းနှင့်ချီသည့် အမေရိကန်လယ်သမားမိသားစုများအတွက် ကြေးမုံပြင်သဖွယ်ဖြစ်ခဲ့ရသည်။ ဝတ္ထုတွင်ကုမ္ပဏီများဝင်လာခြင်းကြောင့် အကြောင်းအမျိုးမျိုးဖြင့် မြေယာအား စွန့်ခွာခဲ့ရသည့် လယ်သမားများအနက် တွမ်ဂျုတ်မိသားစုသည်ကားအိုကားဟောင်းကြီးတစ်စီးဖြင့် လုပ်ငန်းကိုင်ငန်းကောင်းမည်ထင်သောမြို့ကြီးများသို့ထွက်ခွာခဲ့ပုံ၊ ထင်သလိုမဖြစ်ဘဲ ဒုက္ခသည်စခန်း ရောက်သူကရောက် ဖရိုဖရဲရင်ဆိုင်ရပုံကို ဖော်ပြထားသည်။ ဂျွန်စတိန်းဘက်သည် ထိုဝတ္ထုကြီးဖြင့် ၁၉၄၀ ပြည့်နှစ်တွင် ပူလစ်ဇာဆုရခဲ့ပြီး ၁၉၆၂ တွင် စာပေနိုဗယ်ဆု ချီးမြှင့်ခံခဲ့ရသည်။

(၃)

ရုရှားစာရေးဆရာကြီး Leo Tolstoy ကတော့ လူတစ်ယောက် မြေဘယ်လောက်လိုသလဲ (How Much Land Does A Man Need) ဟူ၍ ရေးသားခဲ့သည်။ လူတစ်ယောက်၊ လယ်ယာမြေအများအပြား ပိုင်ဆိုင်လိုသော လူတစ်ယောက်၊ အလကားနီးနီး ရရှိနိုင်မည့် မြေများကို တစ်နေ့တာအတွင်း လျှောက်လှမ်းနိုင်သမျှ စထွက်သည့်နေရာမှ ထိုနေရာသို့ ညနေ နေမဝင်ခင်အရောက် ပြန်လာနိုင်ခဲ့လျှင် ရရှိမည်ဆိုသောအခါ၊ မတော်လောဘတက်၍ အရုဏ်တက်သည်မှ စတင်ထွက်ခွာခဲ့ပြီး နေမဝင်ခင် ပြန်လည်မရောက်ဘဲ အမောဆို့သေဆုံးသွားသောအခါ နောက်ဆုံးပိုင်ဆိုင်ရသည်မှာ ဦးခေါင်းမှ ခြေဖဝါးထိသာဆံ့သော ခြောက်ပေအကျယ်ရှိ မြေကျင်းလေးသာ ဖြစ်ခြင်းကို လီယိုတော်စတွိုင်းက သရော်တော်တော် ရေးသားခဲ့သည့် ဝတ္ထုလေး၊ မတော်လောဘဖြင့် သူတစ်ပါး မြေယာပိုင်ဆိုင်လိုသူများအတွက် ရေးခဲ့သော ဝတ္ထုတိုလေး . . . ။

(၄)

အမေရိကန်ပြည်ထောင်စုတွင် ၁၈၀၁ မှ ၁၈၀၅ ခုနှစ်အတွင်း ဒုတိယသမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ မစ္စတာအာရွန်ဘား (Mr.Aaron Burr) သည် ငယ်စဉ်က ပြဿနာတစ်ရပ်ကြောင့် လူတစ်ဦးနှင့်တစ်ယောက်ချင်း သေနတ်ယှဉ်ပစ်ခဲ့သည်။ ထိုအချိန်က အမေရိကန်တွင် ယင်းသို့သေနတ်ယှဉ်ပြိုင်ပစ်ခြင်းသည် ရာဇဝတ်မှုမမြောက်၊ အာရွန်ဘားနှင့် ယှဉ်ပစ်သူသည် အာရွန်ဘား ပစ်လိုက်သော ကျည်ဆန်ဖြင့် သေဆုံးခဲ့ရရှာသည်။ အာရွန်ဘားသမ္မတဖြစ်ပြီး အသက်အရွယ်ရလာသည့် အခါ ထိုဖြစ်ရပ်အပေါ် စိတ်မကောင်းဖြစ်နေခဲ့သည်။ တစ်နေ့ . . . ၎င်းရှိရာအခန်းထဲကို ယင်ကောင်မဲကြီးတစ်ကောင် ပျံသန်းဝင်ရောက်လာသည်။ အာရွန်ဘားသည် စိတ်မြန်သူပီပီ အစပထမတွင် ရိုက်ထုတ်မည်ကြံပြီးမှ ငယ်စဉ်က ဖြစ်ရပ်ကို ပြန်တွေးမိကာ အခန်းတံခါးတွေ အကုန်ဖွင့်ပြီး ထိုင်စောင့်နေလိုက်သည်။ ပြတင်းပေါက်မှ ယင်ကောင်မဲကြီး ထွက်ခွာသွားလေသောအခါ "လောကကြီးမှာ မင်းနဲ့ငါ နေစရာတွေ အကျယ်ကြီးပါကွာ"ဟု မှတ်ချက်ပြုပြောကြားလိုက်သည်။

သူတစ်ပါး လွတ်လပ်ခွင့်မထိပါးရေး၊ တစ်ဦးနှင့် တစ်ဦး ထိခိုက်အောင်မလုပ်မိရေး အာရွန်ဘားဆင်ခြင်နေထိုင်ခဲ့ပုံပေါ်သည်။

(၅)

တစ်လောက အကြောင်းကိစ္စတစ်ခုရှိ၍ ဗိုလ်တထောင်မြို့နယ်ဘက် ရောက်သွားရာ ဗိုလ်ချုပ်လမ်း အိုးအိမ်ရုံးရှေ့၌ ၎င်းတို့၏ ဆန္ဒများကို ရေးသားထားသော စက္ကူချပ်လေးများ ကိုယ်စီကိုင်၍ တိတ်ဆိတ်စွာ စီတန်းထိုင်နေကြသည့် လယ်သမားကြီးများကို မြင်ရသည်။ အဝတ်အစား နွမ်းဖတ်ဖတ် ညိုမောင်းသော အသားအရေတို့နှင့် ညှိုးနွမ်းရီဝေသော မျက်လုံးများကစိတ်နှလုံးကို ထိခိုက်သွားစေသည်။ ရုတ်တရက်ပင်ဒေါသမာန်ထဲက စကားအချို့ သတိရသွားသည်။

"ဒီမြေက ကျုပ်တို့မြေဗျ။ ကျုပ်တို့ ခုတ်ထွင်ရှင်းလင်းပြီး ပြုစုပျိုးထောင်လာတဲ့မြေ။ ကျုပ်တို့အားလုံး ဒီမြေပေါ်မှာ မွေးလာကြတာ။ ဒီမြေပေါ်မှာပဲ အသတ်ခံခဲ့ကြရတယ်။ သေခဲ့ကြရတယ်။ နောက်ဆုံးဒီမြေဟာ လုံးဝသုံးမရတဲ့ ဖုန်းဆိုးမြေဖြစ်သွားဦးတော့ ကျုပ်တို့မြေဟာ ကျုပ်တို့မြေပဲ။ ဒီပေါ်မှာမွေးတယ်။ ဒီပေါ်မှာ အလုပ်လုပ်တယ်။ ဒီပေါ်မှာပဲ ခေါင်းချကြတယ်။ ဒါတွေဟာ ဒီမြေကို ကျုပ်တို့ ပိုင်ဆိုင်ကြောင်း ပြနေတာပဲ မဟုတ်လား။ ဂဏန်းတွေရေးထားတဲ့ စာရွက်တစ်ရွက်က ပြတာမဟုတ်ပါဘူး"

ဩော် . . . အခုတော့ တွမ်ဂျုတ်တွေ ရောက်လာပြီလား။ တွမ်ဂျုတ်တွေမြို့ပေါ်ရောက်လာကြပြီလား။ ။

7 DAY NEWS JOURNAL
Vol.11, No.22 • AUGUST 9 , 2012

## မျက်နှာဖုံး–နိုင်ငံတော်သမ္မတက ခန့်အပ်ထားသော ပုဂ္ဂိုလ်များ၏ စီးပွားရေးလုပ်ငန်းနှင့် ပိုင်ဆိုင်မှုတင်ပြရန်ညွှန်ကြားချက် ဆိုင်းငံ့ မှ

“ဒီလိုပိုင်ဆိုင်မှုတွေ တင်ပြဖို့ဆိုတာ ကောင်းပါတယ်။ ပိုင်ဆိုင်မှုတွေ တင်ပြလို့ရှိသင့် ရှိထိုက်တာထက် များနေရင်တော့ မဟုတ်ဘူးပေါ့။ သန့်ရှင်းသော အစိုးရနဲ့ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ဖြစ်လာဖို့အတွက် ဒါက အရေးကြီးပါတယ်”ဟု တိုင်းဒေသကြီး ဝန်ကြီးတစ်ဦးက ပြောသည်။

ဇူလိုင် ၂၅ ရက်က ကျင်းပသော ပြည်သူ့လွှတ်တော်စတုတ္ထ ပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့တွင် ပုသိမ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်က ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်နှင့် သန့်ရှင်းသော အစိုးရဖြစ်ပေါ်စေရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၏ ရွှေ့ပြောင်းနိုင်သော၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် အကျိုးစီးပွားများကို ထုတ်ဖော်ကြေညာပြီး မှတ်တမ်းတင်ထားရန် အဆိုတင်သွင်းခဲ့သည်။

၎င်းအဆိုတင်သွင်းပြီး ဇူလိုင် ၂၆ ရက်တွင် နိုင်ငံတော်သမ္မတရုံးမှ စီးပွားရေးလုပ်ငန်းနှင့် ပိုင်ဆိုင်မှုများ စာရင်းပြုစုတင်ပြရန် အကြောင်းကြားစာ တစ်စောင်ထုတ်ပြန်ခဲ့သည်။

အကြောင်းကြားစာတွင်ပြည်ထောင်စု တရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံ ရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်ဥပဒေချုပ်များ၊ တရားသူကြီးချုပ်များ၊ တရားသူကြီးများသည် စီးပွားရေးလုပ်ငန်းနှင့်ပိုင်ဆိုင်မှုများကို သတ်မှတ်ထားသည့် ပုံစံများတွင် လက်မှတ်ရေးထိုး၍ နိုင်ငံတော်သမ္မတထံ ဩဂုတ် ၁ ရက်နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

## မျက်နှာဖုံး-ကမ္ဘာကျော် နိုင်ငံရေးဒဿနပညာရှင် ဖရန်စစ်ဖူကူယားမား မြန်မာနိုင်ငံလာမည် မှ

၎င်းသည် ၁၉၉၂ ခုနှစ်တွင် ထုတ်ဝေသည့် ''The End of History and the Last Man" စာအုပ်ဖြင့် နိုင်ငံတကာနိုင်ငံရေးနယ်ပယ်တွင် နာမည်ကျော်ခဲ့သည့်ပုဂ္ဂိုလ် တစ်ဦးဖြစ်ပြီး၊ ထိုစာအုပ်ကို ဘာသာစကားအမျိုးမျိုးဖြင့် ထုတ်ဝေခဲ့ပြီး ရောင်းအားအကောင်းဆုံးစာအုပ်အဖြစ် ရပ်တည်ခဲ့သည်။ ထိုစာအုပ်အပါအဝင် စာအုပ်ကိုးအုပ်ထုတ်ဝေခဲ့ပြီး၊ နောက်ဆုံးထွက်စာအုပ်မှာ ''The Origins of Political Order" ဖြစ်သည်။ ၎င်း၏ စာအုပ်များကို နိုင်ငံရေးလေ့လာသူများ အထူးအလေးထားစောင့်ဖတ်လေ့ရှိသည်။

မင်္ဂလာမြန်မာမှ ဒါရိုက်တာ ဒေါက်တာဖုန်းဝင်းက အမေရိကန် ပြည်ထောင်စုရှိထိပ်တန်းတက္က သိုလ်တစ်ခုဖြစ်သည့် Johns Hopkins တက္ကသိုလ်၊ School of Advanced International Studies (SAIS) က ဦးဆောင် ကျင်းပမည့် Leadership Academy of Development Program (LAD)တွင် ဒေါက်တာ ဖရန်စစ်ဖူကူယားမားနှင့် ပါမောက္ခဒေါက်တာရော်ဂျာလိစ်တို့က ပို့ချသွားမည်ဟုပြောကြားသည်။ ယင်းသင်တန်းကို ရန်ကုန်မြို့တွင် ယခုလ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ပို့ချ မည်ဖြစ်ပြီး သင်တန်းပြုလုပ်မည့် နေရာကို အတိအကျ မသတ်မှတ်ရသေးကြောင်း သိရသည်။

## စာ-၈၊ တရားရုံးတွင် အမှုများ ကြန့်ကြာနေရသော အကြောင်းရင်း မှ

“ကျွန်မက မပြေလည်လို့ငွေတိုးချေးလိုက်မိပါတယ်။ ပြန်မဆပ်နိုင်တဲ့အတွက် တစ်ဖက်က ပုဒ်မ ၄၂၀ နဲ့ တရားစွဲထားပါတယ်။ စားစရာ မရှိပေမယ့် ကိုယ့်ကိုစွဲထားတယ်ဆိုတော့ မလွဲမသွေရင်ဆိုင်ရမှာပေါ့။ ဥပဒေအကြောင်း သိပ်နားမလည်ပေမယ့် အမှုကြာမှာ၊ ငွေကုန်မှာတော့ တွေးပြီးစိုးရိမ်မိပါတယ်”ဟုတရားစွဲဆိုခံထားရသူ တစ်ဦးကပြောသည်။

ရုံးချိန်းတစ်ချိန်းလျှင် မည်ရွေ့မည်မျှ သတ်မှတ်ပြီး ဥဏ်ပူဇော်ခတောင်းကာ ရုံးချိန်းအရေအတွက် များများချိန်းယူလိုက်ပါဆောင်ရွက်ကြသော ရှေ့နေအချို့တို့ကြောင့် လည်း အမှုများကြန့် ကြာရခြင်း ဖြစ်ကြောင်း အကျိုးဆောင်ရှေ့နေလောကနှင့် နီးစပ်သူများက ပြောကြားသည်။ “ကျွန်တော်တို့က စာချုပ်နဲ့ချုပ်ပြီး အမှုလိုက်ခကို ယူတယ်။ ရုံးချိန်း အရေအတွက်များလေ၊ ပိုက်ဆံပိုကိုက်လေဆိုပြီး ရုံးချိန်းနဲ့ ယူကြတဲ့သူတွေကြောင့် အမှုတွေ ကြန့်ကြာတာရှိတယ်။ များသောအားဖြင့် ဒီလိုရုံးချိန်းနဲ့ ယူတာက သိပ်မအောင်မြင်တဲ့ ရှေ့နေတွေ များတယ်”ဟု အထက်ပါရှေ့နေက ပြောကြားသည်။ “ရုံးချိန်းတစ်ချိန်း ဘယ်လောက်တောင်းပြီး အမှုကို အချိန်ဆွဲတဲ့ ရုံးချိန်းတွေ အများကြီးချိန်းတဲ့ ရှေ့နေတွေရှိတယ်။ ဒါတွေဟာ အမှုသည်တွေပေါ် မလုပ်သင့်တဲ့အလုပ်တွေပါ။ ဥပဒေကျွမ်းကျင်မှုမရှိတော့ တရားလိုကိုတောင် လနဲ့ချီပြီး စစ်မေးတာတွေ၊ မလိုအပ်တဲ့ မေးခွန်းဖောင်းပွနေတာမျိုးတွေ မလုပ်သင့်ဘူး” ဟု အထက်တန်းရှေ့နေ ဦးခင်ဇော်(မရမ်းကုန်း)ကပြောသည်။

တရားမျှတမှုကို နှောင့်နှေးစွာ ဆောင်ရွက်ခြင်းသည် တရားမျှတမှုကို မျက်ကွယ်ပြုရာ၊ ငြင်းပယ်ရာရောက်သည် (Justice delayed is Justice denied) ဟု တရားဥပဒေဆိုင်ရာ စာတမ်းများတွင် ဖော်ပြထားသော်လည်း တရားဥပဒေဆိုင်ရာ အချို့သော အခွင့်အရေးများကြောင့်လည်းအမှုများကြန့်ကြာရခြင်းဖြစ်ကြောင်းကို “ဦးတိုက်လျှောက်ထားမှုတွေမှာ တစ်ဖက်ကို သမ္မာန်စာချရတယ်။ တစ်ဖက်က လက်မခံဘူး။ ဒီလို ဆင့်စာ၊ သမ္မာန်စာကိုရှောင်တိမ်းနေခြင်းကြောင့် ကြန့်ကြာတယ်။ နောက်ပြီး အမှုတစ်ရပ်ပေါ်မှာတရားရုံးကတစ်ထိုင်တည်းအ မိန့်မချနိုင်ဘူး။ အမှုတစ်ခုကို တင်ပြရန်ချိန်း၊ လျှောက်လဲချက်ပေးရန်ချိန်း၊ အမိန့်ချရန်ချိန်း ဆိုတော့တအားဝေးသွားပြီ။ ဒါကလည်းတရားရုံးတွေက အငြင်းပွားတဲ့ အကြောင်းအရာတစ်ရပ်နဲ့ ပတ်သက်လို့တစ်ထိုင်တည်းအဆုံးအဖြတ်မပြုနိုင်လို့ကြန့်ကြာတယ်” ဟု အထက်တန်းရှေ့နေ ဦးခင်ဇော်(မရမ်းကုန်း)ကပြောသည်။

## စာ-၄၊ နာကာတာ မြန်မာနိုင်ငံသို့ ဒုတိယအကြိမ် လာရောက်မည် မှ

“နာကာတာရဲ့မြန်မာပြည်လာတဲ့ခရီးစဉ်အတွင်းမှာဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဦးဇော်ဇော်နဲ့ဩဂုတ်လ ၂၀ ရက်မှာ တွေ့ဆုံဖို့ရှိပါတယ်။ အဲဒီနေ့မှာ နေ့လယ်စာအတူတူစားဖို့စီစဉ်ထားပြီး မြန်မာလူငယ်အသင်းတွေရဲ့ လေ့ကျင့်ရေးအစီအစဉ်တွေကို လိုက်လံကြည့်ရှုဖို့ ရှိပါတယ်”ဟု ဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူတစ်ဦးက ဆိုသည်။

နာကာတာနှင့်အတူ ဂျပန်နိုင်ငံမှ မီဒီယာအဖွဲ့ဝင်များလည်း ပါဝင်လာမည်ဖြစ်ပြီး ၎င်းခရီးစဉ်အား မှတ်တမ်းယူသွားမည်ဖြစ်ကြောင်း လေးရက်တာကြာမြင့်မည့်ခရီးစဉ်အတွင်း ရန်ကုန်မြို့တစ်မြို့တည်း၌သာလည်ပတ်သွားမည်ဖြစ်ကြောင်း ခရီးစဉ်စီစဉ်သည့်ကုမ္ပဏီမှ တာဝန်ရှိသူကပြောသည်။

ဂျပန်လက်ရွေးစင် ကွင်းလယ် ကစားသမားဟောင်း နာကာတာသည် ၂၀၀၇ ခုနှစ်က မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်ခဲ့ဖူးပြီး သရုပ်ပြခြေစမ်းပွဲကစားခဲ့ဖူးသည်။ ဒုတိယအကြိမ်မြောက် ယခုခရီးစဉ်အတွင်းမှ သရုပ်ပြခြေစမ်းကစားမည့်အစီအစဉ် လောလောဆယ်တွင် မရှိသေးကြောင်းနှင့် လက်ရွေးစင်လူငယ်အသင်းများ၏ လေ့ကျင့်မှုများကိုသာ လိုက်လံကြည့်ရှုသွားရန်ရှိကြောင်း သတင်းရရှိသည်။

**-ပြင်ဆင်ဖတ်ရှုပါရန်**

7 Day News ဂျာနယ် အတွဲ(၁၁)၊ အမှတ်(၂၁)တွင် ဖော်ပြခဲ့သော“ရခိုင်ပြည်နယ် ပဋိပက္ခများတွင် အိုင်အင်န်ဂျီအိုဝန်ထမ်းကိုးဦး ပါဝင်ပတ်သက်ခဲ့”သတင်းမှ “အသတ်ခံရသူ ၁၀ ဦးမှာ အိန္ဒိယနိုင်ငံတောင်ပိုင်းမှအစ္စလာမ်ဘာသာဝင်များဖြစ်ကြောင်း”စာသားအစား“အသတ်ခံရသူ၁၀ဦးမှာဘင်္ဂါလီလူမျိုးများမဟုတ်ဘဲ ပြည်တွင်း၌နေထိုင်သောအစ္စလာမ်ဘာသာဝင်များ”ဟုပြင်ဆင်ဖတ်ရှုပါရန်။

**- အယ်ဒီတာ**

## စာ-၅၊ ၁၀ လကျော်အတွင်း ပြည်ပမှ ကားအစီးရေ ခြောက်သောင်းကျော် ဆိပ်ကမ်းအရောက် တန်ဖိုး ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံဖိုး တင်သွင်းထား မှ

သို့သော် ဇူလိုင် ၃၀ ရက်မှစတင်၍ ကားတင်သွင်းခွင့်လိုင်စင်များကို ရန်ကုန်တွင် စတင်လျှောက်ထားနိုင်ပြီဖြစ်ပြီး လျှောက်ထားသူဦးရေတစ်နေ့ထက်တစ်နေ့ပိုမိုများပြားလာကြောင်း စီးပွား/ကူးသန်းဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်သိန်းကပြောသည်။

ရန်ကုန်ရုံးတွင် ကားလိုင်စင်လာရောက်လျှောက်ထားသူမှာ ဩဂုတ် ၂ရက်အထိ ၉၆ဦးရှိသည်။ထိုသို့လျှောက်ထားရာတွင်တစ်ဦးလျှင် တစ်ကြိမ်သာ လျှောက်ထားခွင့်ရှိပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လိုင်စင်ကြေးကျပ်ငါးသောင်းနှင့် အွန်လိုင်းကြေး ကျပ်လေးထောင်ကုန်ကျမည်ဖြစ်သည်။

“သဘောၤသားတွေ၊ ပြည်ပရောက်နေသူတွေအနေနဲ့ နေပြည်တော်ရုံးမှာလျှောက်လို့ရတယ်။ ရန်ကုန်မှာတော့မရဘူး”ဟု စီးပွား/ကူးသန်းဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်သိန်း ကပြောသည်။ အစိုးရသစ်လက်ထက်၌ယာဉ်အိုယာဉ်ဟောင်းဖျက်သိမ်းရေးအစီအစဉ်နှင့် ကားဝယ်ရန်လုံလောက်သော ဒေါ်လာရှိသူတိုင်း ကားသွင်းခွင့်ပြုခဲ့ပြီးနောက် ကားဈေးကွက်အတွင်း၌ အကြီးအကျယ်ပြောင်းလဲခဲ့ပြီး ကားဈေးနှုန်းများ ပြုတ်ကျခဲ့သည်။ ပြည်တွင်း ကားထုတ်လုပ်ငန်းရှင် အချို့မှာလည်း ကားတင်သွင်းသူများအဖြစ်သို့ ပြောင်းလဲလုပ်ကိုင်လာကြသူများရှိသည်။

ဂျပန်နှင့် နိုင်ငံစုံမှ မော်ဒယ်မြင့်ကားများစွာ ဝင်ရောက်လာ၍ ကားဈေးကွက်တွင် ကားရောင်းဝယ်သူများ၏ အခေါ်အဝေါ်များပင် ပြောင်းလဲလာကြောင်း ကားပွဲစားတစ်ဦးက ပြောသည်။ “အရင် အမြင့်ကားအမျိုးအစားထဲက ခေါ်တဲ့ကားကို အခု အနိမ့်ကားလို့ ပြောင်းခေါ်လာကြပြီ” ဟု ၎င်းကပင်ပြောသည်။

“ဥပမာ-အရင် ရွှေငါးတို့၊ ဆာ့ဖ်တို့၊ စက်ရုပ်တို့ကို အနိမ့်ကားလို့ပြောင်းပြီး ခေါ်လာကြတယ်” ဟု၎င်းကပြောသည်။

ထို့အပြင် တင်သွင်းလာသမျှ ကားအများစုမှာ ယခုနောက်ပိုင်းတွင် ၂၀၀၇ မော်ဒယ်အထက် ဂျပန်လေလံကားအများစု ပါဝင်လာခဲ့ပြီး ဥရောပမှ ကားအချို့လည်း ပါဝင်လာကြောင်း ကား ဝယ်ရောင်းတစ်ဦးကပြောသည်။

ယာဉ်အိုယာဉ်ဟောင်းဖျက်သိမ်းရေးအစီအစဉ်ဖြင့် ယခုနှစ် ဇူလိုင် ၃၁ရက်အထိ ၁၀ လအတွင်း ယာဉ်မှတ်ပုံတင်သော(မူသေ)နံပါတ်အစီးရေ ၄၈,၄၂၉ စီး ထုတ်ပေးခဲ့ပြီး ၆ဃ/အက္ခရာဖြင့် ပေးသော အစီးရေ ၈,၈၉၀ စီးရှိပြီဖြစ်ကြောင်း ရန်ကုန်တိုင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

“ပုံမှန်ဆို တစ်နေ့ကို မှတ်ပုံတင်စာအုပ် ၂၅၀၊ ၃၀၀ လောက် ထုတ်ပေးနေတယ်။ ပိတ်ရက်တွေမှာလည်း တိုင်းရုံးက အရာရှိ၁၀ဦးနဲ့အတူ နဂိုအကြွေးတင်ထုတ်ပေးဖို့ကျန်တဲ့ဟာတွေကို အမြန်ဆုံးပြီးအောင် ဆောင်ရွက်ပေးနေတယ်။ တော်တော်များများတော့ ပြီးနေပါပြီ”ဟု ၎င်းက ယာဉ်မှတ်ပုံတင်ထုတ်ပေးနေသောအခြေအနေကိုပြောသည်။ ထို့အပြင် မြန်မာတစ်နိုင်ငံလုံးရှိ ယာဉ်အိုယာဉ်ဟောင်းအပ်နှံပြီး အစီးရေဩဂုတ် ၁ ရက်အထိ ၆၁,၃၀၈ စီးရှိပြီး သွင်းကုန်ပါမစ်ထုတ်ပေးခဲ့သောအစီးရေ ၅၆,၂၄၇ စီးရှိပြီဖြစ်ကာ ကားသွင်းခွင့်လိုင်စင်ယူပြီးအစီးရေ၄၈,၇၉၉ စီးရှိကြောင်း နေပြည်တော် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။

**မွန်မြတ်ဆေးခန်း** မိသားစုဘဝ၊ ကျန်းမာသုခ၊ မွန်မြတ်ဆေးခန်း၊ အမှန်ယုံကြည်ရ

**ဆေးခန်းသုံး တိုင်းရင်းဆေးများသာ**

**ရန်ကုန်/မော်လမြိုင်**

**လိပ်ခေါင်းရောဂါကုသခြင်း**

- ဆေးကုသချိန်(၁၅)မိနစ်သာကြာပြီး နာကျင်မှုမရှိပါ။
- ဆေးရုံတက်ရန်နှင့် ခွဲစိတ်ရန်မလိုသည့် နောက်ဆုံးပေါ်ဆေးကို အသုံးပြုကုသမှုဖြစ်ပါသည်။

**ဆီးချို၊ သွေးချိုရောဂါကုသခြင်း**

- တစ်ကြိမ်လျှင် (တစ်လုံးမှ သုံးလုံး) တစ်နေ့တစ်ကြိမ်မှ နှစ်ကြိမ်သာသောက်သုံးရန်လိုအပ်ပြီး၊ အစားအသောက်အထူးရှောင်ရန်မလို၊ ပုံမှန်စားသောက်နိုင်ပါသည်။
- ဝေဒနာရှင်များသည် အခြေခံအားဖြင့် ဆေးကို (၆)လခန့်သောက်ပြီး လိုအပ်လျှင်အနိမ့်ဆုံးပမာဏကိုသာသောက်၍ ဆီးချို၊ သွေးချိုနှင့် နောက်ဆက်တွဲရောဂါများကိုကာကွယ်နိုင်ပါသည်။

လိပ်စာ–အမှတ်(၅၅)၊ ဘုန်းကြီးလမ်း(အလယ်)၊လမ်းမတော်မြို့နယ် ၊ ရန်ကုန်မြို့၊ ဖုန်း–၀၁ ၂၂၅၃၂၂၊ ၀၉ ၇၃၁ ၇၁၀၃၃
အမှတ်–၁၈၇(A)၊ အောက်လမ်းမကြီး၊ ရွှေတောင်ရပ်၊ မော်လမြိုင်။ ဖုန်း–၀၉ ၄၀၁ ၅၈၅၉၄၅

# Health

7 DAY NEWS JOURNAL

Vol.11, No.22 • AUGUST 9 , 2012


## ဆေးထိုးဆေးသောက်မများရလေအောင်


ဝတ်ရည်အောင်


ဆိုင်ကယ်မှောက်ပြီး ခြေထောက်တွင် အရေပြားစုတ်ပြဲသွားသည့်ဒဏ်ရာ ကိုပိန္နောဆရာအားပင့်ပြီး ဆေးတစ်လုံးထိုးလိုက်ရာကံကောင်း၍ မသေကြောင်း ကိုကျော်ကျော် (ကာယကံရှင်ဆန္ဒအရ အမည်ပြောင်းထားပါသည်)က သူ၏ အတွေ့အကြုံကိုပြောသည်။ အပ်နုတ်လိုက်သည့်အချိန်တွင် အသက်ရှူရကျပ် လာပြီး ခေါင်းမူး၊ အော့အန်ချင်လာကာ ကြွက်တက်လာသည်။ အန်ချင်လာ သည့်အတွက် အန်လိုက်ပြီးသည့်အချိန်တွင် ဆရာက "ဆေးထိုးမှားသွားတာ ဘာမှမဖြစ်ပါဘူး"ဆိုသည့်အသံနှင့်အတူ ဆေးတစ်လုံး ထပ်မံထိုးပေးသည်။ ထို အတွေ့အကြုံကို သူ့တစ်သက် မေ့ပျောက်နိုင်မည် မဟုတ်တော့။

ကိုကျော်ကျော်ကဲ့သို့ဖြစ်စဉ်များ မြန်မာနိုင်ငံအနှံ့အပြားတွင် ကြုံတွေ့နေ ရသည့်ပြဿနာတစ်ခုဖြစ်သည်။ ကျန်းမာရေးဆိုင်ရာအားနည်းချက်များ ကြောင့် လူဦးရေအများစု နေထိုင်သည့် ကျေးလက်ရှိတောင်သူများမှာ မိရိုး ဖလာ ဆေးကုသပေးနေသော ဆရာများကိုသာ အားကိုးနေကြရသည်။

မြန်မာနိုင်ငံတွင် လူဦးရေ သန်း ၆၀ခန့်ရှိပြီဟု ခန့်မှန်းထားကြပြီး ကျန်း မာရေးဦးစီးဌာနအောက်တွင် ဆေးရုံပေါင်း ၉၁၅ ရုံ၊ အထူးကုဆရာဝန် ၁,၈၅၃ ဦး၊ လက်ထောက်ဆရာဝန် ၂,၈၉၆ ဦး နှင့် အုပ်ချုပ်ရေး၊ ပြည်သူ့ကျန်းမာရေး၊ ရောဂါနှိမ်နင်းရေးဌာနများတွင် ၆၃၃ ဦး၊ စုစုပေါင်း ၅,၃၈၀ ဦး တာဝန်ထမ်း ဆောင်နေသည်။


စာ(၁၄)သို့




## အရက်နှင့် အားဖြည့်အချိုရည်များ ရောစပ်သောက်သုံးမှုသည် အန္တရာယ်ရှိသော လိင်ဆက်ဆံမှုဆီ ဦးတည်

ဘတ်ဖလိုး၊ ဇူလိုင် - ၃၁

အရက်နှင့် အားဖြည့်အချိုရည်များ ရောစပ် သောက်သုံးမှုမှနေ၍ အမေရိကန် ကောလိပ် အရွယ် ကျောင်းသားများတွင် လိင်ကိစ္စ ကိုလွယ်လွယ်သဘောထားခြင်း နှင့် အန္တရာယ်ရှိသော ပြုမူမှုပိုများ လာကြောင်း အမေရိကန်သုတေ သနတစ်ရပ်က တွေ့ရှိခဲ့သည်။



ယင်းသို့ရောစပ်သောက်သုံး မှုကြောင့် အမေရိကန်နိုင်ငံ ကော လိပ်ကျောင်းအများအပြားတွင် ဖြစ်ပေါ်နေသော နောက်ကြောင်း ရာဇဝင်မသိသူများနှင့် အလွယ် တကူ လိင်ဆက်ဆံသော ယဉ် ကျေးမှုကို ပံ့ပိုးပေးခြင်းဖြစ်နိုင် ကြောင်း နယူးယောက်ပြည်နယ် ဘတ်ဖလိုး တက္ကသိုလ်မှ သုတေ သီကက်သလင်းအီးမီလ်လာက ပြောကြားသည်။

ကဖိန်းဓာတ်ပါသော အချို ရည်များကြောင့် အရက်သောက် သုံးမှုကို လွန်ကဲသွားစေကြောင်း ကဖိန်းဓာတ်ကြောင့် မိမိမည်မျှ မူးနေသည်ကို မခန့်မှန်းနိုင်တော့ ကြောင်း ယင်းမှနေ၍ နောက် ကြောင်း ရာဇဝင်မသိသူများနှင့် လိင်ဆက်ဆံခြင်းဆီသို့ ဦးတည် နိုင်ကြောင်း သုတေသီများက ပြောကြားသည်။

သာမန်အချိန်များတွင် ယင်း သို့သော လိင်ဆက်ဆံဘက်များ နှင့် ဆုံစည်းချိန်တွင် ကွန်ဒုံးကဲ့သို့ အကာအကွယ်ပစ္စည်းများ အသုံး ပြုသော်လည်း အမူးလွန်နေ၍ အကာအကွယ်ပစ္စည်းသုံးစွဲမှုနည်း ပါးသွားလေ့ရှိရာ လိင်မှ ကူးစက် သော ရောဂါများနှင့် မလိုလား သော သန္ဓေတည်ခြင်း စသော အန္တရာယ်များမြင့်တက်လာသည် ဟု သုတေသီများက ကဖိန်း သုတေသနဂျာနယ်တွင် ဖော်ပြ ထားသည်။ —Ref: UPI

## သွေးလွန်တုပ်ကွေးဖြစ်ပွားမှု ယခုနှစ်တွင် လျော့ကျ


ဝတ်ရည်အောင်


ရန်ကုန်၊ဇူလိုင်-၂၇

ယခုနှစ်တွင် သွေးလွန်တုပ်ကွေး ဖြစ်ပွားမှုလျော့နည်းနေပြီး တစ်နိုင်ငံလုံးတွင် တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်၊ မွန်၊ ရခိုင်ပြည်နယ်များက ဖြစ်ပွားမှုအများဆုံးနေရာများ ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။

ယခုကဲ့သို့ မိုးရွာသွန်းနေသည့်အချိန်သည် ပုံမှန်သွေး လွန်တုပ်ကွေးဖြစ်ပွားမှု များပြားလေ့ရှိသည့် အချိန်များဖြစ်ပြီး ဇန်နဝါရီလမှ ဇူလိုင်လဆန်းအချိန်အထိ လူဦးရေသုံးထောင် တွင် သွေးလွန်တုပ်ကွေးရောဂါပိုး ကူးစက်ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။ ထိုလူဦးရေသည် ပြီးခဲ့သည့်နှစ် တစ်နှစ် လုံး သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားခဲ့သည့် လူဦးရေ၏ သုံးပုံ နှစ်ပုံခန့် ရှိနေကြောင်း ဒုတိယညွှန်ကြားရေးမှူး(သွေးလွန်တုပ် ကွေး)မှ ဒေါက်တာဒေါ်နီနီအေးကပြောသည်။

"ဒီနှစ်က ဖြစ်ပွားမှုနည်းတယ်။ ရခိုင်မှာဆိုရင်လည်း ဖြစ် ပွားမှုများတယ်ဆိုပေမယ့် ပုံမှန်ဖြစ်နေကျထက် နည်းနည်း ပဲများနေတာ။ တခြားဖြစ်ပွားမှုများတယ်ဆိုတဲ့ ကရင်တို့ တနင်္သာရီတို့ထက် အများကြီးပိုနေတာမျိုးမရှိဘူး"ဟု ပဋိ ပက္ခများဖြစ်ပွားနေသည့် ရခိုင်ပြည်နယ်တွင် လုံလောက်သည့် ကျန်းမာရေးဝန်ဆောင်မှုများ မရရှိနေသည့်အတွက် ယခု မိုးရာသီ၌ သွေးလွန်တုပ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါများ ဖြစ်ပွားနိုင်သည်ဟူသော စိုးရိမ်မှုများအား မေးမြန်းရာတွင် ဒေါက်တာဒေါ်နီနီအေးက ပြန်လည်ဖြေကြားခဲ့သည်။

ကရင်ပြည်နယ်အတွင်း လှိုင်းဘွဲ့၊ ဘားအံနှင့် ဖာပွန်မြို့ များသည် ဖြစ်ပွားမှုများပြားနေပြီး မွန်ပြည်နယ်အတွင်းရှိ မြို့နယ်အများအပြား၊ ရခိုင်ပြည်နယ်အတွင်းရှိစစ်တွေ၊ ပေါက် တောနှင့် တောင်ကုတ်မြို့များသည် ဖြစ်ပွားမှု များပြားနေသည့် နေရာများဖြစ်ကြောင်း သိရသည်။

စစ်ကိုင်း၊ မကွေး၊ မန္တလေးစသည့်မြန်မာနိုင်ငံအလယ်ပိုင်း နေရာများနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ဖြစ်ပွားမှု နည်း ပါးပြီး တောင်ပေါ်ဒေသများဖြစ်သည့် ချင်းပြည်နယ်၊ ရှမ်းပြည် နယ်များတွင် မဖြစ်သလောက် အနေအထားတွင် ရှိနေကြောင်း သတင်းရရှိသည်။

သွေးလွန်တုပ်ကွေးရောဂါသည် ပုံမှန်အားဖြင့် နှစ် အပိုင်းအခြားအလိုက် ဖြစ်ပွားမှုများပြားလေ့ရှိသည့် ကူးစက် ရောဂါတစ်မျိုးဖြစ်ပြီး ယခုနောက်ပိုင်းတွင် ဖြစ်ပွားမှု များပြား နေလေ့ရှိသည့် နေရာများသည်လည်း ပြောင်းလဲနေကြောင်း သိရသည်။

သွေးလွန်တုပ်ကွေးဖြစ်ပွားမှုများပြားနေသည့် နေရာ များတွင် ခြင်ဆေးမှုတ်ခြင်းလုပ်ငန်းများ၊ အဘိတ်ဆေးခတ် ခြင်း၊ ဖုံးသွန်လဲစစ်လုပ်ငန်းများ ဆောင်ရွက်နေပြီး ဆရာဝန်များ နှင့် ကျန်းမာရေး ဝန်ထမ်းများ၊ အဖွဲ့အစည်းများကလည်း သွေး လွန်တုပ်ကွေးရောဂါပိုး ကူးစက်ခံရသည့် လူနာများအား လိုအပ် သည့် ဆေးဝါးကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။




7 DAY NEWS JOURNAL
Vol.11, No.22 • AUGUST 9 , 2012

# အထူးစောင့်ရှောက်မှု လိုအပ်သော ကလေးငယ်များကို ကူညီမည့် ဖောင်းဒေးရှင်းတစ်ခု စတင်တည်ထောင်

ဝတ်ရည်အောင်

ရန်ကုန်၊ ဇူလိုင်-၂၈

အထူးစောင့်ရှောက်မှု လိုအပ်သည့် ကလေးများအတွက် ဂျပန်ဖောင်းဒေးရှင်းတစ်ခု၏ အကူအညီဖြင့်ပြည်တွင်းတွင် ဖောင်ဒေးရှင်းတစ်ခု စတင်တည်ထောင်လိုက်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

ဒေါင်းကလေးငယ်များ၊ အော်တစ်စင်ကလေးငယ်များ စသည့် အထူးစောင့်ရှောက်မှုလိုအပ်နေသော ကလေးများသည် ပုံမှန်ကလေးများကဲ့သို့ နေ့စဉ်ဆောင်ရွက်မှုများကိုပင် မလုပ်တတ်ဘဲ မိဘ အထောက်အပံ့ကိုယူရင်း အသက်ရှင်ကြရသည်။

ဂျပန်အမျိုးသမီးတစ်ဦးက မကွယ်လွန်မီ အရှေ့တောင် အာရှနိုင်ငံများရှိ ကလေးများအား လှူဒါန်းရန်ထားရှိထားသည့် ရန်ပုံငွေဖြင့် ဂျပန်နိုင်ငံ Nippon Foundationက မြန်မာနိုင်ငံမှ အထူးစောင့်ရှောက်မှုလိုအပ်နေသော ကလေးငယ်များအတွက် အမေရိကန်ဒေါ်လာ ၁၈သိန်းအား The New World ဖောင်ဒေးရှင်းသို့ လှူဒါန်းခဲ့ခြင်းဖြစ်သည်။

The New World Therapeutic Traing Centre ဆောက်လုပ်ရန်မြေနေရာအတွက်YMCA က လှူဒါန်းမည်ဖြစ်ပြီး အဆောက်အအုံအား ယခုနှစ်မကုန်ခင် စတင်ဆောက်လုပ်နိုင်ရန် ဆောင်ရွက်မည်ဖြစ်ကြောင်း အထက်ပါဖောင်ဒေးရှင်းအတွင်းရေးမှူး ဒေါက်တာတင်ညွန့်ကပြောသည်။

"ရန်ကုန်က ကလေးတွေကတော့ ဒီမှာလက်ရှိ ဖွင့်ထားတဲ့ ကျောင်းတွေကို တက်လို့ရတယ်။ နယ်က ကလေးတွေအတွက်ကတော့ ကျောင်းတွေလည်း မရှိ၊ ရန်ကုန်မှာလာနေပြီး တက်ရအောင်ကလည်း လူတိုင်းမတက်နိုင်ကြတဲ့အခါတချို့ဆိုရင်ဘယ်လိုမှမတက်နိုင်ဘဲ ငိုပြီးပြန်သွားကြရတာတွေလည်း ရှိတယ်"ဟု ဒေါက်တာတင်ညွန့်က ဆက်လက် ပြောသည်။

ထိုအဆောက်အအုံ ဆောက်လုပ်ပြီးစီးပါက နယ်အသီးသီးမှ အထူးစောင့်ရှောက်မှုလိုအပ်နေသည့်ကလေးများနှင့် မိဘများ လာရောက်နေထိုင်ပြီး လိုအပ်သော သင်တန်းများ တက်ရောက် နိုင်ခြင်း ထိုကဲ့သို့ အထူးစောင့်ရှောက်မှုလိုအပ်သည့် ကလေးများအား သင်ကြားပေးနိုင်မည့် နေရာ အသီးသီးတွင် မူကြိုကျောင်းများ ဖွင့်လှစ်မည့် ဆရာ၊ ဆရာမများ မွေးထုတ်ပေးနိုင်ရန်နှင့် ထိုကလေးငယ်များ ပိုမိုရှာဖွေတွေ့ရှိလာမည်ဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ ကလေးများအတွက် မိမိဘာသာ ရပ်တည်နိုင်ရန် အထူးလေ့ကျင့်ခန်းများဖြင့် သင်ကြားသကဲ့သို့မိဘများကိုပါကလေးများအား လေ့ကျင့်ပေးနိုင်ရန် သင်တန်းများလည်း တက်စေရမည်ဖြစ်သည်။ ငွေကြေးတတ်နိုင်သည့် နယ်အသီးသီးတွင်နေထိုင်သည့် အချို့မိသားစုများသာ ရန်ကုန်တွင် နှစ်အလိုက်လာရောက်နေထိုင်နိုင်သော်လည်း အများစုမှာ အခက်အခဲအမျိုးမျိုးကြောင့် ထိုကုသမှုများ မရရှိသေးကြောင်း သိရသည်။

"ဒီလိုကျောင်းမျိုးကို နောက်ပိုင်း ရန်ကုန်မှာတင်မကဘူး။ တခြားမြို့တွေမှာလည်း ဖွင့်ပြီး အဲဒီဒေသက ကလေးတွေ တက်ရောက်နိုင်အောင် လုပ်မှာပါ"ဟု ဒေါက်တာတင်ညွန့်ကပြောသည်။

မြန်မာနိုင်ငံတွင်ထိုကဲ့သို့အထူးစောင့်ရှောက်မှုလိုအပ်နေသော ကလေးများအတွက် ဖွင့်လှစ်ထားသည့် အစိုးရနှင့် ပုဂ္ဂလိကကျောင်း ရှစ်ကျောင်းရှိကြောင်း သိရသည်။

## စာ-၁၃၊ ဆေးထိုး၊ဆေးသောက် မမှားရလေအောင် မှ

ကျေးလက်ဒေသများတွင် ဆရာဝန်လိုအပ်ချက်များကြောင့် ကျေးရွာတိုင်းဆရာဝန်မထားရှိနိုင်သောကြောင့်လည်း မြို့ကြီးများရှိကျေးရွာများတွင်သားဖွားဆရာမများ၊ ကျန်းမာရေးမှူးများနှင့် ထိုကဲ့သို့ဆေးကုသခွင့်လက်မှတ်မရှိထားသော်လည်း ရှေးယခင်ကတည်းက လိုက်လံဆေးကုသပေးနေသည့် အဆိုပါဆေးဆရာများကိုသာ အဓိကအားကိုးနေကြရသည်။

"ကျွန်တော်တို့ဘက်မှာတော့ ရွာတိုင်းလိုလိုမှာ ကျန်းမာရေးမှူးတွေ၊ သားဖွားဆရာမတွေ ရှိကြတယ်။ ဒါပေမဲ့ ရွာတွေဆိုတာ လူများစုက စိုက်ပျိုးရေးလုပ်လို့ရတဲ့ လယ်ကွင်းတွေထဲမှာပဲနေကြတာများတယ်။ အဲလိုနေရာတွေကို မိုးတွင်းဆိုရင်လည်း စက်လှေနဲ့ သွားလို့ရတဲ့ နေရာတွေရှိသလို ရွှံ့ထဲမှာ လမ်းလျှောက်ပြီး သွားရတဲ့ နေရာတွေလည်းရှိတယ်။ အဲလိုနေရာတွေကို ကျန်းမာရေးမှူးတွေ၊ သားဖွားဆရာမတွေက ခေါ်လို့မရဘူးလေ"ဟု ကျောက်တန်းမြို့နယ်အတွင်းရှိအသက်၅၀ကျော်ခန့် တောင်သူတစ်ဦးက ပြောသည်။

"သူတို့ကို ခေါ်ရင်လည်း လှေဆိုလည်း လှေနဲ့၊ ဆိုင်ကယ်ဆိုလည်း ဆိုင်ကယ်နဲ့ မနည်းခေါ်မှ လာတာဖြစ်တဲ့အတွက် ဆေးဖိုးနဲ့ဆိုရင် နှစ်ဆလောက်ဖြစ်သွားတော့ မတတ်နိုင်ဘူး။ ဟိုဆရာတွေကတော့ ဘယ်လိုနေရာပဲဖြစ်ဖြစ် လိုက်ပေးတယ်လေ"ဟု အဆိုပါတောင်သူက ဆက်လက်ပြောသည်။

ဆေးဝါးကုသမှုများ ရယူနိုင်သော ဆေးရုံ၊ ဆေးခန်းများသို့ သွားရောက်ရန်အတွက် သွားလာရေးအဆင်မပြေခြင်း၊ ငွေကြေးကုန်ကျမှုများခြင်း စသည်တို့ကြောင့် အသည်းအသန်မဟုတ်သည့်အခြေအနေများတွင် ကျေးရွာရှိထိုဆရာများကိုသာ အားကိုးနေရကြောင်းသိရသည်။

ကျေးလက်တွင် ဆေးကုသပေးနေသော ရမ်းကုဟုခေါ်ကြသည့် အချို့ဆရာများမှာ ဆရာဝန်များကဲ့သို့ နားကြပ်များ၊ သွေးပေါင်ချိန်တိုင်းကိရိယာများ၊ ဆေးထိုးအပ်များသုံး၍ ကုသကြခြင်းပင်ဖြစ်သည်။

"သူတို့တွေက ဘာရောဂါဖြစ်တာ၊ ဘယ်လိုကုသရမယ်၊ အခုဘာဆေးထိုးမယ် စတာတွေ တစ်ခုမှပြောတာမျိုးမရှိဘူး။ ရောက်လာတယ်၊ ဘာဖြစ်လဲမေးတယ်၊ ပြီးတော့ သူ့ဘာသာသူ ဆေးထိုးပြီးပြန်သွားကြတာ။ သူတို့ ဆေးကုတာလည်း ကြာပြီဆိုတော့ အဖိတ်အစဉ်ရှိတာတော့ ရှားပါတယ်"ဟု ဒေါ်ဝင်းဝင်းငွေးကပြောသည်။

မတော်တဆဖြစ်စဉ်များကြောင့် အသက်သေဆုံးမှုများရှိပါကလည်း ကံတရားကြောင့်ဟုသာ မှတ်ယူထားကြပြီး အမှုဖွင့် အရေးယူခြင်းများ၊ လျော်ကြေးငွေတောင်းခံခြင်းများ စသည့် နောက်ဆက်တွဲအရေးယူခြင်းများလည်း ထိုကဲ့သို့သောနေရာများတွင်မရှိကြောင်း ဒေါ်ဝင်းဝင်းငွေးကဆက်လက်ပြောသည်။

"အဲလို လုပ်ရတယ်ဆိုတာတောင် မသိကြပါဘူး။ ကွင်းထဲလယ်ထဲတွေဆိုရင် မိုးထဲလေထဲဆိုလည်း လိုက်ကြည့်ပေးမယ့်သူတောင် မရှိဘူးလေ။ သူတို့က လာကြည့်ပေးတာပဲ ကျေးဇူးတင်နေရပြီ။ ဖြစ်လာတာကတော့ ကိုယ့်ကုသိုလ်ကံပဲပေါ့"ဟု အဆိုပါအမျိုးသမီးကပြောသည်။

"အူအတက်ပေါက်တဲ့လူနာတစ်ယောက်ဆိုရင် ဗိုက်အောင့်လို့ဆေးမှူးကို သွားပြတာ။ ဘာမှမပြောဘဲ အိပ်ဆေးထိုးလိုက်တာ၊ အိပ်ရာက နိုးတော့ ဘယ်လိုမှ မနေနိုင်တော့တာနဲ့ ဆေးရုံကို သွားတော့မှ အူအတက်ပေါက်တာဆိုပြီး ချက်ချင်းခွဲစိတ်ရတယ်။ ဒါကြောင့် ကျန်းမာရေးမှူးဆိုလည်း အားကိုးလို့မရပါဘူး"ဟု ဒေါ်ဝင်းဝင်းငွေးက အတွေ့အကြုံတစ်ခုကိုပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျောက်တန်းမြို့နယ်အပိုင် ကျေးရွာများရှိ လူဦးရေများပြီး စီးပွားရေးကောင်းမွန်သည့် အချို့သောရွာအနည်းငယ်တွင် ဆရာဝန် တစ်ဦးစ နှစ်ဦးစရှိနေသော်လည်း လူအများစု အားကိုးနေရသည်မှာ ထိုကဲ့သို့သောဆရာများပင်ဖြစ်သည်။

"သူတို့တွေက ဘာရောဂါဖြစ်နေတယ်ဆိုတာသာ မပြောတာ၊ ဆေးတစ်ခါပေးရင်တော့ ခြောက်လုံး၊ ခုနစ်လုံးတော့ရှိတယ်"ဟုကျောက်တန်းမြို့နယ်အတွင်းရှိ အသက် ၅၀ ကျော်ခန့် တောင်သူတစ်ဦးကပြောသည်။

လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီး ဝေးလံသည့်နေရာများတွင် ကျွမ်းကျင်ဆရာဝန်မရှိခြင်းကြောင့် ထိုဒေသ၌ နေထိုင်သူများမှာ ကျန်းမာရေးဆိုင်ရာပြဿနာများ ပိုမိုရင်ဆိုင်ရလေ့ရှိသည်။ ထိုကဲ့သို့ နေရာများတွင် ကျန်းမာရေးဝန်ထမ်းများ အဆင်ပြေစွာ နေထိုင်နိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်ပေးနိုင်မှုမရှိခဲ့ခြင်းကလည်း ထိုဒေသနေသူများအတွက် ကျန်းမာရေးဆိုးကျိုးများ ဖြစ်ပွားစေကြောင်း သိရသည်။

"ကျေးလက်ကျန်းမာရေး စီမံချက်ဆိုပြီး လုပ်လိုက်ကတည်းက ဆရာဝန်တွေ နယ်တွေသွားရမယ်ဆိုပြီး လွှတ်တယ်။ လွှတ်ပြီးတာနဲ့ အဲဒီနေရာမှာ အဲဒီဆရာဝန် ဘာပဲဖြစ်ဖြစ် ကျန်းမာရေးဝန်ကြီးဌာနကလည်း ဘာမှ ကိုဂရုမစိုက်ခဲ့ဘူး။ နေထိုင်ရတာ ဆင်းရဲတယ်။ တချို့ဒေသတွေမှာဆိုလည်း ဒေသခံဝန်ထမ်းတွေက ဆရာဝန်လာတာ မကြိုက်တော့ နှိပ်စက်နဲ့ ဒါကို ဘာမှမသိဘဲ မသွားရင် အရေးယူဆိုတာမျိုးတွေ ကျန်းမာရေးဝန်ကြီးဌာနက လုပ်ခဲ့တယ်။ အခုတော့ အဲဒါမျိုးတွေမရှိတော့တာကတော့ ပြောင်းလဲမှုတစ်ခုပဲ"ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်းကပြောသည်။

တာဝန်ထမ်းဆောင်နိုင်ရန် အဓိကလိုအပ်နေသည့် လက်ထောက်ဆရာဝန်သင်တန်းများခေါ်ယူမှုမှာလည်းနည်းပါးလွန်းခြင်းကြောင့် ဆေးတက္ကသိုလ်တက်ရောက်ပြီးသော်လည်း အလုပ်မဝင်နိုင်သော ဆရာဝန်များစွာမှာ ဝင်ခွင့်စာမေးပွဲဖြေဆိုနိုင်ရန် ကာလရှည်စောင့်ဆိုင်းရလေ့ရှိသည်။


ကျန်းမာရေးဆိုင်ရာ ဘတ်ဂျက်အား ယခင်အစိုးရလက်ထက်ကထက်လေးဆတိုးမြှင့်လိုက်သော်လည်း လူထုအတွင်း ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများ သိသိသာသာ တိုးမြင့်လာခြင်း မရှိသေးကြောင်း ပညာရှင်များကသုံးသပ်ပြောကြားသည်။

ယခုနှစ် ပညာသင်နှစ်မှ စတင်၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် သွားလာရေးနှင့် လူမှုရေးခက်ခဲသောဒေသများတွင် ဆေးပညာရှင်များပေါ်ပေါက်လာစေရန် ထိုဒေသတွင် ပြန်လည်တာဝန်ထမ်းဆောင်နိုင်ရန် ဆေးတက္ကသိုလ်တက်ရောက်ပညာသင်ခွင့် အစီအစဉ်များလည်း စတင်ဆောင်ရွက်နေပြီး ထိုအစီအစဉ်ဖြင့် ဝေးလံပြီး သွားလာရခက်သည့်နေရာများတွင် ဆေးကုသမှုများ ပေးလာနိုင်မည်ဖြစ်ကြောင်းသိရသည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသခြောက်ခုဖြစ်သော နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ ဝ ဒေသများနှင့် ဒေသစရိတ်ခံစားခွင့်ပြုထားသောဒေသများတွင် အမြဲနေထိုင်ပြီး ဆေးပညာဘွဲ့ရရှိသော်မိမိဒေသတွင်ငါးနှစ်တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း သတ်မှတ်ထားသည်။

ဆေးရုံတိုင်းတွင် ဆေးဝါး၊ ခါတ်ခွဲခန်းသုံးပစ္စည်းများ၊ ကျွမ်းကျင်သည့် ဆရာဝန်များ စသည့် လိုအပ်ချက်ပေါင်းများစွာ ရှိနေသေးပြီး ကျန်းမာရေးအဆင့်အတန်းမြင့်မားလာစေရန် ပြုပြင်မှုများ ဆောင်ရွက်ရဦးမည်ဖြစ်ကြောင်းပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်းကဆက်လက်ပြောသည်။

"ဒီလိုလုပ်လိုက်တာကိုတော့ ထောက်ခံတယ်။ ဒါမှပဲအဲဒီလိုသွားလာရ မလွယ်တဲ့နေရာတွေမှာ ဆရာဝန်တွေရှိလာမှာ။ မဟုတ်ရင်တော့ အစိုးရဘက်ကလည်း သွားတဲ့ ဆရာဝန်၊ ဝန်ထမ်းတွေရဲ့နေထိုင်ရေးကို ဘာမှမလုပ်ပေးနိုင်ဘူး။ အရာရာ အဆင်မပြေနဲ့ဆိုတော့ ဒီကသူတွေကလည်း မသွားနိုင်ကြရာကနေ အဲဒီဆေးရုံတွေမှာ ဆရာဝန်မရှိတဲ့ပြဿနာကို ဒီနည်းလမ်းနဲ့ဖြေရှင်းနိုင်မယ်ထင်တယ်"ဟု ဒဂုံတက္ကသိုလ်မှ ရူပဗေဒပါမောက္ခတစ်ဦးကပြောသည်။




အမြဲတမ်း ခရီးသွားလုပ်ငန်း
နီလာ
မစအေးအေးမော်ဦးစီးသောနီလာမဟာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
(၁၂)ရက်ခရီး - ဗုဒ္ဓဂယာ (ဖွားမြင်၊ ဟောစ)(အိန္ဒိယ - နီပေါ) → (၈)သိန်း
(၁၅)ရက်ခရီး - သံဝေဇနီယလေးဌာန + အဋ္ဌမဟာဌာန + နယူးဒေလီ၊တပ်ချ်မဟာ → (၉)သိန်း
ကိုလ်ကတ္တား Shopping နှင့် ဗဟုသုတရစရာ နေရာများ
အထူးအစီအစဉ်အနေဖြင့် ဗုဒ္ဓဂယာနှင့် နယူးဒေလီတွင် ဟိုတယ်၌ တည်းခိုနိုင်ရန် စီစဉ်ထားပါသည်။
ရက်ရှည်ခရီးမသွားချင်သူများအတွက် (၇)ညအိပ် (၈)ရက်ခရီးကို အထူးအစီအစဉ်ဖြင့် ပို့ဆောင်ပေးနေပါပြီ။
(၆)ညအိပ်(၇)ရက်ခရီး - သီရိလင်္ကာ (ဓမ္မယ်တော်) + ဆန်ကောက် (မြဘုရား) → (၁၂)သိန်း (စရိတ်ငြိမ်) (၂၅-၉-၂၀၁၂)ထွက်ခွာမည်။
မည်သည့်ခရီးစဉ်မဆို(၁၆)ဦးစုစည်းပြီးလိုက်ပါလျှင်(၁)ဦးအခမဲ့ပို့ဆောင်ပေးမည်ဖြစ်ပါသည်။
နိုင်ငံကူးလက်မှတ် သက်တမ်း(၆)လအထက် လက်ဝယ်ရှိသူများကို(၄၀၀၀၀ိ/-ကျပ်)ထပ်မံလျှော့ပေးပါမည်။
ထွက်ခွာမည့်ရက်များ -
(ရန်ကုန် - ရုံးချုပ်) အမှတ် - ၂၇၆/၂၇၈(မြေညီထပ်)၊ ပန်းဆိုးတန်းလမ်း(ဗိုလ်တထောင်အနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
(မန္တလေးရုံးခွဲ) အမှတ် (၈၁၂)၊ လမ်း ၃၀၊ ၆၅x၆၆လမ်းကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့
(မော်လမြိုင်ရုံးခွဲ) အမှတ် (၃၅၉)၊ အောက်လမ်းမကြီး၊ မရမ်းကုန်းရပ်ကွက်၊ မော်လမြိုင်မြို့
(ပုသိမ်ရုံးခွဲ) အခန်း(A)မြေညီထပ်၊ ကိုးနဝင်းဈေးရုံအောက်ထပ်၊ ကုန်စုံလမ်းနှင့် စေတ္တာလမ်းထောင့်၊ ပုသိမ်မြို့
(တောင်ကြီးရုံးခွဲ) အမှတ်(၂၇/၃)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရေအေးကွင်းရပ်၊ တောင်ကြီးမြို့
(လားရှိုးရုံးခွဲ) အမှတ်(ဂ)၁၂/၁၉၊ သုခလမ်းနှင့်သဇင်လမ်းထောင့်၊ နယ်မြေ(၁၂)၊ (၃)ရပ်ကွက်၊ လားရှိုးမြို့
☎ ၀၁ - ၃၇၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉ - ၅၁၂၀၅၂၉။ မန္တလေးရုံးခွဲ - ၀၉ - ၄၇၂၂၂၀၈၅၊ ၀၉ - ၄၇၂၂၂၀၈၆

Regional
7 DAY NEWS JOURNAL
Vol.11, No.22 • AUGUST 9 , 2012

# စပ်မျိုးစပါးများ စနစ်တကျစမ်းသပ်ပြီးမှသာ ဆောင်ရွက်သင့်ဟုဆို

**ထူးသန့်**

**နေပြည်တော်၊ ဩဂုတ်-၁**

စပ်မျိုးစပါးသည် စပါးစိုက်ပျိုးထုတ်လုပ်ရေးအတွက်ဆောင်ရွက်ရမည်ဖြစ်သော်လည်း စနစ်တကျစမ်းသပ်မှု မလုပ်ဘဲ တစ်နိုင်ငံလုံးကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန် မသင့်ကြောင်း စိုက်ပျိုးရေးပညာရှင်တစ်ဦးလည်းဖြစ်သူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမှတ်ကြီးကပြောသည်။

စပ်မျိုးစပါးတွင် မျိုးစေ့အရည်အသွေး၊ ဒေသအလိုက်ရောဂါ၊ ပိုးမွှားကာကွယ်နှိမ်နင်းမှု၊ ရေမြေနှင့် ရာသီဥတု၊ တည်ငြိမ်သည့်အထွက်နှုန်း၊ တောင်သူတွက်ခြေကိုက်မှု၊ ပြည်တွင်းပြည်ပ ဈေးကွက် ရောင်းတန်းဝင်မှု စသည့်အခြေအနေများနှင့် ကိုက်ညီမှုရှိမရှိ စနစ်တကျ စမ်းသပ်မှုများ ဆောင်ရွက်သင့်ကြောင်း နေပြည်တော် ခရိုင်စိုက်ပျိုးရေးမန်နေဂျာအဖြစ်ပါ ဆောင်ရွက်ခဲ့သည့် ၎င်းက အမျိုးသားလွှတ်တော်တွင် တင်ပြဆွေးနွေးခဲ့သည်။

“စိုက်ပျိုးရေးမှာ မြေမှန်၊ မျိုးမှန်၊ စိုက်နည်းမှန်၊ ရာသီမှန်အောင် စိုက်ဆိုသော ဆောင်ပုဒ်ရှိပါတယ်။ မိုးစပါးကို စက်တင်ဘာ ၁၅ ရက်ထက် နောက်ကျမစိုက်တို့ဆိုတာ ပညာရှင်တိုင်း သတိထားပါတယ်။ တာဝန်ရှိသူတစ်ဦးက ဇွတ်စိုက်ခိုင်းတဲ့အတွက် ကောင်းပါတယ်ဆိုတဲ့ စပါးမျိုးဟာ တင်း ၂၀ မှ ၅၀ သာ ထွက်ခဲ့တာ နေပြည်တော်ဒေသမှာ မနှစ်က ကြုံတွေ့ကြရပြီးဖြစ်ပါတယ်”ဟူ၍ ဦးမှတ်ကြီးက ဆွေးနွေးပြောဆိုသည်။

နေပြည်တော်တွင် ရှေ့ပြေးစီမံချက်အနေဖြင့် ပြီးခဲ့သည့်နှစ်ကတည်းက စတင်ခဲ့ပြီး အခြားဒေသများသို့ပါ ပျံ့နှံ့စေရန် ဆောင်ရွက်လျက်ရှိသော ယင်းစပါးမျိုးကို စိုက်ပျိုးလိုသည့် ပဲခူးတိုင်းဒေသကြီးမှ လယ်သမားတစ်ဦးဖြစ်သူ ကိုတင်ထွန်းက “ရုပ်မြင်သံကြားမှာတွေ့လို့ အလျင်လိုရွာကို လာစုံစမ်းတာ။ ဧက ၃၀ လောက်စိုက်တဲ့ လယ်သမားကြီးက ပြောတယ်။ မစိုက်ချင်နဲ့တဲ့။ ငါတို့က နှစ်သိန်းကို အတိုးမပါဘဲရတယ်။ လေးသိန်းဈေးဆိုတဲ့အာမခံလည်းရှိတယ်။ ဒီဟာစိုက်ရင် ရေကော၊ နည်းကော၊ ရိတ်တာ သိမ်းတာကောရလို့စိုက်တာတဲ့”ဟူ၍ ၎င်း၏ စုံစမ်းသိရှိမှုကို ပြန်လည်ပြောဆိုသည်။



**ရိုးရိုးမျိုးစပါးစိုက်ခင်းတစ်ကွက်နှင့် လယ်ယာလုပ်သားနှစ်ဦးကို တွေ့ရစဉ်**

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

နေပြည်တော်ဒေသခံ ဆန်စက်လုပ်ငန်းရှင်ကိုနေစိုးကလည်း “ပြောသာပြောနေတာ။ တင်း ၂၀၀ တကယ်ထွက်တယ်ဆိုတာ မကြားသေးဘူး။ တကယ်သာထွက်ရင် ကျွန်တော်တို့လို ပွဲစားကုန်သည်တွေ၊ ခင်ဗျားတို့လို မီဒီယာတွေ၊ လယ်သမားတွေကိုခေါ်ပြီး ရှေ့မှာတင် ရိတ်သိမ်းပြလိုက်ပေါ့။ နောက်ပြီး ဝယ်တဲ့ကုမ္ပဏီတွေ လာဦးမယ်သာပြောတာ လောလောဆယ်ထိတော့ ဒီကုမ္ပဏီတစ်ခုကပဲ ဝယ်နေတာတွေ့တယ်”ဟူ၍လည်း ၎င်း၏အမြင်ကို ပြောကြားခဲ့သည်။

## လက်ပန်းတောင်းကြေးနီစီမံကိန်း နယ်မြေအတွင်း ပြောင်းရွှေ့ရမည့်ရွာများမှ ကျေးရွာကိုယ်စားလှယ်များနှင့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်တွေ့ဆုံ

**ရန်နိုင်ကျော်**

**မုံရွာ၊ ဩဂုတ်-၁**

မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် လက်ပန်းတောင်းကြေးနီတူးဖော်ရေးလုပ်ငန်း စီမံကိန်းနယ်မြေအတွင်း ပြောင်းရွှေ့ရမည့် ကျေးရွာများအနက် ဇီးတော ကျေးရွာ၊ ဆည်တည်းကျေးရွာ၊ ဝက်မှေးကျေးရွာတို့မှဒေသခံကိုယ်စားလှယ်များနှင့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့၏ ပထမဆုံးအကြိမ်တွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင် ၂၈ ရက်နှင့် ၂၉ ရက်များက စစ်ကိုင်းတိုင်းဒေသကြီး အစိုးရရုံး၌ ကျင်းပခဲ့သည်။

“ဇူလိုင်လ ၂၈ ရက် မွန်းလွဲ ၂ နာရီခွဲကနေ ၃ နာရီခွဲ အထိ ဇီးတောကျေးရွာက ဒေသခံကိုယ်စားလှယ်ငါးဦးနဲ့ တွေ့ဆုံခဲ့ပါတယ်။ ဇီးတောကျေးရွာ နာယကဆရာတော်နှစ်ပါးနဲ့ ရပ်မိရပ်ဖသုံးဦး တွေ့ဆုံခဲ့တာပါ။ ဆည်တည်းကျေးရွာ ကိုယ်စားလှယ်အဖွဲ့က ညနေ ၄ နာရီကနေ ၅ နာရီခွဲအထိ ကျေးရွာတစ်ရွာချင်းတွေ့ဆုံတာပါ။ ဆည်တည်းကျေးရွာက နာယက ဆရာတော်သုံးပါးနဲ့ ရပ်မိရပ်ဖခြောက်ဦး တက်ရောက်ဆွေးနွေးခဲ့တယ်။ အဓိကတွေ့ဆုံဆွေးနွေးတာက နှစ်ချက်တည်းပါ၊ လက်ရှိစီမံကိန်းနယ်မြေအတွင်းက ကျေးရွာမပြောင်းရွှေ့ရေးနဲ့ လယ်ယာမြေလုပ်ကိုင်ခွင့်ပြန်လည်ရရှိရေးအတွက်ဆွေးနွေးတာပါ”ဟု ဒေသခံကိုယ်စားလှယ်တစ်ဦးက ပြောသည်။

“ဇူလိုင်လ ၂၉ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်ကစပြီး စစ်ကိုင်းတိုင်းဝန်ကြီးချုပ်နဲ့ ဆွေးနွေးခွင့်ရတယ်။ တစ်နာရီခွဲနီးပါး ဆွေးနွေးခွင့်ရတယ်။ လက်ပန်းတောင်းကြေးနီ စီမံကိန်းနဲ့ ပတ်သက်တဲ့ လုပ်ကိုင်ခွင့်တွေ နည်းဥပဒေတွေကို တာဝန်ရှိသူတွေက ရှင်းပြတယ်။ တောင်းဆိုတာက ကျေးရွာမပြောင်းရွှေ့ရေး၊ လယ်ယာမြေလုပ်ကိုင်ခွင့်ရရှိရေးနဲ့ ပုဒ်မ(၁၄၄) ထုတ်ပြန်ခြင်းတွေကို ဆွေးနွေးခဲ့ပါတယ်။ ကြေးနီစီမံကိန်းကတော့ ဆက်လက်လုပ်ကိုင်သွားမယ်လို့ ပြောတယ်။ ဝက်မှေး ကျေးရွာ ဟောင်းအနေနဲ့ ကိုယ်စားလှယ်လေးဦး ဆွေးနွေးခွင့်ရတယ်”ဟု ဝန်ကြီးချုပ်နဲ့အတူ တွေ့ဆုံဆွေးနွေးခဲ့သော ဝက်မှေးကျေးရွာဒေသခံကိုယ် စားလှယ်တစ်ဦးက ပြောသည်။

လက်ပန်းတောင်းတောင်ကြေးနီတူးဖော်ရေး စီမံကိန်းနယ်မြေအတွင်း ဝက်မှေးကျေးရွာ၊ ကံတောကျေးရွာ၊ ဆည်တည်းကျေးရွာနှင့် ဇီးတောကျေးရွာတို့အား ၂၀၁၁ ခုနှစ်အတွင်း ပြောင်းရွှေ့ရန် နှိုးဆော်ခဲ့ပြီးနောက် ကံတောကျေးရွာတစ်ရွာတည်းသာ ရွာလုံးကျွတ် ပြောင်းရွှေ့ခဲ့သည်။

ဝက်မှေးကျေးရွာရှိ အိမ်ခြေ ၅၀ခန့်နှင့် ဆည်တည်းကျေးရွာမှ အိမ်ထောင်စု ၁၂ စုခန့် ကျေးရွာသစ်သို့ ပြောင်းရွှေ့ခဲ့သဖြင့် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ တာဝန်ရှိသူများက ပြောင်းရွှေ့ရမည့်ကျေးရွာဒေသခံများနှင့်ပထမဆုံးအကြိမ်တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

*စာ(၁၈) သို့*

## ကုလလူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ္စတာကင်တားနားခရီးစဉ်အတွင်း မောင်တောနှင့် ဘူးသီးတောင် ဒေသခံများ ဆန္ဒထုတ်ဖော်မှုများ ပြုလုပ်ခဲ့

**မောင်ကံ**

**မောင်တော၊ ဩဂုတ် - ၂**

ဇူလိုင် ၃၁ ရက်နှင့် ဩဂုတ်လ ၁ ရက်တို့တွင် မောင်တောနှင့် ဘူးသီးတောင်မြို့နယ်များသို့ရောက်ရှိလာခဲ့သည့် ကုလသမဂ္ဂ လူ့အခွင့်အရေးအထူးကိုယ်စားလှယ်မစ္စတာကင်တားနား ခရီးစဉ်အတွင်းဒေသခံများက ဆန္ဒထုတ်ဖော်မှုများ ပြုလုပ်ခဲ့သည်။

မစ္စတာကင်တားနားနှင့်အဖွဲ့ မောင်တောမြို့နယ်သို့ရောက်ရှိနေစဉ်အတွင်း မောင်တောမြို့ သဇင်တည်းခိုခန်းရှေ့လမ်းမကြီးတစ်လျှောက်တွင်ဒေသခံများက ‘နိုင်ငံတော်သမ္မတကြီး၏ ဆုံးဖြတ်ချက်အားထောက်ခံပါသည်၊ မျှမျှတတဆက်ဆံပါ၊ တိုင်းရင်းသားတို့၏ အခွင့်အရေးကို လေးစားပါ၊ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို လေးစားပါ’ စသည့်စာတန်းများ ကိုင်ဆောင်ကာ ဆန္ဒထုတ်ဖော်ခဲ့ကြခြင်းဖြစ်သည်။

ဩဂုတ် ၁ ရက် ဘူးသီးတောင်ခရီးစဉ်တွင်လည်း ဘူးသီးတောင်ထောင်သို့သွားသည့်လမ်းတွင် ဒေသခံများက အထက်ပါစာတန်းများကိုင်ဆောင်ကာ ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သိရသည်။ မစ္စတာကင်တားနား ခရီးစဉ်တွင် မောင်တောနှင့် ဘူးသီးတောင်ဒေသရှိ တိုင်းရင်းသား ဒုက္ခသည်များအား တစ်စုံတစ်ရာမေးမြန်းခြင်း၊ ဆွေးနွေးခြင်းများ မရှိခဲ့ဘဲ ဘင်္ဂါလီများနှင့်သာ သီးသန့်တွေ့ဆုံခဲ့သည့်အတွက် ဒေသခံများ မကျေမနပ်ဖြစ်နေကြကြောင်း သတင်းရရှိသည်။



7DAY NEWS JOURNAL
Vol.11, No.22 • AUGUST 9 , 2012

# ကနီမြို့နယ်တွင် ရွှေအများဆုံးထွက်သော ရွှေကျင်ကုန်းအား ပြည်ပနိုင်ငံသားများလာရောက်လုပ်ကိုင်

**ရန်နိုင်ကျော်**

**မုံရွာ၊ ဩဂုတ်-၂**

မုံရွာခရိုင်ကနီမြို့နယ်အတွင်းမိရိုးဖလာ ရွှေအများဆုံးထွက်ရှိသော တဇယ်ချောင်ကျေးရွာအနီး ရွှေကျင်ကုန်းအား ယခုနှစ် ဇွန်လမှစ၍ ပြည်ပနိုင်ငံသားကုမ္ပဏီတစ်ခုက စက်ယန္တရားများဖြင့် တူးဖော်လုပ်ကိုင် ဆောင်ရွက်လျက်ရှိကြောင်း ကနီမြို့နယ် ဒေသခံများက ပြောပြသည်။

"ကနီမြို့နယ် တဇယ်ချောင်ကျေးရွာအနီးက ဒေသအခေါ် ရွှေကျင်ကုန်းလို့ခေါ်တဲ့ တောင်ကုန်းက လွန်ခဲ့တဲ့ ၂၅ နှစ်ဝန်းကျင်က မိရိုးဖလာလက်တူးတူးခဲ့တာ ဒေသခံတွေ ငွေကြေးအဆင်ပြေတဲ့အထိရတယ်။ ရွှေကျင်ကုန်းက ရွှေဝါထက် ရွှေဖြူပိုထွက်တယ်ဆိုတာ ရွှေတူးသူတိုင်းသိပေမယ့် နည်းပညာမသိတဲ့အတွက် ရွှေဖြူကိုမထုတ်နိုင်ဘူး။ ပြီးခဲ့တဲ့နှစ်တုန်းက စမ်းသပ်မှုတွေ လုပ်ကိုင်ခဲ့တဲ့ တရုတ်နိုင်ငံသား ရွှေတူးသူတွေက ဒီနှစ်ဇွန်လကစပြီး စက်ယန္တရားတွေနဲ့ နေ့ရောညပါ စတင်တူးဖော်နေပြီ။ ရွှေဖမ်းတဲ့အခါ မိရိုးဖလာပြဒါးနဲ့ ဖမ်းလေ့ရှိပေမယ့် အချို့ရွှေတူးဖော်ရေးလုပ်ငန်းတွေက ဆိုက်ရာနိုက်အက်စစ်တွေအသုံးပြုတာတွေ ရှိတဲ့အတွက် ဒေသခံတွေ စိုးရိမ်မှုတွေဖြစ်နေတယ်"ဟု ကနီမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီတာဝန်ရှိသူ ဦးသိန်းထွေးက ရွှေကျင်ကုန်းရွှေတူးဖော်ရေးလုပ်ငန်းနှင့် ပတ်သက်၍ ပြောကြားသည်။



စက်ယန္တရားဖြင့် တူးဖော်နေသော လုပ်ငန်းခွင်ကို ဇူလိုင်လနောက်ဆုံးပတ်ကတွေ့ရစဉ်

ဓာတ်ပုံ-ရန်နိုင်ကျော်

"ဒီရွှေကျင်ကုန်းမှာ ကုမ္ပဏီလုပ်ကွက်ကတော့ နည်းတယ်ဆိုပေမယ့် ရွှေဖြူရော ရွှေဝါရောထွက်တယ်။ ဒီနှစ်မှ ရွှေတူးဖော်ရေးလုပ်ငန်း လုပ်ကိုင်တယ် ဆိုပေမယ့် တရုတ်နိုင်ငံသားတွေ လုပ်ကိုင်တာ လပိုင်းရှိသေးတယ်။ စောစောပိုင်းက ဒေသခံအလုပ်သမားတွေ ခေါ်ယူတာမရှိဘူး။ တဇယ်ချောင်ကျေးရွာက ဒေသခံ ၁၃ ဦးနဲ့ ကနီမြို့ပေါ်ကနှစ်ဦးကို လက်တူးဗန်းကိုင်တွေကို အလုပ်ခန့်တာ ရက်နှစ်ဆယ်လောက်ပဲ ရှိသေးတယ်။ ရွှေတူးဖော်ရေးလုပ်ငန်းခွင်အတွင်းတော့ အပြင်လူဝင်ခွင့်မပြုဘူး။ ကုမ္ပဏီလို့ဆိုပေမယ့် ဘယ်ကုမ္ပဏီက လုပ်ကိုင်တယ်ဆိုတာ ဆိုင်းဘုတ်ချိတ်ထားတာမရှိသလို ကုမ္ပဏီတံဆိပ်တွေလည်း မမြင်ဖူးဘူး"ဟု အဆိုပါရွှေတူးဖော်ရေးလုပ်ငန်းမှ ဝန်ထမ်းတစ်ဦးက ပြောသည်။

၁၉၈၅ ခုနှစ်မှ ၁၉၈၇ ခုနှစ်အထိ မိရိုးဖလာရွှေတူးဖော်ရေးလုပ်ငန်း တွင်ကျယ်ခဲ့သည့် ရွှေကျင်ကုန်းတွင် မြေကြီးကို လှိုက်တူးပြီး ရွှေရှာရာမှ မြေကျင်းပြိုပြီး သေဆုံးမှုမှာ ၂ နှစ်အတွင်း လူ ၃၀ နီးပါး သေဆုံးခဲ့ဖူးသည်ဟု ဆိုသည်။ လူသေဆုံးမှုကြောင့် ရွှေတူးသည့်လုပ်ငန်းများ ရပ်နားခဲ့ကာ ရွှေတူးလုပ်ငန်းတစ်ခု၊ နှစ်ခုသာ လုပ်ကိုင်ခဲ့ပြီး ယခုရွှေကျင်ကုန်းမြေများကို တရုတ်နိုင်ငံသားများ စက်ယန္တရားဖြင့် ရွှေတူးရာ ရွှေဖြူ၊ ရွှေဝါထွက်သည်ဟု ဆိုကြောင်း ကနီမြို့နယ် တဇယ်ချောင်ကျေးရွာ ဒေသခံတစ်ဦးက ပြောသည်။

"ချင်းတွင်းမြစ်ရိုးမှာ လက်လုပ်လက်စား ဒေသခံတွေကို ရွှေတူးဖော်ခွင့်ပြုပါလို့ ခွင့်တောင်းတော့ ဒေသဆိုင်ရာ တာဝန်ရှိသူတွေက လက်တူးတူးပြီး ဗန်းနဲ့ ရွှေကျင်တယ် ထင်နေတာ။ ဒေသခံစီးပွားရေး လုပ်ငန်းရှင်တွေပြောတဲ့လက်က သာမန်လက်မဟုတ်ဘူး။ မြေကော် စက်လက်တံကြီးတွေနဲ့ကျင်နေတော့ ချင်းတွင်းမြစ်ဖျားပိုင်းက သဘာဝပတ်ဝန်းကျင်ထိခိုက်စေတဲ့ ရွှေလုပ်ငန်းကို ရပ်နားရတဲ့အထိ လုပ်ပိုင်ခွင့်တွေ ရုပ်သိမ်းတယ်" ဟု စစ်ကိုင်းတိုင်းဒေသခံရွှေလုပ်ငန်းရှင်တစ်ဦးကပြောသည်။

ကနီမြို့နယ်အတွင်း စက်ယန္တရားများဖြင့် ရွှေတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ရွှေကျင်ကုန်းရွှေတူးဖော်ရေး လုပ်ငန်းသည် ချင်းတွင်းမြစ်နှင့် တစ်မိုင်ခွဲခန့်၊ ကနီမြို့တောင်ဘက် ရေဝချောင်းနှင့် တစ်မိုင်ခန့်ကွာဝေးသော တဇယ်ချောင်း၊ ရှမ်းမြောင်းကျေးရွာအနီးတွင် တည်ရှိကြောင်း သိရသည်။ ရွှေကျင်ကုန်းတွင် ယခင်က ဆီးစိုက်ပျိုးရေးခြံများ စိုက်ပျိုးခဲ့ပြီး ဆီးစိုက်ပျိုးရေးခြံမြေကွက် ၂၀ ခန့်အား ရွှေတူးဖော်ရေးလုပ်ငန်းအတွက် လွန်ခဲ့သော နှစ်အတွင်းက မြေကွက်တစ်ကွက်ကျပ်လေးသိန်း၊ ငါးသိန်းဝန်းကျင်ဖြင့် ရွှေတူးဖော်ရေးလုပ်ငန်းက ဝယ်ယူခဲ့သည်ဟု သိရသည်။ ၂၀၁၁ ခုနှစ်အတွင်း အဆိုပါရွှေ သတ္တုတွင်းအား စမ်းသပ်မှုများ ဆောင်ရွက်ခဲ့ပြီး ယခုနှစ် ဇွန်လမှစ၍ ရွှေတူးဖော်ထုတ်လုပ်မှုများစတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယခုအခါ ရွှေတူးဖော်ရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လျက်ရှိရာ အနီးပတ်ဝန်းကျင်မြေကွက်များ ယခင်ကျပ်လေးသိန်း၊ ငါးသိန်းဝန်းကျင်ရရှိခဲ့ရာမှ ယခုနှစ်တွင် မြေတစ်ကွက်လျှင် ကျပ်သိန်းနှစ်ဆယ်ကျော်အထိ ရွှေတူးဖော်ရေးလုပ်ငန်းက မြေကွက်များဝယ်ယူလာကြောင်း သိရသည်။ ချင်းတွင်းမြစ်ရိုး တစ်လျှောက်ရွှေတူးဖော်ရေးလုပ်ငန်းများတွင် အသုံးပြုသော ဆိုက်ရာနိုက် အက်စစ်များ အသုံးပြုမှုကြောင့်ဇီဝသက်ရှိပစ္စည်းများပျက်စီးဆုံးရှုံးမည်ကို စိုးရိမ်မှုများ ရှိကြောင်း ကနီမြို့နယ် ဒေသခံများ ပြောသည်။



# ကန်တော်ချေကန်ပေါင်ကျိုးပေါက်မှုကြောင့် လယ်မြေ ၁၅ ကေ ရေနစ်မြုပ်

**မာန်ယုကျော် (ရွှေ၀မြေ)**

**စစ်တွေ၊ ဩဂုတ် - ၂**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၏ သောက်သုံးရေလိုအပ်ချက် ဖြည့်ဆည်းပေးနေသည့် ကန်တော်ကြီး၏မြောက်ဘက်ရှိကန်တော်ချေ၏ ကန်ပေါင်မှာ ဇူလိုင် ၂၈ ရက်၊ ည ၉ နာရီခွဲအချိန်တွင် ကျိုးပေါက်ခဲ့မှုကြောင့် ယင်းအနီးရှိလယ်မြေ ၁၅ ကေမှာ ရေလွှမ်းမိုးမှုဒဏ်ကို ခံခဲ့ရကြောင်း သိရသည်။

ကန်တော်ချေမှာ ကန်တော်ကြီး၏ မြောက်ဘက်၊ စက်စုံရပ်ကွက်အတွင်းတွင်ရှိပြီး နွေရာသီတွင် ကန်တော်ကြီးအတွင်း ရေလုံလောက်မှုမရှိပါက ဖြည့်ဆည်းပေးရန်အတွက် စီမံဆောင်ရွက်ထားသည့်ကန်ဖြစ်ကြောင်း သိရသည်။

ထိုကန်မှာ ဇူလိုင် ၂၈ ရက်ညက ရေပြည့်ရေလျှံမှုကြောင့် ကန်၏တာမှာ ပေ ၈၀ အကျယ်နှင့် အနက် ၂၅ ပေခန့် ကျိုးပေါက်ပျက်စီးသွားခဲ့သဖြင့်သက်ဆိုင်ရာတာဝန်ရှိသူတို့ကပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ဇူလိုင် ၂၈ရက်ညတွင် ကျိုးပေါက်သွားသော ကန်တော်ချေကန်ပေါင်ကိုတွေ့ရစဉ်

# ရွှေနဂါးမင်းဆောက်လုပ်ရေးကုမ္ပဏီနှင့် တရားဆိုင်ခဲ့သော မြေယာပိုင်ရှင်များ ဒုတိယအကြိမ် ဆန္ဒထုတ်ဖော်

**ရန်နိုင်ကျော်**

**မုံရွာ၊ ဩဂုတ်-၁**

မုံရွာမြို့ မုံရွာတောင်ရပ်ကွက်တွင် ရွှေနဂါးမင်းဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူ တည်ဆောက်လျက်ရှိသည့် မုံရွာတောင် အိမ်ယာစီမံကိန်း နယ်မြေအတွင်း မြေယာပိုင်ရှင်သုံးဦးအား တရားစွဲဆိုခဲ့ရာ ဇူလိုင် ၂၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်ရုံးမှ ရွှေနဂါးမင်း ဆောက်လုပ်ရေးကုမ္ပဏီအား အနိုင်ပေးခဲ့သည့် နောက်ပိုင်း မြေယာပိုင်ရှင်များက ဒုတိယအကြိမ်မြောက် ဆန္ဒထုတ်ဖော်ခြင်း အနေဖြင့် ဇူလိုင် ၃၀ ရက် နံနက်ပိုင်းမှစ၍ နေအိမ်ခြံဝင်းများအတွင်း ယင်းတို့၏ သဘောထားဆန္ဒများအား ရေးသားချိတ်ဆွဲခဲ့ကြောင်း သိရသည်။

“စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်မှာ အမှုရှုံးလို့ ဒုတိယအကြိမ်မြောက် ဆန္ဒထုတ်ဖော်တာ မဟုတ်ဘူး။ ပထမအကြိမ် ဆန္ဒထုတ်ဖော်တုန်းက သက်ဆိုင်ရာက ညှိနှိုင်းဆောင်ရွက်ပေးပါမယ်ဆိုလို့သဘောထားထုတ်ဖော်တဲ့ဗီနိုင်းတွေဖြုတ်သိမ်းထားတာ။ ဇူလိုင် ၃၀ ရက်မှာ ခရိုင်အုပ်ချုပ်ရေးမှူးက ကုမ္ပဏီနဲ့ မြေပိုင်ရှင်တွေကို ညှိနှိုင်းပေးမှာ မဟုတ်ဘူးဆိုလို့ သဘောထားဆန္ဒတွေ ထုတ်ဖော်တာ ဖြစ်ပါတယ်” ဟု မုံရွာတောင်အိမ်ယာစီမံကိန်းနယ်မြေအတွင်း တရားစွဲဆိုခြင်းခံရသော မြေပိုင်ရှင်တစ်ဦးက ပြောကြားသည်။

“ဒီမြေမှာမွေးတာ အခုအသက် ၇၅ နှစ်ရှိပြီ။ အဖေတွေ အမေတွေ လက်ထက်ကတည်းက နေထိုင်ခဲ့တယ်။ ဘိုးဘွားရိပ်သာ တည်တုန်းကလည်း မြေသိမ်းခံရတယ်။ စက်မှုဇုန်တည်တော့လည်း မြေသိမ်းခံခဲ့ရတာဘဲ။ ထန်းတောအင်းမကြီးထဲက ဆန်စပါးစိုက်တဲ့ မြေတွေကိုကုမ္ပဏီတစ်ခုက မြေတူးသယ်ဖို့ သိမ်းတုန်းကလည်း မြေတွေပါသွားတာ လုပ်ကိုင်စားသောက်စရာ မရှိတော့အောင် ဖြစ်နေချိန်မှာ အဘွားနေတဲ့ အိမ်ကလေးကို ရွှေနဂါးမင်းက အိမ်ရာစီမံကိန်းဆိုပြီး သိမ်းတော့ ဘာကျန်တော့တုံး။ လက်ရှိနေတဲ့ အိမ်ကလေးတော့ ဘယ်နည်းနဲ့မှ အဆုံးရှုံးမခံနိုင်ဘူး။ မုံရွာခရိုင်တရားရုံးမှာ ပထမအကြိမ် အနိုင်ရပြီးကတည်းက ကုမ္ပဏီက အယူခံဝင်လိုက်တာ တိုင်းတရားလွှတ်တော်အထိ အရှုံးနဲ့ ရင်ဆိုင်ခဲ့ရတယ်။

နောက်ဆုံးတော့ (၁၃) ရက်အတွင်း အယူခံဝင်ချင်ဝင် မဝင်ချင်လက်ရှိအိမ်ကဖယ်တဲ့။ နေပြည်တော်ကိုတက်ပြီးအယူခံဝင်ဖို့ မရှိမယ့်ရှိမယ့်လေးစုပြီး တရားရင်ဆိုင်ရမှာဘဲ”ဟု မုံရွာတောင် အိမ်ရာစီမံကိန်းနယ်မြေသတ်မှတ်ထားသော မြေယာတွင် မွေးဖွားနေထိုင်ခဲ့သူ ဒေါ်စန်းကပြောကြားသည်။

မုံရွာတောင်ရပ်ကွက်အတွင်း မုံရွာခရိုင်အားကစားကွင်းအဖြစ် တည်ဆောက်ရန် ၂၀၀၆ ခုနှစ် လယ်ယာမြေများအား စတင်သိမ်းယူခဲ့ပြီးနောက် အဆိုပါ အားကစားကွင်းကို မုံရွာတောင်အိမ်ရာစီမံကိန်းအဖြစ်ရွှေနဂါးမင်းဆောက်လုပ်ရေး ကုမ္ပဏီမှ ၂၀၀၉ ခုနှစ်တွင်စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မုံရွာတောင် အိမ်ရာစီမံကိန်းနယ်မြေအတွင်း မြေယာပိုင်ရှင်များအား နစ်နာကြေး၊ ထောက်ပံ့ကြေးဖြင့် ဝယ်ယူခဲ့သော်လည်း အဆိုပါမြေယာပိုင်ရှင်များအနက် ဦးလှိုင်မြင့် နေအိမ်နှစ်လုံးပါ မြေကွက်အမှတ်(၄၀)၊ (၀ ဒသမ ၂၀၅ ဧက)၊ ဦးစိုးနိုင် မြေကွက်အမှတ်(၄၃)၊ (၀ ဒသမ ၁၄၂)ဧက၊ ဒေါ်စန်း နေအိမ်နှင့် သစ်အရောင်းဆိုင်ပါ မြေကွက်အမှတ်(၄၅)၊ (၀ ဒသမ ၂၁၁)ဧက ပိုင်ရှင်သုံးဦးအား ရွှေနဂါးမင်း ဆောက်လုပ်ရေးကုမ္ပဏီက တရားစွဲဆိုခဲ့ကြောင်း သိရသည်။

၂၀၁၀ ပြည့်နှစ် ဇွန်လတွင် မုံရွာခရိုင် တရားရုံး၌ တရားစွဲဆိုခဲ့ရာ ယခုနှစ် ဇူလိုင်လ ၂၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်တွင် မြေယာပိုင်ရှင်များ တရားရုံးတွင် အရှုံးနှင့်ရင်ဆိုင်ခဲ့ရသဖြင့် နေပြည်တော်ရှိ ဗဟိုတရားရုံးတွင် အယူခံဝင်၍ မြေယာပိုင်ရှင်များ မြေယာပြန်လည်ပိုင်ဆိုင်ခွင့်ပြန်လည်လျှောက်ထားမည်ဖြစ်ကြောင်း သိရှိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြု ဇေယျာရွှေမြေ ဘောလုံးအသင်းအား ဖွဲ့စည်းတည်ထောင်ခဲ့သော ရွှေနဂါးမင်းထရိတ်ဒင်းကုမ္ပဏီသည် ဘောလုံးအားကစားသမားများ ပရိသတ်များ တည်းခိုနိုင်ရန် အဆင့်မြင့် ဟိုတယ်များ တည်ဆောက်ရန် မြေနေရာအား သက်ဆိုင်ရာစစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအား တင်ပြခဲ့ရာ ရွှေနဂါးမင်းထရိတ်ဒင်း ကုမ္ပဏီအား မုံရွာမြို့အဝင်သင့်တော်သောမြေနေရာတွင်မြေဧရိယာ(၃၀)ဧကသတ်မှတ်ချထားပေးရန် သဘောတူညီချက်အရ လုပ်ကိုင်ဆောင်ရွက်ခဲ့သောမုံရွာတောင် အိမ်ရာစီမံကိန်းဖြစ်သည်။

# ဆုံးရှုံးသွားသည့် နှမ်းခင်းများအတွက် လျော်ကြေးပေး

**စောရန်နိုင်**

**မင်းဘူး၊ ဩဂုတ်-၁**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စေတုတ္တရာမြို့နယ်၊ အမှတ် (၂) ရပ်ကွက်၊ ရွာသစ်ဘုန်းကြီးကျောင်းတွင် ဇူလိုင် ၃၁ ရက်က ကပစ(၂၀) ဧရိယာအတွင်းရှိ အဆောက်အအုံများ ဆောက်လုပ်ရန် မြေပြုပြင်သည့် ဧရိယာအတွင်းရှိ တောင်သူဦးစိန်မောင်၏ နှမ်းခင်း ၀ ဒသမ ၅၀ ဧက၊ ဦးမောင်စိုး၏ နှမ်းခင်း ၀ ဒသမ ၇၅ ဧက၊ ဦးတင်ဦး၏ နှမ်းခင်း ၀ ဒသမ ၆၀ ဧက၊ ဦးခင်သန်း၏ နှမ်းခင်း ၀ ဒသမ ၇၀ ဧက၊ ဦး အောင်ချိုအေး၏ နှမ်းခင်း ၀ ဒ သမ ၅၀ ဧက၊ ဦးစံလုံး၏ နှမ်းခင်း ၁ ဒသမ ၀၀ ဧကတို့ ဆုံးရှုံးသွားခြင်းအတွက် တစ်ဦးလျှင် ၈,၃၀၀ ကျပ်နှုန်းဖြင့် တောင်သူ ခြောက်ဦးအတွက် လျော်ကြေးငွေ ၄၉၈,၀၀၀ ကျပ်အား ပေးအပ်ခဲ့သည်ဟု သိရသည်။

ယာခင်းရှင်များက ကျေနပ်မှုရှိကြောင်းလည်း သိရှိရသည်။ အဆိုပါအခမ်းအနားသို့ ကပစ(၂၀) စက်ရုံမှူး စေတုတ္တရာမြို့နယ် လ/ထမြေစာရင်းမှူး၊ ရပ်မိရပ်ဖများနှင့်ယာခင်းရှင်တောင်သူခြောက်ဦး စုစုပေါင်း ၁၅ဦး တက်ရောက်ခဲ့ကြကြောင်း သက်ဆိုင်ရာမှ စုံစမ်းသိရသည်။

# ခိုင်းနွားဈေးကြီး၍ လယ်ထွန်စက်များ အသုံးများလာဟုဆို

**စိုင်းသာအောင်**

**ဒီပဲယင်း၊ ဩဂုတ်-၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ်၊ ရေဦးမြို့နယ်၊ ဝက်လက်မြို့နယ်၊ ခင်ဦးမြို့နယ်တို့တွင် ခိုင်းနွားများရှားပါးကာဈေးနှုန်းကြီးမှုများကြောင့် လယ်ယာထွန်ယက်ရာတွင် ခိုင်းနွားအစား တရုတ်နိုင်ငံလုပ်လယ်ထွန်စက်(ခုတ်စက်)များကို ပိုမိုအသုံးပြုလာကြကြောင်း ဒေသခံလယ်သမားများထံမှ သိရသည်။

“ခိုင်းနွားတစ်ရှဉ်းက အနည်းဆုံး ကျပ်ခုနစ်သိန်းကဆယ့်ငါးသိန်းထိ ဈေးရှိလာတယ်။ ခိုင်းနွားတွေက လယ်သုံးစရိတ် လိုအပ်မှုကြောင့် ရောင်းတဲ့သူများလာပြီး ခိုင်းနွားတွေရှားလာတယ်။ တရုတ်လုပ် လယ်ထွန်စက် (ခုတ်စက်) က ကျပ် ၁၉ သိန်းလောက်ရှိတယ်။ ဧက ၅၀ ရှိတဲ့ တောင်သူက တရုတ်လုပ် လယ်ထွန်စက်ရှိရင် ခိုင်းနွားမလိုတော့ဘူး။ အရင်က ဧက ၅၀ ရှိတဲ့ တောင်သူဆိုရင် ခိုင်းနွားငါးရှဉ်းလောက်လိုတယ်။ စက်က အစာလည်းမကျွေးရတော့ ခုတ်စက်ဝယ်တဲ့သူများလာတယ်။ နောက် သုံးသိန်းတန် ရုပ်ပြေးတစ်ခုဝယ်ရင် လယ်ထွန်ဖို့ ကြမ်းခင်းစိုက်ပျိုးမြေညှိဖို့ အဆင်ပြေတယ်။ အဲဒီစက်ကိုငှားရင် တစ်ဧက ကျပ် ၁၀,၀၀၀ ထွန်ခနဲ့ ဆီတစ်ဂါလန် ၄,၀၀၀ ကျပ် ပေးရတယ်။ တစ်ဧကထွန်ရင် ငှားထွန်ရင်လည်း စက်နဲ့ထွန်တာ လောက်ပဲ ငွေကုန်တော့ စက်နဲ့ ထွန်လာတာက များလာပါပြီ။ တာဝန်ရှိ အဖွဲ့အစည်းတွေက ယခင်စက်မှုလယ်ယာက ထွန်စက်တွေ ငှားရမ်းသလို ကျေးလက်တွေမှာ အခကြေးငွေနဲ့ငှားတဲ့ လယ်ထွန်စက်၊ ကောက်စိုက်စက်၊ ကောက်ရိတ်စက်တွေကို စပါးအထူးပြုကုမ္ပဏီတွေက မတည်ထူထောင်ပေးမယ်ဆိုရင် လယ်လုပ်စရိတ်တွေ သက်သာနိုင်ပါတယ်” ဟု ဒီပဲယင်းမြို့နယ် မူးကမ်းကြီးရွာခံတစ်ဦးကပြောသည်။

# မဟာဓာတ်အားလိုင်းရုံ တည်ဆောက်မည့် လယ်မြေများအတွက် တစ်ဧကကျပ်ခြောက်သိန်းခွဲ လျော်ကြေးပေး

**မောင်ကံ**

**ပုဏ္ဏားကျွန်း၊ ဩဂုတ် - ၂**

ရခိုင်ပြည်နယ်အတွင်း တည်ဆောက်မည့်မဟာဓာတ်အားလိုင်းရုံများတွင် တစ်ရုံအပါအဝင် ဖြစ်သည့် ပုဏ္ဏားကျွန်းမြို့ရှိပင်မလျှပ်စစ်ဓာတ်အားခွဲရုံ တည်ဆောက်မည့် လယ်မြေများအတွက် လျော်ကြေးငွေများကို ဇူလိုင် ၂၅ရက်က အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ပေးအပ်ခဲ့ကြောင်း လျော်ကြေးရရှိသည့် လယ်သမားများထံမှ စုံစမ်းသိရသည်။

ပင်မဓာတ်အားခွဲရုံ တည်ဆောက်မည့် မြေနေရာမှာ ၁၆ ဒသမ ၃၈ ဧကရှိပြီး တစ်ဧကအတွက် လျော်ကြေးငွေ ကျပ်ခြောက်သိန်းငါးသောင်းပေးလျော်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

“တစ်ဧကကိုခြောက်သိန်းခွဲဆိုရင် အခု ကာလပေါက်ဈေးနဲ့ဆိုရင် သင့်တင့်မျှတပါတယ်။ တောင်သူတွေကလည်း အားလုံးလက်ခံကြပါတယ်”ဟု လျော်ကြေးငွေရရှိသူ ပုဏ္ဏားကျွန်းမြို့ ရွာဟောင်းရပ်ကွက်မှ တောင်သူတစ်ဦးကပြောသည်။

ရခိုင်ပြည်နယ်တွင် မဟာဓာတ်အားလိုင်းများ ဆက်သွယ်ရန်အတွက် ၂၃၀ ကေဗီ ပင်မဓာတ်အားခွဲရုံလေးရုံကို ကျောက်ဖြူ၊ အမ်း၊ သံတွဲနှင့် ပုဏ္ဏားကျွန်းမြို့များတွင် တည်ဆောက်သွားမည်ဖြစ်သည်။

အခြားမြို့နယ်များတွင် ၆၆ ကေဗီဓာတ်အားခွဲရုံများကို တည်ဆောက်သွားမည်ဖြစ်ကြောင်းနှင့် ပုဏ္ဏားကျွန်း ပင်မဓာတ်အားခွဲရုံမှ စစ်တွေ၊ ကျောက်တော်၊ မြောက်ဦးနှင့် မင်းပြားမြို့များသို့ ဓာတ်အားများ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

7 DAY NEWS JOURNAL
Vol.11, No.22 • AUGUST 9 , 2012

# လယ်ယာမြေများအတွင်း လယ်စောင့်တဲ တည်ဆောက်မှုတားမြစ်

**ရန်နိုင်ကျော်**

**မုံရွာ၊ ဩဂုတ်-၂**

မုံရွာမြို့တွင် လယ်ယာမြေများအတွင်း လူနေအိမ်များ တိုးချဲ့တည်ဆောက်ခြင်းများကြောင့် သက်ဆိုင်ရာက လယ်ယာမြေအား လူနေထိုင်ခွင့်မပြုသည့် ဥပဒေများအရလယ်ယာမြေများအတွင်း အဆောက်အအုံ တည်ဆောက်ခြင်း၊ လယ်စောင့်တဲများ တည်ဆောက်ခြင်းအား ကန့်သတ်တားမြစ်ထားကြောင်း ဒေသခံတောင်သူများထံမှ စုံစမ်းသိရသည်။

"မုံရွာမြို့အဝင် ကုန်တင်ယာဉ်ရပ်နားစခန်း အရှေ့ဘက် ညောင်ပင်ဇောက်ကွင်း လယ်ယာမြေပိုင်ရှင် ဦးဘိန်းရဲ့ ပဲစင်းငုံစိုက်ခင်းက လယ်စောင့်တဲနှစ်လုံး ဆောက်လုပ်နေတဲ့အချိန် လယ်ယာမြေအတွင်း လယ်စောင့်တဲ ဆောက်လုပ်ခွင့် မရှိဘူးဆိုပြီး ဩဂုတ်လ ၁ ရက် ညနေ ၃ နာရီဝန်းကျင်လောက်မှာ သက်ဆိုင်ရာ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးနဲ့ တာဝန်ရှိသူတွေက လာရောက်



ဖြိုဖျက်ထားသော လယ်စောင့်တဲတစ်ခု ဓာတ်ပုံ-မျိုးမင်းဦး

ဖျက်သိမ်းသွားပါတယ်။ လယ်ယာမြေအတွင်းမှာ ဆောက်လုပ်ထားတဲ့ အဆောက်အအုံတွေလည်း ဆောက်လုပ်ခွင့် မရှိတဲ့အတွက် ဖျက်သိမ်းရမယ်လို့ သိရတယ်။ အခုဖျက်သိမ်းတဲ့ လယ်စောင့်တဲက လူနေထိုင်ဖို့ ဆောက်တာမဟုတ်ဘူး။ လယ်ယာလုပ်ငန်း လုပ်ကိုင်ချိန်မှာ နားနေဖို့ ဆောက်တာ တောင်ခွင့်မပြုဘူးလို့ပြောပါတယ်" ဟု လယ်ယာမြေပိုင်ရှင် ဦးဘိန်းကပြောသည်။

"မုံရွာနည်းပညာတက္ကသိုလ်မှာ ကျောင်းသားဦးရေ တိုးလာတဲ့အတွက် အနီးပတ်ဝန်းကျင် အဆောင်တွေမှာလူပြည့်နေတာများတယ်။ နည်းပညာတက္ကသိုလ်အနီး လယ်ယာမြေတွေမှာ စီးပွားရေးလုပ်ငန်းရှင်တွေက ဝယ်ယူပြီး အဆောင်တိုးချဲ့ဆောက်လုပ်တာတွေကို လယ်ယာမြေအတွင်း လူနေထိုင်ခွင့်မပြုတဲ့ ဥပဒေအရ သက်ဆိုင်ရာက တားမြစ်ပါတယ်။ မြေကွက်တွေ ဝယ်လိုအား များပေမယ့် လူနေအိမ်ဆောက်လုပ်ခွင့် မရှိတဲ့အတွက် စိုက်ပျိုးရေးလုပ်ငန်းတွေအနေနဲ့ လုပ်ကိုင်နေရတယ်"ဟု မုံရွာနည်းပညာတက္ကသိုလ်အနီး မြေကွက်ပိုင်ရှင်တစ်ဦးက ပြောသည်။

မုံရွာမြို့အဝင် ညောင်ပင်ဇောက်စိုက်ကွင်းအတွင်းလယ်ယာမြေများတွင် စီးပွားရေးလုပ်ငန်းများ ရင်းနှီးမြှုပ်နှံမှု ပိုမိုများပြားလာကာ ယခင်ဒေဝူးကုမ္ပဏီပိုင်မြေကွက်နှစ်ကေခွဲခန့်ကိုကျပ်သိန်း ၅,၀၀၀ ဝန်းကျင်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ကုန်တင်ယာဉ်ရပ်နားစခန်းကွင်းအနီး အောင်မြင်ထွန်းကားကုမ္ပဏီမြေကွက်မှာ ကျပ်သိန်းတစ်သောင်းခန့်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

မုံရွာမြို့အဝင် မအူစိုက်ကွင်းနှင့် မြေနဲကျေးရွာ စိုက်ကွင်းအနီး လယ်ယာမြေများအား ရွှေတောင်ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီ၊ သန်းကုဋ္ဌေအောင်စက်သုံးစီရောင်းဝယ်ရေး ကုမ္ပဏီနှင့် တင်ဝင်းထွန်းကုမ္ပဏီ စက်သုံးဆီအရောင်းဆိုင်များ တိုးချဲ့ဖွင့်လှစ်ခဲ့ပြီးနောက်လယ်ယာမြေဈေးမှာ တစ်နှစ်ထက်တစ်နှစ် တိုးမြင့်လာကြောင်းသိရသည်။

# စာ(၁၅) လက်ပန်းတောင်းကြေးနီစီမံကိန်း နယ်မြေအတွင်း ပြောင်းရွှေ့ရမည့် ကျေးရွာကိုယ်စားလှယ်များနှင့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်တွေ့ဆုံ မှ

ပြောင်းရွှေ့ရမည့် ကျေးရွာဒေသခံများ နစ်နာဆုံးရှုံးမှု မရှိစေရေးအတွက် မြေယာလျော်ကြေးများ၊ သီးနှံလျော်ကြေးများနှင့် အလုပ်အကိုင် အခွင့်အလမ်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုများ၊ ပညာရေးထောက်ပံ့မှုများ ဆောင်ရွက်ပေးရန် စီစဉ်ထားသော်လည်း ကြေးနီစီမံကိန်း နယ်မြေအတွင်း ပြောင်းရွှေ့ရမည့် ကျေးရွာဒေသခံအများစုမှာ လက်ရှိနေထိုင်သော ကျေးရွာနှင့် လုပ်ကိုင်စားသောက်နေသော မြေယာများမှ ပြောင်းရွှေ့လိုသူ နည်းပါးကြောင်း ဒေသခံကိုယ်စားလှယ်များ၏ ပြောကြားချက်အရ သိရသည်။

အဆိုပါ ကျေးရွာများသည် လက်ပန်းတောင်းတောင် ကြေးနီတူးဖော်ရေး လုပ်ငန်းများ လုပ်ကိုင်ချိန်တွင် ကြေးနီတူးဖော်ရေး လုပ်ငန်းခွင်အတွင်း ကျရောက်သဖြင့် လုပ်ငန်းခွင်သုံး ဓာတုပစ္စည်းများကြောင့် ကျန်းမာရေး ဆိုးကျိုးများ ခံစားရနိုင်ဖွယ်ရှိသဖြင့် ဘေးအန္တရာယ်ကင်းဝေးရာသို့ပြောင်းရွှေ့နေထိုင်သင့်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ တာဝန်ရှိသူများက ကျေးရွာကိုယ်စားလှယ်များအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**TRADEMARK CAUTION**

MORIRIN CO., LTD, a Company incorporated in Japan at 22-10, Honmachi 4-chome, Ichinomiya-shi, Aichi-ken, 491-8610 Japan is the Owner and Sole Proprietor of the following Trademark:-

捷特冠

Reg: 4/6004/2012

In respect of : Int'l class 23 : "Threads and yarns for textile use."

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate, LL.B, DBL

Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)

myintadvocate@mptmail.net.mm

www.mipadvocate.com

Ph : 371990 9.Aug.2012

**ဝန်ထမ်းအလိုရှိသည်**

ပြည်တွင်းရှိ နိုင်ငံခြားကုမ္ပဏီတွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါ အရည်အချင်းရှိ ဝန်ထမ်း (၁)ဦး အမြန်အလိုရှိသည်။

(1) Assistant Supervisor (for Housekeeping Service) Female - 1 post

**Salary - FEC 500.00**

- BA English ဘွဲ့ရ (သို့မဟုတ်) MBA/MPA ဘွဲ့ရ (သို့မဟုတ်) Housekeeping နှင့် ပတ်သက်သော Certificate တစ်ခုခု ရရှိသူဖြစ်ရမည်။
- အသက် (၃၀ မှ ၄၀) အတွင်း
- Housekeeping လုပ်ငန်းနှင့် ပတ်သက်၍ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိပြီး လုပ်ငန်းကို ဦးဆောင်နိုင်သူဖြစ်ရမည်။
- English (4) Skill ကျွမ်းကျင်သူဖြစ်ရမည်။
- Computer နှင့် ပတ်သက်၍ (Word/Excel/Internet & Email) ကျွမ်းကျင်သူဖြစ်ရမည်။

စိတ်ပါဝင်စားသူများသည် **Thu Kha Construction Group Co., Ltd** တိုက်(112) အခန်း 17/18 ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်သို့ CV နှင့်အတူ **(1)ပတ်**အတွင်း လာရောက်လျှောက်ထားနိုင်သည်။

## နယ်သတင်းတိုများ

### အမျိုးသားတစ်ဦး ရေနံခပ်ရာမှ မီးလောင်ဒဏ်ရာဖြင့် သေဆုံး

**စောရန်နိုင်**

**မင်းလှ၊ ဩဂုတ်-၁**

မကွေးတိုင်းဒေသကြီး၊ သရက်ပင်ခရိုင်၊ မင်းလှမြို့နယ်ရှိဒဟတ်ပင်ရေနံမြေ၌ တွင်းပိုင်ရှင်အမျိုးသားတစ်ဦး ရေနံခပ်ရာမှ မီး လောင်ကျွမ်း သေဆုံးခဲ့မှု ဇူလိုင် ၂၆ ရက်က ဖြစ်ပွားခဲ့သည်။ အဆိုပါနေ့ နံနက် ၇ နာရီ ၁၅ မိနစ်ကရေနံမြေအတွင်း လုပ်ကိုင်ခွင့်ရတွင်းပိုင်ရှင် ဦးထွန်းဝင်းပိုင် ရေနံတွင်း အမှတ်(၁၁၀၂)၌ တွင်းပိုင်ရှင်ကိုယ်တိုင် ရေနံခပ်စဉ် ခပ်ခွက်ကိုင်းတွင် တပ်ဆင်ထားသည့် သံနှင့် ရေနံတွင်းသံပိုက်တို့ ပွတ်တိုက်မိရာမှ မီးပွင့်ပြီး မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သဖြင့် ရေနံခပ်သူမှာ မီးလောင်ဒဏ်ရာများဖြင့် သေဆုံးခဲ့သည်ဟု ဆိုသည်။ ဆုံးရှုံးမှုစုစုပေါင်း တန်ဖိုးကျပ် ၃၈ သိန်းဖိုးခန့် မီးလောင်ဆုံးရှုံးခဲ့ကာ မင်းလှမြို့နယ်ရဲစခန်းက (ပ)၉၉/၁၂ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၈၅/၃၀၄(က)အရအမှုဖွင့်ထားကြောင်း စုံစမ်းသိရသည်။

### စစ်တွေမြို့မဈေးကြီး လုံခြုံရေး တိုးမြှင့်ဆောင်ရွက်မည်

**မာန်ယုကျော်(ရွှေဝမြေ)**

**စစ်တွေ၊ ဩဂုတ်-၂**

ရခိုင်ပြည်နယ် စစ်တွေမြို့မဈေးကြီးအတွင်း ဈေးလုံခြုံရေးကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပြီး လုံခြုံရေး ပိုမိုကောင်းမွန်စေရန်အတွက် CCTV ကင်မရာများတပ်ဆင်သွားမည်ဖြစ်ကြောင်းသိရသည်။ ယခုအခါ ဇူလိုင်လ ၅ ရက်မှစတင်၍ ဈေးကြီးအား ပုံမှန်အတိုင်းဖွင့်လှစ်နေပြီဖြစ်ပြီးယင်းနေ့တွင် ဈေးရောင်း၊ ဈေးဝယ်သူများနှင့် အလုပ်သမားများကို ကတ်စနစ်များဖြင့် ဈေးရောင်းဈေးဝယ်အသုံးပြုစေခဲ့ကြောင်း သိရသည်။ ဈေးလုံခြုံရေးအတွက် ဈေးကော်မတီမှ ဈေးအတွင်း CCTV ကင်မရာများ တပ်ဆင်အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။ "ဈေးလုံခြုံရေးကိုတော့ အရေးအခင်းဖြစ်ပွားနေစဉ်ကတည်းကနေချပေးထားတဲ့ စစ်တပ်ကလည်း တာဝန်ယူမှာပါ။ နောက်ပြီး ခုနောက်ပိုင်း CCTV ကင်မရာများတွေကိုလည်း တပ်ဆင်ပေးမှာဖြစ်တဲ့အပြင် ညကျတဲ့ အခါကျရင်လည်း ဆလိုက်မီးတွေကို ထွန်းပေးသွားမှာဖြစ်ပါတယ်"ဟု ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ သတင်းထုတ်ပြန်ရေးကော်မတီအတွင်းရေးမှူးဦးဝင်းမြိုင်ကပြောသည်။

### မီးလောင်ကျွမ်းသည့်နယ်မြေအား ကျူးကျော်ပါက ဥပဒေအရ အရေးယူမည်ဟုဆို

**မာန်ယုကျော်(ရွှေဝမြေ)**

**စစ်တွေ၊ ဩဂုတ် - ၂**

ရခိုင်ပြည်နယ်တွင် ဇွန်လအတွင်း ဖြစ်ပွားခဲ့သည့် ဆူပူအကြမ်းဖက်မှုကြောင့် မီးလောင်ကျွမ်းပျက်စီးသွားသည့်နယ်မြေအားဝင်ရောက် ကျူးကျော်ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ မီးလောင်ကျွမ်းသွားသည့်မြေနေရာများအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လတ်တလော မည်သို့ဆောင်ရွက်ပေးသွားမည်ကိုကြိုတင်ဆုံးဖြတ်ထားခြင်းမရှိသေးဟုသိရသည်။ ယခုအခါ ထိုမီးလောင်နယ်မြေထဲတွင် ခွင့် ပြုချက်မရှိဘဲ အုတ်ခဲများထုခွဲ ခြင်း၊ ခြံစည်းရိုးခတ်၍ နေထိုင်မှုများရှိပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးက ပြောကြားခဲ့သည်။

### လေးမြို့ ရေအားလျှပ်စစ်လုပ်ငန်းစီမံကိန်းများ ယာယီရပ်နား

**မာန်ယုကျော်(ရွှေဝမြေ)**

**စစ်တွေ၊ ဩဂုတ်-၂**

ရခိုင်ပြည်နယ်၌ ရေအားလျှပ်စစ်စီမံကိန်းကြီးများကို အကောင်အထည်ဖော်လုပ်ဆောင်လျက်ရှိရာ ရခိုင်ပြည်နယ်မြောက်ပိုင်း၊ လေးမြို့ချောင်းဒေသရှိ လေးမြို့ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများအား မိုးရာသီတွင် ယာယီရပ်နားထားရကြောင်း သိရသည်။ ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားများ ပြည့်ပြည့်ဝဝသုံးစွဲနိုင်ရေးအတွက် သူ‌ဌေးချောင်း ရေအားလျှပ်စစ်စီမံကိန်း၊ အမ်းချောင်း ရေအားလျှပ်စစ်စီမံကိန်း၊ စိုင်းဒင် ရေအားလျှပ်စစ်စီမံကိန်းနှင့် လေးမြို့ရေအားလျှပ်စစ်စီမံကိန်း စသည့်ရေအားလျှပ်စစ်စီမံကိန်းကြီးများအား အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ဆောင်ရွက်ဆဲရေအားလျှပ်စစ်စီမံကိန်းကြီးများအနက် လေးမြို့ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများကို မိုးတွင်းတွင် ဆက်မလုပ်နိုင်ဘဲ ယာယီရပ်နားထားရကြောင်း စုံစမ်းသိရသည်။ လေးမြို့မြစ်သည်အကြီးစား ရေအားလျှပ်စစ်ထုတ်လုပ်နိုင်သည့် နေရာတစ်ခုဖြစ်ပြီး လျှပ်စစ်ဓာတ်အား ၅၀၀ မဂ္ဂါဝပ် တပ်ဆင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

# ဒုတိယအကြိမ် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ ကျင်းပမည်




ဓာတ်ပုံ-ဝေယံ

**အေးမြတ်သူ**

**ရန်ကုန်၊ ဩဂုတ် - ၄**

ဒုတိယအကြိမ်မြန်မာ့အလုပ်အကိုင် အခွင့်အလမ်းပြပွဲအား ယခုလ ၂၄ရက်မှ ၂၆ရက်အထိ ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက ပြောသည်။

အဆိုပါပြပွဲတွင်ပြခန်းပေါင်း ၁၃၀ ခန့် ပါဝင်မည်ဖြစ်ပြီး ပြည်တွင်းနာမည်ရကုမ္ပဏီများအပြင် နိုင်ငံခြားကုမ္ပဏီများလည်း ပါဝင်မည်ဖြစ်ရာ ထိုပြပွဲ၌ အလုပ်လျှောက်လွှာလက်ခံခြင်း၊ လူတွေ့အင်တာဗျူးများပြုလုပ်ခြင်းနှင့် အလုပ်ခန့်အပ်ခြင်းများလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"အရင်ပွဲတွေမှာ ကုမ္ပဏီတွေဘက်က သူတို့ လိုချင်တဲ့ပုံစံနဲ့ သိပ်မကိုက်တဲ့အတွက် အခုဒီပြပွဲမှာ ကုမ္ပဏီကြီးတွေလည်းပါတဲ့အတွက် လာလျှောက်တဲ့သူတွေကိုပြောချင်တာက ကိုယ့်အရည်အချင်း ကိုယ်ဖြည့်ပြီးလာခဲ့ပါ။ ဒီအခွင့်အရေးက ရခဲတဲ့အတွက်ပါ" ဟု အမှုဆောင်ဒါရိုက်တာဒေါ် ခင်သက်မော်က ပြောသည်။

ယခုပြုလုပ်ကျင်းပမည့် ပြခန်းတစ်ခန်းလျှင် ကျပ်နှစ်သိန်းခွဲမှ သုံးသိန်းခွဲအထိရှိသည်။ ပထမအကြိမ် အလုပ်အကိုင်ပြပွဲသို့ လူတစ်သောင်းခန့် လာရောက်ခဲ့ကြသည်။ အလုပ်လျှောက်သူဦးရေမှာ ပြခန်းတစ်ခန်းလျှင် ၁၀၀ ကျော်မှ နှစ်ထောင်ခန့်ရှိပြီး အလုပ်အကိုင် ရရှိသူဦးရေမှာ ခန့်မှန်း ၁၀-၁၅ ရာခိုင်နှုန်းခန့်ရှိခဲ့ကြောင်း ယင်းပွဲစီစဉ်သူများက ပြောသည်။

# အလုပ်သမားရေးရာ ကော်မရှင်တစ်ရပ် ဖွဲ့စည်းရေးအဆို မဲကွာမှုဖြင့် လွှတ်တော်တွင်ရှုံးနိမ့်ခဲ့

**ထူးသန့်**

**နေပြည်တော်၊ ဩဂုတ်-၁**

သဃ်န်းကျွန်းမြို့နယ်မှရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့် တင်သွင်းသည့် အလုပ်သမားဆန္ဒဖော်ထုတ်မှုများနှင့် ပတ်သက်သော စုံစမ်းရေးကော်မရှင်တစ်ရပ်ဖွဲ့စည်းရန်ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုသည် ထောက်ခံမဲ ၄၃ မဲ၊ ကန့်ကွက်မဲ ၂၈၈ မဲဖြင့် အရေးနိမ့်ကာ အတည်မပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

မကွေးမြို့နယ်မှ ဦးမြင့်သိန်းနှင့်အလုံမြို့နယ်မှဦးခိုင်မောင်ရည်တို့က ထောက်ခံဆွေးနွေးခဲ့သော်လည်း တောင်ဥက္ကလာပမြို့နယ်မှ ဦးအောင်သိန်းလင်းနှင့် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်တို့က လောလောဆယ်ဖွဲ့စည်းရန်မလိုအပ်သေးကြောင်း ယနေ့ပြုလုပ်သောပြည်သူ့လွှတ်တော် ၁၉ ရက်မြောက်နေ့တွင် ကန့်ကွက်ဆွေးနွေးရာ ယင်းအဆိုအတည်ပြုရေးအတွက် မဲခွဲဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဒီမိုကရေစီစနစ်တွင်အထက်ပါဆန္ဒဖော်ထုတ်မှုများကို ပြဿနာဟု မမြင်ကြောင်း၊ ရသင့်ရထိုက်သည်ကိုတောင်းဆိုခြင်းသာဖြစ်ကြောင်း၊ ယခုအချိန်တွင် စက်ရုံ ၉၀ မှ အလုပ်သမား ၅၃,၃၄၃ ဦးတို့၏ အရေးကို ပြေလည်စွာဖြေရှင်းပြီးဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင်လည်း ဥပဒေတစ်ရပ် အစပိုင်းကာလ မည်သည့်စုံစမ်းရေးကော်မရှင်မှ ဖွဲ့စည်းထားခြင်း မရှိကြောင်း၊ ထိုသို့ ဖွဲ့စည်းပါကသံသယကို တူးဆွရာဖြစ်ပြီး အန္တရာယ်ကြီးမားကြောင်း အလုပ်သမားဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ဆွေးနွေးခဲ့သည်။

အဆိုရှင် ဦးသိန်းညွန့်ကမူ ပြဌာန်းပြီး ဥပဒေများ ရှိသော်လည်း ဥပဒေအများစု ခေတ်မမီခြင်း၊ အလုပ်သမား အကျိုးစီးပွားအား လွှမ်းခြုံခြင်း ရှိ၊ မရှိ လက်ရှိဖြေရှင်းမှုများအား ကျေးဇူးတင်ကြောင်း ဥပဒေကို အချိန်ပေးရန်လက်ခံသော်လည်း နောင်ဖြစ်လာနိုင်သည့်အခြေအနေအတွက် တင်ပြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်တွင်း အများယုံကြည်လေးစားသော ပုဂ္ဂိုလ်များဖြင့် ကော်မရှင်တစ်ရပ် ဖွဲ့စည်းဖို့ ရည်ရွယ်ကြောင်း ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် အခြေခံအလုပ်သမားအဖွဲ့အစည်း ၁၂၇ ဖွဲ့နှင့် အလုပ်ရှင်အဖွဲ့ ၁၁ ဖွဲ့ ဖွဲ့စည်းပြီးသည့်အပြင် ဆက်လက်ခွင့်ပြုဦးမည်ဖြစ်ကြောင်း နှစ်ဦးနှစ်ဖက် ယုံကြည်မှုရရှိရန် ဖွဲ့စည်းဖြစ်ကြောင်း၊ အလုပ်ရှင်အလုပ်သမားပြဿနာကို အလုပ်သမားအဖွဲ့များကသာ ပိုပြီးလုပ်ကိုင်နိုင်စွမ်းရှိကြောင်းလည်း ဦးအောင်ကြည်၏ ဆွေးနွေးချက်များအရ သိရသည်။

## Free Classified — ဝန်ထမ်းအလိုရှိသည် — အခမဲ့ကြော်ငြာကဏ္ဍ

**ဝန်ထမ်းအလိုရှိသည်**

TLCC Computer Center

ကြော်ငြာကပ်ရန် ကျား (၁) ဦး

(အသက် ၁၈ မှ ၂၅)

နံနက် ၉:၀၀ မှ ညနေ ၃:၀၀၊ တစ်ရက် ၁၅၀၀ ကျပ်၊

**ဖုန်း-၀၉-၅၁၉၆၀၆၇**

အမှတ် ၇၆/၈၀၊ ဗညားဒလလမ်း (သိမ်ဖြူကားမောင်းကွင်းရှေ့ - မဆလာ မှတ်တိုင်အနီး)၊ ရန်ကုန်။

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

King Group Construction Co.,Ltd

1. Site Engineer M/F (4) Posts
2. Site Manager M (4) Posts
3. Marketing M/F (7) Posts
4. Driver M (1) Posts

**ဖုန်း-၀၉-၅၀၉၅၅၁၂**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Marketing မ (၃) ဦး

အခြေခံပညာအထက်တန်းအောင်၊ ရုပ်ရည်အသင့်အတင့်ရှိသူ၊ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

**ဖုန်း-၀၉-၅၁၆၁၂၄၂**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

အရောင်းဝန်ထမ်း ကျား (၁) ဦး

အရောင်းဝန်ထမ်း မ (၁) ဦး

ဆက်ဆံရေးကောင်းမွန်ရမည်။

**ဖုန်း-၀၉-၅၁၅၅၂၆၀**

A-4၊ မြေညီထပ်၊ ယုဇနပလာဇာ။

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

တက်နေဝန်းဧည့်ရိပ်သာ

သန့်ရှင်းရေးနှင့် ဧည့်ကြို ကျား (၂) ဦး

သန့်ရှင်းရေးနှင့် ဧည့်ကြို မ (၁) ဦး

အမှတ် ၄၀ (မြေညီထပ်)၊ ၂၁ လမ်း၊ လသာမြို့နယ်။

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Blazon Head Office

1. Business Development Manager M/F (2) Posts
2. Chief Accountant F (1) Post
3. Chief Engineer M (1) Post
4. Assistant Chief Engineer M (1) Post
5. Chief Security M (1) Post
6. Warehouse Manager M (1) Post
7. Database Administrator M/F (1) Post
8. System Analysis Administrator M (1) Post
9. Sales & Marketing Supervisor M (1) Post
10. Sales Representative M (3) Posts
11. Interior Designer M/F (1) Post

No.(15,16,17,18), Thamain Bayain Road, Myittar Yeik Mon Housing, Tarmwe Township.

**Ph: 098623381~84 Ext-139**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Marketing မ (၂၀) ဦး

DTP မ (၂၀) ဦး

Photoshop Designer မ (၂၀) ဦး

သတင်းထောက် ကျား (၂၀) ဦး

(အတွေ့အကြုံရှိသော Marketing နှင့်သတင်းထောက်များကို တန်းခန့်စနစ်ဖြင့် ခန့်ထားမည်)

**ဖုန်း-၀၁-၂၀၉၃၂၀၊ ၀၁-၅၅၄၇၀၃**

အမှတ် (၂၉)၊ မြေညီထပ်၊ ပုညဝဇ္ဇုန လမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေ မြို့နယ်။

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Mizzima Media Company Limited

အင်္ဂလိပ်ဘာသာဖြင့် အပတ်စဉ်ထုတ် မဂ္ဂဇင်းအတွက် Business သတင်းထောက်များ အလိုရှိပါသည်။ (Competitive Salary)

အင်္ဂလိပ်ဘာသာဖြင့် ရေးသားနိုင်သူကို ဦးစားပေးမည်။ Business ဘွဲ့ရသူကို ဦးစားပေးမည်။

အခန်းအမှတ် - ၄၀၇၊ အဆောင်-စီ၊ ပုလဲကွန်ဒို၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

**ဖုန်း - ၀၁-၅၅၈၆၇၈**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Marketing မ (၆) ဦး

(တက္ကသိုလ်မှ ဘွဲ့ရရှိပြီး၊ လုပ်ငန်းအတွေ့အကြုံရှိရမည်။ ကြော်ငြာပါသည့်နေမှစ၍ ခုနစ်ရက်အတွင်းလျှောက်ထားရန်)

အမှတ် (၂၅၃-ဘီ)၊ အင်းစိန်လမ်းနှင့် ပါရမီလမ်းထောင့်၊ လှိုင်မြို့နယ်။

**ဖုန်း-၀၉-၄၃၁၇၀၅၃၃**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

၁။ အဝေးပြေး Express Car Driver ကျား (၁၂) ဦး

၂။ Bus Attendant မ (၈) ဦး

၃။ လက်မှတ်အရောင်းဝန်ထမ်း မ (၃) ဦး

အမှတ်စဉ် (၁) -ယာဉ်မောင်းသက်တမ်း (၁၀) နှစ်၊ ယာဉ်လိုင်စင် (င)အဆင့်ရှိသူ၊ အသက် (၃၅) မှ (၅၀) နှစ်အတွင်း။

အမှတ်စဉ် (၂) - customer Relationship ကောင်းမွန်သူ၊ မိမိကိုယ်ကိုယ်ယုံကြည်မှုရှိသူ။

အမှတ်စဉ် (၃) ဘွဲ့ရ၊ ဂိတ်တွင်ညအိပ်နိုင်ရမည်။ ဂိတ်ရှိသောမြို့များတွင် တာဝန်ထမ်းဆောင်နိုင်ရမည်။

တိုက် (B/8)၊ ရွှေမာလာရိပ်မွန်၊ ရွှေကံ့ကော်လမ်း၊ ကမာရွတ်မြို့နယ်။ ရန်ကုန်မြို့။

**ဖုန်း-၀၁-၅၁၃၈၃၂၊ ၀၉၄၃၀၈၁၄၁၅**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Myanmar Plastic Industry Co.Ltd

၁။ Marketing ကျား ၄ ဦး၊

(အသက် ၂၂ နှစ်မှ ၂၅ နှစ်အတွင်း၊ ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံ ၂ နှစ်၊ နယ်ခရီးထွက်နိုင်ရမည်)

အမှတ် (၁၄)၊ မြဝတီမင်းကြီးလမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊ စက်မှုဇုန်(၄)၊ လှိုင်သာယာမြို့နယ်။

**ဖုန်း-၆၈၅၃၃၅၊ ၆၈၅၃၆၃**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

ကြော်ငြာ၊ ဇာတ်လမ်း၊ သီချင်း ဗီစီဒီ၊ ဓာတ်ပုံတို့ရိုက်ကူးရန်အတွက် အနုပညာဝါသနာပါသော လူငယ်သရုပ်ဆောင်များအလိုရှိသည်။ (ကျား/မ)

**ဖုန်း-၂၂၇၁၉၉**

--------------------------------

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

နေပြည်တော် လေ့ကျင့်ရေးစခန်း ပြင်ဦးလွင်





- ၁၉၈၃ ခုနှစ်တွင် ဗိုလ်မှူးမောင်လတ်(ငြိမ်း) B.A.(DSA) D.V.M.C, D.R.M.C (USA) စတင်တည်ထောင်ပြီး ယနေ့အထိ သားဖြစ်သူ ဦးတင်လတ် B.E (RIT) M.B.A. (NUS)နှင့်အတူစီမံခန့်ခွဲလေ့ကျင့်ပေးနေသည်။
- တည်ထောင်ချိန်မှစ၍ ယနေ့အထိ စည်းကမ်းကို အခြေခံသည့် စနစ်ကျသော သင်ကြားလေ့ကျင့်မှုများဖြင့် ပြင်ဦးလွင်တွင် ဂုဏ်ထူးအများဆုံး ဆေးကျောင်း အဝင်ဆုံးTop Tenအဝင်ဆုံးအဖြစ် ခိုင်မာစွာ ရပ်တည်နေသည်။
- ၂၀ဝ၉ ခုနှစ်တွင် နေပြည်တော်စိုးစံကို ပထမဆုံး စမ်းသပ်ကိုယ်ပိုင်ပညာသင်ကျောင်းအဖြစ် စတင်ခဲ့ပြီး ပြင်ဦးလွင်စိုးစံနှင့် နေပြည်တော်စိုးစံတွင် Grade 9 မှ Grade 11 အထိ အချိန်ပြည့်၊ အချိန်ပိုင်း သင်ကြားလေ့ကျင့် ပေးနေသည်။
- ထူးချွန်ကြိုးစားသူများကို ပိုမို မြေတောင်မြှောက်ပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့်ပင်ကိုယ်ဉာဏ်မြင့်မားပြီး တက္ကသိုလ်ဝင်တန်း စာမေးပွဲ ထူးချွန်စွာအောင်မြင်ရေးအတွက် ဖြည့်စွက်သင်ကြားမှု ရယူလိုသူများအားပညာသင်ဆုများကို နှစ်စဉ်ချီးမြှင့်ပေးနေသည်။
- နိုင်ငံတကာပညာရေးအခွင့်အလမ်းများအတွက် ၂၀၁၂/၂၀၁၃ ပညာသင်နှစ်မှစ၍အခြေခံပညာသင်ရိုးအပြင် International သင်ရိုးကိုပါပူးတွဲသင်ကြားပေးနေပါသည်။





www.facebook.com/chindwincollege

- နေပြည်တော် - ဉာဏအောင်မြေလမ်း၊ MICC နှင့် မြို့မဈေးအနီး။ ဖုန်း - ၀၆၇ ၄၂၃၇၁၈၊ ၄၂၃၇၁၉
- ပြင်ဦးလွင် - အမှတ်(၂၀၆)၊ ဘီလမ်း။ ဖုန်း ၀၈၅-၂၂၁၂၈၊ ၂၁၃၉၉

SWEETY HOME®

New Products

SPECIAL PROMOTION

Dream Synthetic — တစ်ယောက်အိပ် မွေ့ရာတစ်လုံးဝယ်လျှင် ဘဲမွေးခေါင်းအုံး ၁ လုံး



Dream Synthetic — နှစ်ယောက်အိပ် မွေ့ရာတစ်လုံးဝယ်လျှင် ဘဲမွေးခေါင်းအုံး ၂ လုံး



1-8-2012 to 31-8-2012

**ROYAL**
Pocket Spring Mattress



ရာဘာ၊ စပရိန်မွေ့ယာသည် တုံ့ပြန်ကန်နိုင်အား ထူးခြားကောင်းမွန်သော စပရိန်ကွင်းများအား သီးသန့်တစ်ခုချင်းစီ ထုတ်ပိုးဖွဲ့စည်းထား၍ စပရိန်၏ငြိမ့်ညောင်းမှုအပြည့်အဝ ပေးစွမ်းနိုင်ပြီး၊ ရာဘာပင်၏ သဘာဝအရင်းအမြစ်များကို အသုံးပြုထား၍ သိပ်သည်းဆ 85 g ပါဝင်သော ရာဘာအလွှာသည် ကျုံ့လွယ်၊ ပြန့်လွယ်နိုင်၍ သဘာဝ တွန်းကန်အားကြောင့် သက်သောင့်သက်သာ အိပ်စက်နိုင်ပါသည်။

**PARADISE (3 in 1)**
Steel Spring Mattress



Paradise မွေ့ရာကို သုံးမျိုးအသုံးပြုနိုင်ရန်အတွက် သဘာဝအေးမြမှုကို ကြိုက်နှစ်သက်သောသူများ၊ ပုံမှန်မွေ့ရာ အပျော့ကြိုက်သူများနှင့် ခါးနာတတ်သူများအတွက် 3 in 1 ပုံစံဖြင့် ချုပ်လုပ်ပေးထားပါသည်။
Zip တပ်ဆင်ထားသောကြောင့်လည်း အပေါ်ယံ ရာဘာမွေ့ရာအလွှာအား လွယ်ကူစွာဖြုတ်၍ ရာဘာမွေ့ရာကဲ့သို့လည်းကောင်း၊ ပုံမှန်စပရိန်မွေ့ရာကဲ့သို့လည်းကောင်း၊ အခြားမျက်နှာပြင်တစ်ဘက်တွင် ခါးနာဝေဒနာရှင်များအတွက် အန်းဆဲ စပရိန်မွေ့ရာကဲ့သို့လည်းကောင်း 3 in 1 အဖြစ် လွယ်ကူစွာ အသုံးပြုအိပ်စက်နိုင်ပါသည်။

**DIAMOND(Soft & Firm)**
Pocket Spring Mattress



မွေ့ရာအမာကြိုက်သူများနှင့် အပျော့ကြိုက်သူများ ပူးတွဲသုံးနိုင်ရန် ခွဲခြားထားသော ဖွဲ့စည်းပုံ ၂ မျိုးပါသော စပရိန်မွေ့ရာဖြစ်ပါသည်။ တစ်ယောက်အိပ်မွေ့ရာအဖြစ် သီးခြားခွဲ၍လည်းအသုံးပြုနိုင်ပါသည်။ Zip တပ်ဆင်ထားသောကြောင့် အပေါ်ဖုံးလွှာကိုချွတ်၍ အလွယ်တကူသန့်ရှင်းမှုများ ပြုလုပ်နိုင်ပါသည်။ Pocket စပရိန်များ အသုံးပြုထားခြင်းကြောင့် အချိန်ကြာမြင့်စွာ အသုံးပြုနိုင်ပါသည်။

**DOUBLE POCKET**
Pocket Spring Mattress




နှစ်ထပ်စပရိန်ပေါ်တွင် အိပ်စက်နေသကဲ့သို့ စပရိန်၏ ငြိမ့်ညောင်းသော ခံစားမှုမျိုးကို အပြည့်အဝရရှိစေပါသည်။ မွေ့ရာပထမအလွှာကို စပရိန်တစ်ခုစီ သီးခြားထုတ်ပိုးထားသောကြောင့် ငြိမ့်ညောင်းမှုရှိပြီး တစ်ဦး၏လှုပ်ရှားမှုကို ကျန်တစ်ဦးမှ မသိနိုင်၍ အိပ်စက်မှုကို အနှောက်အယှက်မဖြစ်စေနိုင်ပါ။ ဒုတိယအလွှာတွင် တွန်းကန်အားပိုမိုမြင့်မားသော 3 Zone Pocket စပရိန်ကို အသုံးပြုထားခြင်းကြောင့် စပရိန် ထုထည်ကွာခြားမှုရှိပြီး အိပ်စက်ရာတွင် ခန္ဓာကိုယ်၏ အနေအထား မှန်ကန်မှုရှိခြင်းကြောင့် သွေးလည်ပတ်မှုကောင်းမွန်ကာ နှစ်နှစ်ခြိုက်ခြိုက် အိပ်စက်နိုင်ပါသည်။

Yangon Tel:01-535694, 205224 Mandalay Tel:02-65938,60810,34021

# Education

Vol.11, No.22 • AUGUST 9 , 2012

## ဆေးပညာနဲ့ပတ်သက်ပြီးတော့ မလေးရှားက မြန်မာထက် ခေါင်းတစ်လုံးပိုသာနေပါပြီ

### ဂျွန်ဟော့ကင်းတက္ကသိုလ်မှ တာဝန်ရှိသူတစ်ဦးနှင့် တွေ့ဆုံခြင်း

**နေလင်းထွန်း**

မြန်မာနိုင်ငံရှိ ဆေးတက္ကသိုလ်များနှင့် အမေရိကန်နိုင်ငံရှိ ဂျွန်ဟော့ကင်း တက္ကသိုလ်တို့ ပူးပေါင်း၍ ဆေးဘက်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခဲ့ကြသည်။ တက္ကသိုလ်အဆင့် ပညာရေးမြှင့်တင်ရန်အတွက် နိုင်ငံခြားတက္ကသိုလ်တစ်ခုနှင့် ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်တွင် ရန်ကုန်မြို့ရှိဆေးတက္ကသိုလ်(၁)၊ ဆေးတက္ကသိုလ်(၂)၊ မန္တလေးဆေးတက္ကသိုလ်နှင့် မကွေးဆေးတက္ကသိုလ်တို့မှ ဆရာ၊ဆရာမများ တက်ရောက်ခဲ့ကြသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲနှင့်ပတ်သက်၍ ဂျွန်ဟော့ကင်းတက္ကသိုလ်၏ ပါမောက္ခဒေါက်တာချားလ်ဝီနာနှင့်တွေ့ဆုံမေးမြန်းထားသည်များမှ ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**မြန်မာနိုင်ငံကို လာရောက်ဖြစ်ခဲ့ပုံကို ပြောပြပေးပါဦး။**

ကျွန်တော် ဂျွန်ဟော့ကင်းတက္ကသိုလ်ကိုယ်စားလှယ်အနေနဲ့ လွန်ခဲ့တဲ့ ဇန်နဝါရီလက မြန်မာနိုင်ငံကို ရောက်လာခဲ့ပါတယ်။ ကနဦးအနေနဲ့ မြန်မာနိုင်ငံမှာ ပညာရေးဖွံ့ဖြိုးတိုးတက်ဖို့ ဘယ်လိုဆောင်ရွက်နိုင်မယ် ဆိုတာနဲ့ သင်ကြားရေးဆရာတွေကိုကူညီဖို့ အတွက်ပါ။ ကျွန်တော် ဒီက ဆေးတက္ကသိုလ် ပါမောက္ခချုပ်တွေနဲ့ တွေ့ဆုံတဲ့အခါမှာ သူတို့လိုအပ်နေတဲ့ အလုပ်ရုံဆွေးနွေးပွဲနဲ့ အထူးပြုဘာသာရပ်ခေါင်းစဉ်တွေ ပြုလုပ်ပေးဖို့ အကြံပြုကြပါတယ်။

**ဘယ်လိုဆောင်ရွက်မှုတွေ ပြုလုပ်ခဲ့ပါပြီလဲ။**

ကျွန်တော်တို့ အခု အလုပ်ရုံဆွေးနွေးပွဲသုံးခုပြုလုပ်ပြီးသွားပါပြီ။ မတ်၊ မေနဲ့ ဇူလိုင်လထဲမှာ ဆေးတက္ကသိုလ်တွေရဲ့ သင်ကြားရေးဌာနတွေက ဆရာ၊ ဆရာမတွေအတွက် အလုပ်ရုံဆွေးနွေးပွဲတွေ ပြုလုပ်ခဲ့တာ အရမ်းကို အောင်မြင်ခဲ့ပါတယ်။ သင်ကြားရေးဌာနတွေနဲ့ ပါမောက္ခချုပ်တွေရဲ့ စိတ်အားထက်သန်စွာ ပူးပေါင်းဆောင်ရွက်မှုကို ကြုံတွေ့ခဲ့ရပါတယ်။ ဆေးတက္ကသိုလ်တွေရဲ့ သင်ရိုးညွှန်းတမ်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့ ပူးပေါင်းပါဝင်ခဲ့ကြပါတယ်။

**နောက်ထပ် ဆောင်ရွက်မယ့် အစီအစဉ်တွေရှိရင် သိချင်ပါတယ်။**

ကျွန်တော်တို့အဲ့ဒီအကြောင်းကို ဆွေးနွေးခဲ့ကြပါတယ်။ငွေကြေးထောက်ပံ့ကူညီမှု (Funding) ထပ်ရရင်ပေါ့။ ပြီးခဲ့တဲ့ ဆွေးနွေးပွဲသုံးခုက ဂျွန်ဟော့ကင်းတက္ကသိုလ်မှာရှိတဲ့ အမေရိကန်-ကိုရီးယားအင်စတီကျူဒ်က ငွေကြေးထောက်ပံ့ပေးတာပါ။ အခု ကျွန်တော်တို့ နောက်ထပ် အလုပ်ရုံဆွေးနွေးပွဲသုံးခုထပ်လုပ်ဖို့ ငွေကြေးပံ့ပိုးမှု ရှာဖွေနေပါတယ်။

**ဘာကြောင့် ဆေးတက္ကသိုလ်တွေနဲ့ပူးပေါင်းဆောင်ရွက်ခဲ့တာပါလဲ။**

ကျွန်တော်တို့ ဆေးတက္ကသိုလ်က ပါမောက္ခတွေနဲ့ တွေ့တဲ့အခါမှာ ဆေးတက္ကသိုလ် သင်ရိုးညွှန်းတမ်းတွေအတွက် ကူညီပေးဖို့ပြောပါတယ်။

**စာ(၃၀)သို့**

## ကိုယ်ပိုင်ကျောင်းများ ယခုလအတွင်း တရားဝင်ဖွင့်ခွင့်ပြုမည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဩဂုတ် - ၃**

ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ကိုယ်ပိုင်ကျောင်းများ ဖွင့်လှစ်နိုင်ရန် ယခုလအတွင်း အတည်ပြုပေးမည်ဖြစ်ကြောင်း ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ကိုယ်ပိုင်ကျောင်း တည်ထောင်ဖွင့်လှစ်လိုသူများကို ဇွန်လ ၁၂ ရက် နောက်ဆုံးထား၍ တိုင်းဒေသကြီးနှင့် ပြည်နယ် ပညာရေးမှူးရုံးများတွင် လျှောက်ထားကြရန် ကြေညာခဲ့ပြီးနောက် ယခုလတွင် ကိုယ်ပိုင်ကျောင်း လျှောက်ထားသူများကို စိစစ်၍ ခွင့်ပြုတော့မည်ဖြစ်သည်။

“ကျောင်းစာရင်းတွေက တော့ ထွက်လာပါပြီ။ ဒါပေမဲ့ သက်ဆိုင်ရာ ပြည်နယ်နဲ့ တိုင်း ဒေသကြီး ဝန်ကြီးချုပ်ရဲ့ သဘောထားမှတ်ချက်ပဲ ကျန်တော့တယ်။ အဲ့ဒါပြီးရင်တော့ ကိုယ်ပိုင်ကျောင်း ဖွင့်ခွင့်ရတော့မှာပါ။ ဒီလအတွင်းပါပဲ။ တစ်နိုင်ငံလုံးမှာ ၄၆ကျောင်းလောက် ချထားပေးဖို့ရှိတယ်”ဟု အထက်ပါတာဝန်ရှိသူကပြောသည်။

ရန်ကုန်၊ မန္တလေးနှင့် ပြင်ဦးလွင်မြို့တို့ရှိ ယာယီဖွင့်လှစ်ခွင့်ပေးထားသော ဘော်ဒါကျောင်းများကို ကိုယ်ပိုင်ကျောင်း ဖွင့်လှစ်ခွင့် ပြုသွားမည်ဖြစ်ပြီး အခြားဒေသများတွင်လည်း ကိုယ်ပိုင်ကျောင်းများ ရှိလာမည်ဖြစ်ကြောင်းသိရသည်။

“ဝန်ကြီးချုပ်ဆီကတော့ သဘောတူညီချက် ရပြီးပြီ။ ခရိုင် အုပ်ချုပ်ရေးမှူးရုံးမှာ ကျောင်းမှာ နိုင်ငံရေးကင်းရှင်းဖို့နဲ့ ဘာသာရေး ဆွေးနွေးမှုတွေမလုပ်ဖို့ ခံဝန်ထိုးဖို့ပဲ ကျန်တော့တယ်”ဟု ကိုယ်ပိုင်ကျောင်းဖွင့်လှစ်ခွင့် လျှောက်ထားသူတစ်ဦးကပြောသည်။

၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၂ရက်တွင် နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုး၍ ပြည်ထောင်စုလွှတ်တော်မှ ဥပဒေပြဌာန်းလိုက်သော ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေသည် ရှစ်လကျော်ကြာမြင့် ပြီးနောက် ကိုယ်ပိုင်ကျောင်းများ အသက်ဝင်လာတော့မည်ဖြစ်သည်။

## စင်ကာပူနန်ယန်းနည်းပညာတက္ကသိုလ်တွင် ပညာသင်ယူရန် မြန်မာကျောင်းသူနှစ်ဦး ရွေးချယ်ခံရ

**နေလင်းထွန်း**

**ရန်ကုန်၊ဩဂုတ်-၃**

စင်ကာပူနိုင်ငံရှိ နန်ယန်းနည်းပညာတက္ကသိုလ်တွင် ကွန်ပျူတာသိပ္ပံဘွဲ့ကြိုသင်တန်းတက်ရောက်ရန်မြန်မာကျောင်းသူနှစ်ဦးကိုစင်ကာပူအစိုးရက ပညာသင်ဆုရွေးချယ်ပေးအပ်လိုက်ကြောင်း စင်ကာပူသံရုံးမှ သတင်းထုတ်ပြန်သည်။

မန္တလေးမြို့ရှိ ကွန်ပျူတာတက္ကသိုလ်တွင် ပညာသင်ယူနေသော မပပခင်နှင့် မုံရွာမြို့ ကွန်ပျူတာတက္ကသိုလ်တွင် ပညာသင်ယူနေသော မဝင်းမို့မို့မောင်တို့သည် စင်ကာပူနိုင်ငံရှိ နန်ယန်းနည်းပညာတက္ကသိုလ်တွင် ကွန်ပျူတာသိပ္ပံဘာသာရပ်ကိုသွားရောက်သင်ယူရန် ရွေးချယ်ခံရခြင်းဖြစ်သည်။

“စင်ကာပူပညာသင်ဆုကို အာဆီယံနိုင်ငံများက မိတ်ဆွေတွေ စင်ကာပူနိုင်ငံမှာ ပညာသင်ကြားဖို့ အခွင့်အလမ်းတွေ ပိုမိုရရှိဖို့ ရည်ရွယ်ပြီး ၁၉၉၉ မှာ စတင်ခဲ့ပါတယ်။ ယခုနှစ်လျှောက်ထားတဲ့သူတွေထဲမှာ သမီးတို့နှစ်ဦးဟာ ရွေးချယ်ရေးအဖွဲ့က အထင်ကြီးလောက်တဲ့ ပညာရေးရလဒ်တွေ၊ ခေါင်းဆောင်မှု အရည်အသွေးတွေနဲ့ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးမှာ ပါဝင်သွားဖို့ ဆန္ဒပိုင်ဆိုင်ထားသူတွေ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပညာသင်ဆုမှာ ကတိဝန်ခံချက်ထားရတာတွေ မရှိပါဘူး။ စင်ကာပူမှာ ဆည်းပူးခဲ့တဲ့ပညာ



တွေနဲ့ ဘွဲ့ရအပြီးမှာ မိမိတို့နိုင်ငံကို အကျိုးရှိရှိ အထောက်အကူပြုသွားနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်”ဟု ပညာသင်ဆုအခမ်းအနားတွင် မန္တလေးကွန်ပျူတာတက္ကသိုလ်မှ ကထိကဒေါက်တာကြည်သာဦးကပြောကြားခဲ့သည်။

ယခုပညာသင်ဆုများမှာစင်ကာပူ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ နည်းပညာဆိုင်ရာ အကူအညီပေးရေးတွင် မြန်မာနိုင်ငံနှင့် ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်ရေး၏ အစိတ်အပိုင်းဖြစ်ကြောင်း သိရသည်။

**ပညာရေးသတင်းတိုများ**

### မြန်မာလူငယ်များ ဩဂုတ် ၁၂ရက်တွင် တွေ့ဆုံဆွေးနွေးမည်

**ရန်ကုန်၊ဩဂုတ်-၂**

အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ်အနေဖြင့် Myanmar Youth Conference 2012 ကိုဩဂုတ်လ ၁၂ရက်တွင်UMFCCI၌နံနက်၉နာရီမှညနေ၄နာရီထိကျင်းပပြုလုပ်သွားမည်ဖြစ်သည်။ Myanmar Youth in Action မှ စီစဉ်သောတွေ့ဆုံဆွေးနွေးပွဲတွင် ဘာသာပေါင်းစုံကိုးကွယ်မှု (Interfaith)၊ ပညာရေး (Education)၊ ငြိမ်းချမ်းရေး (Peace)နှင့် လူငယ်များ၏ ခေါင်းဆောင်မှု (Youth Leadership)အကြောင်းအရာခေါင်းစဉ်လေးခုကိုလူငယ်များကဆွေးနွေးသွားမည်ဖြစ်သည်။ လူငယ်များ၏ ဆွေးနွေးပွဲသို့ နယ်ပယ်အသီးသီးမှ လူငယ်များ တက်ရောက်ပါဝင် ဆွေးနွေးနိုင်ရန် ဖိတ်ခေါ် ထားကြောင်း သိရသည်။

### ဂျပန်ဘာသာစကားကျွမ်းကျင်မှု စာမေးပွဲ ကျင်းပမည်

**ရန်ကုန်၊ဩဂုတ်-၂**

ဂျပန်ဘာသာစကား ကျွမ်းကျင်မှုစာမေးပွဲ (JLPT)ဝင်ရောက်ဖြေဆိုလိုသော ကျောင်းသားများအနေဖြင့်ဩဂုတ်လတွင်စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း ဂျပန်သံရုံးမှ သတင်းထုတ်ပြန်သည်။ ရန်ကုန်မြို့တွင် ပုလဲကွန်ဒိုရှိMAJA ရုံးခန်းနှင့် မန္တလေးမြို့တွင် HITO စင်တာ၌ စာမေးပွဲဖြေဆိုရန် လျှောက်ထားနိုင်မည်ဖြစ်ပြီး ယင်းစာမေးပွဲကိုစက်တင်ဘာလ ၂ရက်တွင် ရန်ကုန်မြို့၌ ကျင်းပသွားမည်ဖြစ်သည်။

### ကိုရီးယားဘာသာစကား ကျွမ်းကျင်မှုစာမေးပွဲ ကျင်းပမည်

**ရန်ကုန်၊ဩဂုတ်-၂**

ကိုရီးယားဘာသာစကား ကျွမ်းကျင်မှုစာမေးပွဲ (Topik)ကို ရန်ကုန်နှင့် မန္တလေးမြို့များ၌ လာမည့်အောက်တိုဘာလတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း ကိုရီးယားသံရုံးမှ သတင်းထုတ်ပြန်သည်။ စာမေးပွဲလျှောက်လွှာကြေးအတွက် ကျပ် ၁၃,၀၀၀ပေးသွင်းရမည်ဖြစ်ပြီး ရန်ကုန်မြို့ရှိ ကိုရီးယားသံရုံးနှင့် မန္တလေးမြို့၊ မန္တလေးစွမ်းဟိုတယ်ရှိ ကိုရီးယားဘာသာစကားဌာနတို့တွင် အောက်တိုဘာလ ၆ရက်မှ ၁၆ရက်အထိ လျှောက်လွှာများ ဝယ်ယူတင်သွင်းနိုင်မည်ဖြစ်သည်။

7 DAY NEWS JOURNAL
Vol.11, No.22 • AUGUST 9 , 2012

# နော်ဝေတက္ကသိုလ်တစ်ခုနှင့်မြန်မာတက္ကသိုလ်ခုနစ်ခု ဆွေးနွေးမှုပြုလုပ်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဇူလိုင်-၃၁**

မြန်မာနိုင်ငံရှိ တက္ကသိုလ် ခုနစ်ခုမှ ဆရာ၊ ဆရာမများ၊ ကျောင်းသားများအတွက် နော်ဝေနိုင်ငံရှိ အော်စလိုတက္ကသိုလ်(University of Oslo)နှင့် သုတေသနပြုလုပ်ခြင်း၊ ဟောပြောပွဲများ၊ ပညာသင်စေလွှတ်ခြင်းများ ဆိုင်ရာဆွေးနွေးမှုတစ်ခုပြုလုပ်လျက်ရှိကြောင်း သတင်းရရှိသည်။



**နော်ဝေနိုင်ငံမှ အော်စလိုတက္ကသိုလ်**

ဆေးဘက်ဆိုင်ရာတက္ကသိုလ်နှစ်ခုနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပြီးဖြစ်သည်။ လက်ရှိတွင် ကျန်တက္ကသိုလ်များအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း ကြားခံဆောင်ရွက်ပေးသည့် မင်္ဂလာမြန်မာမှတာဝန်ရှိသူတစ်ဦးကပြောသည်။

စတင်ပြုလုပ်မည့် အချိန်တွင် တက္ကသိုလ်များ ပညာရေးအဆင့်မြင့်တင်ပေးနိုင်ရန် အဆိုပါတက္ကသိုလ်များမှ ဆရာ၊ ဆရာမများအတွက် အဓိကရည်ရွယ်၍ အရည်အသွေးမြင့်ဆရာ၊ ဆရာမများက ပြန်လည်သင်ကြားပေးနိုင်ရန် ရည်ရွယ်ထားပြီး ပြည်ပပညာသင်စေလွှတ်ခြင်းများအပြင် ပြည်တွင်းတွင်လည်း သင်တန်းများပေးနိုင်ရန် စီစဉ်သွားမည်ဖြစ်ကြောင်း မင်္ဂလာမြန်မာမှ ဒါရိုက်တာဒေါက်တာဖုန်းဝင်းက ပြောသည်။

"ဘာသာရပ်ကတော့ အခုလောလောဆယ် ၆ ခုလောက် သတ်မှတ်ထားတယ်။ အခုစလုပ်တဲ့အချိန်မှာတော့ ပြည်ပကို လူနည်းနည်း ပညာသင်လွှတ်တာအပြင်ပြည်တွင်းမှာ လူများများသင်နိုင်အောင် University of Oslo ကနေ ပညာရှင်တွေ ဖိတ်ပြီးသင်ကြားပေးဖို့ ရှိတယ်။ အဲဒီကျောင်းတွေကအပြင် တခြားစိတ်ဝင်စားတဲ့သူတွေလည်း လျှောက်ထားလို့ရတယ်။ အဓိကကတော့ ဘယ်သူပဲဖြစ်ဖြစ် တက်ပြီးရင်တော့ ပြန်လည်သင်ကြားပေးမယ့် သူတွေပဲဖြစ်ရမယ်ဆိုတဲ့အချက်နဲ့ ရွေးချယ်သွားမှာပါ" ဟု ဒေါက်တာဖုန်းဝင်းကဆက်လက်ပြောသည်။

Public Policy, Economic, Environment Science, Law, Teacher Education စသည့် ဘာသာရပ်များအား ဖွင့်လှစ်သင်ကြားပေးနိုင်ရန် ဆွေးနွေးလျက်ရှိသည်။ ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်ဆေးတက္ကသိုလ်-၁၊ အမျိုးသားစီမံခန့်ခွဲမှုကောလိပ်၊ ပညာရေးတက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်နှင့် ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် သုတေသနပြုလုပ်ခြင်းများ၊ ဟောပြောပွဲများ ပြုလုပ်ရာတွင် University of Oslo မှ ပညာရှင်များက လာရောက်ပူးပေါင်းဆောင်ရွက်ခြင်းများ၊ ပြည်တွင်းရှိ အဆိုပါ တက္ကသိုလ်များမှ ဆရာ၊ ဆရာမများအပြင် စိတ်ဝင်စားသူများအတွက် ဘာသာရပ်များကို လာရောက်သင်ယူခြင်းများ၊ ထူးချွန်ကျောင်းသားများအား ရွေးချယ်ပြီး University of Oslo တွင် သွားရောက် ပညာသင်ခွင့်များပါဝင်ကြောင်း မင်္ဂလာမြန်မာမှ ဒါရိုက်တာဒေါက်တာဖုန်းဝင်းကပြောသည်။

# ဗြိတိန်နိုင်ငံတွင် ပညာသင်မည့်ကျောင်းသားများအတွက် အကြံပြုချက်များ ထုတ်ပြန်

**နေလင်းထွန်း**

**ရန်ကုန်၊ ဩဂုတ် - ၂**

ဗြိတိန်နိုင်ငံတွင်သွားရောက်ပညာသင်ယူရန် ပြင်ဆင်နေသော နိုင်ငံတကာကျောင်းသားများအတွက် အကြံပြုချက်(၁၀)ချက်ကို ယူကေဘော်ဒါအေဂျင်စီက ထုတ်ပြန်ကြေညာလိုက်သည်။

ဗြိတိန်ပညာ သင်ကြားမည့်ကျောင်းသားများအနေဖြင့် လေဆိပ်သို့ ရောက်ရှိခိုက် ကြုံတွေ့ရမည့်အခြေအနေနှင့် အခြားကန့်သတ်ချက်များကို အကြံပြုဖော်ပြထားသည်။

ဆိုက်ရောက်ကတ် (Landing Card)တွင် ဖြည့်သွင်းရန်လိုအပ်သော ဗြိတိန်တွင် ဆက်သွယ်ရမည့်သူ၏ အမည်၊ လိပ်စာနှင့် ဖုန်းနံပါတ်ကို ရေးမှတ်ထားရန်၊ ပြည်ဝင်ခွင့်အရာရှိနှင့် မတွေ့ဆုံမီ ဆိုက်ရောက်ကတ်ကို ပြည့်စုံစွာ ဖြည့်စွက်ထားရန်၊ ပတ်စ်ပို့ကို ပိုက်ဆံအိတ်ထဲ ထည့်ထားပါက ပြည်ဝင်ခွင့်အရာရှိနှင့် တွေ့ဆုံချိန်တွင် ထုတ်ယူထားရန်၊ ပြည်ဝင်ခွင့်အရာရှိကို မှားယွင်းသော (သို့မဟုတ်)လွဲမှားသောသတင်းအချက်အလက်များလုံးဝမပြောရန်၊ တက္ကသိုလ်ဝင်ခွင့်လက်ခံစာ (CAS) နှင့် ဆေးစစ်ချက်ကိုမိမိလက်ကိုင်အိတ်တွင် တစ်ပါတည်း ယူဆောင်လာရန်၊ တက္ကသိုလ်ဝင်ခွင့်လက်ခံစာမရှိပါက မိမိသင်တန်းနှင့်ပတ်သက်သောအသေးစိတ်အချက်အလက်များ တစ်ပါတည်း ယူဆောင်လာရန်၊ ကန့်သတ်တားမြစ်ထားသော အစားအသောက်များ ယူဆောင်လာခြင်းမပြုရန်၊ ဆေးလိပ်၊ အရက်၊ လက်ဆောင်ပစ္စည်း သယ်ဆောင်မှုပမာဏကို ကန့်သတ်ထားပြီး သတ်မှတ်မှုထက် ကျော်လွန်သယ်ဆောင်လာပါက သိမ်းဆည်းသွားရန်၊ ကုန်ပစ္စည်းအတုများ၊ တရားမဝင်ဆေးဝါးများ၊ ဓားအပါအဝင် အန္တရာယ်ရှိလက်နက်များနှင့် ညစ်ပေသောအရာဝတ္ထုများကို သယ်ဆောင်လာခြင်းမပြုရန်၊ မိမိ ပြည်ဝင်ခွင့်နှင့်ပတ်သက်သော အကြောင်းအရာများကို ရင်းနှီးကျွမ်းဝင်မှု ရှိနေစေရန်နှင့် စတာလင်ပေါင်တစ်သောင်းနှင့်အထက် သယ်ဆောင်လာပါက အသိပေးအကြောင်းကြားရန်အချက်(၁၀)ချက်ကိုအကြံပြုထားခြင်းဖြစ်သည်။

ဗြိတိန်နိုင်ငံရှိ လေဆိပ်သို့ ရောက်ရှိချိန်တွင် နိုင်ငံတကာကျောင်းသားများအတွက် တန်းစီရမည့်နေရာကိုသတ်မှတ်ပေးထားပြီး ဂရုပြုရှာဖွေရမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ အလုပ်အကိုင် ရည်ရွယ်ချက်ဖြင့် ကျောင်းသားပြည်ဝင်ခွင့် လျှောက်ထားသူများကို ထိန်းချုပ်ရန် ယူကေဘော်ဒါအေဂျင်စီက နည်းလမ်းအမျိုးမျိုး အသုံးပြုလျက်ရှိပြီး ကျောင်းသားပြည်ဝင်ခွင့်ကိုလည်း စိစစ်တင်းကျပ်နေခြင်းဖြစ်သည်။

the SUN INSTITUTE

APPLICATION FORM များအား **www.thesuninstitutemyanmar.org** မှ downloadလုပ်ယူ
**thesun.institute@gmail.com, office@thesuninstitutemyanmar.org** သို့ e-mail မှတစ်ဆင့်ပေးပို့လျှောက်ထားနိုင်သည်။

## I. Strategic Organizational Management (S.O.M Level – I & II)

### Level – I
1. CRITICAL THINKING FOR LEADERSHIP
2. LEADERSHIP
3. PLANNING & STRATEGY
4. BASIC OFFICE COMMUNICATION
5. EFFECTIVE PRESENTATION SKILLS
6. PERSONALITY DEVELOPMENT
7. MOTIVATION
8. ORGANIZING AN EFFECTIVE MEETING
9. LEADERSHIP AND RESULTS THROUGH GOOD HUMAN RELATIONS
10. TIME MANAGEMENT
11. TEAM BUILDING

**စနေ၊တနင်္ဂနွေ** မနက်(၉)နာရီမှ(၁၂)နာရီတန်းများကို
**၁၁.၀၈.၂၀၁၂**ရက်နေ့စတင်ဖွင့်လှစ်ပေးသွားမည်ဖြစ်ပါသည်။
**ဖောင်ပိတ်ရက်** – **၁၀.၀၈.၂၀၁၂**

### Level – II
1. STRATEGY
2. FORMULATING WINNING STRATEGY
3. PROBLEM ANALYSIS & PROBLEM SOLVING
4. DECISION MAKING & MANAGEMENT
5. DEVELOPING FORMING
6. CONTINGENCY APPROACHES TO MANAGEMENT
7. PROJECT PLANNING
8. HRM & HRD
9. THE ART OF EXCELLENT COMMUNICATION AND PRESENTATION
10. PUBLIC RELATIONS

**စနေ၊တနင်္ဂနွေ** ညနေ(၂)နာရီမှ(၅)နာရီတန်းများကို
**၁၁.၀၈.၂၀၁၂**ရက်နေ့စတင်ဖွင့်လှစ်ပေးသွားမည်ဖြစ်ပါသည်။
**ဖောင်ပိတ်ရက်** – **၁၀.၀၈.၂၀၁၂**

## II. Research Methodology

1. SOCIAL SCIENCE RESEARCH METHODS
2. QUALITATIVE RESEARCH METHODS
3. QUANTITATIVE RESEARCH METHODS
4. SPSS SOFTWARE ကို အသုံးချပြီး DATA ANALYSIS လုပ်နည်း။

Research Methodology သင်တန်းအချိန်များမှာ စနေ၊တနင်္ဂနွေ ညနေ (၃)နာရီမှ(၅)နာရီ အတန်းများဖွင့်ပေးမည်ဖြစ်ပါသည်။ Research Methodologyသင်တန်း တက်ရောက်သူများသည် Laptop များကိုတပါတည်းယူဆောင်လာရပါမည်။

## III. Critical Thinking for Youth Leadership (CTYL)

1. CRITICAL THINKING FOR LEADERSHIP
2. ENGLISH (SPEAKING)
3. ICT
4. GENDER
5. MUSIC
6. SPORTS
7. TEAM BUILDING

ယခုလိုပညာရေးအရှိန်အဟုန်မြင့်မားလာသောခေတ်ကြီးတွင်သင်ယူစူးစမ်းလိုစိတ်အားကောင်းသော လူငယ်များအတွက်မှအထူးအစီအစဉ်တရပ်ဖြင့် ဖြည့်ဆည်းသင်ကြားပေးလိုပါသဖြင့် အပတ်စဉ် **တနင်္လာ၊ဗုဒ္ဓဟူး၊သောကြာနေ့**များတွင် မနက်(၁၀)နာရီမှညနေ(၅)နာရီအတန်းများ ဖွင့်လှစ်သင်ကြားပေးနေပါသည်။

SPECIAL FEATURES FOR CTYL
**ပထမဦးဆုံးလာအပ်သူ(၁၀)ဦးကို 100%**
**ဒုတိယလာအပ်သူ(၁၀)ဦးကို 50%**
**တတိယလာအပ်သူ(၁၀)ဦးကို 25%**
**Discountများပေးအပ်သွားမည်ဖြစ်ပါသည်။**

**ဆက်သွယ်ရန်လိပ်စာ** – ရသာကွန်ဒို(အမှတ်–၄၈၅၊၄၆၀)၊အခန်း–ဃ၊၄–လွှာ(သုံးပန်လှလက်ဖက်ရည်ဆိုင်အနီး)၊မဟာဗန္ဓုလလမ်းနှင့်၃၁–လမ်းထောင့်၊ပန်းပဲတန်းမြို့နယ်၊ရန်ကုန်မြို့။
**ဖုန်း – ၀၉ ၂၀၄ ၄၁၃၇၊ ၀၉ ၄၂၁ ၀၂၆၀၃၄၊ ၀၉ ၅၁၃ ၉၉၆၇၊ ၀၉ ၇၃၂ ၁၁၇၄၉၊ ၀၁ ၃၈၉၂၀၉။**

# Technology

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL

Vol.11, No.22 • AUGUST 9 , 2012


## နည်းပညာဈေးကွက် စမတ်ဖုန်းဘက်သို့ ဦးတည်



ယုဇနကိုကို

ရန်ကုန်၊ ဇူလိုင်-၂၇

ကမ္ဘာ့မိုဘိုင်းဈေးကွက်အတွင်း စမတ်ဖုန်းများ၏ ဈေးနှုန်းများဆက်တိုက်ကျဆင်းနေခြင်းနှင့် တစ်ချိန်တည်းမှာပင် ပြည်တွင်းကွန်ပျူတာ နည်းပညာဈေးကွက်သည် စမတ်ဖုန်းရေစီးကြောင်းဘက်သို့ ပိုမိုဦးတည်လာနေကြောင်း ရန်ကုန်အခြေစိုက် ကွန်ပျူတာလုပ်ငန်းရှင်များက သုံးသပ်ကြသည်။

မြန်မာနိုင်ငံ၌ မိုဘိုင်းဖုန်းများတွင် အင်တာနက်အသုံးပြုနိုင်သည့် အချိန်မှစတင်ကာ စမတ်ဖုန်းများ၏ ဈေးကွက်ဝယ်လိုအားသည် ဖြည်းဖြည်းချင်းမြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း ပြည်တွင်းမိုဘိုင်းလုပ်ငန်းများမှ ဈေးကွက်စောင့်ကြည့်သူများကပြောဆိုကြသည်။

"မြန်မာနိုင်ငံရဲ့ မိုဘိုင်းရေစီးကြောင်းက သိသိသာသာပြောင်းလဲလာပြီ။ အနာဂတ်ရဲ့ပြောင်းလဲမှုတစ်ခုဖြစ်လာတဲ့ဒီပြောင်းလဲမှုမှာ မြန်မာနိုင်ငံကကျန်ခဲ့လို့မဖြစ်ပါဘူး။ ကမ္ဘာမှာနှစ်နှစ်အတွင်း စမတ်ဖုန်းတွေရဲ့ဈေးတွေကဆက်တိုက်ကျနေတာ။ နောက်လည်း ထပ်ကျဦးမှာပဲ" ဟု ပြည်တွင်းကွန်ပျူတာလုပ်ငန်းကြီးတစ်ခုဖြစ်သော KMD ကုမ္ပဏီ ဥက္ကဋ္ဌ ဦးသောင်းတင်က ဇွန်လအတွင်း 7Day News နှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

မိုဘိုင်းဖုန်းများဖြင့် အင်တာနက်အသုံးပြုနိုင်ခဲ့ရာမှ ဈေးကွက်ဝယ်လိုအားမြင့်တက်လာခဲ့သည့် စမတ်ဖုန်းများအနက် Android OS (Operation System) အမျိုးအစားက Apple ထုတ်ကုန် iOS များထက် သုံးစွဲမှုပိုမိုများပြားနေသည်ဟု ပြည်တွင်းမိုဘိုင်းဖုန်းဝန်ဆောင်မှုလုပ်ငန်းများထံမှ စုံစမ်းသိ ရှိရသည်။


စာ(၂၄)သို့


## Apple ၏ အိုင်ဖုန်းဖိုက်နှင့် အိုင်ပက်မီနီ စက်တင်ဘာတွင် ပေါ်ထွက်ဖွယ်ရှိ



လန်ဒန်၊ ဇူလိုင် - ၃၁

နာမည်ကျော် အမေရိကန်နည်းပညာကုမ္ပဏီ Apple သည် ၎င်း၏ စမတ်ဖုန်းသစ် iPhone 5 နှင့် iPad Mini တို့ကိုလာမည့်စက်တင်ဘာလတွင် ဆန်ဖရန်စစ္စကို၌ ပြသသွားဖွယ်ရှိကြောင်းသိရသည်။ iPhone 5 မှာ ယခင် ၂၀၀၇ တွင် စတင်ပေါ်ခဲ့သည့် iPhone များနှင့် လုံးဝခြားနားသွားမည်ဖြစ်ပြီး စကရင်အရွယ်အစား ပိုကြီးမားသွားကာ အထူမှာလည်း မကြာမီက ထွက်ရှိခဲ့သည့် iPhone 4 ၏ထက်ဝက်ခန့်သာရှိမည်ဟုဆိုသည်။ ထို့ပြင်သတင်းတွင် iPad Mini မှာ စက်တင်ဘာ ၁၂ ရက်တွင် ထွက်ပေါ်လာမည်ဖြစ်ကာ ယခင် ၁၀ လက်မအရွယ် iPad ထက်အနည်းငယ်သေးသည့် ခုနစ်လက်မအရွယ် မျက်နှာပြင်ဖြင့် ထွက်လာမည်ဟု ဖော်ပြသည်။

ယခုသတင်းမှာ Apple နှင့် Samsung အကြား မူပိုင်ခွင့်တိုက်ပွဲဖြစ်လာပြီးနောက် ရက်ပိုင်းအတွင်း ပေါ်လာခြင်းဖြစ်သည်။ Apple ၏ iPhone များသည် ယခုနှစ်ပထမသုံးလပတ်က အလုံးရေ ၃၅ ဒသမ ၁ သန်း ရောင်းချခဲ့ရပြီး ဒုတိယသုံးလပတ်တွင် အလုံးရေ ၂၆ သန်း ရောင်းချခဲ့သည်။

—*Ref: Dailymail*

## မိုဘိုင်းဖုန်းများ ဖိုးဂျီစနစ် အသုံးပြုနိုင်တော့မည်ဟုဆို



ယုဇနကိုကို

ရန်ကုန်၊ဩဂုတ်-၄

မြန်မာနိုင်ငံတွင် ၂၀၁၃ နှစ်ဆန်းပိုင်းမှစတင်ကာ ဖိုးဂျီ(4G)စနစ်ကို သုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ မိုဘိုင်းဌာနမှာ တာဝန်ရှိသူတစ်ဦးဖြစ်သော အင်ဂျင်နီယာချုပ်က 7Day News သို့ ပြောသည်။

ပြည်တွင်းမိုဘိုင်းဖုန်း ဆက်သွယ်မှုနက်ဝ့ါခ်အတွင်း 4G (Fourth Generation) စနစ် ရရှိလာမည်ဆိုလျှင် ယခုသုံးစွဲနေကြရသည့် 3Gစနစ်ထက် ပိုမိုသာလွန်သည့် အင်တာနက်မြန်နှုန်းများ အသုံးပြုလာနိုင်မည်ဖြစ်သည်။

နိုင်ငံတကာတွင် သုံးစွဲမှုတွင်ကျယ်နေပြီဖြစ်သည့် 4G စနစ်ကို အများပြည်သူသို့ ပေးနိုင်ရန်အတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ယင်းလုပ်ငန်းမှ သတင်းရရှိသည်။

4G စနစ်ဆိုသည်မှာ ဆဲလ်ဖုန်းမိုဘိုင်းဆက်သွယ်မှုကွန်ရက် (Cell Phone Mobile Communications) စံသတ်မှတ်ချက်တစ်ခုဖြစ်ပြီး အဓိကအားဖြင့် မိုဘိုင်းဖုန်းကွန်ရက်အတွင်း အသုံးပြုနိုင်သည့် နည်းပညာတစ်ခုဖြစ်သည်။

မြန်မာနိုင်ငံ၏ လက်ရှိအင်တာနက်မြန်နှုန်း သုံးစွဲနေရသည့် အခြေအနေများနှင့် ပတ်သက်ပြီး ကွန်ပျူတာလုပ်ငန်းရှင်တစ်ဦးဖြစ်သူ KMD ကွန်ပျူတာကုမ္ပဏီ၏ ဥက္ကဋ္ဌဦးသောင်းတင်က "ဒီမှာ ဖိုးဂျီစနစ်ကိုပေးဖို့ လုပ်နေကြပါပြီ။


စာ(၂၄)သို့



အရောင်း၊အကြွေးနှင့် ကုန်စာရင်းထိန်းကွန်ပျူတာစနစ်




အရောင်းအဝယ်၊အကြွေးနှင့်ကုန်ပစ္စည်းစာရင်းများကိုမျက်ခြေမပြတ်သိရှိလိုသောလုပ်ငန်းရှင်များအတွက်ကုန်ရောင်းနှင့်အကြွေးစာရင်းထိန်းကွန်ပျူတာစနစ် *iLedger®* ကို iNTEGRA Systems Company ၄၂-ဒီ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ဗဟန်း၊ရန်ကုန်မြို့တွင်ရရှိနိုင်ပါသည်။
ဆက်သွယ်ရန်ဖုန်းမှာ **01-557638, 09-73085653**



# အစိုးရဝန်ထမ်းများအတွက် အရစ်ကျဖုန်း ငွေသွင်းသောပုံစံပြောင်းလဲ

**ယုဇနကိုကို**

**ရန်ကုန်၊ ဩဂုတ် - ၄**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် အရစ်ကျစနစ်ဖြင့် မိုဘိုင်းဖုန်းဝယ်ယူထားကြသည့် အစိုးရဝန်ထမ်းများအတွက်လစဉ်ငွေသွင်းရမည့် ပုံစံကို ဩဂုတ်လကုန်မှစ၍ ပြောင်းလဲပေးလိုက်ပြီဖြစ်ကြောင်း ယင်းလုပ်ငန်း၏ မိုဘိုင်းဌာနမှ အင်ဂျင်နီယာချုပ်ကပြောကြားသည်။

မိုဘိုင်းဖုန်းများကို အရစ်ကျစနစ်ဖြင့်ဝယ်ယူထားသည့်အစိုးရဝန်ထမ်းများကို ဆင်းမ်ကတ်တန်ဖိုးအားငါးလတိတိပေးသွင်းရမည်ဟု ယခင်သတ်မှတ်ထားရာမှလာမည့် ဩဂုတ်လကုန်မှစ၍ ကျပ်နှစ်သိန်းတန် ဂျီအက်စ်အမ်ဖုန်းများကို လစာ ကျပ်တစ်သိန်း အထက်ရရှိ သောဝန်ထမ်းများက တစ်လလျှင် ၁၅,၀၀၀ ကျပ်ပေးသွင်းရမည်ဖြစ်ပြီး လစာကျပ်တစ်သိန်းအောက်ရရှိသည့် ဝန်ထမ်းများက တစ်လကျပ် ၁၀,၀၀၀ ပေးသွင်းရမည်ဟု ပြင်ဆင်သတ်မှတ်ပေးလိုက်ခြင်းဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းများကိုရောင်းထားသော အရစ်ကျစနစ် မိုဘိုင်းဖုန်းများအား လစဉ်ပေးသွင်းခွင့်ကာလကို ထပ်တိုးမြှင့်လိုက်ခြင်းနှင့်ပတ်သက်၍ ရန်ကုန်မြို့ကမာရွတ်မြို့နယ်တွင်းရှိအစိုးရအခြေခံပညာအထက်တန်းကျောင်းတစ်ကျောင်းမှ အသက် ၄၅ နှစ်အရွယ် အထက်တန်းပြဆရာမတစ်ဦးဖြစ်သူ ဒေါ်မြင့်မြင့်သွယ်က“ဆက်သွယ်ရေးက အရစ်ကျရောင်းပေးတော့ ချက်ချင်းပဲလုပ်လိုက်တယ်။ ငွေနှစ်သိန်းကြီး တစ်ခါတည်း မတတ်နိုင်လို့၊ အခုလိုတစ်လကို လေးသောင်းနဲ့ရောတတ်နိုင်လားဆိုတော့ သိပ်အတတ်နိုင်ကြီး မဟုတ်ပါဘူး။ လစာက တစ်သိန်းမပြည့်တော့ တစ်လငါးသောင်းနှုတ်ရင် မကျန်ဘူးလေ။ ဒါပေမဲ့ အခုလို တစ်လကိုတစ်သောင်းပဲ သွင်းရတော့မယ်ဆိုတော့ အတိုင်းမသိပဲ”ဟု ပြောသည်။

ယခင်က တစ်လလျှင် ကျပ်နှစ်သိန်းငါးသောင်းတန် ဒဗလျူစီဒီအမ်အေမိုဘိုင်းဖုန်းများကို တစ်လလျှင် ကျပ်ငါးသောင်းဖြင့် ငါးလတိတိပေးသွင်းရန်သတ်မှတ်ခဲ့ပြီး ကျပ်နှစ်သိန်းတန် ဂျီအက်စ်အမ်မိုဘိုင်းဖုန်းများကိုမူ တစ်လလျှင် ကျပ်လေးသောင်းဖြင့် ငါးလပေးသွင်းခွင့်ပြုခဲ့သည်။

နိုင်ငံ့ဝန်ထမ်းများအတွက် အရစ်ကျစနစ်ဖြင့် ဂျီအက်စ်အမ်နှင့်ဒဗလျူစီဒီအမ်အေရောင်းချမှုကို ဇွန်လနှင့် ဇူလိုင်လတို့တွင် ပြုလုပ်ပေးခဲ့ခြင်းဖြစ်သည်။

စာ(၂၃) - မိုဘိုင်းဖုန်းများ ဖိုးဂျီစနစ် အသုံးပြုနိုင်တော့မည်ဟုဆို မှ

ဒါဆိုရင် မိုဘိုင်းသုံးသူပိုတက်လာမယ်။ မိုဘိုင်းအသုံးပြုသူတစ်ဆယ်ရာခိုင်နှုန်းတက်ရင် နိုင်ငံရဲ့ ဂျီဒီပီက တစ်ဒသမနှစ်ရာခိုင်နှုန်းတက်ပါတယ်။ ဖိုးဂျီစနစ်ရလာရင်တော့ အိုင်စီတီကဏ္ဍမှာ ပိုပြီးအထောက်အပံ့ဖြစ်လာမှာ သေချာတယ်”ဟု ပြီးခဲ့သည့်လအတွင်း KMD ကုမ္ပဏီ၏ သတင်းစာရှင်းလင်းပွဲတစ်ခုတွင် 7Day News ၏ မေးမြန်းချက်ကို အထက်ပါအတိုင်း ဖြေကြားခဲ့သည်။

ယခုလက်ရှိမြန်မာနိုင်ငံတွင် အသုံးပြုနေရသည့် သရီးဂျီစနစ်သည် အင်တာနက်သုံးစွဲမှုကို အကောင်းမွန်ဆုံး ထောက်ပံ့မှုကို မပေးနိုင်ကြောင်း သုံးစွဲသူများကဆိုကြသည်။

စာ(၂၃) - နည်းပညာဈေးကွက် စမတ်ဖုန်းဘက်သို့ ဦးတည် မှ



**လူငယ်များအကြား အသုံးများလာသော စမတ်ဖုန်းများ**

“အရင်က လက်ပ်တော့တွေကို အလုံးအရင်း ဝယ်ခဲ့ကြရာကနေ အခုဆို စမတ်ဖုန်းတွေကို အဲ့လိုဝယ်ယူလာကြပြီ။ စမတ်ဖုန်းတစ်လုံးရှိနေရင် ကွန်ပျူတာလည်းမလိုတော့ပါဘူး။ ဖုန်းပေါ်ကနေ နေ့စဉ်သတင်းတွေကို ဖတ်နိုင်နေပြီ။ ငွေတစ်သိန်းလောက်ရှိနေရင် စမတ်ဖုန်းတစ်လုံးရနိုင်ပြီဆိုတော့ ဒီပေါ်မှာ ကွန်ပျူတာတစ်လုံးနီးပါးအတိုင်း လုပ်ဆောင်ချက်တွေပါရှိတဲ့ စမတ်ဖုန်းဈေးကွက်က ပိုကြီးလာတာပါ” ဟု KMD ကွန်ပျူတာကုမ္ပဏီမှ ဒုတိယအထွေထွေ မန်နေဂျာ ဦးစိုးငွေရက ပြောသည်။

အစိုးရက ဆင်းကတ်တန်ဖိုးများကို ကျပ်ငါးသိန်းမှ ကျပ်နှစ်သိန်းခွဲသို့ ဖြည်းဖြည်းချင်း လျှော့ချပေးနေခြင်းနှင့် မိုဘိုင်းဖုန်းများပေါ်တွင် အင်တာနက် အသုံးပြုလာနိုင်ကြသဖြင့် အသုံးပြုမှုတွင်ကျယ်လာသည့်စမတ်ဖုန်းများကြောင့်ပြည်တွင်း၏ (PC- Public Computer) ဈေးကွက်တွင်လက်ပ်တော့နှင့် နုတ်ဘွတ်ခ်များ၏ ဈေးကွက်ဝယ်လိုအားများလည်း လျော့ကျနေကြောင်း စုံစမ်းသိရှိရသည်။

“အခုနောက်ပိုင်း သိသိသာသာ ပြောင်းလဲလာတာက ဟန်းဆက်ထဲမှာမှ ဆယ်လုံးရောင်းရရင် ကိုးလုံးက စမတ်ဖုန်းတွေဖြစ်နေတယ်။ စမတ်ဖုန်းတစ်လုံးရဲ့ လုပ်ဆောင်ချက်တွေက အကြီးစားကွန်ပျူတာတစ်လုံးရဲ့လုပ်ဆောင်ချက်နီးပါးရှိနေတာမို့ သူ့ရဲ့ဈေးကွက်က တဖြည်းဖြည်းကြီးလာတာပါ”ဟု My Mobile မိုဘိုင်းဖုန်းဝန်ဆောင်မှုဆိုင် ဖွင့်လှစ်ထားသူ ဦးမောင်မောင်ကပြောသည်။

မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးစနစ်တွင် 4G အဆင့်ထိ ပေးလာနိုင်မည်ဆိုပါက စမတ်ဖုန်းကဲ့သို့ အဆင့်မြင့်နည်းပညာများကို သုံးစွဲမှု ရာခိုင်နှုန်းပိုမိုမြင့်တက်လာမည်ဖြစ်ကြောင်း KMD ဥက္ကဋ္ဌ ဦးသောင်းတင်ကပြောသည်။

ယခုလက်ရှိနိုင်ငံတကာတွင် ရေပန်းစားနေသည့် iOS နှင့် Android တို့တွင် ဈေးနှုန်းပိုမိုသက်သာသော Android ဖုန်းများက ပိုမိုလူသုံးများနေကြသည်။

စမတ်ဖုန်းများ ပြည်တွင်းဈေးကွက်အတွင်း ယှဉ်ပြိုင်မှုများဖြည်းဖြည်းချင်းများပြားလာခြင်းနှင့် တစ်ချိန်တည်းမှာပင် Tablet များ၏ ဈေးကွက်သည်လည်း လက်ပ်တော့နှင့်နုတ်ဘွတ်ခ်တို့၏ နေရာကို သိသိသာသာဝင်လာနေပြီဖြစ်ကြောင်း အထက်ပါဈေးကွက်ကျွမ်းကျင်သူများက ပြောကြသည်။

တစ်ကမ္ဘာလုံး၏မိုဘိုင်းဖုန်းရောင်းချမှုဈေးကွက်တွင် စမတ်ဖုန်းရောင်းအားသည် ၂၀၁၁ တစ်နှစ်လုံး၌ ၁၂ ရာခိုင်နှုန်းခန့်ရှိခဲ့ပြီး ယခုနှစ်၏ပထမသုံးလပတ်ကာလအထိတွင်မူ တကမ္ဘာလုံးအတိုင်းအတာအားဖြင့် စမတ်ဖုန်းရောင်းချမှုပမာဏမှာ ၁၄၄ ဒသမ ၉ သန်းခန့် ရှိပြီဖြစ်ကြောင်း အမေရိကန်နိုင်ငံအခြေစိုက် သတင်းအချက်အလက်စုဆောင်းသည့် ကုမ္ပဏီတစ်ခုဖြစ်သော (IDC- International Data Coporation)မှ ဖော်ပြသည်။


**TRADEMARK CAUTION**

Perfetti Van Melle S.P.A a company incorporated in the Italy at Via XXV Aprile, 7-20020 Lainate (MI) - Italy is the Owner and Sole Proprietor of the following Trademarks:-

Chupa Chups

Reg : No.4/7368/2012

PERFETTI van Melle

Reg : No.4/7366/2012

Center fruit

Reg : No.4/7369/2012

In respect of: Int'l : confectionery, bubble gum, chewing gum, chocolate, coffee, cocoa, chew candies, candies, drops, jellies (confectionery), lollipops, lozenges, mints, pastry, sugar, sweets, toffee, licorice, pastilles.”

Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.

U Myint Lwin, Advocate, LL.B, DBL

Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)

myint.advocate@mptmail.net.mm

www.mipadvocate.com

Ph : 371990 9. Aug. 2012





7 DAY NEWS JOURNAL
Vol.11, No.22 • AUGUST 9 , 2012



# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ခြင်း

ပါမောက္ခဒေါက်တာအောင်ထွန်းသက်

လက်ရှိစီးပွားရေး ပြုပြင်ပြောင်းလဲမှုများ၏ အခြေခံတစ်ခုမှာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ ပိုမိုရရှိအောင် စီစဉ်ဆောင်ရွက်မှုဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုများ ရရှိအောင် မက်လုံးများ ပံ့ပေးလျက်ရှိပါတယ်။ ပြည်သူ့လွှတ်တော်မှာ ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်ပြီး ဥပဒေအသစ်ကို အမြန်ဆုံးထုတ်နိုင်အောင် စီစဉ်နေပါတယ်။ အခုလို ဆောင်ရွက်နေတဲ့အချိန်မှာ မိမိရဲ့ အိမ်နီးချင်းနိုင်ငံများ၏ လှုပ်ရှားမှုများကိုသုံးသပ်လေ့လာရန် အထူးလိုအပ်လျက်ရှိပါတယ်။ တစ်လောကသတင်းစာတစ်စောင်မှာ အင်ဒိုနီးရှားနိုင်ငံရဲ့ ဆောင်ရွက်ချက်များကိုဖတ်ခဲ့ရပါတယ်။ အများသိတဲ့အတိုင်း အာဆီယံနိုင်ငံ ၁၀ နိုင်ငံအနက် အင်ဒိုနီးရှားနိုင်ငံရဲ့ စီးပွားရေးဟာ အကြီးဆုံးဖြစ်ပါတယ်။

အင်ဒိုနီးရှား နိုင်ငံအနေနဲ့ ရင်းနှီးမြှုပ်နှံမှုပမာဏကို မိမိရဲ့ ထုတ်လုပ်မှုပမာဏရဲ့ ၄၀ ရာခိုင်နှုန်းအထိ တိုးတက်ဖို့ စီစဉ်လျက်ရှိတယ်။ တစ်ဖက်မှလည်း ဒီရင်းနှီးမြှုပ်နှံမှုပမာဏကို အားကိုးပြီး နိုင်ငံရဲ့ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုနှုန်းကို ၈ ရာခိုင်နှုန်းအထိရောက်အောင် စီစဉ်နေတာတွေ့ရတယ်။ အခုလို ကြိုးစားနိုင်ရင် မကြာမီကာလအတွင်း ဖွံ့ဖြိုးပြီးနိုင်ငံအဆင့်ရောက်အောင် ရည်ရွယ်နေတာဖြစ်တယ်။

အင်ဒိုနီးရှားနိုင်ငံမှာ ရင်းနှီးမြှုပ်နှံသော နိုင်ငံများအနက် စင်ကာပူနိုင်ငံက အများဆုံးဖြစ်ပါတယ်။ စင်ကာပူမှာ ရင်းနှီးမြှုပ်နှံမှုများကို ကုန်စည်များနဲ့ပတ်သက်ပြီး ရင်းနှီးမှုမှ ဝန်ဆောင်မှုလုပ်ငန်းများနဲ့ အဆင့်မြင့်နည်းပညာကဏ္ဍများနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ဖို့ တွန်းအားပေးလျက်ရှိပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်ပြီး အင်ဒိုနီးရှားမှာ ရင်းနှီးမြှုပ်နှံမှု ညှိနှိုင်းမှုဘုတ်အဖွဲ့ကို တည်ထောင်ခဲ့ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ Myanmar Investment Commission (MIC) နဲ့ ပုံစံတူပါတယ်။ ဘုတ်ရဲ့ တာဝန်ဟာလည်း မသေးလှပါဘူး။ ခက်ခဲနေတဲ့ စီးပွားရေးပတ်ဝန်းကျင်အတွင်းမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏတိုးအောင် ကြိုးစားအားထုတ်မှုဖြစ်မယ်ဆိုတာကိုသဘောပေါက်ပါတယ်။ FDI ပမာဏကို လက်ရှိပမာဏထက် တစ်ဆတိုးပြီး ၂၀၁၅ မှာ အမေရိကန်ဒေါ်လာဘီလီယံ ၆၀ ရအောင် ရည်မှန်းထားတာတွေ့ရပါတယ်။ ဒီဘုတ်အဖွဲ့ ဥက္ကဋ္ဌက အင်ဒိုနီးရှားမှာ အလုပ်အကိုင်အခွင့်အရေးတွေဖန်တီးပြီး ဆင်းရဲနွမ်းပါးမှုလျော့ပါးအောင် နှစ်စဉ် စီးပွားရေးတိုးတက်မှုနှုန်း ၇ ရာခိုင်နှုန်းမှ ၈ ရာခိုင်နှုန်းအထိ ရဖို့လိုကြောင်း ခန့်မှန်းထားခဲ့တယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏဟာ အင်ဒိုနီးရှားနိုင်ငံ GDP ရဲ့ ၃၅-၄၀ ရာခိုင်နှုန်းအထိရဖို့လိုကြောင်း ခန့်မှန်းထားခဲ့တယ်။ နိုင်ငံတော်သမ္မတရဲ့ စီးပွားရေးအကြံပေးတဲ့သူကဒီလိုဖြစ်ဖို့ တိုင်းပြည်စီးပွားရေးကို နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုအတွက် ဖွင့်လှစ်ထားဖို့လိုကြောင်း အကြံပြုခဲ့တယ်။ အာဆီယံ ၁၀ နိုင်ငံအနက် အင်ဒိုနီးရှားနိုင်ငံရဲ့ စီးပွားရေးဟာ တိုးတက်မှုအမြင့်မားဆုံးဖြစ်နေပြီး လွန်ခဲ့တဲ့ ၂နှစ်မှာ ပျမ်းမျှခြင်းအားဖြင့် ၆ရာခိုင်နှုန်းခန့် တိုးတက်ခဲ့တာတွေ့ရပါတယ်။ ၂၀၁၂ ခုနှစ်မှာလည်း ဒီအရှိန်ကို ထိန်းသိမ်းနိုင်လိမ့်မယ်လို့ ခန့်မှန်းထားခဲ့တယ်။ ၂၀၁၁ ခုနှစ်မှာ FDI ပမာဏဟာ အမေရိကန်ဒေါ်လာ ၁၉ ဘီလီယံလောက်ဖြစ်ခဲ့ပြီး ၂၀၁၀ ပမာဏထက် ၂၀ ရာခိုင်နှုန်းပိုမိုခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်ပထမလေးလကာလမှာ ရရှိခဲ့တဲ့ FDI ပမာဏဟာ ခန့်မှန်းထားတဲ့ ရည်မှန်းချက်ဖြစ်တဲ့ အမေရိကန်ဒေါ်လာ ၂၇ ဘီလီယံကိုပြည့်မီစေနိုင်မယ်လို့လည်း ခန့်မှန်းထားပါတယ်။ အခုလို FDI နဲ့ပတ်သက်ပြီး အခြေအနေတွေ ကောင်းပေမယ့် ပြည်တွင်းလုပ်ငန်းရှင်များက မိမိတို့ရဲ့ လုပ်ငန်းတွေကို ကာကွယ်စောင့်ရှောက်ပေးဖို့ တောင်းဆိုချက်တွေပိုလိုခဲ့ပါတယ်။ ဒီတောင်းဆိုချက်တွေကို ဖြည့်ဆည်းပေးတဲ့ ပေါ်လစီများကို နိုင်ငံတော်က ချမှတ်ခဲ့တဲ့အတွက် နိုင်ငံခြားကရင်းနှီးမြှုပ်နှံသူတွေအတွက် အဟန့်အတားဖြစ်ခဲ့တယ်။ တစ်ဖက်ကလည်း အစိုးရချမှတ်ဖော်ထုတ်ခဲ့တဲ့ပေါ်လစီတွေဟာ ရေရာမှုမရှိတဲ့အတွက် ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ စဉ်းစားစရာတွေဖြစ်ခဲ့တယ်။ မကြာသေးမီက အင်ဒိုနီးရှားအစိုးရဟာ သတ္တုတူးဖော်ရေးနဲ့လုပ်ငန်းများနဲ့ ဘဏ်များနဲ့ပတ်သက်ပြီး FDI ကန့်သတ်ချက်တွေ ထုတ်ပြန်ခဲ့တာမို့ ပြင်ပရင်းနှီးမြှုပ်နှံသူတွေအဖို့ အခက်အခဲကြုံခဲ့ပါတယ်။ တစ်ဖက်ကလည်း အမျိုးသားစီးပွားရေးကိုကာကွယ်စောင့်ရှောက်ဖို့လိုအပ်တယ်ဆိုတဲ့တောင်းဆိုချက်တွေဟာလည်းကျယ်လောင်လာခဲ့တယ်။ အင်ဒိုနီးရှားအစိုးရအနေနဲ့ အခုလို ရည်ရွယ်တာ မဟုတ်ဘဲ သဘာဝသယံဇာတတွေ ထိန်းသိမ်းစောင့်ရှောက်စေချင်သလို နိုင်ငံတော်ဘဏ္ဍာတိုးတက်စေချင်တဲ့ စေတနာနဲ့ ဆောင်ရွက်ခြင်းဖြစ်တယ်လို့ ပြန်လည်ချေပခဲ့ပါတယ်။ နိုင်ငံခြားသားတွေကို ထိခိုက်စေချင်တဲ့ ဆန္ဒနဲ့ ဆောင်ရွက်တာ မဟုတ်ကြောင်းပြောကြားခဲ့ပါတယ်။

အင်ဒိုနီးရှားနိုင်ငံရဲ့ စီးပွားရေးပေါ်လစီဖော်ထုတ်အကောင်အထည်ဖော်မှုနဲ့ ပတ်သက်ပြီး ကမ္ဘာ့ဘဏ်က ၂၀၁၁ ခုနှစ်မှာ ထုတ်ဝေခဲ့တဲ့အလွယ်တကူစီးပွားရေးလုပ်ဆောင်နိုင်မှုညွှန်ကိန်းအရအင်ဒိုနီးရှားနိုင်ငံဟာ ၁၈၃ နိုင်ငံများအနက် အဆင့်-၁၂၉ မှာရှိနေကြောင်း ဖော်ပြခဲ့ပါတယ်။

မကြာသေးမီ ကာလမှာလည်း ကမ္ဘာ့ဘဏ်က အင်ဒိုနီးရှားအစိုးရကို စီးပွားရေးမူဝါဒချမှတ်မှုမှာ ပိုမိုကျစ်လျစ်အောင် လုပ်ဆောင်သင့်ကြောင်း အကြံပြုခဲ့ပါတယ်။ ဘဏ္ဍာရေးဝန်ကြီးဟောင်းက အင်ဒိုနီးရှားအစိုးရအနေနဲ့ညှိနှိုင်းမှုပိုမိုထိရောက်အောင်ဆောင်ရွက်ရမှာဖြစ်တာကို ထောက်ပြသွားခဲ့တယ်။ အင်ဒိုနီးရှားနိုင်ငံဟာ အခုလို ကမ္ဘာ့စီးပွားရေးအခြေအနေ မတည်မငြိမ်ဖြစ်နေချိန် နိုင်ငံတော် အစိုးရက ချမှတ်တဲ့ မူဝါဒ ပေါ်လစီတွေဟာ မှန်ကန်တိကျပြတ်သားဖို့ လိုကြောင်းကိုလည်းထောက်ပြခဲ့ပါတယ်။

အင်ဒိုနီးရှားမှာ FDI နဲ့ ပတ်သက်ပြီး Investment friendly climate ရင်းနှီးမြှုပ်နှံမှုကို ကြိုဆိုအားပေးတဲ့ရာသီဥတု ယခုထက်ပိုမိုတည်ဆောက်ဖို့လိုကြောင်း သဘောတူခဲ့တယ်။ အမျိုးသားစီးပွားရေး အချုပ်အခြာအာဏာကို ရှေ့တန်းမတင်သင့်ကြောင်း လက်ခံခဲ့ပါတယ်။

နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ညှိနှိုင်းရေးဘုတ်အဖွဲ့ဟာ အင်ဒိုနီးရှားနိုင်ငံကို ရင်းနှီးမြှုပ်နှံမှုတွေ များများနဲ့ မြန်မြန်လာအောင် ဆောင်ရွက်လျက်ရှိပါတယ်။ အင်ဒိုနီးရှားနဲ့ စီးပွားရေးအရ ဆက်သွယ်မှုအများဆုံးရှိတဲ့ စင်ကာပူနိုင်ငံဟာ အင်ဒိုနီးရှားနိုင်ငံရဲ့ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုရဲ့ အသီးအပွင့်တွေကို ခံစားရလိမ့်မယ်လို့လည်း အာမခံချက်တွေပေးနေပါတယ်။ အင်ဒိုနီးရှားရဲ့ စီးပွားရေးပမာဏဟာ အာဆီယံနိုင်ငံ ၁၀ နိုင်ငံရဲ့ စီးပွားရေးရဲ့ ၄၈ ရာခိုင်နှုန်းရှိပါတယ်။

ဆရာ ဖတ်ခဲ့တဲ့ အင်ဒိုနီးရှားနိုင်ငံရဲ့ အခြေအနေ ဆောင်းပါးကိုဖတ်ရှုပြီး ကိုယ့်နိုင်ငံအတွက် ခြုံငုံသုံးသပ်မိပါတယ်။ ဆရာတို့နိုင်ငံကို Late Comer နောက်ကျခဲ့သူအဖြစ် အများက သတ်မှတ်ကြတယ်။ နောက်ကျခြင်းဟာ အားငယ်စရာ မဟုတ်ပါဘူး။ နောက်ကျခဲ့တဲ့အဖြစ်ကို ကိုယ့်အတွက် ဘယ်လိုအကျိုးရှိစေမယ့် သင်ခန်းစာတွေ ယူနိုင်မယ်ဆိုတာကိုသာ စဉ်းစားရမှာဖြစ်ပါတယ်။ တခြားနိုင်ငံတွေ မှားတဲ့အမှားကို ကိုယ်မမှားဖို့လိုအပ်ပါတယ်။ အင်ဒိုနီးရှားဟာ FDI ၁၀၀ ဘီလီယံ ရဖို့ အိပ်မက်မက်ခဲ့တယ်။

အမှန်တော့ FDI မှာ Battery Down နေတဲ့ကားကို တွန်းနှိုးတာထက် တခြားကားတစ်စီးက Battery နဲ့ ချိတ်ပြီး နှိုးလိုက်ရင် မြန်မြန်နိုးမှာ FDI ကို အခွင့်အရေးတစ်ရပ်အဖြစ် မြင်ဖို့လိုတယ်။ များများရဖို့၊ မြန်မြန်ရဖို့ ဘာလုပ်ရမလဲဆိုတာကို နိုင်ငံသားအားလုံးက အဖြေရှာကြဖို့လိုအပ်ပါတယ်။ ဆရာကတော့ FDI တွေ ဝင်လာအောင် ဘယ်လိုမက်လုံးတွေ ပေးသင့်သလဲဆိုတာ ပိုစဉ်းစားသင့်ပါတယ်။ မရခင် မိမိရဲ့ စိတ်ပူစိတ် စိုးရိမ်စိတ်တွေ လွန်ကဲပြီး အကန့်အသတ်တွေအတားအဆီးတွေကို ထုတ်ဖော်ဖို့ စဉ်းစားနေရင် FDI မဝင်လာမှာ သိပ်စိတ်ပူပါတယ်။ ရင်းနှီးမြှုပ်နှံတဲ့သူမှာ ရွေးချယ်စရာ ရှိပါတယ်။ မြန်မာနိုင်ငံမှာ မရင်းနှီးရင် တခြားနိုင်ငံ သွားမှာပဲ။ သူတို့အတွက် တွက်ခြေမကိုက်တဲ့နိုင်ငံကို ဦးစားပေးရွေးချယ်မှာဖြစ်တယ်။ ဒါဟာ စီးပွားရေးနိယာမတရားပဲ။

ကိုယ်က လိုချင်ရင် ကိုယ်က လိုက်လျောရလိမ့်မယ်။ ဒီလိုပြောတဲ့ အတွက် ဖြစ်ချင်တာဖြစ်လို့ ပြောတာ မဟုတ်ပါဘူး။ စဉ်းစားဖို့လိုတဲ့ စိတ်နဲ့ ရအောင်ကြိုးစားရမယ်။ ဒါပေမဲ့ လွန်ကဲတဲ့ စိုးရိမ်စိတ်ကိုတော့ ရှေ့တန်းတင်ပြီး မစဉ်းစားသင့်ပါဘူး။ ပြည်တွင်းလုပ်ငန်းရှင်တွေအတွက်လည်း စဉ်းစားဖို့ လိုပါတယ်။ သူတို့ကို အားပေးဖို့လိုတယ်။ သူတို့ကို ကူညီဖို့လိုတယ်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူတွေနဲ့ ရင်ပေါင်တန်းပြီး ပြိုင်ပွဲဝင်နိုင်အောင် ဆောင်ရွက်ရမယ်။ ဥပမာတစ်ခု ပြောရရင် နိုင်ငံခြားမှာ ငွေချေးတဲ့အတိုးဟာ မြန်မာနိုင်ငံရဲ့ ယှဉ်ရင် နည်းတယ်။ သူတို့မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံချင်ရင် ဘဏ်က အတိုးနှုန်းသက်သက်သာသာနဲ့ ငွေချေးနိုင်တယ်။ ပြည်တွင်းလုပ်ငန်းရှင်တွေ ဘဏ်ချေးငွေ အတိုးနှုန်းဟာ များနေတယ်။ ဒါကြောင့် ပြိုင်ဆိုင်တဲ့နေရာမှာ တပန်းရှုံးတယ်။ ဒီအခြေအနေမျိုးမှာ နိုင်ငံတော်က ဘဏ်အတိုးနှုန်းနဲ့ ပတ်သက်ပြီး ပြန်လည်သုံးသပ်ရမှာဖြစ်ပါတယ်။ ဆရာပြောချင်တာက ပြည်တွင်းလုပ်ငန်းရှင်တွေ ပြိုင်နိုင်အောင် ဘာတွေလုပ်ပေးရမလဲဆိုတာကို စဉ်းစားပြီး ဖော်ထုတ်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ Myanmar Investment Commission (MIC) မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို ဖွဲ့စည်းပေးခဲ့တယ်။ MIC ကိုဗဟိုကျတဲ့အခန်းကဏ္ဍမှာထားပြီး နိုင်ငံရင်းနှီးမြှုပ်နှံမှုရော၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုကိုပါ ဘယ်နည်းဘယ်ပုံ အများဆုံးနဲ့ အမြန်ဆုံးရအောင်ဖော်ဆောင်သွားရမှာ ဖြစ်တယ်။ ဝန်ကြီးဌာနအသီးသီးနဲ့ ပုဂ္ဂလိကကဏ္ဍမှာ တာဝန်ရှိသူတွေကို MIC က ဗဟိုပြုပြီး ညှိနှိုင်းဆောင်ရွက်ဖို့ အထူးလိုအပ်နေပါတယ်။ ။

7 DAY NEWS JOURNAL
Vol.11, No.22 · AUGUST 9 , 2012

# ပီအာ – လား
# တပ်ပေါင်းစု – လား
# ပိုနေမြဲ၊ ကျားနေမြဲ – လား

## ဘေးမှ ရပ်ကြည့်သူတစ်ဦး၏ ထင်မြင်ချက်များ


ကျော်ဝင်း

■ **စကားပလ္လင်**

အခုတလော၊ စာရေးသူထံသို့ ပြည်တွင်း ပြည်ပမီဒီယာအချို့မှ လူကိုယ်တိုင်ရော၊ တယ်လီဖုန်းဖြင့်ပါ ဆက်သွယ်မေးမြန်းလာသည်များ ရှိသည်။ ‘ပီအာဆိုတာဘာလဲ’၊ ‘ဘာ့ကြောင့် ပီအာလဲ’၊ ‘ပီအာနဲ့ မြန်မာ့နိုင်ငံရေးစရွေးကိုက်ပါ့မလား’ စသဖြင့်။ ပြောရလျှင် စာရေးသူ မဖြေချင်သော မေးခွန်းများဖြစ်ပါသည်။

ဒါကလည်း အကြောင်းရှိသည်။ စာရေးသူလေးစားတန်ဖိုးထားသော၊ တစ်နည်း လက်ရှိနိုင်ငံရေး အရွေ့ရောက်အောင် တွန်းတင်ခဲ့ကြသည့် အင်အားစုများထဲတွင် အဓိကအခန်းမှ ပါဝင်ခဲ့သည်ဟု စာရေးသူယူဆသော နိုင်ငံရေးပါတီများ (ပို၍ တိတိကျကျဆိုရလျှင်) ၂၀၁၀ ရွေးကောက်ပွဲဝင်ပါတီများနှင့်ပတ်သက်နေ၍ဖြစ်သည်။ ဤပါတီများ၏ အနေအထားနှင့်အခက်အခဲကို စာရေးသူ စာနာနိုင်သည်။ သူတို့စေတနာကိုလည်း ယုံကြည်သည်။ သို့အတွက် သူတို့အဆိုပြုလာသော ပီအာကိုစွက်ဖက်နှာစေးနေဖို့ပင် ဆုံးဖြတ်ထားသည်။

သို့တစေ ယခုအခါ ပီအာအရေးမှာ မြန်မာ့နိုင်ငံရေး အနာဂတ်အတွက်အရေးကြီးသော ဒီဘိတ်ကြီးတစ်ခုဖြစ်လာလေမည်လား။ စဉ်းစားမိ၍ ယခုစာစုကို ရေးပါသည်။ အခြားမည်သည့် ရည်ရွယ်ချက်မှ မရှိပါ။ မိတ်ဆွေများနှင့် တာဝန်ရှိသူများထည့်သွင်းစဉ်းစားလိုပါက စဉ်းစားနိုင်ရန် မိမိဉာဏ်မီသမျှ ထင်မြင်ချက်အချို့ကို တင်ပြလိုက်ခြင်းသာဖြစ်ပါကြောင်း။



■ **ဘာလဲ-ပီအာ**

(သမိုင်းကြောင်း)

‘ပီအာ’ ဆိုသည်မှာ Proportional Representation ဆိုသည်ကို အတိုကောက်ယူထားခြင်းဖြစ်သည်။ အနီးစပ်ဆုံး မြန်မာမှု ပြုရလျှင် ‘အချိုးကျ ကိုယ်စားပြုစနစ်’ ဟု ဆိုနိုင်ပါလိမ့်မည်။ နိုင်ငံရေးပါတီများ ရွေးကောက်ပွဲတွင် ရရှိသည့် မဲအရေအတွက်အရ ဥပဒေပြုလွှတ်တော်တွင် အချိုးကျခွဲဝေယူရမည့် စနစ်ဟု နားလည်ရပါသည်။ အဘိဓာန်ဖွင့်ဆိုချက်အတိုင်း အတိအကျ ဖော်ပြရလျှင် ယခုလို။ "electoral system designed to produce legislative bodies in which the number of seats held by each group or party is proportional to the number of votes cast for..."

လက်လှမ်းမီသမျှ သမိုင်းကြောင်းအရ ဆိုရလျှင် ပြင်သစ်တော်လှန်ရေးကာလလောက်ကပင် ပီအာစနစ်အကြောင်း စတင်စဉ်းစားခဲ့ကြသည်ဟု သိရပါသည်။ ဗြိတိသျှ နိုင်ငံရေးဘောဂဗေဒပညာရှင် ဂျွန်စတုရပ်မီး(လ)က စတင်ဖော်ထုတ်ခဲ့သည်ဟုလည်း အမှတ်အသားရှိသည်။ စံတော်ဝင်ရွေးကောက်ပွဲစနစ်ဟုဆိုနိုင်သော ‘မဲအများဆုံးရသူက အနိုင်ရသည့်စနစ်’ (First Post the Post)အတိုကောက် FPTP စနစ်၏ အားနည်းချက်များကို ဝေဖန်သုံးသပ်ရာမှ ပေါ်ထွက်လာခြင်းဖြစ်သည်။ FPTP စနစ်မှာ ‘ပေါက်သူအကုန်ယူ’ (Winner takes all) သဘောဖြစ်ရာ အများစုနှင့် ဗိုလ်ကျသည်မျိုး (Tyranny of majority) ဖြစ်နိုင်၍ ပါတီငယ်များ အထူးသဖြင့် လူမျိုးစုပါတီများ ‘ဘေးရောက်သွားနိုင်’(Marginatized)သောကြောင့် ပီအာစနစ်ကို အဆိုပြုလာသည်ဟု ဆိုပါသည်။ ပီအာစနစ်ကို ပထမဆုံးအကောင်အထည်ဖော်ကျင့်သုံးခဲ့သည်မှာ ဒိန်းမတ်နိုင်ငံ ဖြစ်သည်။

(၁၈၅၅) နောက်တွင်မူ လူမျိုးများစွာဖြင့် ပြည်ထောင်စု ပုံသဏ္ဌာန်စုစည်းကြသော နိုင်ငံတော်တော်များများ လိုက်ပါကျင့်သုံးလာကြသည်။ ဆွစ်ဇာလန် (၁၈၉၁)၊ ဘယ်လ်ဂျီယံ(၁၈၉၉)၊ ဖင်လန်(၁၉၀၆)စသည်တို့ ဖြစ်ပါသည်။ လူမျိုးစု လူနည်းစုများရှိသော ပါတီတွေအများကြီးရှိနေသော နိုင်ငံများအတွက် ပိုမိုဒီမိုကရေစီနည်းကျသောရွေးကောက်ပွဲစနစ်ဟု ပညာရှင်များက အမှတ်ပေးကြပါသည်။ သို့နှင့်တိုင် ၁၉၂၀ ပြည့်လွန်နှစ်များက ပေါ်ထွက်လာခဲ့သော ဂျာမန်ဝိုင်မာသမ္မတနိုင်ငံတွင် ပီအာစနစ်ကို ကျင့်သုံးခဲ့ရာမှ ဟစ်တလာ၏နာဇီပါတီ အာဏာရလာသော သမိုင်းကလည်း ရှိနေပြန်သည်။ ဤအချက်ကို အကြောင်းခံ၍ ပီအာစနစ်၏ အားနည်းချက်မှာ အစွန်းရောက်ပါတီများ အာဏာရလာနိုင်သည့် အလားအလာရှိသည် ဆိုသော ဝေဖန်ထောက်ပြချက်များလည်း ရှိပါသည်။ သို့နှင့်အမျှ နောက်ပိုင်းတွင် FPTP နှင့် PR ကို ပေါင်းစပ်ကျင့်သုံးသည့် စနစ်လည်းပေါ်လာသည်။ တစ်စိတ်တစ်ပိုင်းအချိုးကျစနစ်(Semi-proportional System)ဟု ခေါ်ပါသည်။

■ **ဘာ့ကြောင့်-ပီအာ**

(သတင်းအဆက်အစပ်)

‘မြန်မာ့နိုင်ငံရေးတွင် ဘာကြောင့် ပီအာအကြောင်း ပြောလာကြပါသနည်း။ ဤမေးခွန်းကို ဖြေဖို့ စာရေးသူက သတင်းတွေကို ‘စဉ်’ကြည့်သည်။ ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲ၊ ရွေးကောက်ပွဲအပြီး သုံးသပ်ချက်များ၊ ထို့နောက် ဒီမိုကရေစီ မိတ်ဆွေပါတီများ၏ ဩစတြေးလျခရီးစဉ်၊ နောက်အဆိုပါ ပါတီများနှင့် သမ္မတကြီး၏ နေပြည်တော်လယ်တောအိမ် တွေ့ဆုံပွဲ၊ ယခုနောက်ဆုံး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့်တွေ့။ ဇာတ်၏အစမှာ ကြားဖြတ်ရွေးကောက်ပွဲဟု ထင်သည်။

အားလုံးသိကြသည့်အတိုင်း ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲတွင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)က နေရာအားလုံး လောက်ဝင်ပြိုင်သည်။ ပြောရလျှင် လူမျိုးစုပါတီများရှိရာ မဲဆန္ဒနယ်များကိုပင် မရှောင်။ ပြိုင်သလောက်လည်း နိုင်သည်။ (ကျားဖြူပါတီ တစ်နေရာမှလွဲ၍) NLD အတွက်တော့ အောင်ပွဲပင်။ ဒီမိုကရက်တစ်အင်အားစုများ ညီညွတ်ရေး အတွက်တော့ မကောင်း။ အထူးသဖြင့် လူမျိုးစုပါတီများ။ (ဤအလားအလာကို တွက်ဆမိ၍ ရွေးကောက်ပွဲအကြိုကာလကပင် စာရေးသူ သတိပေးရေးသားဖူးပါသည်။ ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်ထုတ် The Voice ဂျာနယ်ပါ။ “လမ်းစပေါ်ပြီး-မြူတွေ ဆိုင်းဆဲ” ဆောင်းပါး။ ရှုစေတော့)

ချုပ်လိုက်လျှင် ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲ အဖြေမှာ လူမျိုးစုပါတီများ အပါအဝင် ၂၀၁၀ ရွေးကောက်ပွဲဝင် ပါတီများ (တစ်နည်းဒီမိုကရက်တစ် အင်အားစုများ)အတွက် ဘေးဖယ်ခံရမည့် အန္တရာယ်ကြီးဖြစ်လာရတော့သည်။ ဤတွင် သူတို့အနေနှင့် ပီအာကို စဉ်းစားလာကြသည်မှာ သဘာဝကျသည်ဟု ထင်သည်။ မိမိကိုယ်တိုင်ဆိုလျှင်လည်း ဤအတိုင်းပင် စဉ်းစားမိပါလိမ့်မည်။ သို့သော် မိမိမှာ နိုင်ငံရေးသမားမဟုတ်။ မည်သည့်ပါတီဝင်မှလည်း မဟုတ်။ စာရေးသူ(တစ်နည်း မီဒီယာသမား)ပင်ဖြစ်ရာ အချစ်၊ အမုန်းများဖြင့် ပြဿနာကို ချဉ်းကပ်ဖို့မသင့်။ မိမိထင်မြင်ချက်ကို အရင်းအတိုင်းပြောဖို့ တာဝန်ရှိသည်ဟု ယူဆသည်။ခံယူသည်။

■ **ထင်မြင်ချက်(၁)**

(သုံးချက်)

အားလုံးသိကြသည့်အတိုင်း မြန်မာနိုင်ငံမှာ လူမျိုးစုများစွာ မှီတင်းနေထိုင်ကြသောပြည်ထောင်စုကြီးဖြစ်သည်။ လူမျိုးစုနိုင်ငံရေးပါတီများလည်း မနည်းမနောရှိသည်။ တိုင်းရင်းသားလူမျိုးများ၏ အရေးမှာ မြန်မာ့နိုင်ငံရေး (တစ်နည်း မြန်မာ့ဒီမိုကရေစီရေး) ၏ အသည်းနှလုံးနေရာတွင် ရှိသည်ဟုလည်း စာရေးသူ နားလည်ထားသည်။ ထို့ထက် မြန်မာပြည်တွင် နိုင်ငံရေးပါတီတွေ အတော်များသည်။ ဒါကလည်း သဘာဝကျသည်။ ကာလတာရှည် ဒီမိုကရေစီနှင့် ဝေးနေသော လူ့အဖွဲ့အစည်း တစ်ရပ်အနေနှင့် ဒီမိုကရေစီတာထွက်တွင် ပါတီတွေ များတတ်သည်မှာ သဘာဝပင်ဖြစ်သည်။ ပိုအရေးကြီးသည်မှာ အဆိုပါ ပါတီအားလုံးလောက်မှာလည်း ဒီမိုကရေစီအင်အားစုများ ဖြစ်နေခြင်းပင်။

သို့အတွက် ပါတီငယ်လေးများ၏ ပြောရေးဆိုခွင့်ကို ပိုမိုအာမခံချက်ပေးနိုင်လိမ့်မည်ဟု ယူဆရသော ပီအာစနစ်မှာ ရေရှည်တွင် မြန်မာ့လူ့အဖွဲ့အစည်းနှင့် ပိုစရွေးကိုက်လိမ့်မည်ဟု သဘောရပါသည်။ သို့နှင့်တိုင် ယခုလောလောဆယ်တွင်မူ ထည့်သွင်းစဉ်းစားစရာများ ရှိသလောက် ရှိလိမ့်မည်ထင်သည်။ စာရေးသူစဉ်းစားမိသလောက် အနည်းဆုံးသုံးချက်ကို တင်ပြလိုပါသည်။

၁။ ပီအာစနစ် လက်တွေ့ကျင့်သုံးကြသော နိုင်ငံများ၏ အတွေ့အကြုံအရ ဤစနစ်၏ လုပ်ထုံးလုပ်နည်းများမှာ ရှုပ်ထွေးသည်နှင့် အမျှ လက်ပေါက်စိပ်သည်ဟု သိရပါသည်။ တစ်စုံတစ်ရာ ရင့်ကျက်ပြီး ဒီမိုကရေစီနိုင်ငံများအတွက် ကိစ္စမရှိ။ မြန်မာနိုင်ငံလို သက်တမ်းအရရော၊ အတွေ့အကြုံအရပါ နုနယ်သေးသော အနေအထားနှင့် လက်တွေ့ပြဿနာ ရှိနိုင်မရှိနိုင် စဉ်းစားဖို့ လိုပါလိမ့်မည်။ လက်ရှိအခြေအနေတွင် ဤစနစ်ကို ကျင့်သုံးမည်ဆိုပါက (စွမ်းဆောင်ရည်အရရော မရိုးသားမှုများကြောင့်ပါ) အားနည်းချို့ယွင်းချက်များ ရှိလာနိုင်သည်။

၂။ ပီအာစနစ်မှာ မြန်မာ့လူမှုနိုင်ငံရေးဓလေ့(တစ်နည်းမြန်မာတို့၏စိတ်အခံ)နှင့် အလုပ်ဖြစ်နိုင်၊ မဖြစ်နိုင် စဉ်းစားဖို့လိုမည် ထင်သည်။ မြန်မာ့ဓလေ့က အကွဲအပြဲဘက်အားသန်သည်။ ပါတီများစွာမဆိုနှင့် ပါတီတစ်ခုထဲမှာပင် ကွဲတတ်သည်။ ကွဲလေ့ရှိသည်။ ထို့ထက် ‘သူဖြူလျှင် ငါမည်းမည်’ဆိုသော စစ်အေးလောဂျစ်ကလည်း စွဲစွဲခိုင်ခိုင်ရှိနေသည်။ ပီအာစနစ်ကနိုင်ငံရေးပါတီများညှိနှိုင်းဆောင်ရွက်ကြရမည်ဖြစ်ရာ ဘုံတူညီချက် (Common Ground) ရှာဖို့ ခက်လိမ့်မည်ထင် သည်။

၃။ ပီအာစနစ်၏ လွှတ်တော်တွင်နိုင်ငံရေးပါတီတော်တော်များ များ အချိုးကျပါဝင်ခွင့် ရကြမည်ဖြစ်ရာ အရေးကြီးသော ဆုံးဖြတ်ချက်များ(ဥပမာ-ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး) ချမှတ်နိုင်ရန်လုံလောက်သည့်၇၅ရာခိုင်နှုန်း ရဖို့မလွယ်ဟုစဉ်းစားမိသည်။ ဤသို့ဆိုလျှင် မြန်မာ့ဒီမိုကရေစီရေးမှာ ရှေ့မတိုးနောက်မဆုတ်၊ ‘အီလည်တန့်ခံမှု’နှင့် ကြုံရနိုင်သည်။ ဆိုရလျှင် ရွှေပြည်တော်မျှော်တိုင်း ဝေးပင် ဖြစ်သွားနိုင်သည်။

ဤသို့ဆိုသည်နှင့် ပီအာကို ဆန့်ကျင်သည်မဟုတ်ပါ။ ရေရှည်အတွက်ကောင်းနိုင်ပါသည်။ ရေတိုတွင်မူ စဉ်းစားစရာများ ရှိလိမ့်မည်ထင်သည်။ အထူးသဖြင့် ဆိုခဲ့ပါ တတိယအချက်ကို အလေးထားစဉ်းစားပေးစေချင်ပါသည်။

■ **ထင်မြင်ချက်(၂)**

(တပ်ပေါင်းစုလမ်းကြောင်း)

မြန်မာ့နိုင်ငံရေးနှင့်ပတ်သက်ပြီး စာရေးသူစဉ်းစားထားသည်က တစ်မျိုးဖြစ်သည်။ စာရေးသူမှာ နိုင်ငံတကာအိုင်ဒီယာရေစီးများနှင့် မိတ်ဆက်ပေးနေသူဖြစ်သည့်တိုင် မြန်မာ့အရေးနှင့် ပတ်သက်လျှင်မူ မိမိနိုင်ငံ၏ ပကတိအရှိမှ စတင်လိုသည်။ စာရေးသူအမြင် မြန်မာ့နိုင်ငံရေး ရွှေခေတ်မှာ ဖက်ဆစ်တော်လှန်ရေး အကြိုကာလက စတင်ခဲ့သော လွတ်လပ်ရေးကြိုးပမ်းမှု နှစ်များဟု ယူဆသည်။ ဤကာလအတွင်း ရွေးချယ်ခဲ့ကြသည်မှာ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော တပ်ပေါင်းစုနိုင်ငံရေးလမ်းကြောင်းဟု သဘောရပါသည်။

ဗိုလ်ချုပ်ဦးဆောင်မှုဖြင့် လက်ဝဲညီညွတ်ရေး အခြေခံကာ လွတ်လပ်ရေးအရ ယူပေးခဲ့သလို စာရေးသူတို့ခေတ်တွင်လည်း ဒီမိုကရက်တစ် အင်အားစုများ ညီညွတ်ရေးကိုအခြေခံကာဒီမိုကရေစီအရ ယူပေးစေချင်သည်။ (ဗိုလ်ချုပ်သမီး ဒေါ်အောင်ဆန်းစုကြည်နှင့်ပတ်သက်သော စာရေးသူ၏ မျှော်လင့်ချက်မှာ ဒါပဲဖြစ်သည်)

ဤသို့ဖြစ်ဖို့ဆိုလျှင် တစ်ဦးချင်း လျှောက်လွှာတင်ဆိုသော သခင်စိုး လမ်းကြောင်းအတိုင်း လိုက်လို့မဖြစ်။ ‘လက်တွဲနိုင်သမျှ အင်အားစု အားလုံးနှင့် လက်တွဲမည်’ ဆိုသော ဗိုလ်ချုပ်လမ်းကြောင်း၊ တစ်နည်း တပ်ပေါင်းစုလမ်းကြောင်းနှင့်မှ ဖြစ်လိမ့်မည်ဟု ဆင်ခြင်မိသည်။

ပီအာဖြစ်စေ၊ လက်ရှိ FPTP ဖြစ်စေ(သို့မဟုတ်) ဤနှစ်ခုပေါင်းစပ်၍ဖြစ်စေ မည်သည့်စနစ်နှင့်သွားသွား တပ်ပေါင်းစုနိုင်ငံရေးစိတ်ဓာတ်မပျောက်မှသာ မြန်မာ့ဒီမိုကရေစီ ဝက်ပါလမ်းမှ ဖောက်ထွက်နိုင်လိမ့်မည် ထင်သည်။ နိုင်ငံရေးပါတီ အသီးသီးမှ မိတ်ဆွေများနှင့် ဆုံတိုင်းလည်း ဤအမြင် ဤအတွေးကိုပင် ပြောဖြစ်ခဲ့ပါသည်။

သို့တစေ သူတို့က စိတ်ဝင်စားကြဟန်မရှိ။ ဘာတွေ အရေးကြီးနေသည်မသိ။ အချိန်မပေးနိုင်ဟုဆိုသူက ဆိုသည်။ ဆရာဇန်းမော်တင်အောင် စကားနှင့် ဆိုရလျှင် “ကျွန်တော်ကကော ဘာများတတ်နိုင်ပါဦးမည်နည်း”။ ။

**စာပြီးရက်စွဲ- ၂၉၊ ဇူလိုင်၊ ၂၀၁၂**

7DAY NEWS JOURNAL

# Current Affairs

Vol.11, No.22 • AUGUST 9 , 2012

# ပြည်ပအဖွဲ့အစည်းများ ရခိုင်ပြည်နယ်တွင် ကူညီထောက်ပံ့ရေးလုပ်ငန်းဆောင်ရွက်ရန် ခက်ခဲနေ

**မြတ်စုမွန်**

**ရန်ကုန်၊ ဩဂုတ် - ၂**

ရခိုင်ပြည်နယ်တွင် ဖြစ်ပွားလျက်ရှိသည့် အကြမ်းဖက်မှုတွင် ထိခိုက်နစ်နာခဲ့သည့် ဒုက္ခသည်များအတွက်ပြည်ပအဖွဲ့အစည်းများထံမှ ကူညီထောက်ပံ့မှုများကို လက်ခံရန် ဒေသခံများကိုယ်တိုင်ငြင်းဆန်ထားသည်မှာ တစ်လတာခန့်ကြာမြင့်ခဲ့ပြီဖြစ်သည်။

(No UN)၊ (No INGO)၊ INGO Get Out စသည့်စာတန်းများကို ယနေ့တိုင်ကပ်ထားဆဲဖြစ်ကြောင်းလည်း သိရသည်။ မစ္စတာ ကင်တားနားနှင့်အဖွဲ့ လာရောက်လေ့လာသည့်နေ့က ဒုက္ခသည်စခန်းများတွင်ကပ်ထားသည့် ယင်းစာတန်းများကို အာဏာပိုင်တို့က ဖြုတ်ခိုင်းခဲ့ကြောင်း ကိုယ်တိုင်ကြုံခဲ့ရသည့်စေတနာ့ဝန်ထမ်းတစ်ဦးကပြောသည်။ သို့သော် မြို့တွင်းသွားလာနေသည့် ဆိုင်ကယ်များ၊ သုံးဘီးဆိုင်ကယ်များတွင်မူ ကပ်ထားဆဲဖြစ်ကြောင်းဒေသခံများထံမှ သိရသည်။

ထိုသို့ငြင်းဆန်ထားမှုကြောင့် သွားရောက်လုပ်ကိုင်နေသည့် စေတနာ့ဝန်ထမ်းများအတွက် ပွင့်ပွင့်လင်းလင်း လုပ်ဆောင်နိုင်ရန် အခက်အခဲအချို့ တွေ့ကြုံနေရကြောင်း လတ်တလောတွင် သွားရောက်ကူညီမှုများ ပေးနေသော ပြည်တွင်းအင်န်ဂျီအိုအချို့မှ တာဝန်ရှိသူများက ပြောသည်။

"လက်ရှိအချိန်မှာရခိုင်ကိုလျှို့လျှို့ဝှက်ဝှက်လေးပဲဝင်ပြီးလုပ်နေတာက ပိုသက်သောင့်သက်သာရှိမယ်လို့ထင်တယ်"ဟု ဒုက္ခသည်စခန်းများတွင် ကျန်းမာရေးဆိုင်ရာ ကူညီထောက်ပံ့မှုများ သွားရောက်လုပ်ကိုင်နေသည့် အဖွဲ့အစည်းတစ်ခု၏ဥက္ကဋ္ဌကပြောသည်။

သို့သော် ထိုသို့ ငြင်းဆန်ကန့်ကွက်ခြင်းသည် အရေးအခင်းဖြစ်စဉ်တွင် ဝန်ထမ်းများပါဝင်ပတ်သက်ခဲ့သည့် UNHCR၊ AZG နှင့် MSF အဖွဲ့များကိုသာဖြစ်ပြီး ကျန်အဖွဲ့အစည်းများကမူ လွတ်လပ်စွာ လုပ်ကိုင်လျက်ရှိကြောင်း ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ပြောသည်။

"ဒီမှာ Red Cross လည်းလုပ်နေတာပဲ။ ဘာမှမဖြစ်ဘူး။ လူတွေကလည်း ကူညီလုပ်ကိုင်ပေးပါတယ်။ တခြားအဖွဲ့အစည်းတွေ နာမည်ခံပြီးလုပ်ရင် ဒေသခံတွေကလက်ခံပါတယ်"ဟုအထက်ပါပုဂ္ဂိုလ်က ပြောသည်။

ရခိုင်ပြည်နယ်တွင်ဇွန်လအတွင်းဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုများတွင် အိုင်အင်န်ဂျီအိုသုံးခုမှ ဝန်ထမ်းကိုးဦး ပါဝင်ပတ်သက်မှုရှိခဲ့ကြောင်းအစိုးရကလည်းတရားဝင်ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။

လူသားချင်း ကူညီထောက်ပံ့မှုများ ပေးနေသည့် နိုင်ငံတကာအဖွဲ့အစည်းများထဲတွင် အရေးအခင်းလှုံ့ဆော်သူ ဝန်ထမ်းအချို့ပါဝင်ခဲ့ခြင်းနှင့် ခွဲခြားထောက်ပံ့ကူညီနေခြင်းများ ရှိခဲ့သည်ဟု စွပ်စွဲခံထားရသူများကို ဆက်လက်ဆန္ဒပြပြနေခြင်းဖြစ်သည်။

"ဒီလိုလုပ်တာဟာ အရင်က UN နဲ့ INGO တွေ ရခိုင်တိုင်းရင်းသားတွေအပေါ် အစဉ်အဆက်ခွဲခြားဆက်ဆံခဲ့တာတွေကြောင့်ပါ။ သူတို့ဆီမှာ ဝန်ထမ်းတွေခန့်ရင်ဘင်္ဂါလီတွေကိုပဲခန့်တယ်။ AZG က ဖွင့်တဲ့ သဇင်ဆေးခန်းမှာဆိုရင် ဘင်္ဂါလီတွေကိုပဲဝင်ခွင့်ပေးပြီး ရခိုင်တွေလာရင်နှင်ထုတ်တာမျိုး လုပ်ခဲ့တယ်" ဟု ရခိုင်ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအောင်မြတ်ကျော်ကပြောသည်။

သို့သော် လူမှုရေးအဖွဲ့အစည်းများ၏ ကူညီထောက်ပံ့မှုများကို ယခုကဲ့သို့ ဆက်လက်ကန့်ကွက်နေဦးမည်ဆိုလျှင် မလိုလားအပ်သော ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာနောက်ဆက်တွဲပြဿနာများ ဖြစ်ပေါ်လာနိုင်ကြောင်း သွားရောက်ကူညီမှုပေးနေသည့် အဖွဲ့အစည်းအချို့မှ တာဝန်ရှိသူများကပြောသည်။

"အခု ဒုက္ခသည်စခန်းတွေမှာ ဝမ်းရောဂါ အချိန်မရွေးဖြစ်ပွားပြီး ပြန့်ပွားနိုင်တဲ့အခြေအနေဖြစ်နေတယ်။ ယင်မလုံတဲ့အိမ်သာတွေကို သုံးနေကြတယ်။ အမျိုးသမီးတွေဟာ မလုံခြုံတဲ့အိမ်သာတွေကိုသုံးနေရတယ်။ နေရာအနှံ့မှာ မစင်တွေရှိနေတယ်"ဟု ရေနှင့်သန့်ရှင်းမှုဆိုင်ရာစစ်တမ်းများကောက်ယူနေသည့် အဖွဲ့အစည်းတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့အပြင် မတော်တဆ ဝမ်းရောဂါကူးစက်မှုဖြစ်ပွားပါက ဒုက္ခသည်စခန်းများမှတစ်ဆင့် မြို့နယ်အတွင်း၊ ပြည်နယ်အတွင်းနှင့် နယ်စပ်ဒေသများသို့ပါ ကူးစက်ပျံ့နှံ့နိုင်ကြောင်း ၎င်းကဆက်ပြောသည်။ ရခိုင်ပြည်နယ်ရှိ မျိုးချစ်လူငယ်အချို့ကလည်း ပြည်တွင်းပြည်ပ လူမှုရေးအဖွဲ့အစည်းများထံ စာဖြင့် ရေးသားပေးပို့ကာ ပြစ်တင်ဝေဖန်မှုများရှိနေကြောင်း စစ်တွေမြို့တွင် သွားရောက်ကူညီမှုပေးနေသည့် အဖွဲ့အစည်းတစ်ခုမှ တာဝန်ရှိသူကပြောသည်။

သွားရောက်အကူအညီပေးမည့် အဖွဲ့အစည်းများသည် ဒုက္ခသည်များအတွက် လုပ်ဆောင်ပေးရမည့်ကိစ္စရပ်များတွင် နှောင့်ယှက်ခံရခြင်းများ ရှိမည်ကိုလည်း စိုးရိမ်မှုများရှိနေပြီး သတိထားလုပ်ဆောင်နေရသည်ဟုသိရသည်။



ဇွန်လအတွင်းက တွေ့ရသော စစ်တွေမြို့ရှိ ကယ်ဆယ်ရေးစခန်းတစ်ခုရှိ ဒုက္ခသည်များ ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

"ဒေသခံတွေက အဖွဲ့အစည်းတွေကို မုန်းတာမဟုတ်ဘူး။ အကြမ်းဖက်ကန့်ကွက်တာမလုပ်ပါဘူး။ လုပ်ဖို့လည်း ဆန္ဒမရှိဘူး။ ဒါပေမဲ့ တစ်ဖက်စောင်းနင်းလုပ်ခဲ့တဲ့အဖွဲ့တွေကတော့ ဒီမှာပြန်ဝင်မယ်ဆိုရင် လူထုရဲ့ အနာဟောင်းတွေကျက်တဲ့အထိ အချိန်ကာလတစ်ခုတော့ စောင့်ရလိမ့်မယ်" ဟု ဦးအောင်မြတ်ကျော်က ပြောသည်။

ထို့အပြင် ဖြစ်ပျက်ခဲ့သည့် ပဋိပက္ခ ကာလတွင် ပါဝင်ခဲ့သည့် ထိုဝန်ထမ်းများကို အဖွဲ့အစည်းအမည် အသုံးချခဲ့သော လူပုဂ္ဂိုလ်အနေဖြင့်သာ မြင်ပေးရန်လိုအပ်ပြီး လက်ရှိအချိန်တွင် ဒုက္ခရောက်နေသူများအတွက် ကူညီမှုများကို လက်ခံရန်လိုအပ်ကြောင်း Myanmar Positive Group (MPG) မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အိတ်ချ်အိုင်ဗီပိုး ကူးစက်ခံထားရပြီး အေအာရ်ဗီဆေးကုထုံး ခံယူနေသူများအတွက် အကူအညီပေးမှုများ မရရှိပါက ဆေးဝါးပြတ်လပ်မှုနှင့် ဆေးယဉ်ပါးမှုများကို ခံစားရကာ အေအိုင်ဒီအက်စ်အဆင့်သို့ အမြန်ဆုံးရောက်ရှိပြီး အစုလိုက်အပြုံလိုက် သေဆုံးမှုများဖြစ်ပွားနိုင်ကြောင်း MPG ဥက္ကဋ္ဌကပြောသည်။

"အဖွဲ့အစည်းတွေ မရှိ၊ ဝန်ဆောင်မှုတွေ မရှိရင် ဒီလူတွေ အသက်ဆုံးရှုံးပါလိမ့်မယ်။ ရခိုင်ကလူတွေပဲ သေမှာ။ ဒီကာလမှာ အရေးပေါ် လာလုပ်ပေးနေတာဟာ အဖြေတစ်ခုမဟုတ်သေးပါဘူး။ ရှေ့ဆက်ပြီး ဘာလုပ်မလဲဆိုတာ စဉ်းစားဖို့လိုမယ်"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

အရေးအခင်းဖြစ်ပွားစဉ် ဇွန်လအတွင်း ရခိုင်ပြည်နယ်တွင် နောက်ဆက်တွဲ ဆေးဝါးကုသမှုခံယူရမည့် အိတ်ချ်အိုင်ဗီ/အေအိုင်ဒီအက်စ်လူနာစုစုပေါင်း ၄၂၂ ဦးရှိပြီး လက်ရှိ ဖြစ်ပေါ်လျက်ရှိသော နယ်မြေမတည်ငြိမ်မှုများကြောင့် လူနာများအတွက် အေအာရ်ဗီ ဆေးဝါးပြတ်လပ်မှုနှင့် ဆေးယဉ်ပါးမှုပြဿနာများဖြစ်ပေါ်လာနိုင်ကြောင်း (MPG) မှ သိရှိရသည်။

ပဋိပက္ခများ မဖြစ်ပွားမီက MSF (Holland) (နယ်စည်းမထားဆရာဝန်များအဖွဲ့-ဟော်လန်)က ဖွင့်လှစ်ထားသည့် သဇင်ဆေးခန်း(စစ်တွေ)တွင် အေအာရ်ဗီဆေးဝါးရယူနေသော လူနာ ၃၂၀ ဦး၊ သဇင်ဆေးခန်း(ဘူးသီးတောင်၊ မောင်တော)တွင် ၃၄၉ ဦး စုစုပေါင်း ၆၆၉ ဦးရှိကြောင်း သိရသည်။ "အခု ၂၉၅ ဦးကိုဆေးဝါးရရှိအောင် ကူညီပေးနိုင်နေပါပြီ"ဟု MPG ဥက္ကဋ္ဌကပြောသည်။

ထို့အပြင် ဒေသခံများ၏ မကျေနပ်မှုများနှင့် မျိုးချစ်စိတ်ပြင်းထန်ခြင်းများကို မိမိတို့ လေးစားပြီး ဒေသခံများဘက်ကလည်း ဖြစ်ပေါ်လာနိုင်သော ဆိုးကျိုးများအတွက် စဉ်းစားသင့်ကြောင်း ကူညီမှုများ ပြုလုပ်ပေးနေသည့် ကျန်းမာရေးဝန်ထမ်းဟောင်းတစ်ဦးကပြောသည်။

အဖွဲ့အစည်းများဝင်ရောက်ကူညီနိုင်မှု နည်းပါးသည့်အတွက် လက်ရှိ ဆောင်ရွက်နေသည့် စေတနာ့ဝန်ထမ်းများအကြား လုပ်ငန်းပိုင်းဆိုင်ရာမနိုင်နင်းမှုများနှင့် အလုပ်တွင်ကျယ်မှုကို ထိခိုက်လာသည်ကို တွေ့ရကြောင်း MPG ဥက္ကဋ္ဌက ပြောသည်။

"ကာလကြာလာတော့ လူနာကလည်း များလာတယ်။ စေတနာ့ဝန်ထမ်းတွေလည်း ဝန်ထုပ်ဝန်ပိုးတစ်ခုလို ဖြစ်လာပြီး အလုပ်တွင်ကျယ်မှုကို ထိခိုက်လာတယ်။ စိတ်ကျမှုတွေဖြစ်လာတယ်။ စေတနာ့ဝန်ထမ်းတွေဟာ စိတ်ပိုင်းဆိုင်ရာ လူမှုအထောက်အပံ့တွေ အရေးတကြီးလိုအပ်နေပါတယ်" ဟုသူကပြောသည်။

ရခိုင်ပြည်နယ်တွင်ဖြစ်ပွားခဲ့သည့် သာဓကသည် လူမှုရေးဆိုင်ရာအဖွဲ့အစည်းများအတွက် သင်ခန်းစာတစ်ခုကိုပေးခဲ့ပြီး နောက်ပိုင်းကာလများ၌ တိုင်းရင်းသားဒေသများတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ သွားရောက်လုပ်ကိုင်မည့် အဖွဲ့အစည်းများသည်ဒေသခံဝန်ထမ်းခန့်အပ်ခြင်း ဦးစားပေး ပြုလုပ်ရန် လိုအပ်လာကြောင်း အထက်ပါပုဂ္ဂိုလ်က သုံးသပ်သည်။

ရခိုင်ပြည်နယ်တွင် စစ်တွေ၊ ဘူးသီးတောင်၊ မောင်တောနှင့် သံတွဲမြို့များတွင် အရေးပေါ် အခြေအနေထုတ်ပြန်ထားသည်မှာ နှစ်လနီးပါးကြာမြင့်ခဲ့ပြီဖြစ်ပြီး အရေးအခင်းများကြောင့် အိုးအိမ်မဲ့ဖြစ်သည့် ဒုက္ခသည်များအတွက် စခန်းများကား သံတွဲမြို့မှအပ ကျန်မြို့နယ်များတွင် ရှိနေဆဲဖြစ်သည်။

ရခိုင်ပြည်နယ် စစ်တွေမြို့ပေါ်တွင် ရခိုင်တိုင်းရင်းသားဒုက္ခသည်များအတွက် စခန်းငါးခုနှင့် မြို့ပြင်တွင် ဘင်္ဂါလီဒုက္ခသည်များအတွက် စခန်းခြောက်ခုရှိသည်။

ရခိုင်ဒုက္ခသည် စခန်းများတွင် တိုင်းရင်းသားလူဦးရေ ၁၃,၀၀၀ ခန့်ရှိပြီး ဘင်္ဂါလီ ဒုက္ခသည်ဦးရေမှာ ၅၀,၀၀၀ ကျော်ရှိကြောင်း သိရသည်။

## ဘင်္ဂါလီ ဒုက္ခသည်စခန်းများတွင် ကူးစက်ရောဂါများ မပြန့်ပွားစေရန် ဆောင်ရွက်

**မြတ်စုမွန်**

**ရန်ကုန်၊ ဩဂုတ် - ၆**

ရခိုင်ပြည်နယ်စစ်တွေမြို့ရှိဘင်္ဂါလီဒုက္ခသည်စခန်းများရှိဆေးခန်းများတွင် နေ့စဉ်ဆေးဝါးလာရောက်ကုသမှုခံယူသူပေါင်း ၁၈၀ မှ ၂၀၀ ဝန်းကျင်အထိရှိနေပြီး လက်ရှိအချိန်တွင် နိုင်နင်းသေးသော်လည်း အပြင်းအထန်ကူးစက်ပြန့်ပွားမှုမျိုးမဖြစ်စေရန် ဂရုစိုက်နေရကြောင်း ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုပေးနေသည့် လူမှုရေးအဖွဲ့အစည်းတစ်ခုမှ သတင်းရရှိသည်။

"ကူးစက်မှုဖြစ်ရင်စခန်းတစ်ခုတည်းမှာငြိမ်နေမှာမဟုတ်ဘူး။ တစ်မြို့နယ်လုံး၊ တစ်ပြည်နယ်လုံး ပြန့်သွားနိုင်တယ်"ဟု ယင်းအဖွဲ့အစည်းမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောသည်။ လာရောက်ဆေးကုသမှု ခံယူသူအများစုမှာ ဒုက္ခသည်စခန်းအပြင်ဘက်ရှိဘင်္ဂါလီကျေးရွာများမှဖြစ်ပြီး အများဆုံးဖြစ်ပွားလျက်ရှိသည့်ရောဂါများမှာ ငှက်ဖျား၊ ဝမ်းပျက်ဝမ်းလျှောနှင့် အအေးမိခြင်းများဖြစ်ကြောင်း သတင်းရရှိသည်။

"စခန်းကို နှစ်နာရီ၊ သုံးနာရီလောက် လမ်းလျှောက်လာရတဲ့ ရွာတွေကလာပြီး ဆေးခန်းပြကြ တယ်။ လောလောဆယ်တော့ နိုင်နင်းသေးတယ်။ ဒါပေမဲ့ ကူး စက်ပြန့်ပွားမှုမဖြစ်အောင် ဂရုစိုက်နေရတယ်။ ဒီမှာရှိတဲ့ ဘင်္ဂါလီအရန်မီးသတ်လူငယ်တွေက ဝိုင်းကူညီကြတယ်။ ဆေးအဖွဲ့ကတော့ နေ့တိုင်းမနားရဘူး။ စခန်းတွေကို လှည့်ပတ်သွားနေရတယ်"ဟု ယင်းလူမှုအဖွဲ့အစည်းမှတာဝန်ခံတစ်ဦးက ပြောသည်။ ဘင်္ဂါလီဒုက္ခသည်စခန်းများသို့ သွားရောက်ဆေးကုသသည့် စေတနာ့ဝန်ထမ်းဆရာဝန်များကို အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့က အကြို၊ အပို့ပြုလုပ်ပေးနေပြီး၊ အမျိုးသားများသာ သွားရောက်ကြကြောင်း၊ အမျိုးသမီးဝန်ထမ်း များအစား အမျိုးသားဝန်ထမ်းများသာ တာဝန်ပေးထားကြောင်းပြောသည်။

"ဘင်္ဂါလီစခန်းတွေမှာ လူဦးရေအရမ်းများတော့ ဆေးခန်းမှာ ဆေးလာတောင်းရင်းတစ်ယောက်နဲ့တစ်ယောက်တိုးကြဲ့ကြတယ်။ ဆေးရဖို့အတွက် တစ်ယောက်နဲ့တစ်ယောက် ရိုက်နှက်တာမျိုးတွေ ကြုံရတယ်။ သူတို့အများဆုံးတောင်းတဲ့ဆေးကတော့ အအေးမိပျောက်ဆေး၊ ဗိုက်အောင့်ဗိုက်နာပျောက်ဆေးတွေပါ"ဟု ယင်းဒေသမှပြန်လာသည့် အမျိုးသမီးကျန်းမာရေးဝန်ထမ်းတစ်ဦးက ပြောသည်။ ရခိုင်ပြည်နယ် စစ်တွေမြို့ ပေါ်တွင် ရခိုင်ဒုက္ခသည်များအတွက် ဒုက္ခသည်စခန်းခုနစ်ခုရှိပြီး၊ လူဦးရေမှာ ၁၃,၀၀၀ ရှိကြောင်း သိရသည်။ ဘင်္ဂါလီလူမျိုးများအတွက် ကိုးခုရှိပြီး လူဦးရေငါးသောင်းကျော်ရှိကြောင်းလည်း အထက်ပါပုဂ္ဂိုလ်ထံမှသတင်းရရှိသည်။ ထို့အပြင် ရခိုင်ဒုက္ခသည်စခန်းများအတွက် ပြည်နယ်အစိုးရရုံးမှ ဆေးဝါးနှင့်အာဟာရများကို ထုတ်ပေးနေပြီး လူနေထိုင်ရန်နှင့် ဆေးခန်းများလည်း ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

7 DAY NEWS JOURNAL
Vol.11, No.22 • AUGUST 9 , 2012

မျက်နှာဖုံးမှ

# မိုးခေါင်၍ အညာတောင်သူများ ဒုက္ခရောက်

သတင်းအဖွဲ့

မြန်မာနိုင်ငံတွင် ကာလတစ်ခုတည်းမှာပင် အစွန်းရောက် ရာသီဥတုနှစ်ခု ကြုံတွေ့နေရခြင်းဖြစ်သည်။ မိုးရာသီရောက်သည်မှာ နှစ်လကျော်သည့်တိုင် မန္တလေး၊ မကွေး၊ စစ်ကိုင်းတိုင်းဒေသကြီးရှိ မြို့နယ်အများစုတွင် မိုးကောင်းစွာ မရွာသွန်းသေးပေ။ ထိုဒေသများတွင် မိုးသည်းထန်စွာ တစ်ကြိမ်ခန့်သာ ရွာသေးပြီး ကျန်ကာလတစ်လျှောက်လုံး မိုးကောင်းစွာ မရွာသွန်းသေးပေ။ မိုးတိမ်များထူလာပါကလည်း တိမ်များလေနှင့်ပါသွားကာ အနည်းငယ်သာရွာခြင်း၊ နေပူပြီး မိုးမရွာခြင်းစသဖြင့် ပုံစံမျိုးစုံဖြင့် မိုးခေါင်နေသည်။ ထိုဒေသ များမှာ ပဲမျိုးစုံ၊ နှမ်း အဓိက စိုက်ပျိုးသည့်ဒေသဖြစ်၍ မိုးခေါင်ခြင်း၏ နောက်ဆက်တွဲ ပဲနှင့်နှမ်းမျိုးစုံအထွက်လျော့မည်ဖြစ်သည်။ အထူးသဖြင့် ဒေသခံများ ဝမ်းစာအတွက်စိုက်ပျိုးသော ပြောင်းဖူး၊ နေကြာ၊ ဟင်းသီးဟင်းရွက်ကဲ့သို့ သီးနှံများမှာလည်း ပျက်စီးကုန်၍ မိုးတွင်းဖြစ်သော်လည်း လူစာနှင့် နွားစာ ရှားပါးစေသည်။ ၂၀၁၁ မတ်လကုန်မှစ၍ တာဝန်ယူခဲ့သော အစိုးရသစ်အတွက်လည်း ရာသီဥတုက တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် အနှောင့်အယှက်ဖြစ်နေသည်။ ၂၀၁၁ မိုးရာသီတွင် မိုးများလွန်းသဖြင့် မြန်မာနိုင်ငံအောက်ပိုင်းရှိ မိုးစပါးများစွာ ပျက်စီးခဲ့ပြီး ၂၀၁၂ တွင်လည်း မိုးခေါင်ခြင်း၊ ရေကြီးခြင်း တစ်ပြိုင်နက်ကြုံနေရပြန်သည်။

ဘားအံ၊ ရွှေကျင်၊ တနင်္သာရီစသောမြို့များတွင် ရေလွှမ်းမိုးနေချိန်တွင် မိုးခေါင်၍ ဒုက္ခရောက်နေသော တောင်သူများ၏အခြေအနေကို ကွင်းဆင်းသတင်းရရယူထားသော အထူးသတင်းပေးပို့ချက်များကို တင်ဆက်ပေးလိုက်ရပါသည်။

မန္တလေးတိုင်းဒေသကြီးတွင် မိုးခေါင်နေမှုကြောင့် ကျေးလက်နေ တောင်သူများ အခက်အခဲများနှင့် ရင်ဆိုင်နေကြရသည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က မန္တလေးတိုင်းဒေသကြီးအတွင်း လယ်ယာစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများတွင် ရာသီဥတု ပြောင်းလဲမှုကြောင့် သီးနှံအထွက်နှုန်း လျော့နည်းလာကြောင်း ဩဂုတ်၆ရက် ပြုလုပ်သည့် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် ထည့်သွင်းပြောကြားသည်။

ကျောက်ပန်းတောင်းမြို့နယ်မှ တောင်သူတစ်ဦးက "မိုးကို အားပြုစိုက်နေရတဲ့ သီးနှံတွေ သိသိသာသာအထွက်နှုန်း ကျဆင်းသွားတယ်။ သီးနှံကလည်းမရ၊ သီးနှံဈေးနှုန်းတွေကလည်း ကျ၊ မိုးကခေါင်နဲ့ တော်တော်စိတ်ဆင်းရဲရပါတယ်"ဟုပြောသည်။

ရမည်းသင်းမြို့နယ် စံပြသိမ်ကုန်းကျေးရွာ နတ်စင်(၁)ရပ်ကွက်မှ တောင်သူဦးကျော်ဝင်းစိန်က "မိုးဦး ပဲတီစိမ်းစိုက်တာ မိုးက ခေါင်နေတော့ အဆင်မပြေဘူး။ အရင်ကတော့ ပဲတီစိမ်းကနေ ရလာတဲ့ငွေနဲ့ မိုးနှောင်းချည်မျှင်ရှည်ဝါစိုက်တာ။ ဒီနှစ် ပဲတီစိမ်းက မအောင်မြင်တော့ ဝါစိုက်ဖို့အခက်အခဲရှိတယ်။ ဝါအတွက် ချေးငွေရချင်ပါတယ်"ဟုပြောသည်။

"နွားစာတောင်တော်တော်ရှားနေပြီ။ အခုဆိုင်ကနေ ဝယ်ကျွေးနေရတာ မတတ်နိုင်တော့လို့ တမာရွက်၊ ညောင်ရွက်တွေ ရောကျွေးနေရတယ်"ဟု ပခုက္ကူမြို့နယ်၊ ပန်းတိုင်းခြုံကျေးရွာမှ အသက် ၆၀ ကျော် တောင်သူကြီး ဦးသော်ကကဆိုသည်။

ယခုအချိန်အထိ ပခုက္ကူမြို့နယ်တွင် မိုးရွာခြင်းမရှိသေးသဖြင့် သီးနှံများ စိုက်ပျိုးနိုင်ခြင်းမရှိသေးဘဲ လူများသာမက တိရစ္ဆာန်အတွက်ပါ အစာရှားပါးလာသည်။ စိုက်ပျိုးခြင်းအတွက် အဓိကအရေးကြီးသည့် မိုးရေမရသဖြင့် ကုန်းတွင်းပိုင်းကျသည့်ဒေသများတွင် ယာမြေကို ဘာမျှမစိုက်ဘဲ တောင်သူများက မိုးကိုမျှော်နေရသည်။

"မိုးရဖို့ လွန်ဆွဲတယ်။ မိုးနတ်တင်တယ်။ ဆရာတော်တွေကလည်း ငရုံ့မင်းပရိတ်တွေဘာတွေ ရွတ်နေတာပဲ။ ဒါပေမဲ့ မိုးက ဘယ်သွားပုန်းနေလဲမသိဘူး" ဟု အသက် ၆၀ ဝန်းကျင်တောင်သူကြီးဦးညွန့်ရွှေကဆိုသည်။

မြန်မာပြည်အလယ်ပိုင်း၌ လက်ရှိအချိန်တွင် မိုးပဲ(ဩဂုတ်ပဲ)ဟု ခေါ်သည့် ပဲစင်းငုံ၊ ပဲတီစိမ်း၊ မြေပဲစသည့် သီးနှံများ စိုက်ပျိုးချိန်ဖြစ်သည်။ ယခုအချိန်ထိ မိုးမရွာပါက အဆိုပါသီးနှံများ ဆက်လက်စိုက်ပျိုးရန်မဖြစ်နိုင်တော့ပေ။ တောင်သူများသည် ပြေီလပိုင်းက မိုးရသဖြင့် စိုက်ပျိုးခဲ့သည့် နှမ်း၊ ပဲမျိုးစုံတို့မှာလည်း နောက်ပိုင်းမိုးမရတော့သဖြင့် သေကျေပျက်စီးခဲ့ရသည်။ မျိုးဖိုးများ ဆုံးရှုံးမှုနှင့် ကြုံခဲ့ရသည်။

"ပလပ်ထားသူက ကိစ္စမရှိဘူး။ လုပ်တဲ့သူကသာ ရှုံးကြတယ်" ဟု ဦးသော်ကက မှတ်ချက်ချသည်။

ယခင်နှစ်က သီးနှံများရခဲ့သော်လည်း ရောင်းချရာတွင် ဈေးကောင်းမရသဖြင့် တောင်သူများ ထိခိုက်ခဲ့ရသည်။ ယခု ပဲဈေး၊ နှမ်းဈေးများ ကောင်းလာသော်လည်း ရာသီဥတုကြောင့် အခက်အခဲများနှင့် ကြုံတွေ့နေရသည်။

ယခုအချိန်တွင် ရောင်းချနေသည့် ပဲ၊ နှမ်းများမှာ ယခင်နှစ်က စိုက်ပျိုးထားသည်များဖြစ်ပြီး ယခုနှစ် ရာသီဥတုအခြေအနေကြောင့် လာမည့်နှစ်တွင် တိုင်းကြီးသုံးတိုင်းမှ ပဲအထွက်လျော့နည်းမည်ဖြစ်ကြောင်း ပဲ၊နှမ်းကုန်သည်များက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်မှ ဒေသခံတောင်သူတစ်ဦးကလည်း "ဒီနှစ်မိုးဦးက ခေါင်တာ ဆယ်စုနှစ်တစ်ခုနဲ့ နှိုင်းယှဉ်မယ်ဆိုရင် အပူဆုံးနှစ်၊ ကောက်ပဲသီးနှံတွေ ပျက်စီးမှုအများဆုံးလို့ပြောနိုင်တယ်။ မိုးဦးမှာ စိုက်တဲ့နှမ်းတွေဆို ရေသွင်းစိုက်မှအဆင်ပြေတယ်။ ပြောင်းဖူး၊ မြေပဲစတဲ့ ကောက်ပဲသီးနှံတွေလည်း ရေသွင်းစိုက်လို့ရတယ်။ ရေမလွယ်တဲ့ ကုန်းမြင့်ပိုင်းမှာ ပဲစင်းငုံ၊ ပြောင်း၊ နှမ်းစိုက်ခင်းတွေ ခြောက်ကုန်ပြီ။ ပြီးခဲ့တဲ့နှစ်က မိုးဦးနည်းတယ်ဆိုပေမယ့် အခုလို သီးနှံမပျက်ဘူး။ ဒီနှစ် ရေသွင်းတော့လည်း စိုက်စရိတ်တက်တယ်။ ရေမသွင်းတော့လည်း မျိုးဆုံးတဲ့အထိဆိုတော့ မိုးဦးမကောင်း မိုးလယ်ကောင်းနိုး မျှော်နေရတယ်" ဟု ပြောသည်။

"မှတ်သုံက ခါးပြတ်သွားတယ်။ မဖြစ်ဘူးတာတွေ ဖြစ်ခဲ့ရတယ်။ ဒီအချိန်မှာ မိုးမရရင်တော့ နောက်ပိုင်းရဖို့ လွယ်မှာမဟုတ်ဘူး"ဟု မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က သုံးသပ်သည်။

လက်ရှိမြန်မာနိုင်ငံ၏ မုတ်သုံရာသီဥတုအခြေအနေမှာ မြန်မာပြည်အထက်ပိုင်းနှင့် အောက်ပိုင်းတွင် မိုးများနေပြီး အလယ်ပိုင်းတွင် မိုးပြတ်နေသည်။ နောက်ပိုင်းမိုးရာသီမှာလည်း အယ်နီညိုရာသီဥတုဘက်သို့ အားသာနေသဖြင့် မိုးကောင်းရန် မလွယ်ပေ။ ဘင်္ဂလားပင်လယ်မှ မုန်တိုင်းများက ကူညီမှသာ နောက်ပိုင်းကာလများ၌ မိုးရွာနိုင်မည်ဖြစ်သည်။

မြန်မာပြည်၏ ၇၀ ရာခိုင်နှုန်းနီးပါး လူဦးရေမှာ စိုက်ပျိုးရေးကို အားထားနေကြသည်။ စိုက်ပျိုးရေးတွင် အဓိကအရေးကြီးသည်မှာ မိုးရေဖြစ်သည်။

အစိုးရက စီးပွားရေးဖွံ့ဖြိုးအောင် နည်းဗျူဟာများ ချမှတ်နေချိန်တွင် တောင်သူများက ဈေးနှုန်းနှင့်ရာသီနှိပ်စက်၍ နဂိုအခြေအနေထက် ပိုဆင်းရဲလာသည်။

အလယ်ပိုင်းဒေသအချို့ မိုးခေါင်မှုကြောင့်ကြုံတွေ့နေရသော အခက်အခဲကို အစိုးရက ယခုထက် ပိုမိုဂရုစိုက်သင့်ကြောင်း အညာမှခေတ်ပညာတတ်အချို့ကလည်း ပြောသည်။

"ဒီတစ်ရာသီလည်း သွားပြီထင်ပါတယ်"ဟု တောင်သူကြီး ဦးသော်ကတစ်ယောက်ကတော့ညည်းတွားနေလေသည်။

မိုးခေါင်ခြင်းသတင်းအထူးပေးပို့ချက်
စာမျက်နှာ–၂၉တွင်ရှု




# လာလေနိုးနိုး မျှော်ရတဲ့မိုး

## မကွေးဒေသမှ မိုးခေါင်ခြင်းအထူးသတင်းပေးပို့ချက်

နိုင်ထွန်း၊ အောင်နိုင်

တရုတ်နိုင်ငံလုပ် မော်တော်ဆိုင်ကယ်တွေ၊ ပူပြင်းလှတဲ့ နေရောင်အောက်မှာ မော်ဒယ်မြင့်ကားတွေ ဥဒဟိုသွားလာနေပြီး ဒီဇိုင်းဆန်း လက်ကိုင်ဖုန်းတွေ ထုတ်ပြောနေကြတဲ့ လူငယ်တွေကို မြန်မာနိုင်ငံရဲ့ မြေလတ်ပိုင်း စီးပွားရေး မြို့တစ်မြို့ဖြစ်တဲ့ မကွေး မြို့မှာ နေရာတိုင်းနီးပါး တွေ့နိုင်ပါတယ်။ ၂၄နာရီငွေထုတ်လို့ရတဲ့ အေတီအမ်စက်တွေ တပ်ဆင်ထားတဲ့ ဘဏ်တွေနဲ့မြို့အနှံ့မှိုလိုပေါက်နေတဲ့ လက်ဖက်ရည်ဆိုင်၊ဘီယာဆိုင်တွေမှာလည်း အမြဲတမ်းလိုလို လူစည်ကားနေလေ့ရှိပါတယ်။

စည်ကားလှပတဲ့ မကွေးမြို့ကနေ ရောဝတီမြစ်ကိုဖြတ်ပြီး နာရီဝက်နီးပါးဆိုင်ကယ်စီးရင် ကုန်းသာရွာကို ရောက်နိုင်ပါတယ်။

ဆိုင်ကယ်တွေ ဒုန်းစိုင်းမောင်းသွားလို့ ဖုန်တထောင်းထောင်းထနေတဲ့ မြေနီလမ်းဘေး စိုက်ခင်းထဲက ခါးလယ်ကနေ ကျိုးကျနေတဲ့ နှမ်းပင်တွေကို ကြည့်ပြီး "ဒီနှစ်အဆိုးဆုံးပဲ"လို့ ကုန်းသာရွာသား ကိုဇော်ထွေးက ပြောပါတယ်။ ပုံမှန်မဟုတ်တဲ့ ရာသီဥတုကြောင့် နှမ်းစိုက်ပျိုးရေး မအောင်မြင်တာကို ကိုးနှစ်လောက်ရှိပြီလို့ သူက ပြောပါတယ်။

ဒီလို အခက်အခဲ ကြုံတွေ့နေရတာ ကုန်းသာရွာသားတွေ တင်မဟုတ်ပါဘူး။ မကွေးတိုင်းဒေသကြီးနဲ့ အနီးပတ်ဝန်းကျင်မှာရှိတဲ့ ပဲ၊ နှမ်းစိုက်ပျိုးသူအားလုံးနီးပါးမှာ ဖြစ်တယ်လို့ ဒေသခံတောင်သူတွေက ဆိုပါတယ်။ 7Day News ဂျာနယ်က တွေ့ဆုံမေးမြန်းခဲ့တဲ့ ပဲ၊နှမ်းစိုက်တောင်သူငါးဆယ်လောက်ဟာ စိုက်ပျိုးရေးကို အားထားပြီး ရပ်တည်နေရတဲ့ သူတို့ဘဝတွေဟာ ပိုမိုခက်ခဲစွာ ရုန်းကန်နေရပြီလို့ ဆိုပါတယ်။

တကယ်တော့ မြန်မာနိုင်ငံဟာ ပဲမျိုးစုံနဲ့ နှမ်းတင်ပို့မှုမှာ ကမ္ဘာ့ထိပ်တန်းနိုင်ငံ တစ်နိုင်ငံဖြစ်ပါတယ်။ ဒီကဏ္ဍဟာ တိုင်းပြည်အတွက် နိုင်ငံခြားဝင်ငွေအမြောက်အမြား ရရှိစေပါတယ်။ ပြီးခဲ့သည့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ နှမ်းတင်ပို့မှုအနေ အမေရိကန်ဒေါ်လာ ၁၆၈ ဒသမ ၇၃ သန်းရခဲ့တယ်လို့ စီးပွားကူးသန်းဝန်ကြီးဌာနက ထုတ်ပြန်ခဲ့တယ်။ နှမ်းဟာတိုင်းပြည်ရဲ့ အဓိကပို့ကုန် ၁၅ ခု စာရင်းမှာ နံပါတ် ၁၃ ချိတ်ခဲ့ပါတယ်။

တောင်သူတွေ ဘဝကျပ်တည်းလာတာ ခတ်မြေဩဇာ၊ မျိုးသီးနှံစတဲ့ သွင်းအားစုစရိတ်ကြီးလာတာ၊ ပဲ၊ နှမ်းပေါ်ချိန်မှာ မကြာခဏ ဈေးထိုးကျတတ်တာ၊ အလေးချိန်ခွင် မမှန်တာ၊ ချေးငွေအတွက် အတိုးကြီးလွန်းတာတွေကြောင့်လည်းပါဝင်ကြောင်းမကွေးမြို့ပေါ်ရှိ တောင်သူလယ်သမားအရေး လေ့လာစောင့်ကြည့်နေသူများကဆိုပါတယ်။

"၁၀ နှစ်ထဲမှာ အဆိုးဆုံးပဲ။ ယာသမားတွေအတွက် မအော်အောင် မနည်းလုပ်နေရတယ်" လို့ မကွေးမြို့ကနေ မိုင် ၃၀ ကျော်ကွာဝေးတဲ့ မင်းလှကျင်းကျေးရွာက တောင်သူဦးပေတူးက ပြောပါတယ်။

နောက်ဆုံးပေါ် ဒီဇိုင်းဆန်း လက်ကိုင်ဖုန်းတွေ၊ လေအေးပေးစက်တပ်ထားတဲ့ မော်တော်ယာဉ်တွေ၊ ကုန်တိုက်ကြီးတွေ၊ အင်တာနက်ဆိုင်တွေနဲ့ ထိတွေ့ဖို့ အခွင့်အရေးဟာ ဒီဒေသက တောင်သူတွေဆီ တစ်ခါတစ်ရံ ရောက်လာတတ်ပါတယ်။ ဒါပေမဲ့ သူတို့မွေးရပ်မှာတော့ မဟုတ်ပါဘူး။

ရာပေါင်းများစွာသော လူငယ်တွေဟာ မိရိုးဖလာစိုက်ပျိုးရေးလုပ်ငန်းတွေကိုစွန့်ခွာပြီး အိမ်နီးချင်း နိုင်ငံတွေဆီ ထွက်ခွာသွားပြီလို့ တောင်သူတွေက ပြောပါတယ်။



ထိုင်း၊ မလေးရှားနိုင်ငံတွေဆီ အများဆုံးသွားကြပြီး တချို့ဆိုအရှေ့အလယ်ပိုင်းနိုင်ငံတွေအထိခရီးဆန့်ကြတယ်လို့ဆိုပါတယ်။

"မိန်းမတွေတောင် နို့စို့ကလေးတွေထားပြီး ထိုင်းကိုသွားကြပြီ"လို့ ပေပင်ကျေးရွာက တောင်သူတစ်ဦးက ဆိုပါတယ်။

အရင်ကဆိုမြန်မာနိုင်ငံရဲ့မြို့တော်ဟောင်း ရန်ကုန်ကို ရောက်ဖူးတဲ့သူကို လက်ချိုးရေလို့ရတဲ့ ဒီဒေသက တောင်သူတွေရဲ့ မျိုးဆက်သစ်တွေဟာ မွေးရပ်ကိုစွန့်ခွာနေကြတဲ့အတွက် လယ်ယာလုပ်သားရှားပါးမှုပြဿနာအကြီးအကျယ်ကြုံနေရတယ်လို့တောင်သူတွေက ဆိုပါတယ်။

အသက် (၃၀)ကျော်အရွယ်ရှိပြီဖြစ်တဲ့ ကိုဇော်ထွေးဟာ ဒီဒေသမှာပဲ ကြီးပြင်းလာတာပါ။ သူရဲ့ကျောင်းနေဖက် သူငယ်ချင်းသုံးပုံနှစ်ပုံလောက်က မြို့ကြီးတွေနဲ့ နိုင်ငံခြားဆီ ရောက်နေတယ်လို့ ဆိုပါတယ်။ ကလေးသုံးယောက်ဖခင် သူကလည်း သူငယ်ချင်းတွေနောက်လိုက်သွားလိုပြီး သားသမီးတွေကို ပိုကောင်းတဲ့ အသက်မွေးဝမ်းကျောင်း ရွေးချယ်နိုင်ဖို့ ပညာသင်စရိတ်များများ ရှာချင်တယ်လို့ ဆိုပါတယ်။

7Day News ဂျာနယ်က တွေ့ဆုံမေးမြန်းခဲ့တဲ့ တောင်သူ ၅၀လုံးရဲ့ ထက်ဝက်နီးပါးက ကိုယ်ဇော်ထွေးလိုပဲ သူတို့သားသမီးတွေကို နိုင်ငံအတွက် နှစ်စဉ် နိုင်ငံခြားဝင်ငွေ ဒေါ်လာသန်းရာနဲ့ချီပြီး ရှာပေးနေတဲ့ ဒီစိုက်ပျိုးရေးလုပ်ငန်းမလုပ်စေလိုဘဲ သက်သောင့်သက်သာရှိတဲ့ အသက်မွေးဝမ်းကျောင်းပြောင်းစေချင်တယ်လို့ဆိုပါတယ်။

သူတို့ရွာသားတွေ ရောက်နေတဲ့ နိုင်ငံတွေက မြို့ကြီးတွေမှာ မနက်ဖြန် မိုးရွာမလား၊ ဒါမှမဟုတ် နေသာမလားဆိုတာ ခန့်မှန်းနိုင်တဲ့၊ မိုးလေဝသအချက်အလက်တွေ အလွယ်တကူ ရနိုင်တဲ့ ခေတ်မီနည်းပညာတွေ ကမ္ဘာမှာ ပေါ်ထွက်နေပါပြီ။ ဒါပေမဲ့ သူတို့ရွာတွေအတွက် တစ်ခုတည်းသော မိုးလေဝသ ခန့်မှန်းပုံက တပေါင်းလဆန်းလေတိုက်၊ မတိုက်စောင့်ကြည့်ရတာပါပဲ။ လဆန်း ၁ ရက်မှာ လေတိုက်ရင်မိုးဦးကောင်းမယ်၊ ၃ ရက်နေ့ လေတိုက်ရင် မိုးနှောင်းကောင်းမယ်လို့ အစဉ်ဆက်ခန့်မှန်းခဲ့ကြတယ်။ မနှစ်ကတုန်းကဆိုရင် မိုးကောင်း လွန်းလို့ နှမ်းခင်းတွေပျက်စီးတာနဲ့ ကြုံခဲ့ရပြီး ဒီနှစ်မှာတော့ မိုးမရွာလို့ နှမ်းခင်းတွေ ထပ်ပျက်ရပြန်တယ်လို့ ပျော်ဘွယ်ကျေးရွာက တောင်သူတစ်ဦးက ပြောပါတယ်။

"တစ်နှစ်ကောင်းနိုး၊ နောက်တစ်နှစ် ကောင်းနိုးနဲ့ ပိုနစ်လာတယ်။ ဒါပေမဲ့ ဆက်ပြီးလုပ်နေရမှာပဲ"လို့ သူကရွေးချယ်စရာလမ်းမရှိတဲ့ သူ့အခြေအနေကို ပြောပါတယ်။ တောင်သူတွေရဲ့ အဆိုအရနောက်ပိုင်းနှစ်တွေက ရာသီဥတုဟာ ခန့်မှန်းရခက်လာပြီး မိုးရွာတာလည်း နည်းလာတယ်လို့ဆိုပါတယ်။ ဒီနှစ်မှာတော့ မိုးလုံးဝ မရွာတာကြောင့် နှမ်းခင်းတွေဟာ အားလုံးပျက်စီးကုန်တာတွေ ရှိတယ်လို့ တောင်သူတွေက ဆိုပါတယ်။ ရာသီဥတုဟာ အခုပုံစံအတိုင်းသာ ဆက်ဆိုးရွားနေမယ်ဆိုရင်နောက်သီးနှံတစ်ခုဖြစ်တဲ့ မြေပဲနဲ့ ပဲမျိုးစုံစိုက်ပျိုးတဲ့ ရာသီမှာ အခက်အခဲတွေ ထပ်ပြီး ကြုံတွေ့နိုင်တယ်လို့ ဆိုပါတယ်။

"နှမ်းဖတ်တောင် ပြုတ်စားရတယ်ဗျ"ဟု ကုန်းသာရှိနှမ်းစိုက်သူတစ်ဦးက ပြောပါတယ်။

ပုံမှန်ရာသီဥတု အခြေအနေမှာဆိုရင်တစ်ဧကကိုနှမ်းခုနစ်တင်းကနေရှစ်တင်းကျော်ထွက်ပေမယ့် ရာသီဥတုဖောက်ပြန်တဲ့ နှစ်တွေဆိုရင်နှစ်တင်း၊သုံးတင်းသာရလေ့ရှိတယ်လို့တောင်သူတွေကညည်းတွားတယ်။

စာ(၃၀)သို့


## အထူးကျေးဇူးတင်ရှိခြင်း

ကျွန်တော်၊ ကျွန်မတို့၏ ဒုတိယမြောက် သားရတနာအား ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့ နံနက် ၈ နာရီ ၂၂ မိနစ်တွင် ဝိတိုရိယဆေးရုံ၌ အောင်မြင်စွာမွေးဖွားပေးခဲ့သော သားဖွားမီးယပ်အထူးကု ဆရာဝန်ကြီး ဗိုလ်မှူးကြီး (ငြိမ်း) ပါမောက္ခ ဒေါက်တာ ဒေါ်ရင်ရင်ဇော်၊ အထွေထွေရောဂါကု သမားတော်ကြီး ဒေါက်တာ ဒေါ်သန္တာချို၊ မေ့ဆေးဆရာဝန်ကြီး ဒေါက်တာ ဦးအောင်ရွှေ၊ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာ ဒေါ်နီလာလွင်၊ ဝိတိုရိယဆေးရုံမှ တာဝန်ရှိ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် စီမံခန့်ခွဲမှုအဖွဲ့အား အထူးကျေးဇူးတင်ရှိပါကြောင်း. . .



ဦးသောင်းစုငြိမ်း+ဒေါ်စုစုစိုးညွန့်
CEO & Managing Director
Information Matrix Co., Ltd.

7DAY NEWS JOURNAL · 7DAY SPORTS JOURNAL · INTERNET JOURNAL · PEOPLE MEDIA · PEOPLE · 7DAY SHOPPING GUIDE JOURNAL · 7DAY STAR SPORTS JOURNAL · PLANET · fascinating MYANMAR · 7DAY Express · SUBOO · IM EXPRESS · IMX EXHIBITIONS

7 DAY NEWS JOURNAL
Vol.11, No.22 ▪ AUGUST 9 , 2012

## စာ–၂၁၊ ဂျွန်ဟော့ကင်းတက္ကသိုလ်မှ တာဝန်ရှိသူတစ်ဦးနှင့် တွေ့ဆုံခြင်း မှ

ဘာလို့လဲဆိုတော့ အဲ့ဒီသင်ရိုးညွှန်းတမ်းတွေကို အဆင့်မြှင့်တင်ဖို့ အခွင့်အလမ်းမရတာ နှစ်ပေါင်းများစွာ ကြာနေပြီလို့ပြောတယ်။ အဲ့ဒါကြောင့် ကူညီဆောင်ရွက်ပေးဖို့ပြောတာပါ။

**အလုပ်ရုံဆွေးနွေးပွဲ အတွေ့အကြုံအရဒီက ပညာရေးမှာ ဘာတွေလိုအပ်ချက် ရှိနေတယ်လို့မြင်ပါလဲ။**

ကျွန်တော့်အမြင် ပြောရရင် ပညာရေးကို အဆင့်မြှင့်တင်ဖို့ လိုအပ်နေပါတယ်။ သူတို့က အလုပ်အရမ်းကြိုးစားတယ်။ သူတို့အနေနဲ့ ပိုမိုကောင်းမွန်တဲ့ အရင်းအမြစ်တွေ လိုအပ်နေပြီး ခေတ်မီနည်းပညာတွေကို လက်လှမ်းမီဖို့ အင်တာနက်က နေရာတော်တော်များများမှာ မရှိတာကို တွေ့ရပါတယ်။ နေရာတော်တော်များများမှာ အဆင့်မြှင့်တင်ဖို့ လိုအပ်နေတယ်။ စာကြည့်တိုက်တွေအတွက် ငွေကြေးပံ့ပိုးကူညီမှုတွေလည်း လိုအပ်နေပါတယ်။ ကျွန်တော်တို့ အမြင်အရ သင်ကြားရေးဆရာတွေက ပြင်ပကမ္ဘာနဲ့ ထိတွေ့ဆက်သွယ် ဆောင်ရွက်ဖို့ စိတ်အားပြင်းပြနေကြတယ်။ မြန်မာနိုင်ငံပြင်ပရဲ့ သင်ရိုးညွှန်းတမ်း ဖွံ့ဖြိုးတိုးတက်မှုတွေ၊ သုတေသနရှာဖွေမှုတွေ ဘယ်လိုဖြစ်နေလဲဆိုတာ သိချင်နေကြတယ်။ သူတို့ ပြင်ပကမ္ဘာနဲ့ အဆက်အသွယ်များများရဖို့ လိုအပ်နေပါတယ်။

**လက်ရှိ ဆေးတက္ကသိုလ်တွေရဲ့ အားနည်းချက်က ဘာဖြစ်နေပါလဲ။**

ကျွန်တော် ထင်တာကတော့ သူတို့က ကျောင်းသားအများကြီးကို သင်နေရတယ်။ ဒါပေမဲ့ သင်ကြားရေး ဆရာကတော့ နည်းနည်းပဲရှိနေပါတယ်။ ကျောင်းသားဦးရေနဲ့ သင်ကြားရေးဌာန အချိုးကွာခြားချက် မြင့်မားနေတယ်။ ဒီနှစ် ကျောင်းသားတွေ လျှော့ခေါ်မယ်လို့လည်း ကျွန်တော်ကြားပါတယ်။ ကျောင်းသားဦးရေကိုလျှော့ချပြီး သင်ကြားရေးဆရာတွေ များလာအောင် လုပ်သင့်ပါတယ်။

**တခြားနိုင်ငံက အတွေ့အကြုံ ရှိထားရင် မြန်မာနဲ့ ဘာတွေ ကွာခြားချက်ရှိနေတယ်လို့ ထင်ပါလဲ။**

မလေးရှားနိုင်ငံမှာပါပဲ။ ကျွန်တော်က မလေးရှားမှာ နေနေလို့ပါ။ မလေးရှားမှာ ဆေးကျောင်းတွေ အများကြီးရှိနေပါတယ်။ မြန်မာနိုင်ငံကို မပြန်ချင်တဲ့ မြန်မာဆရာတွေလည်း မလေးရှားမှာ စာသင်နေတာ အများကြီးပါပဲ။ မလေးရှားမှာက အရင်းအမြစ်တွေ အများကြီးပဲ။ အရင်းအမြစ်တွေ ရရှိဖို့၊ အသုံးချဖို့၊ သင့်ထောက်ကူပစ္စည်းရရှိဖို့နဲ့ သင်ကြားရေးဌာနတွေကလည်း အများကြီးရှိနေတယ်။ ဆေးပညာနဲ့ ပတ်သက်ပြီးတော့ မလေးရှားက မြန်မာထက် ခေါင်းတစ်လုံး ပိုသာနေပါပြီ။ မြန်မာကျောင်းသားတွေကတော့ မလေးရှားကျောင်းသားတွေနဲ့ ထက်မြက်တာချင်း အတူတူပါပဲ။ ဘာမှ မကွဲပြားပါဘူး။ ဒါပေမဲ့ ဆေးကျောင်းတွေကတော့ ငွေကြေးပံ့ပိုးမှုတွေ ပိုမိုလိုအပ်နေပါတယ်။

**ဆေးပညာ သင်ယူလိုတဲ့ မြန်မာကျောင်းသားတွေအတွက် အကြံပြုချင်တာရှိရင် ပြောပြပေးပါ။**

ဆေးပညာ လေ့လာသင်ယူမယ့်ကျောင်းသားတွေရဲ့အကြောင်းပြချက်က မိဘက ဆရာဝန်ဖြစ်စေချင်လို့၊ ဒါမှမဟုတ် ငွေရှာကောင်းတဲ့အလုပ်တစ်ခုအနေနဲ့ ရွေးချယ်ကြတာမျိုး မဖြစ်စေချင်ပါဘူး။ လူနာတွေကို ကူညီပေးချင်တာ၊ ကျန်းမာပျော်ရွှင်တဲ့ ဘဝနဲ့ ကာလကြာကြာနေထိုင်စေလိုတာ အဲ့လိုမျိုး စိတ်ဓာတ်နဲ့ ဆေးကျောင်းတက်စေလိုပါတယ်။ ကျောင်းသားတွေအနေနဲ့ ကျောင်းပြီးတဲ့အခါ လူနာတွေကိုဂရုစိုက်စောင့်ရှောက်ပြီး သုတေသနတွေ လုပ်ဖို့နဲ့ လူနာတွေကို ဘယ်လို ကျန်းမာသန်စွမ်းအောင် ပြုမူနေထိုင်ရတယ်ဆိုတာ သင်ကြားပေးမယ့်ရည်ရွယ်ချက်ရှိသင့်ပါတယ်။ မိဘကဖြစ်စေချင်လို့လုပ်တာထက် ကိုယ့်စိတ်အတွင်းထဲက ဖြစ်လာချင်မှ ဆေးကျောင်းတက်သင့်ပါတယ်။ မလေးရှားမှာ ဆေးကျောင်းတက်တဲ့ ကလေး အများစုကို တွေ့ရတာက မိဘပြောလို့နဲ့ ပိုက်ဆံများများ ရှာနိုင်တဲ့အတွက် ဖြစ်နေပါတယ်။ အဲ့ဒါက မှန်ကန်တဲ့ အကြောင်းပြချက်တစ်ခု မဟုတ်ပါဘူး။

**အချိန်ပေး ဖြေကြားတဲ့အတွက် ကျေးဇူးတင်ပါတယ်။**

## စာ–၂၉၊ လာလေနိုးနိုး မျှော်ရတဲ့မိုး မှ

“တောင်သူတွေဆီအထိ အမှန်တကယ်ကွင်းဆင်းပြီး သေသေချာချာ လုပ်ကိုင်သင့်တယ်” ဟု လက်ရှိတောင်သူများ ကြုံနေရသော အခက်အခဲကို အစိုးရကအောက်ခြေအထိ ကွင်းဆင်းဆောင်ရွက်သင့်ကြောင်း မကွေးမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးမြင့်သိန်းကလည်းအကြံပြုပါတယ်။

မကွေးမြို့ပေါ်က ကုန်သည်ကြီးတွေ ခန့်မှန်းချက်အရ ဒီနှစ်မှာ ပဲ၊ နှမ်းဈေးတွေဟာ မနှစ်ကထက် ဈေးပိုကောင်းနိုင်တယ်လို့ ဆိုပါတယ်။ နှမ်းဈေးကောင်းလာပေမယ့် အထွက်နှုန်းလျော့ကျတာမို့ သူတို့ရွာသားတွေ အဆင်မပြေတဲ့ သံသရာမှာလည်နေတုန်းပဲလို့ တောင်သူတွေ ဆိုပါတယ်။

ဆိုးရွားတဲ့ ရာသီဥတုနဲ့ အခက်အခဲတွေကြားမှာ ပြေလည်သူတချို့တော့ ရှိတယ်လို့ တောင် သူတွေက ဆိုပါတယ်။ ပြေလည်သူတွေကတော့ ရခိုင်ပြည်နယ် ကျောက်ဖြူကနေ တရုတ်နိုင်ငံကူမင်းအထိ သွယ်တန်းမယ့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း စိုက်ပျိုးတဲ့ ယာခင်းတွေထဲဖြတ်သွားလို့ လျော်ကြေးရတဲ့သူတွေဖြစ်တယ်လို့ဆိုပါတယ်။

“တရုတ်နှင်တာကို မျှော်နေတာ”ဟု ပဒါန်းမြို့နယ်အတွင်း တောင်သူတစ်ဦးက ဆိုပါတယ်။ အချိန်က ညနေစောင်းလာပါပြီ။ ကုန်းသာရွာသားကိုဇော်ထွေးဟာ မအောင်မြင်တဲ့သူ့နှမ်း စိုက်ခင်းတွေဆီကနေမြေနီလမ်းကိုဖြတ်ပြီး သူ့အိမ်ပြန်ဖို့ပြင်ဆင်လိုက်ပါတယ်။ သူမျှော်နေတဲ့မိုးတွေ ဘယ်တော့ရွာမယ်၊ ရွာက ထွက်ခွာသွားတဲ့ သူ့သူငယ်ချင်းတွေ ပြန်လာမယ့်အချိန် ခေတ်မီအသုံးအဆောင်တွေ သုံးစွဲရမယ့် အချိန်ဘယ်တော့ရောက်လာမလဲဆိုတာ သူအပါအဝင် ဘယ်သူမှ သေချာမသိနိုင်ပါဘူး။ ဒါပေမဲ့ သေချာတာတစ်ခုက အချိန်မီသာ သူတို့ကိုအကူအညီတွေ မပေးနိုင်ခဲ့ဘူးဆိုရင် သူတို့ဘဝတွေ ဆက်ပြီးကြိုးစားရုန်းကန်နေရဦးမယ်ဆိုတာပါပဲ။

**TRADEMARK CAUTION**

MAESTRO LABORATORIES SDN. BHD, a Company incorporated in MALAYSIA, at Lot 7370, Jalan Bahagia, Batu 19, Sengkang, Bukit Gambir, 84800 Muar, Johor, Malaysia is the Owner and Sole Proprietor of the following Trademarks:-

BiOline ACTIVE — Reg. No : 4/4836/2009
Citi Fashion HAIR SERIES — Reg. No : 4/4837/2009
fronte'in SKIN CARE — Reg. No : 4/4838/2009
OSIX saloon choice — Reg. No : 4/4839/2009
HAIR SECTION — Reg. No : 4/4840/2009
Caria Rina PROFESSIONAL — Reg. No : 4/4841/2009
mesnas — Reg. No : 4/4842/2009
alinen — Reg. No : 4/4843/2009
ALPHA TA Classic — Reg. No : 4/4844/2009
UNIQUE PROFESSIONAL — Reg. No : 4/4845/2009
Saloon LINES — Reg. No : 4/4846/2009

In respect of : "Int'l Class 3 : Cosmetics namely creams, lotions, gels and ointments for the face, hands and body; cosmetic kits; lipsticks; lip gloss; eye shadows; blushers; eye and lip pencils; eyebrow colour; eyebrow colouring fluid; eyeliner; mascara; blush; foundations and base make up for concealing irregular skin tone; face powder; face soaps; face lotions; face creams; facial scrubs [cosmetics]; cleansing milk; cosmetic acne cleansers; cosmetic acne creams; beauty milk; anti-bacterial face washes; anti-cellulite preparations; anti-wrinkle cream; bronzing cream; almond milk for cosmetic purposes; almond oil; body aroma paste; nail polishers and removers; nail care preparations; exfoliants hydrating masks; clay masks; body moisturizers; baby lotion; baby oil; collagen serum for cosmetic purposes; facial renewal serum; facial ampule; herbal skin and body care preparations; toiletries; perfumes; perfumery goods; eau de toilette, colognes; scented water; essential oils; oils for cosmetic purposes; oils for perfumes and scents; oils for toilet purposes; depilatory preparations; shaving preparations; shaving soap; after-shave lotions; antiperspirants; deodorants for personal use; soaps, medicated soaps; dentifrices; bath and shower gels; cosmetic preparations for skin care; skin cleansing preparations; facial toners [cosmetics]; skin toners; astringents for cosmetic purposes; moisturizing preparations [cosmetics]; moisturizing creams and lotions; skin whitening creams; collagen creams; skin firming preparations; facial packs; beauty masks; anti-aging serum, gels and creams; eye serum, gels, lotions; cosmetic preparations for slimming purposes; slimming products [cosmetic], other than for medical use; massage creams, not medicated; massage lotions, not medicated; massage gels, not medicated; massage ointments, not medicated; tissues impregnated with cosmetic lotions; lip balm; make-up, make-up powder, make-up preparations, make-up removing preparations; bath salts not for medical purposes; sunscreen preparations; sunblock; suntanning preparations [cosmetics]; preparations and substances all for laundry use; gels, mousses, balms, lotions and creams for the care and treatment of the hair; shampoos, conditioners; hair rinses; hair colorants; hair dyes; hair spray; hair waving and curling preparations; neutralizers for permanent waving; hair neutralizers; hair straightening preparations; hair lacquer; waxing preparations for the hair; hair tonic [non-medicated]; non-medicated scalp treatment; bleaching preparations for the hair; hair gloss products; hair styling preparations".

Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.

U Myint Lwin, Advocate, LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990

9.Aug.2012

**Diplomatic Mission seeks
Alumni Coordinator**

Basic Function of Position:

In collaboration with the U.S. Embassy Public Affairs Section , responsible for promoting greater contact and cooperation among former participants of U.S. Government-sponsored exchange programs and various U.S. Embassy-based educational programs. Responsible for organizing events and programs for countrywide, regional, and local alumni audiences; integrating alumni at all levels into U.S. Mission programs.


Qualifications Required:

1. A university (Bachelor's) degree in one of the social sciences, education, liberal arts.
2. Minimum 1 year experience working within a high performing, flexible team wherein team leadership changes with project management. Familiarity with Myanmar and U.S. education systems.
3. Fluent speaking/reading/writing/ English and Myanmar.
4. Must have a good deal of knowledge about Myanmar's environment whether it be the social, economic, governmental, educational, art or sports arena and able to learn/understand the policies and set-up of various exchange programs.
5. Must be able to provide advice and programmatic support to the various volunteer-based alumni associations about optimal ways to engage with the Embassy, including grants proposal writing and budget management and to perform independently and with a larger team on all administrative and strategic tasks.
6. Must have basic knowledge of MS Office applications such as Word, Excel and MS outlook.

Eligible candidate may submit application to **Human Resources Office, P.O. Box 521, GPO, Yangon** not later than **August 13, 2012.**

# လူသားဖြစ်ခွင့် မဖြစ်ခွင့်

မောင်သာချို



(တစ်)

လူ့ပြည်က အပ်တစ်ချောင်းနှင့်ဗြဟ္မာ့ပြည်က အပ်တစ်ချောင်းတို့လမ်း၌ဆုံကောင်းဆုံကြမည်ဖြစ်သော်လည်း လူတစ်ယောက်ဖြစ်လာဖို့ဆိုသည်မှာ မလွယ်ကူလှဟူ၍ မြန်မာ့လူမှုဝန်းကျင်အစဉ်အလာ၌ လက်ခံထားခဲ့ကြဖူးပါသည်။ အမေရိကန်သူပုန်စာရေးဆရာကြီး ဂျက်လန်ဒန် (Jack London) ကမူ သူ့နာမည်ကျော်ဝတ္ထုဖြစ်သော ပင်လယ်ဝံပုလွေ (sea wolf) ထဲ၌ ဝံပုလွေလာဆင်ဟူသောဇာတ်ဆောင်နေရာမှ စကားဝင်ပြောထားခဲ့ရာ "ကမ္ဘာပေါ်မှာ အပေါဆုံးက လူ့အသက်" ဟူသတတ်။

လူ့အဖြစ်ကို ရရှိခြင်းသည် ကောင်းသလား၊ မကောင်းသလား ခွဲခြားရန် ခက်ခဲနက်နဲလှသော ဤကမ္ဘာ၌ လူဖြစ်လာခွင့်၊ မလာခွင့် အခွင့်အရေးများကလည်း တိုင်းပြည်နိုင်ငံများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးများအပြင် လူတစ်ဦးချင်းစီ၏ ဆန္ဒသဘောထား ခံယူချက်များ အပေါ်၌လည်း မှီတည်လျက်ရှိပါသည်။

ယခု ၂၀၁၂ ခုနှစ်အတွင်း မကြာမီလပိုင်းများဆီက တရုတ်ပြည်ကြီးဆီက သတင်းတစ်ပုဒ် ကမ္ဘာ့မီဒီယာလောကထဲသို့ရောက်၍ လာပါသည်။ အသက် ၂၇ နှစ်အရွယ် ဖန်ကျန်းမေဆိုသည့် အမျိုးသမီး၏ သတင်း။ သူက ငါးနှစ်အရွယ် သမီးကလေးတစ်ယောက်ရှိနေခဲ့ပြီး နောက်ထပ် ကိုယ်ဝန်ရှိလာခဲ့လေသောအခါ ဒေသဆိုင်ရာ အာဏာပိုင်တို့က ပေါင် ၄,၀၀၀ ကျော်ဒဏ်ငွေပေးဆောင်ရန် အမိန့်ချမှတ်ပါသည်။ သို့သော် ဖန်ကျန်းမေ မပေးနိုင်ရှာပါ။

One Child Policy ခေါ် တစ်အိမ်ထောင် ကလေး တစ်ယောက်ဥပဒေကို ကျော်လွန်ခြင်းဖြစ်ရာ အာဏာပိုင်တို့က ဖန်ကျန်းမေကို ဆေးရုံသို့ခေါ်ဆောင်သွားကာ အတင်းဖျက်ချပစ်ကြပါသည်။ ခုနစ်လသားကလေး ပျက်ကျခဲ့ပါပေ့။

ဤ၌သတင်း မီဒီယာလောကတစ်ခုလုံး ပွက်ညံပွက်ညံဖြစ်၍ လာတော့ကာ နောက်ဆုံးတော့ အစိုးရက ဖန်ကျန်းမေကို တောင်းပန်ခြင်းဖြင့် ကိစ္စပြီးသွားခဲ့ရပါသည်။ သို့သော် ခုနစ်လတိတိ လွယ်ထားခဲ့ရသည့် ရင်သွေးကလေးကိုမူ ပြန်မရနိုင်ပါလေတော့။

ဒါကတော့ တရုတ်ပြည်၏ စီးပွားရေး၊ လူမှုရေးနှင့်ဆိုင်သောကိစ္စဟု မြင်ပါသည်။ လူဦးရေ အဆမတန်များပြားတိုးပွားနေသော တရုတ်ပြည်အဖို့ ၁၉၇၈ မှစတင်ကာ One Child Policy ခေါ် တစ်အိမ်ထောင် ကလေးတစ်ယောက်မူကို ကျင့်သုံးခဲ့သဖြင့် ယခု ၂၀၁၂ ၌ လူဦးရေသန်း ၁,၃၀၀ ပဲရှိပါသည်။ အကယ်၍ ထိုပေါ်လစီကိုသာ မကျင့်သုံးခဲ့သော် သန်း ၁,၇၀၀ ရှိနေမည်ဖြစ်သဖြင့် သန်း ၄၀၀ ခန့်မျှသော အူဝဲကလေးတို့ကိုလူထဲသို့ရောက်မလာနိုင်ရန် ဟန့်တားထားလိုက်နိုင်ခြင်းဟု ယူဆရပါ၏။ တိုင်းပြည်တစ်ခု၏ စားဝတ်နေရေးကြောင့် ကျင့်သုံးခဲ့ရသော ပေါ်လစီဖြစ်သဖြင့် ကောင်းသည်ဆိုးသည်ကို ကျွန်တော်မပြောတတ်။ သို့သော် . . .။

(နှစ်)

သို့သော်၏ နောက်မှာကဖြင့် ပြောစရာတွေက အများကြီးပဲဖြစ်ပါသည်။

စားဝတ်နေရေးသောက အပြင်ကလေးငယ်၏ ကရိကထဒုက္ခကိုမခံချင်လို့၊ လွတ်လွတ်လပ်လပ်နေချင်လို့၊ သမီးမိန်းကလေးကို မလိုချင်လို့၊ သားသမီးတစ်ယောက်တည်းလိုချင်လို့စသည်စသည်ဖြင့် တားကြဆီးကြ ရှောင်ကြကွင်းကြ ဖျက်ကြဆီးကြတာတွေကဖြင့် နေရာအနှံ့မှာပဲ ဖြစ်ပါသည်။

တရုတ်၊ အိန္ဒိယစသောနိုင်ငံတို့၌သမီးမိန်းကလေးကို မလိုချင်သောကြောင့် ဖျက်ချကြသော Missing Girls ဟူ၍ရှိပါသည်။ ယောကျ်ားကလေးကိုသာ ဦးစားပေးသောကြောင့် ယင်းကိုအချို့က Little Emperor တဲ့။ အနောက်နှင့် ဥရောပနိုင်ငံများ၌မူကျား၊ မဟူ၍ လိင်ကြောင့်အနိမ့်အမြင့်ခွဲခြားတာမျိုးမရှိ။

ဂျာမနီ၌ ၁၉၆၀ နှင့် ၁၉၆၇ ကြားတွင်ဂျာမန်ဇနီးမောင်နှံတို့အနက် ၃၀ ရာခိုင်နှုန်းက သားသမီးမယူဘဲရှိခဲ့ကြလေရာ ၁၉၇၂ မှ ၂၀၀၂ အကြားနှစ် ၃၀ အတွင်းတွင် လူဦးရေ ကျဆင်းလာခဲ့ရာ ၂၀၅၀ ၌ဂျာမန်လူဦးရေ၇၅ သန်းကနေ သန်း ၅၀ သို့ကျဆင်းသွားမည်ဖြစ်သဖြင့်ဝန်ကြီးချုပ်မာကယ်ကကိုယ်ဝန်ဆောင်သော အမျိုးသမီးတို့ကို လစာအပြည့်ဖြင့် ခွင့်တစ်နှစ်ပေးမည့်အပြင် ကလေး၏ မူကြိုစရိတ်ကိုပါ နိုင်ငံတော်ကတာဝန်ယူကြောင်း ထုတ်ပြန်ပါသည်။

ပြင်သစ်ကမူ သားသမီးယူလျှင် ပထမကလေးဆိုပါက လစာအပြည့်နှင့် ခွင့် ၃ နှစ်။ ဒုတိယကလေးယူသော် ထောက်ပံ့ကြေးထပ်ပေး။ တတိယ ကလေးယူသော် ထောက်ပံ့ကြေးနှစ်ဆထပ်ပေးရန် စီမံထားပါ၏။

အမေရိကန်ကမူ ကလေးမွေးသော် လစာမဲ့ ခွင့် သုံးလ။ တရုတ်တိုင်ပေက ၂၀၁၁ ခုနှစ်မှစတင်ကာ ကလေးတစ်ယောက်မွေးတိုင်း ထောက်ပံ့ကြေး ၆၂၅ ဒေါ်လာဟုဆိုပါ၏။

တောင်ကိုရီးယားနိုင်ငံ၏ အစီအမံကမူ ပြုံးချင်စရာဖြစ်နေမလားမသိ။ ကိုရီးယားအမျိုးသမီးတို့၏ မွေးဖွားနှုန်းက ၁ ဒသမ ၀၉ ဟုဆိုရာ လူဦးရေကျဆင်းမည်ကို ကြောက်သဖြင့် ကျန်းမာရေးဝန်ကြီးဂျန်ဂျယ်ဟီက ဝန်ထမ်းများအိမ်သို့ စောစောပြန်ကြရန်၊ တစ်လကို တစ်ရက် မီးမှိတ်ထားကြရန် ထုတ်ပြန်ခဲ့ရာ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရသူအရာရှိ ချိုင်ချင်စွန်က လတစ်လ၏ တတိယမြောက် ဗုဒ္ဓဟူးနေ့၌ ည ၇း၃၀ တွင် အိမ်တိုင်းမီးများ မှိတ်ထားကြရန် လိုက်လံဆောင်ရွက်နေရပါသတဲ့။

ဂျပန်နိုင်ငံကလည်း အမျိုးသမီးတို့၏ ကလေးမွေးဖွားနှုန်းမှာ ၁ ဒသမ ၃ သာရှိသည်ဟု ဆိုပါသည်။ ထို့ကြောင့် လူဦးရေကျကိုယ်ကိုးလာကြတာ၊ သို့မဟုတ် အိမ်ထောင်တစ်ခုကိုတည်ဆောက်ဖို့ မဝံ့ရဲကြတာ၊ သို့မဟုတ် လွတ်လွတ်လပ်လပ်နေလိုကြတာစသည်စသည်ဖြင့် အကြောင်းအမျိုးမျိုးရှိနိုင်ပါသည်။

သည့်နောက်ဆွယ်မှာဖြင့် ဂယက်တွေ အနက်တွေက အများအပြား။

တရုတ်ပြည်၌ one child policy ကျင့်သုံးရာ တစ်ကောင်ကြွက်ကလေးများ ဖြစ်လာကြသ

> တောင်ကိုရီးယားနိုင်ငံ၏ အစီအမံကမူ ပြုံးချင်စရာဖြစ်နေမလားမသိ။ ကိုရီးယားအမျိုးသမီးတို့၏ မွေးဖွားနှုန်းက ၁ ဒသမ ၀၉ ဟုဆိုရာ လူဦးရေကျဆင်းမည်ကို ကြောက်သဖြင့် ကျန်းမာရေးဝန်ကြီး ဂျန်ဂျယ်ဟီက ဝန်ထမ်းများအိမ်သို့ စောစောပြန်ကြရန်၊ တစ်လကိုတစ်ရက် မီးမှိတ်ထားကြရန် ထုတ်ပြန်ခဲ့ရာ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရသူ အရာရှိ ချိုင်ချင်စွန်က လတစ်လ၏ တတိယမြောက် ဗုဒ္ဓဟူးနေ့၌ ည ၇း၃၀ တွင် အိမ်တိုင်းမီးများ မှိတ်ထားကြရန် လိုက်လံဆောင်ရွက်နေရပါသတဲ့။

ဖြင့် မွေးချင်းဟူ၍မရှိ။ ထို့ကြောင့် အစ်ကိုတို့ ညီတို့ ညီမတို့ အစ်မတို့မရှိ။ ထို့ကြောင့် ဦးလေး၊ ဘကြီး၊ ဒေါ်လေး၊ ဒေါ်ကြီးဆိုတာတွေ မရှိ။ မသိ။

ဂျပန်၌ ခိုးခိုးခစ်ခစ် ရယ်တတ်၊ ငိုတတ်သော ကလေးများကိုလိုချင်သဖြင့် ထို့သို့ရယ်တတ်ငိုတတ် ချိုချိုလည်း စို့တတ်သည့် ကလေးအရုပ်များကို ထုတ်လုပ်ကာစိတ်ဖြေကြရလေသတဲ့။ တစ်ကောင်ကြွက်တို့များလာ၊ ကလေးမရှိသူတို့များလာသဖြင့် အလှူ မသာ၊ မင်္ဂလာများ၌ ဆွေမျိုးများနှင့်သိုင်းသိုင်းဝိုင်းဝိုင်းမရှိဖြစ်လာရာ အငှားဆွေမျိုးလုပ်ငန်းဟူ၍ ဂျပန်မှာ ပေါ်ပေါက်လာရပြန်သတဲ့။

တိုကျိုတက္ကသိုလ်က ပညာရေးစိတ်ပါရဂူအာကီယားရိုဒါကတစ်ယောက်တည်းသားသမီးအများစုသည် ပူးပေါင်းဆောင်ရွက်တတ်သော စိတ်နည်းသည်။ အသင်းအဖွဲ့နှင့် လှုပ်ရှားတတ်သော အလေ့ခေါင်းပါးသည်။ ပေါင်းသင်းဆက်ဆံရေး ညံ့တတ်သည်ဟုဆိုပါသည်။

ဖခင်အသက်ကြီးမှရသောကလေးတို့ကမူ အထီးကျန်တတ်၊ စိတ်မမှုမမှန်တတ်ကြောင်း နယူးယောက်မြို့ မောင့်ဆိုင်းနိုင်းဆေးသိပ္ပံနှင့် လန်ဒန်ဘုရင့်ကောလိပ် စိတ်ရောဂါပညာဌာနသုတေသီများကအစ္စရေးကလေး၁၃၂,၂၇၁ ယောက်ကိုစောင့်ကြည့်သုတေသနပြုကာ ထုတ်ပြန်ခဲ့ကြပါသည်။

အိမ်ထောင်ရယ်လို့မှပြု၊ သားသမီးရယ်လို့မှ ယူမည်ဆိုလျှင် မိခင်၏ မျိုးဥတို့အားကောင်းမောင်းသန်ရှိချိန် ငယ်ရွယ်ချိန်တွင် ယူမှသာထိုကလေးသည် ကျန်းမာသန်စွမ်းဉာဏ်ရည်ထက်မြက် သွက်လက်ကြံ့ခိုင်ကာ စိတ်ပိုင်းဆိုင်ရာ၌လည်း ပြည့်ဝကြောင်း ကျန်းမာရေး အစီရင်ခံစာများက ဖော်ပြနေကြပါသည်။

နိုင်ငံတစ်နိုင်ငံအဖို့ လူဦးရေအလွန်အမင်းနည်းခြင်းသည် အန္တရာယ်ဖြစ်သကဲ့သို့ လူဦးရေအဆမတန် ပေါက်ကွဲခြင်းကလည်း ရှင်းမရသော ပြဿနာများဆီသို့ ဦးတည်သွားတတ်ပါသည်။

မိသားစုသည် နိုင်ငံ၏ အခြေခံအကျဆုံး အသေးဆုံးယူနစ်ဖြစ်ရာ နိုင်ငံသားတိုင်းက ကိုယ်စိတ်နှစ်ပါးလုံးခြုံကာ ပျော်ရွှင်ချမ်းမြေ့၍ ကျန်းမာကြံ့ခိုင်သော မိသားစုအသိုက်အဝန်းကလေးများကို တည်ဆောက်သင့်သည်ဟုယူဆပါသည်။

မိခင်လောင်း၊ ဖခင်လောင်းများနှင့် မိခင် ဖခင်ဖြစ်နေသူများအဖို့ နတ်ထွင်းတဲ့ ခံတွင်းနောက်ကြမှ ကြည့်ရှင်းမယ်ဟုဆိုကာ အတားအဆီးမရှိမွေးဖွားဖို့မလိုသလိုကျွေးနိုင်ပ့ါမလား၊ မွေးနိုင်ပ့ါမလားနှင့် တားရင်းဆီးရင်း ရှောင်ရင်းကွင်းရင်း သားမဲ့သမီးမဲ့ မိသားစုဖြစ်လိုဖြစ်၊ တစ်ကောင်ကြွက် ကလေးတွေဖြစ်လိုဖြစ် နောက်ကျသား နောက်ကျသမီးများဘဝနှင့် ဉာဏ်ရည်မမီ၊ ကြံ့လှိုညံ့ဖျင်းသော ကလေးတွေဖြစ်လိုဖြစ်သည့် ဘဝမျိုးကိုလည်း ရောက်ရှိသွားရန် မလိုအပ်ပါ။

ကြယ်လစုံသာ ကောင်းကင်ပမာစည်ပင်ဝေဆာသော မိသားစုဘဝများ ပိုင်ဆိုင်နိုင်ကြပါစေဟူ၍ သာ။

ဂျ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုးဦး |
| စာပြင်အယ်ဒီတာ | လှထွဋ်ဦး |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ယုဇနကိုကို၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ မြတ်စုမွန်၊ အေးသူစံ၊ သန်းဌေး၊ ဇာဇာနို၊ သန်းထူး |
| သတင်းထောက်များ | ကျော်သီဟ၊ ကိုကိုကြီး၊ အေးမြတ်သူ၊ ကြူကြူဟန် |
| အငယ်တန်းသတင်းထောက် | ရန်မျိုးနိုင်၊ ခိုင်ထွန်း၊ အေးမင်းထက်၊ ချယ်ရီမြင့်၊ အောင်ခိုင်မောင်၊ မင်းဟိန်းကျော်၊ ခင်ငြိမ်းချမ်းစိုး၊ ခိုင်ချို့နွယ် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော် |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| ဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| လက်ထောက်ဒီဇိုင်နာ | နွယ်မွန်ဖြိုး |
| ကွန်ပျူတာစာစီ | စန်းစန်း၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်၊ ဇော်ဝင်းအောင် |
| သရုပ်ဖော် | စိုးသော်တာ |
| ပြင်ပဆက်သွယ်ရေး | သက်ပိုင်ဌေး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင် |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊ နှင်းဝေဝေ |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၇၀,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12)
မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၈၈၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com
Hotline : 0973032006

# လူ့အဖိုးတန်လေးများဖြစ်ဖို့ အခြေခံကို မြှင့်တင်ပါ



မင်းသန်းထိုက်(ဒေးဒရဲ)

တက္ကသိုလ်ဝင်တန်းကျောင်းသားများကို စာသင်ပေးရသည်မှာ ပျော်စရာလည်း ကောင်းပါသည်။ စိတ်ညစ်စရာလည်း ကောင်းပါသည်။ ပြီးတော့ ရယ်စရာလည်း ကောင်းပါသည်။ ရယ်သောသူ အသက်ရှည်၏လို့ဆိုရိုးရှိသော်ငြားသည်လိုရယ်ရခြင်းမျိုးက အသက်ရှည်မလား၊ တိုမလားလည်း ကိုယ့်ဟာကိုယ် မခွဲခြားတတ်တော့ပါ။ ဘာလို့လဲဆိုတော့ သည်လိုရယ်ရခြင်းရဲ့နောက်မှာ မောစရာတွေ တစ်သီတစ်တန်းကြီးဆက်ဆက်ပြီး တွေးမိလို့ပါ။

ကျွန်တော်က ဝါသနာအရ စာတိုပေစလေးများလည်း ရေးသလိုတက္ကသိုလ်ဝင်တန်းကျောင်းသားများကိုလည်း မြန်မာစာသင်ပါသည်။ စာသင်ရသော အလုပ်ကိုလည်း အင်မတန်မှ နှစ်ခြိုက်ပြီး ဝါသနာလည်းပါ၊ ပျော်လည်းပျော်ပါသည်။ ဆရာကြီး ဦးအောင်သင်းပြောသလို ကိုယ်ဝါသနာပါသော အလုပ်နှင့် အသက်မွေးရတာဆိုတော့ပင်ပန်းသည်ဟုလည်း မထင်ပါ။ သို့ပေမဲ့ သည်မှာဘက်နှစ်များမှာတော့ "ဆရာမှိုင်း ခါတိုင်းသို့ စိတ်မပျော်" ဟု ဆရာကြီး သခင်ကိုယ်တော်မှိုင်းညည်းသလိုမျိုး ညည်းရလောက်အောင် စာသင်ရတာခါတိုင်းလို မပျော်တော့ပါ။ သင်ကြားရေးကိစ္စတွေမှာ ကျွန်တော်တို့ ဆရာ၊ ဆရာမတွေ တစ်ခုခုတော့ အံချော်နေပြီဟု ခံစားမိလို့ပါ။

နာမ်တွေကို ဣတ္ထိလိင်၊ ပုလ္လိင်ခွဲသော သင်ခန်းစာသည် တက္ကသိုလ်ဝင်တန်းရောက်မှ ထူးပြီးပါလာသော သင်ခန်းစာများ မဟုတ်ချေ။ ဟိုးငါးတန်းကတည်းက ပါလာခဲ့သော သင်ခန်းစာဖြစ်ပါသည်။ ဣတ္ထိလိင်၊ ပုလ္လိင်စသည့် စာလုံးပေါင်းများသည် ကျောင်းသားများနှင့် အကျွမ်းတဝင် ရှိသင့်ပါပြီ။ သို့သော် ၁၀ တန်းရောက်လာသော ကျောင်းသားအချို့သည် ဣတ္ထိလိင်ကို စာလုံးပေါင်းမှန်အောင် မရေးနိုင်ကြပါ။ အချို့အက္ခရာက္ကကို "က္က""က္ကု"ဟု ရေးနေကြသည်။ ကျောင်းသူတစ်ယောက်ဆိုလျှင် လိင်အမျိုးအစားခွဲခြားခိုင်းသော လေ့ကျင့်ခန်းတွင် "ဦးအောင်ဇေယျ=ပုလ္လိင်"လို့ ရေးရမှာကို "ဦးအောင်ဇေယျ=ပုလိပ်" ဟု ရေးလာသည်။ ကျွန်တော့်မှာလည်းငိုအားထက် ရယ်အားသန်။ ဦးအောင်ဇေယျက ပုလိပ်မဟုတ်ဘူး။ ဘုရင်ပါလို့ ပြောရသည်။

သဝေထိုးတို့၊ ငသတ်တို့ကို အပေါ်က စဆွဲတာ၊ ဝါကျဆုံးရင် ပုဒ်မ မချတာ၊ "သွားတတ်သည်" "လာတတ်သည်""ပညာတတ်" စတာတွေမှာသုံးတဲ့ "တတ်"ကို "တက်"နဲ့ မှားရေးတာ၊ ဝိုက်ချ(-ာ)နဲ့ပဲ ရေးရမယ့် "ဖော်ပြ""ဓာတု" စတာတွေကို မောက်ချ(-ါ)နဲ့ "ဖေါ်ပြ" "ဓါတု"လို့ ရေးတာတွေ လောက်ကတော့ သည်ဘက်နှစ်တွေမှာ အမှားလို့ကို ပြောလို့ မရတော့ပါဘူး။ သူ့ထက်ကဲတွေ၊ ကိုသာဆိုးတွေ များလွန်းလို့ပါ။ အမှားကြာလျှင် အမှန်ထင်ပြီး ကြာလျှင်မြန်မာစာရေးထုံးများပင် ပျက်ယွင်းလာမှာ စိုးရိမ်ရပါသည်။ ယခုပင် "သျှော်"တို့ "လက်ာ"တို့မှာပါတဲ့ ကင်းစီး(်)ကို ဗျည်းပေါ် မတင်ဘဲ သရဖြစ်တဲ့ရေးချ(-ာ) ပေါ်တင်ပြီး "သချော်"တို့ "လကာ်" တို့ရေးနေကြသည့်အထဲ ကျောင်းသားများသာမက ဆရာ၊ ဆရာမ အချို့ပင် ပါဝင်နေပေသည်။ မြန်မာစာ၏ အနာဂတ်အတွက် ပင် ရင်လေးဖွယ်ကောင်းလှသည်။

အစကောင်းမှ အနှောင်း သေချာဆိုသလို သက်ဆိုင်ရာ အတန်းငယ်တွေမှာ ပါသင့်ပါထိုက်သော အခြေခံကောင်းများပါလာအောင်သင်ကြားပေးရန်လိုသည်။ အတန်းငယ်ငယ်မှာကတည်းက အရစ်အဆွဲမှန်အောင် လေ့ကျင့်ပေးလိုက်လျှင် အတန်းကြီးမှ သဝေထိုးတို့၊ ငသတ်တို့ကို အပေါ်က စဆွဲတာမျိုးမဖြစ်နိုင်တော့ပါ။ တစ်ခါ "တတ်"နှင့် "တက်" အသံထွက်မတူကြောင်း၊ "တတ်"ကို ကြိယာအဖြစ်သာမက ကြိယာထောက်ပစ္စည်းအဖြစ်လည် သုံးလေ့ရှိပုံကိုသာဓကလေးများနှင့် ရှင်းပြ၊ သင်ပြပေးလိုက်လျှင် အမှား နည်းသွားလိမ့်မည် ထင်ပါသည်။ တစ်ခုတော့ရှိပါသည်။ ကျွန်တော်တို့ ဆရာ၊ ဆရာမများကလည်း သင်ကြားရေး ဝမ်းစာရအောင် စာများများဖတ်ဖို့တော့ လိုပါလိမ့်မည်။

"ခ၊ ဂ၊ င၊ဒ၊ပ၊ဝ"စသော ဗျည်း ၆ လုံးကို သူတို့ချည်းသက်သက်ဆိုလျှင် မောက်ချ(-ါ)နှင့် ရေးရကြောင်း၊ ယပင့်၊ရစ်၊ ဝဆွဲ၊ ဟထိုး ဟူသော ဗျည်းတွဲများပါလာလျှင် ဝိုက်ချ(-ာ)နှင့်ပင် ရေးရကြောင်း သာဓကလေးများနှင့် ရှင်းပြပြီး မြန်မာစာအဖွဲ့က ထုတ်တဲ့မြန်မာစာ မြန်မာစကားစာအုပ်ထဲက "ခင်ဂူငေါ်ဒေါ်ပုံဝ"ဟူသော အတိုကောက် လင်္ကာလေးမှတ်ခိုင်းထားလိုက်လျှင် ကျောင်းသားအတော်များများမြန်မာစာရေးထုံးလေးတွေ မှန်လာနိုင်ပါသည်။ 'တ' နှင့် 'တစ်' အသုံးတွင် အရေအတွက် သဘောဆောင်လျှင် 'တစ်' သုံးရကြောင်း၊ 'ပဲ' နှင့် 'ဘဲ' တွင် အငြင်းသဘောပါလျှင် 'ဘဲ' သုံးရကြောင်း၊ 'ဖက်'နှင့် 'ဘက်' တွင် ရှေ့က တစ်၊ နှစ်၊ သုံး၊ လေး စသော အရေအတွက်ပါလျှင် 'ဖက်'သုံးရကြောင်း စသည့်ရေးထုံးများကို ငယ်စဉ်ကတည်းက စွဲအောင်လုပ်ပေးလိုက်လျှင် ကျွန်တော်တို့ကလေးတွေ ကိုယ့်ဘာသာစကားကိုလည်းလေးစားတတ်၊ မှန်မှန်ကန်ကန်လည်း သုံးတတ်လာမည်ထင်ပါသည်။

သည့်ထက်ဆိုးသော ပြဿနာရှိပါသေးသည်။ စာတွေကို အဓိပ္ပာယ်နားမလည်ဘဲ အလွတ်ကျက်နေခြင်း ဖြစ်သည်။ အိမ်နီးနားချင်း ကျောင်းသူတစ်ယောက်က သူအလွတ်ချရေးထားသော ခက်ဆစ်တွေ မှန်မမှန်စစ်ပေးဖို့ လာပြသည်။သူကမြန်မာမှုစကားပြေထဲက ရုပ်ခွက်၏အဓိပ္ပာယ်ကို"အတွင်းသုံး ချိုင့်ခွက်နေသည့် ပုံစံဖြင့် ပြုလုပ်ထားသော ရုပ်ပုံ" ဟု ဖြေထားသည်။ ကျွန်တော်က "အတွင်းသုံး" မဟုတ်ပါဘူး၊ "အတွင်းသို့" ပါဟုပြောတော့ စာအုပ်ထဲမှာ အဲဒီအတိုင်းရေးထားတယ်ဆိုပြီး ၁၀ တန်းစကားပြေလက်ရွေးစင်စာအုပ်ကြီး လှန်ပြသည်။ စာအုပ်ထဲမှာတော့ ထိုကျောင်းသူရေးထားတဲ့အတိုင်း။ ကျွန်တော်က စာအုပ်ဆိုတာ ကွန်ပျူတာစီရင်း သတ်ပုံဘာညာမှားတတ်တာပဲ၊ ကိုယ့်ဘာသာကိုယ် အဓိပ္ပာယ်စဉ်းစားကြည့်ပါလား။ "အတွင်းသုံးချိုင့်ခွက်နေသော"ဆိုတာ ဘာအဓိပ္ပာယ်ရှိလို့လဲလို့ဆိုတော့ ကျွန်တော်ပြောတဲ့စကားတွေကို နားမလည်သလို ကြောင်တောင်တောင် စိုက်ကြည့်နေလေသည်။

အဆိုးတကာ့ အဆိုးဆုံးပြဿနာမှာ ကျောင်းသင်တန်းစာများကို စာမေးပွဲဖြေဖို့အတွက် လောက်သာ သဘောထားလာကြခြင်း ဖြစ်သည်။ နာမ်စားတွေကို "ကျွန်တော်၊ ကျွန်မ၊ ကျွန်ုပ်၊ ကျုပ်၊ ငါ"နှင့် အော်ဟစ်ကျက်နေတဲ့ ကျောင်းသူတစ်စုကို "ဒါတွေက မင်းတို့နေ့တိုင်း စကားပြောရင်းထည့်သုံးနေကျ စကားလုံးတွေ မဟုတ်ဘူးလား၊ အလွတ်ကျက်ဖို့ လိုသေးလား" လို့ဆိုတော့"အပြင်မှာ သုံးတာက သုံးတာပဲ" တဲ့။ "စာမေးပွဲမေးတာက မေးတာပဲ" တဲ့။ "အလွတ်ကျက်မထားရင်ရောကုန်မှာပေါ့" တဲ့။ တစ်ခါကလည်း အတန်းတစ်တန်းမှာ "သောနုတ္တရမုဆိုးနှင့် ဆဒ္ဒန်ဆင်မင်း" စကားပြေသင်ရင်းနှင့် ဦးပုည၏ အတ္ထုပ္ပတ္တိကို စာအုပ်ထဲပါတာထက် ပိုပြီး ရှင်းပြလိုက်သည်။ ပြီးလူပျိုမလှည့်ကြောင်း မေတ္တာစာ တစ်ပုဒ်ကိုလည်း သံနေသံထားနှင့် အနည်းငယ်ရွတ်ပြလိုက်သည်။ ဒီမှာတင်ကျောင်းသူတစ်ယောက်က "အဲဒါတွေအလွတ်ရအောင်ကျက်ထားရမှာလား"ဟုပြန်မေးသည်။ သူတို့စိတ်ထဲမှာ ကျောင်းသင်ခန်းစာဆိုတာ စာမေးပွဲအောင်အောင်ဖြေဖို့အတွက်ဟုပဲ နားလည်ထားကြသည်။

ဤပြဿနာများ၏ အခြေခံသည် အတန်းငယ်များတွင် အလွတ်ကျက်ခိုင်းခြင်းက စသည်ဟု ထင်သည်။ သင့်ပတ်ဝန်းကျင်တွင်တွေ့နိုင်သော အပင်ငါးမျိုးကို ရေးပါဟူသော မေးခွန်းမျိုးကိုလည်း ဆရာတွေက အဆင်သင့်ဖြေပေးလိုက်သည်။ ကျက်လာခဲ့ဟု မှာလိုက်သည်။ ကျောင်းသားက ဆရာပေးလိုက်တဲ့အတိုင်း တစ်သဝေမတိမ်းကျက်သည်။ ဆရာက သရက်ပင်ဟု ပေးလိုက်လျှင် မာလကာပင်ပြောင်းမရေး။ အချို့ဆရာများကလည်း ဘာကြောင့်မှန်းမသိ၊ ပြောင်းရေးလျှင် မှန်နေတာတောင်မကြိုက်ချင်ကြ။ ကြာတော့ ကျက်သည့်အကျင့်စွဲသွားသည်။ အလွတ်ကျက်မထားလျှင် ဘာမျှမလုပ်တတ်တော့။ တစ်ခါက မိတ်ဆွေတစ်ယောက်နှင့်အတူ ကျောင်းတစ်ကျောင်းသို့ ရောက်သွားသည်။ ကျောက်သင်ပုန်းပေါ်မှာ ဆရာတွက်ပြထားသည့် ဂျီဩမေတြီ အဖြေတစ်ပုဒ်ကို ကလေးတစ်ယောက်က အတန်းရှေ့ထွက်ပြီးတိုင်ပေးနေသည်။ ကျန်အတန်းသားအားလုံးကနောက်ကနေ လိုက်အော်နေကြသည်။

စာ(၄၀) သို့

7 DAY NEWS JOURNAL

# Business

Vol.11, No.22 • AUGUST 9 , 2012

# မြန်မာ့ပင်လယ်ပြင်တွင် ငါးသယံဇာတ လျော့နည်းလာ၍ ငါးမဖမ်းရ ဧရိယာနှင့်ကာလ ပြင်ဆင်သတ်မှတ်

**သန်းငွေး**

**ရန်ကုန်၊ ဇူလိုင်-၃၁**

မြန်မာ့ပင်လယ်ပြင်တွင် ငါးသယံဇာတများ လျော့နည်းလာသောကြောင့် တစ်နိုင်ငံလုံးရှိ ငါးဖမ်းကွက်များ၌ ငါးမဖမ်းရ ဧရိယာနှင့်ကာလသတ်မှတ်ရန် ဇူလိုင် ၂၉ ရက်တွင် ငါးလုပ်ငန်းဦးစီးဌာနနှင့် ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များ ပူးပေါင်းကျင်းပသော အလုပ်ရုံဆွေးနွေးပွဲက ဆုံးဖြတ်လိုက်သည်။

ခေတ်မီငါးဖမ်းကိရိယာများကို အသုံးပြုကာ ငါးဖမ်းပိုက်ကွက်စိပ်စိပ်ဖြင့် ငါးအလွန်အကျူး ဖမ်းဆီးနေသောကြောင့် မြန်မာ့ပင်လယ်ပြင်ရှိ ငါးများအား နှစ်စဉ်ထုတ်ယူသုံးစွဲနိုင်သည့် ပမာဏ တန်ချိန်တစ်သန်းတစ်သိန်းထက်လွန်ပြီး မက်ထရစ်တန်ချိန် နှစ်သန်းကျော်ပင်ဖြစ်လာကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အမှုဆောင်ဒုတိယဥက္ကဋ္ဌ ဦးဟန်ထွန်းကပြောသည်။

၁၉၇၆-၇၇ ဘဏ္ဍာရေးနှစ်တွင်း မြန်မာ့ပင်လယ်ပြင်တွင် ငါးဖမ်းသောအခါ တစ်နာရီအတွင်း ၃၂၄ ကီလိုဂရမ်ဖမ်းဆီးရမိခဲ့သည်။ ၁၉၇၇-၇၈ ဘဏ္ဍာရေးနှစ်တွင် ၃၆၄ ကလိုဂရမ်၊ ၁၉၇၈-၇၉ ဘဏ္ဍာရေးနှစ်အတွင်း ၃၃၁ ကီလိုဂရမ်၊ ၁၉၈၁-၈၂ဘဏ္ဍာရေးနှစ်အတွင်း ၂၈၈ကီလိုဂရမ်၊ ၁၉၈၉-၉၀ ဘဏ္ဍာရေးနှစ်အတွင်း ၁၆၈ ကီလိုဂရမ် ဖမ်းဆီးရမိခဲ့သည်။



ရောဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်အနီးရှိ ငါးဖမ်းစက်လှေတစ်စီးကို တွေ့ရစဉ် ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ထို့နောက် ၂၀၀၇ ခုနှစ် မတ်လတွင် ဂျပန်နိုင်ငံမှ အာဆီယံနိုင်ငံများသို့ သုတေသနပြုလုပ်ရန် လှူဒါန်းထားသည့် အရှေ့တောင်အာရှငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးစင်တာ SEAFDEC II လှေ့ကျင့်ရေးဌာနသည် မြန်မာ့ကမ်းရိုးတန်းမှ ၁၄၄ မီတာအတွင်း ရေအနက် ၂၀ မီတာရှိ ရေအောက်ကြမ်းပြင်အထိ ငါးဖမ်းဆီးရရှိမှုကို သုတေသနပြု စမ်းသပ်ခဲ့ရာ တစ်နာရီအတွင်း ၆၄ ဒသမ ၃ ကီလိုဂရမ်သာ ဖမ်းဆီးရမိတော့ကြောင်း တွေ့ရှိခဲ့ရသည်။

"ငါးတွေ ဖမ်းဆီးရင် ဖမ်းဆီးရင်း အကောင်တွေငယ်လာတယ်။ တချို့ မျိုးစိတ်တွေဆို ရှားပါးလာတယ်။ စီးပွားရေးအရ တန်ဖိုးမြင့်တဲ့ငါးတွေ ဖမ်းဆီးရရှိမှုနည်းလာတယ်။ ဒါစဉ်းစားရမယ့် အချိန်ပဲ။ နောက်ဆုံး လုပ်ငန်းရှင်တွေကိုယ်တိုင် ငါးမဖမ်းရရာသီ သတ်မှတ်ပေးပါလို့ တနင်္သာရီတိုင်းဒေသကြီးက ပြောလာရတယ်" ဟု ဦးဟန်ထွန်းက ပြောသည်

ထို့ကြောင့် ၁၉၉၃-၉၄ ခုနှစ်တွင် ဇွန်၊ ဇူလိုင်၊ ဩဂုတ် ၃ လအတွင်း တနင်္သာရီတိုင်းဒေသကြီး ငါးဖမ်းကွက် တစ်ကွက်လုံးတွင် ပိတ်ခဲ့ဖူးပြီး ၁၉၉၇-၉၈ ခုနှစ်အထိ နှစ်စဉ် ပိတ်ပင်တားမြစ်ခဲ့သည်။ ယခုအခါ တနင်္သာရီတိုင်းဒေသကြီးသာမက မြန်မာတစ်နိုင်ငံလုံးရှိ ငါးဖမ်းကွက်များတွင် ငါးမဖမ်းရဧရိယာ၊ ငါးမဖမ်းရ ရာသီ၊ ငါးမဖမ်းရကာလ၊ ငါးမဖမ်းရကိရိယာနှင့် အရွယ်အစား၊ ပိုက်ကွက်တို့ကိုစဉ်ဆက်မပြတ် သုတေသနပြုသတ်မှတ်သွားရန် ငါးလုပ်ငန်းဦးစီးဌာနက ဆုံးဖြတ်ခဲ့ကြသည်။

စာ(၃၄)သို့

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၆၅ | ၈၆၇ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၆၅ | ၈၆၇ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၉၄ | ၇၀၆ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၀၅၆ | ၁၀၇၄ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၇. ၂ | ၂၇. ၃ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၃၁ | ၁၃၂ | ကျပ် |
| ၁ ယူနစ် (ပို့ကုန်ရငွေ) | ၈၇၀ | ၈၇၁ | ကျပ် |

၂၀၁၂ဩဂုတ် ၄ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၃၉၁ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၈၀၇ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၇၈. ၄၅ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၃၇၂၀ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၅. ၇၅ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၄၁၈ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၃၄. ၅၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၁၂၄၅ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၁. ၅၅ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၄၆၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၄၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၁. ၈၀ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၄၅ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၀. ၉၄၅၇ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၂၀၄ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၀၀၉ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၂. ၉၈၅ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၉ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၆၀၉. ၃၀၀ |
| ရေနံစိမ်း | စည် | ၁၀၈. ၉၄၀ |
| ငွေ | ၁ အောင်စ | ၂၇. ၈၀၁ |
| ကြေးနီ | ပေါင် | ၃၃၆. ၇၅၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၂. ၈၇၇ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၂ဩဂုတ် ၄ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

# ပြည်တွင်းရုပ်သံလိုင်းများတွင် ရင်းနှီးမြှုပ်နှံရန် အာရှနိုင်ငံအချို့ စိတ်ဝင်စားနေ

**အေးသူစံ**

**ရန်ကုန်၊ ဇူလိုင်-၂၆**

ဖျော်ဖြေရေးလုပ်ငန်းများဖြစ်သည့် ရုပ်သံလိုင်း၊ ရုပ်ရှင်ရိုက်ကူးမှုပိုင်းများတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားနေသော အာရှနိုင်ငံအချို့ရှိနေပြီး နိုင်ငံခြားသားများရင်းနှီးမြှုပ်နှံရာတွင် ရာခိုင်နှုန်း ပြည့်လုပ်ကိုင်ခွင့်ပြုမည် မဟုတ်ဘဲ တိုင်းရင်းသားနှင့်ဖြစ်စေ၊ နိုင်ငံတော်နှင့်ဖြစ်စေ တွဲဖက်လုပ်ကိုင်ခွင့်ပြုမည်ဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန၏ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဝန်ကြီးဌာနရဲ့ ယေဘုယျသဘောကတော့ ရာခိုင်နှုန်းပြည့် နိုင်ငံခြားသားပေးဖို့ဆိုတာ လုံးဝမဖြစ်နိုင်ပါဘူး။ နိုင်ငံတော်နဲ့ ဖြစ်ရင်ဖြစ်။ နိုင်ငံသားတွေနဲ့ ဖြစ်ရင်ဖြစ်ပေါ့"ဟု ၎င်းကပြောသည်။

မကြာမီ ရက်ပိုင်းအတွင်းက ဘန်ကောက်ပို့စ်သတင်းတစ်ရပ်တွင် ထိုင်းနိုင်ငံရှိ True အခပေး ရုပ်သံလိုင်းက မြန်မာနိုင်ငံတွင် ထိုင်းဘတ်တစ်ဘီလီယံရင်းနှီးမြှုပ်နှံမည်ဟု ရုပ်သံလိုင်း၏ CEO Mr. Suphachai Chearavanont ၏ ပြောကြားချက်ဖော်ပြခဲ့ပြီး ယင်းအချက်နှင့်ပတ်သက်၍ ပြန်ကြားရေးမှ တာဝန်ရှိသူက အထက်ပါအတိုင်း ဖြေဆိုသွားခြင်း ဖြစ်သည်။

မြန်မာနိုင်ငံရှိ ဖျော်ဖြေရေးလုပ်ငန်းများသို့ ရင်းနှီးမြှုပ်နှံလိုသည့် အာရှနိုင်ငံများအနက် မြန်မာပြည်သူအများစု စိတ်ဝင်စားကြသည့် ဇာတ်လမ်းတွဲများစွာ ရိုက်ကူးထားသည့် ကိုရီးယားနိုင်ငံရှိ CJ Entertainment မှ မြန်မာနိုင်ငံ၏ ရုပ်ရှင်နှင့် အနုပညာလုပ်ငန်းများတွင် လုပ်ကိုင်

စာ(၃၄)သို့






7 DAY NEWS JOURNAL
Vol.11, No.22 • AUGUST 9 , 2012

## ညောင်နှစ်ပင်စိုက်ပျိုးရေးဇုန်မှ မြေများ အချဉ်ဓာတ်ပေါက်၍ စိုက်ပျိုးမရဖြစ်နေ

**သန်းဌေး**

**ရန်ကုန်၊ ဩဂုတ် – ၃**

ညောင်နှစ်ပင်ရှိမွေးမြူရေးနှင့်စိုက်ပျိုးရေးဇုန်များမှမြေများမှာ အချဉ်ဓာတ်ပေါက်နေသောကြောင့် စိုက်ပျိုး၍မရကြောင်း ရန်ကုန်တိုင်းဒေသကြီး မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဦးစိုးမင်းကပြောသည်။

"အဲဒီဇုန်ရဲ့မြေအနေအထားအရစိုက်ပျိုးလို့မကောင်းဘူးပေါ့။ မြေက အချဉ်ဓာတ်ပေါက်တယ်။ ထုံးနဲ့ မြေပြန်ပြုပြင်ရတယ်။ ဒီလိုအခြေအနေဖြစ်နေတော့ စိုက်ပျိုးရေးသမားတွေကလည်း နည်းနည်းလေး အခက်အခဲတွေ့နေကြတယ်"ဟု ဩဂုတ် ၃ ရက်က မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ကျင်းပသော ကြက်မွေးမြူရေးဆိုင်ရာ အသေးစား၊ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် ၎င်းကပြောသည်။

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိညောင်နှစ်ပင် မွေးမြူရေးနှင့်စိုက်ပျိုးရေးဇုန်အား ၂၀၀၂ ခုနှစ်ကတည်းကတည်ထောင်ပေးထားပြီး တစ်ယူနစ်လျှင် ငါးဧကစီ အကွက်ရိုက်ကာ လုပ်ငန်းလုပ်ကိုင်ရန် ချထားပေးခဲ့သည်။

"ညောင်နှစ်ပင်မြေတွေဟာ တချို့တွေ မြေတွေဝယ်ထားပြီး ဒီအတိုင်းပဲ မြေဈေးအတက်ကို ကြည့်ပြီး ရောင်းစားနေကြတယ်။ ကျွန်တော်တို့လူမျိုးတွေဟာ အဲဒီလိုဖြစ်နေတယ်။ ကိုယ့်နိုင်ငံမှာ ကိုယ့်လုပ်ငန်းကိုဘယ်လိုဖွံ့ဖြိုးတိုးတက်အောင် ဘယ်လိုလုပ်ကြမလဲ ကြံဆတဲ့လုပ်ငန်းတွေ ဒါတွေအားနည်းနေတယ်။ ကျွန်တော်တို့လူမျိုးတွေ ရသလောက်နဲ့တင်းတိမ်ပြီး လုပ်ချင်ကြတယ်။ အဲဒီမှာမြေတွေဟာ ဒီအတိုင်းပဲ တစ်ခါတလေကျရင် နွေရာသီမှာ လူတစ်ရပ်လောက်မြင့်တဲ့ မြက်တောကြီးက မီးထလောင်တယ်။ အဲဒီမီးပါ ကျွန်တော်တို့ ငြိမ်းနေရတယ်။ တကယ်တမ်းကျရင် ကိုယ့်ခြံကိုသန့်ရှင်းရေးလုပ်ပြီးတော့ ကိုယ့်လုပ်ငန်း စီးပွားရေးလုပ်ငန်းတွေ စိုက်ပျိုးရေးလုပ်ငန်းတွေလုပ်ရင် ဒီမီးအန္တရာယ် ဘယ်ရှိတော့မလဲ"ဟု ဝန်ကြီးဦးစိုးမင်းကပြောသည်။

ယခုအခါ ညောင်နှစ်ပင်ခြံအား ပုဂ္ဂလိကလုပ်ငန်းရှင်များထံ B.O.T (Build, Operate & Transfer) နှစ် ၃၀ စီမံကိန်းစနစ်ဖြင့် ငှားရမ်းမည်ဖြစ်ကြောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဇွန်လ ၂၂ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင်ထုတ်ပြန်ကြေညာထားသည်။

## စာ(၃၃) - ပြည်တွင်းရုပ်သံလိုင်းများတွင် ရင်းနှီးမြှုပ်နှံရန် မှ

ခွင့်ရနိုင်ရန် လေ့လာမှုများကို ဇူလိုင်လလယ်က ရန်ကုန်မြို့တွင် လာရောက်ပြုလုပ်သွားခဲ့ကြောင်း အဆိုပါကုမ္ပဏီအဖွဲ့ဒုတိယဥက္ကဋ္ဌ မစ္စတာ Yun Ik Jun ကပြောသည်။

"ဒီနိုင်ငံရဲ့ အနေအထားလေးတွေကို လာပြီးလေ့လာဖြစ်တာပါ။ ကျွန်တော်တို့က ရုပ်သံဇာတ်လမ်းတွဲတွေလည်း ရိုက်တယ်။ အစားအသောက်နဲ့ ယဉ်ကျေးမှုပိုင်းဆိုင်ရာ လုပ်ငန်းတွေလည်းရှိတော့ ဘယ်လိုပုံစံနဲ့မြန်မာနိုင်ငံမှာ မြှုပ်နှံဖြစ်မလဲဆိုရင်တော့ နှစ်ဦးနှစ်ဖက် အကျိုးရှိတဲ့ ရင်းနှီးမြှုပ်နှံမှုမျိုးကိုပဲ ပြုလုပ်သွားမှာပါ"ဟု မစ္စတာ Yun ကပြောသည်။

ပြည်တွင်းတွင် အခမဲ့ ရုပ်သံလိုင်းများအဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီ၊ MRTV-4, MRTV-3, Channel 7 စသည့် ငါးလိုင်းရှိပြီး လက်ရှိတွင် MRTV-4 နှင့် ထိုင်းနိုင်ငံမှ ချန်နယ် ၃ ရုပ်သံလိုင်းထုတ်လွှင့်သော BEC TERO ရုပ်သံလိုင်းတို့ ပူးပေါင်းလုပ်ကိုင်လျက်ရှိသည်။

## စာ(၃၃) - မြန်မာ့ပင်လယ်ပြင်တွင် မှ

တနင်္သာရီငါးလုပ်ငန်း ရေပြင်တွင် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ၏ တောင်ဘက်နှင့် အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၀ မိနစ်၏ အရှေ့ဘက်ဧရိယာအတွင်း ငါးသားပေါက်ချိန်ဖြစ်သည့် ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများတွင် ငါးမဖမ်းရကာလနှင့် ငါးမဖမ်းဆီးရနယ်မြေသတ်မှတ်ခြင်းကို ၂၀၁၂ ခုနှစ် ဧပြီ ၂၆ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ထိုသို့သတ်မှတ်ချက်ကြောင့် ကမ်းနီးဒေသတွင် နေထိုင်စားသောက်ကြသည့် ဒေသခံကျေးလက်နေ ရေလုပ်သားများ၏ စားဝတ်နေရေးနှင့် လူနေမှုဘဝ အခက်အခဲဖြစ်ပေါ်လာသည်။ ထို့ကြောင့် ဒေသခံရေလုပ်သားများက သက်ဆိုင်ရာများသို့ ပြန်လည်ခွင့်ပြုရန် တောင်းဆိုသောအခါ အဆိုပါ တားမြစ်ကာလအတွင်း ကမ်းနီးငါးဖမ်းလုပ်ငန်း လုပ်ကိုင်ကြသည့် ကမ်းနီးလှေများအား အလျားပေ ၃၀ နှင့် မြင်းကောင်ရေ ၂၅ ကောင် အောက်လှေများအတွက် ငါးဖမ်းရက် ၅ ရက်နှင့် ငါးသယ်ရက် ၇ ရက် တိုးမြှင့်ကာ ဇွန်လအတွင်းတွင်ပြန်လည်ခွင့်ပြုပေးခဲ့သည်။

"ဇွန်၊ ဇူလိုင်၊ ဩဂုတ် သုံးလမှာ ပင်လယ်ပြင်ရာသီဥတု ပြင်းထန်ခြင်း၊ ငါးဖမ်းလှေများ ဒေါက်တင်ချိန်ဖြစ်ခြင်းတို့ကြောင့် ငါးမဖမ်းရတားမြစ်ကာလအဖြစ် သတ်မှတ်ပေးရန် တောင်းဆိုတင်ပြချက်ကို တက်ရောက်သူများက တညီတညွတ်တည်း ဆွေးနွေးဆုံးဖြတ်ခဲ့ပါတယ်။ ကျန်သည့်တိုင်းလေးတိုင်းအနေဖြင့် ဆန္ဒပြုခြင်းမရှိ၍သာ ပိတ်ပင်ခြင်း၊ မပြုခဲ့ခြင်းဖြစ်ကြောင်း ပြောကြားလိုပါတယ်" ဟု ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးဦးခင်ကိုလေးက ဇူလိုင် ၂၉ ရက်တွင် ငါးမဖမ်းရကာလနှင့်ဒေသသတ်မှတ်ခဲ့ရခြင်း အကြောင်းရင်းကို ရှင်းပြသည်။

အဆိုပါနေ့တွင်ပင် ၂၀၁၂-၂၀၁၃ ငါးဖမ်းရာသီအတွက် ငါးမဖမ်းရဧရိယာနှင့် ကာလကို တစ်နိုင်ငံလုံးရှိ ငါးဖမ်းကွက်များတွင် သတ်မှတ်ရန် အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လာသူအားလုံးက မူအားဖြင့် သဘောတူခဲ့သည်။




**TRADEMARK CAUTION**

JOINT-STOCK COMPANY "RUSSIAN RAILWAYS", a company incorporated in Russia, at 107174, Russia, Moscow, Novaya Basmannaya street 2, Russia is the Owner and Sole Proprietor of the following Trademarks:-

Reg: 4/2577/2009

Reg: 4/2578/2009

In respect of : Int'l : "Parking spaces rental; reservation of tickets; subsistence allowance; transport booking; parcel delivery; delivery of goods; delivery of goods by post or by registered parcels; information on traffic flow; transport information; information on storage; organization of cruises, tours; towing; transportation of passengers; transportation in armored vehicles; transportation of valuables in custody; transportation by railroad; passenger traffic; broker traffic; trucks rental; storage containers rental; frozen-food lockers rental; refrigerators rental; transport vehicles rental; stevedoring; discharge of scows; escorting of travelers; transportation; storage of goods; storage;warehousing; sightseeing [tourism]; freight forwarding."

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 9.Aug.2012

7DAY NEWS JOURNAL
Vol.11, No.22 • AUGUST 9 , 2012



# ငွေတိုက်စာချုပ်များကို အဖွဲ့အစည်းများက ပိုမိုဝယ်ယူ

**ကိုကိုကြီး**

**ရန်ကုန်၊ ဩဂုတ်-၄**

အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဗဟိုဘဏ်က ထုတ်ဝေရောင်းချနေသည့် ငွေတိုက်စာချုပ်(ငွေချေးစာချုပ်)များကို ကုမ္ပဏီအဖွဲ့အစည်းများနှင့် လူမှုအဖွဲ့အစည်းများက တစ်ဦးချင်းထက် ပိုမိုဝယ်ယူကြောင်း မြန်မာငွေချေးသက်သေခံ လက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် (Myanmar Securities Exchange Centre, MSEC) မှ အကြီးတန်းမန်နေဂျာ ဦးသက်ထွန်းကပြောသည်။

နိုင်ငံတစ်နိုင်ငံတွင် အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်လာရန် ငွေချေးစာချုပ်ဈေးကွက်ကို အခြေပြုပြီး အကောင်အထည်ဖော် ဆောင်ရွက်လေ့ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာ၌ မြန်မာနိုင်ငံတွင် အစိုးရက ငွေတိုက်စာချုပ်များကိုထုတ်ဝေရောင်းချသည့် စနစ်အားကျင့်သုံးပြီး အခြားနိုင်ငံများတွင်မူ အစိုးရငွေတိုက်စာချုပ်ထုတ်ရောင်းခြင်းအပါအဝင်ကော်ပိုရိတ်အဖွဲ့အစည်းများက ထုတ်ရောင်းသည့် ငွေချေးစာချုပ်များဖြင့်လည်း အရင်းအနှီးဈေးကွက် စနစ်ထွန်းကားလာအောင် ဆောင်ရွက်လေ့ရှိသည်ဟု ၎င်းက ပြောသည်။

အရင်းအနှီးဈေးကွက်တွင် သက်တမ်းတစ်နှစ်ထက်ပိုသော ကာလရှည် ငွေချေးသက်သေခံ လက်မှတ်များ အရောင်းအဝယ်ပြုလုပ်သောဈေးကွက်ဖြစ်ပြီး ၎င်းဈေးကွက်တွင် စတော့ရှယ်ယာများ၊ ငွေချေးစာချုပ်များ၊ အစိုးရငွေတိုက်စာချုပ်များပါဝင်ကြောင်း ၎င်းကပြောသည်။

အရင်းအနှီးဈေးကွက်တစ်ခု ပေါ်ပေါက်လာရန် ၁၉၉၆ ခုနှစ် ဇွန်လ ၇ ရက်တွင် မြန်မာ့စီးပွားရေးဘဏ်နှင့် ဂျပန်နိုင်ငံ ဒိုင်ဝါသုတေသနအဖွဲ့လီမီတက်တို့ ပူးပေါင်း၍ အဆိုပါ MSEC ကုမ္ပဏီကို အစုရှယ်ယာ ၅၀ ရာခိုင်နှုန်းစီဖြင့် တည်ထောင်ခဲ့ပြီး ၎င်းဈေးကွက်ထူထောင်ရန်အတွက်အခြားလုပ်ငန်းစဉ်များအပြင် ငွေတိုက်စာချုပ်ဈေးကွက်ကိုလည်း တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

ဗဟိုဘဏ်က ၁၉၉၃ ခုနှစ် ဒီဇင်ဘာလမှ စတင်ပြီး ၃ နှစ်နှင့် ၅ နှစ် သက်တမ်းရှိသည့် ငွေတိုက်စာချုပ်များကို အတိုးနှုန်း ၁၁ ရာခိုင်နှုန်းနှင့် ၁၁ ဒသမ ၅ ရာခိုင်နှုန်း အသီးသီးဖြင့် စတင်ထုတ်ဝေရောင်းချခဲ့ပြီး ၂၀၁၀၊ ဇန်နဝါရီလတွင် ၂ နှစ်သက်တမ်းရှိသည့် ငွေတိုက်စာချုပ်ကို အတိုးနှုန်း၁၀ဒသမ၅ရာခိုင်နှုန်းဖြင့်တိုးချဲ့ထုတ်ဝေရောင်းချခဲ့သည်။ ကျပ်တစ်သောင်းတန်၊ တစ်သိန်းတန်၊ တစ်သန်းနှင့် ၁၀ သန်းတန် ငွေတိုက်စာချုပ်များကို အမျိုးအစားများခွဲခြားပြီး ထုတ်ဝေရောင်းချခဲ့ပြီးတန်ဖိုးအကန့်အသတ်မရှိဝယ်ယူနိုင်သည်။

အတိုးနှုန်းများကို တစ်နှစ်လျှင် မတ်လ ၁၅ ရက်နှင့် စက်တင်ဘာ ၁၅ ရက်တို့တွင် ခြောက်လတစ်ကြိမ်အတိုးနှုန်းရရှိမည်ဖြစ်ပြီး မိမိဝယ်ယူထားသည့် ငွေတိုက်စာချုပ်သက်တမ်းပြည့်သည့်နှစ်ရောက်ရှိမှသာ ဝယ်ယူထားသည့် ငွေရင်းကို ပြန်လည်ထုတ်ယူနိုင်မည်ဖြစ်သည်။

၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှစတင်ပြီး ၃ နှစ်စာချုပ်ကို အတိုးနှုန်း ၉ ရာခိုင်နှုန်း၊ ၅ နှစ်စာချုပ်ကို အတိုးနှုန်း ၉ ဒသမ ၅ ရာခိုင်နှုန်းနှင့် ၂ နှစ် စာချုပ်ကို အတိုးနှုန်း ၈ ဒသမ ၇၅ ရာခိုင်နှုန်းသို့ အသီးသီး လျှော့ချပြောင်းလဲခဲ့သည်။

"အတိုးနှုန်း လျှော့လိုက်ပြီးနောက်ပိုင်းမှာ တစ်ဦးချင်းဝယ်ယူမှုကတန့်သွားတယ်"ဟု၎င်းကပြောသည်။ လက်ရှိတွင် ဗဟိုဘဏ်က အပ်ငွေအပေါ် အတိုးနှုန်းသတ်မှတ်ချက်ကို ၁၂ ရာခိုင်နှုန်းသို့ ပြောင်းလဲသတ်မှတ်ခဲ့သည်။

"ငွေတိုက်စာချုပ် Active ဖြစ်မဖြစ်ကတော့ အတိုးနှုန်းကွာခြားချက်ဖြစ်မဖြစ်ပေါ် မူတည်တယ်"ဟု ၎င်းကပြောသည်။

အတိုးနှုန်းကွာခြားချက်ဆိုသည်မှာ ငွေတိုက်စာချုပ် ဝယ်ယူပါက ရရှိမည့်အတိုးနှုန်းနှင့် ဘဏ်တွင်အပ်နှံပါက ရရှိသည့်အတိုးနှုန်းကွာခြားချက်တို့ပေါ် မူတည်ပြီး ဝယ်ယူမည့်သူများက နှိုင်းယှဉ်ဆုံးဖြတ်ခြင်းဖြစ်သည်။ ထို့ပြင် ငွေတိုက်စာချုပ် ဝယ်ယူထားပါက မိမိဝယ်ယူထားသည့် စာချုပ်သက်တမ်းပြည့်မှသာ ငွေရင်းထုတ်ယူနိုင်သည့် ကန့်သတ်ချက်ရှိနေခြင်းကြောင့် တစ်ဦးချင်းဝယ်ယူသူများ စိတ်ဝင်စားမှုနည်းပြီး ရေရှည်တွင် ဘဏ္ဍာရေး ကိစ္စရပ်များ ထိန်းသိမ်းဆောင်ရွက်မည့်အဖွဲ့အစည်းများကသာ ဝယ်ယူမှုများခြင်းဖြစ်သည်။

ငွေတိုက်စာချုပ်သက်တမ်းမပြည့်မီ မိမိဝယ်ယူထားသည့် ငွေရင်းပမာဏကို ပြန်လည်ထုတ်ယူလိုပါက မိမိလက်ဝယ်ရှိ ငွေတိုက်စာချုပ်ကို Secondary Market ဟုခေါ်သည့် ဆင့်ပွားဈေးကွက်အတွင်းသို့ ပြန်လည်ရောင်းချရကြောင်း၊ ထိုသို့ ရောင်းချရာတွင် မိမိဝယ်ယူထားသည့် ငွေတိုက်စာချုပ်တန်ဖိုး၏ မူရင်းအတိုင်းရောင်းချခြင်း(Pervalue)၊ မူရင်းဈေးတန်ဖိုးအောက် လျှော့ချခြင်း (Discount)နှင့် အတိုးနှုန်းအပြောင်းအလဲပေါ် မူတည်ပြီး ဝယ်ယူထားသည့် ငွေတိုက်စာချုပ်ကို အပိုကြေး (Permium)ဖြင့် ပြန်လည်ရောင်းချနိုင်သည့် အခြေအနေသုံးမျိုးရှိသည်ဟု ၎င်းကပြောသည်။

"လောလောဆယ်မှာတော့ ပြန်ရောင်းရင် Discount နဲ့ ရောင်းတာများတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

အဖွဲ့အစည်းများသည် ၎င်းတို့ဝယ်ယူထားသည့် ငွေတိုက်စာချုပ်များကို ဆင့်ပွားဈေးကွက်သို့ ထုတ်ရောင်းမှုနည်းပါးသည်။

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

**TV**

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| Toshiba (LCD) | 32BX10T | 230,000 |
| Panasonic(LCD) | 32SC4S | 245,000 |
| Sony (LCD) | 32BX | 255,000 |
| Toshiba (TV) | LZE 21-28 | 95,000 |
| **DVD** | | |
| EVD (coeco) | 8082 | 23,000 |
| EVD(Sony) | DVK75 | 25,000 |
| LG | DV808 | 26,000 |
| EVD (AEK) | 8TMI | 31,500 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 165,000 |
| Hitachi | 19AGV7 | 242,000 |
| Panasonic | NR.BT223 | 238,000 |
| **Washing** | | |
| Panasonic | XPB-90-99885 | 150,000 |
| | MAS 70 V2 | 190,000 |

အထက်ပါဈေးနှုန်းများမှာ ဩဂုတ်(၄) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၁၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၀၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၆၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၈၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၁၀၅ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၈ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၁၀၀ |
| အုတ် (၁၀ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၂၀၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၃,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၅၀၀ |
| ကျောက် | တစ်ကျင်း | ၄၉,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၆၆၀-၇၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၉၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၁,၀၅၀ |
| Posco ကြယ်စိမ်း (၆၊၇၊၈ ပေ) | ၁ ပေနှုန်း | ၅၀၀ |
| Posco ကြယ်စိမ်း (၉၊၁၀ ပေ) | ၁ ပေနှုန်း | ၅၀၀ |
| Posco ကြယ်စိမ်း (၁၁၊၁၂ ပေ) | ၁ ပေနှုန်း | ၅၀၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ ၆၊၇၊၈၊၉၊၁၀၊၁၁၊၁၂) | ၁ ပေ | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် ၆၊၇၊၈) | ၁ ပေနှုန်း | ၃၂၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါ ဈေးနှုန်းများမှာ ဩဂုတ်(၄) ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## ဟန်းဆက်ဈေးနှုန်းများ

**Samsung**

| Model | Price |
|---|---|
| Galaxy S3(16 GB) | 590,000 |
| Galaxy S2(16 GB) | 400,000 |
| Galaxy Note | 460,000 |
| Galaxy Tab 7+ | 360,000 |
| Galaxy Tab 7.7 | 440,000 |
| Galaxy Cooper (Ace) | 190,000 |
| Galaxy Ace Plus | 225,000 |
| Galaxy Pocket | 130,000 |
| Galaxy Y | 110,000 |

**KMD Mobile Corner, Best More Smart Mobile, Do Co Mo, New Force Mobile, AMT Mobile ဆိုင်မှ ဈေးနှုန်းများ ဖြစ်သည်။**

**HTC**

| Model | Price |
|---|---|
| One X (32GB) | 480,000 |
| Desire C (4GB) | 200,000 |
| GIO Desire HD | 320,000 |

**iPhone**

| Model | Price |
|---|---|
| iPhone 4S (16 GB) | 620,000 |
| New iPad (16 GB) | 520,000 |
| iPad2 (16 GB) | 385,000 |
| iPod Touch (8GB) | 200,000 |

**Huawei**

| Model | Price |
|---|---|
| U 8860 (GSM) | 235,000 |
| U 8661 (GSM) | 89,000 |
| C 8812 (GSM) | 129,000 |
| C 8810 (GSM) | 135,000 |
| C 8800 (GSM) | 135,000 |
| Ascennd P1 | 300,000 |
| U 8818 (CDMA 800) | 150,000 |

ဩဂုတ်(၄)ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၇၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၂၀၀ |
| ဆန်(ဧည့်) | တစ်ပြည် | ၅၀၀-၉၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၄,၀၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၈၅၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၉၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၇၀၀-၈၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၇၀၀-၂,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၀၀-၁,၂၅၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၀၀၀-၁,၁၀၀ |
| အာလူး | တစ်ပိဿာ | ၈၀၀ |
| နို့ဆီ | တစ်ဘူး | ၆၀၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၅၅၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၁၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၇၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၅၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |
| ခရမ်းချဉ်သီး (အင်းသီး) | ၁ သေတ္တာ | ၁၀,၀၀၀ ဝန်းကျင် |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၃၀၀-၄၀၀ |
| ငရုတ်သီး(ပီနံ) | ၁ ပိဿာ | ၁,၅၀၀-၁,၈၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၄၀၀-၁,၈၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၃၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၅,၀၀၀-၃၀,၀၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၁,၇၀၀-၃,၄၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၅၀၀-၃,၆၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၅,၀၀၀-၂၈,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၀၀၀-၁,၈၀၀ |

ဩဂုတ်(၄) ရက်က ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကား ဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ | ဒီဇယ် | Octane ဒီဇယ် | Premier ဒီဇယ် |
|---|---|---|---|---|
| July(29) | 3,550 | 3,900 | 4,000 | 4,100 |
| July(30) | 3,550 | 3,900 | 4,000 | 4,100 |
| July(31) | 3,550 | 3,900 | 4,000 | 4,100 |
| Aug(1) | 3,550 | 3,900 | 4,000 | 4,100 |
| Aug(2) | 3,550 | 3,900 | 4,000 | 4,100 |
| Aug(3) | 3,550 | 3,900 | 4,000 | 4,100 |
| Aug(4) | 3,550 | 3,900 | 4,000 | 4,100 |

ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။

## Note Book

| | |
|---|---|
| **Acer** | |
| Intel Core i7-2637M, 6GB DDR3,500 HDD, 1GB,15.6” | 928,700 |
| Intel Core i5-3210M, 4GB DDR3,750 HDD,2GB VGA,15.6” | 633,600 |
| Intel Core i3-2350M, 2GB DDR3,500 HDD, HD,14.0” | 415,700 |
| Intel DualCoreB970, 2GB DDR3,500 HDD, 1GB,14.0” | 349,100 |
| Intel DualCoreB950, 2GB DDR3,500 HDD, HD,14” | 287,400 |
| **msi** | |
| Intel Core i7 2.3GHz 8GB DDR3, 750HDD, 2GBVGA,17.3” | 1032,900 |
| Intel Core i7 2.3GHz 8GB DDR3, 750HDD, 2GBVGA, 15.6” | 998,200 |
| Intel Core i5 2.5GHz 2GB DDR3, 500 HDD, 1GBVGA 14” | 567,600 |
| Intel Core i3 2.3GHz 2GB DDR3, 500 HDD, HD, 14” | 363,600 |
| **Lenovo** | |
| Intel Core i7 2.2GHz 4GB DDR3,750 HDD,2GBVGA,15.6” | 806,300 |
| Intel Core i5 1.7GHz 4GB DDR3,750 HDD, 1GBVGA,14” | 658,800 |
| Intel Core i3 2.3GHz 2GB DDR3,500 HDD,2GBVGA, 14” | 554,600 |

7DAY NEWS JOURNAL
Vol.11, No.22 • AUGUST 9 , 2012

# နှစ်တစ်ရာ မိုးခေါင်ရေရှားမှုကာလ ရောက်လာတော့မလား



**ကြည်နေဝင်းမင်း**

မကြာသေးမီနှစ်များအတွင်းကမ္ဘာကြီးသည်ပူနွေးသောရာသီဥတုအခြေအနေများ ပိုမိုကြုံတွေ့လာခဲ့ရသည်။ ယင်းနှင့်အတူ ရာသီဥတုပြောင်းလဲမှုများလည်း ပိုမိုဖြစ်ပေါ်လာခဲ့ရာ သိပ္ပံပညာရှင်များက ကမ္ဘာကြီးပူနွေးလာမှု အတိတ်ကအဖြစ်အပျက်များနှင့် နှိုင်းယှဉ်၍ ကြာမြင့်သော မိုးခေါင်ရေရှားမှုများဖြစ်ပေါ်လာနိုင်သည်ဟု ဖော်ပြလာကြသည်။ Live science.com မှနေ၍ “Century of Drought May Be Ahead” ဆိုသောဆောင်းပါးကို ဘာသာပြန်ဆိုဖော်ပြပါသည်။

အနောက်တိုင်းမှ သစ်တောများသည် နှစ်ပေါင်း ၁၀၀ မိုးခေါင်ရေရှားမှုဖြစ်နိုင်သည့် အခြေအနေနှင့်ရင်ဆိုင်နေရပါသည်။ ယခု ရာစုနှစ်ကုန်တွင် ယင်းသစ်တောများမှာ ချုံနွယ်ပင်များသာ ပေါက်ရောက်သောဒေသများအဖြစ် ပြောင်းလဲသွားနိုင်သည်။ ယင်းပြောင်းလဲမှုနှင့်အတူ ကာဗွန်စုပ်ယူနိုင်စွမ်းအားလည်း လျော့ကျသွားမည်ဟု လေ့လာမှုအသစ်တစ်ရပ်က ဖော်ပြသည်။

ဇူလိုင် ၂၉ ရက် Nature Geoscience စာစောင်တွင် ဖော်ပြခဲ့သော သုတေသနအသစ်တစ်ရပ်အရ ကနေဒါနိုင်ငံ တောင်ပိုင်းမှမက္ကဆီကိုနိုင်ငံမြောက်ပိုင်းအထိကျယ်ပြန့်သော အနောက်တိုင်းအမြဲစိမ်း သစ်တောများသည် ၂၀၀၀မှ ၂၀၀၄ခုနှစ်အထိကြာမြင့်ခဲ့သောမိုးခေါင်ရေရှားမှုကာလအတွင်း လေထုထဲမှ ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူမှုများစွာလျော့နည်းခဲ့သည်ဟုဖော်ပြသည်။ ထိုအခြေအနေမှာ ပုံမှန်အနေအထားပင်ဖြစ်ပြီး မျှော်လင့်ထားသလိုဖြစ်လာခြင်းဖြစ်သည်။ ပြဿနာမှာ နောက်ဆက်တွဲ ဘာတွေဖြစ်လာမည်နည်း ဆိုသည့်အချက်ဖြစ်သည်။

မြောက်ပိုင်း အရီဇိုးနားတက္ကသိုလ်ကမ္ဘာမြေလေ့လာရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကျောင်းမှ ခရစ်တိုဖာရှဝမ်နှင့် လုပ်ဖော်ကိုင်ဖက်များက မိုးခေါင်ရေရှားမှု အဖြစ်အပျက်သည် အခြေအနေသစ်တစ်ရပ်ဖြစ်လာနိုင်သည်ဟု ယူဆကြသည်။ ထိုသို့ဆိုပါက ကြီးမားသော ကာဗွန်စုပ်ခွက်ကြီးလည်း ပျောက်ဆုံးသွားပါလိမ့်မည်။

ခရစ်တိုဖာတို့အုပ်စု၏ တွက်ချက်မှုအရ ၂၀၀၀-၂၀၀၄ ခုနှစ်ကာလအတွင်း အနောက်တိုင်းသစ်တောများ၏ ကာဗွန်စုပ်ယူနိုင်စွမ်းအားသည် တစ်နှစ်လျှင် တန်ချိန်သန်းပေါင်း ၃၀ မှ ၂၉၈ သန်းကြား လျော့ကျသွားခဲ့ကြောင်း တွေ့ရှိခဲ့ကြသည်။ ပုံမှန်အားဖြင့်ဆိုလျှင် ယင်းသစ်တောများ၏ ကာဗွန်စုပ်ယူနိုင်စွမ်းမှာ တန်ချိန်သန်းပေါင်း ၁၇၇ နှင့် ၆၂၃ သန်းကြားရှိပါသည်။ နှိုင်းယှဉ်ကြည့်ပါက အမေရိကန်သစ်တောဌာန၏ ၂၀၁၁ ခုနှစ် လေ့လာမှုအရ တစ်နှစ်လျှင် ကမ္ဘာတစ်ဝန်းသစ်တောများ၏ ကာဗွန်စုပ်ယူမှုမှာ မက်ထရစ်တန် ၂ ဘီလီယံမှ ၂ ဒသမ ၈ ဘီလီယံကြားရှိသည်ဟု ခန့်မှန်းထားသည်။

ယင်းတိုင်းတာမှုများတွင် မသေချာမှုများ ရှိပါသည်။ သို့သော်လည်း ကာဗွန်စုပ်ယူနိုင်မှု လျော့နည်းသွားခြင်း အနည်းဆုံးပမာဏနှင့် စုပ်ယူနိုင်မှု အများဆုံးပမာဏ (ယင်းမှာဖြစ်နိုင်ခြေနည်းပါးပါသည်) ရှိသည်ဟု ယူဆလျှင်ပင် ယင်းသစ်တောများ၏ လေထုထဲမှ ကာဗွန်စုပ်ယူမှုမှာ အနည်းအကျဉ်းသာ မဟုတ်ပါဟု ပြောနိုင်ပါသည်။ မိုးခေါင်ရေရှားမှု တာရှည်ပါကမူ ယင်းအမြဲစိမ်းသစ်တောများအကြီးအကျယ် သေကျေပျက်စီးပြီး ကန္တာရ ချုံတောမြေများနှင့် ဆင်ဆင်တူသော သစ်တောမြေများသာ ပေါ်ထွက်လာပါလိမ့်မည်။ ချုံနွယ်တောများကလည်း ကာဗွန်ကို စုပ်ယူနိုင်ပါသည်။ သို့သော် သစ်တောကြီးများ လောက်တော့ မစုပ်ပါ။

ဤကဲ့သို့ တာရှည်သော မိုးခေါင်ရေရှားမှုအတွက် ရာသီဥတုပြောင်းလဲမှုမှာ တရားခံဖြစ်နိုင်ပါသည်။ ဆယ်စုနှစ်များစွာကြာသော “မဟာမိုးခေါင်ရေရှားမှု” ပင်ဖြစ်နိုင်သည်ဟု သုတေသီများကဆိုပါသည်။ ရာသီဥတုပူနွေးလာသည်နှင့်အမျှ ခြောက်သွေ့သောဒေသများမှာ ပိုမိုခြောက်သွေ့လာခဲ့ပြီး စိုစွတ်သော ဒေသများမှာ ပို၍ စိုစွတ်လာခဲ့သည်။ လွန်ခဲ့သော နှစ်ပေါင်း ၃၀ အတွင်း မြောက်အမေရိကဒေသတွင် စံချိန်တင် အပူပြင်းဆုံးနှစ်များကြုံတွေ့ခဲ့ရသည်သာမက မိုးရွာသွန်းမှုလည်း များစွာလျော့ကျသွားခဲ့သည်။

ထို့အတွက်ကြောင့် ပင်ယခင်က ကဲ့သို့ တာရှည်သော မိုးခေါင်ရေရှားမှုမှနေ၍ သစ်တောများပြန်လည်ရှင်သန်လာသလိုမျိုး၊ ဥပမာအားဖြင့် ၁၂ ရာစု စောစောပိုင်းက အနောက်တောင်ပိုင်းကရှေးမြို့ဟောင်းများကို စွန့်ခွာရခြင်းမျိုး အနာဂတ်တွင် ပြန်လည်ရှင်သန်မှု ရှိချင်မှ ရှိမည်ဖြစ်သည်။ အနည်းဆုံးတော့ လူသားတို့အတွက် အထောက်အကူဖြစ်သော အချိန်အတိုင်းအတာတစ်ရပ်အတွင်း မဖြစ်ပေါ်နိုင်ပေ။

အကယ်၍သာ လူသားများက ကာဗွန်ထုတ်လွှတ်မှုကို လျှော့မချနိုင်လျှင် သို့မဟုတ်ပါက သစ်တောများ သေဆုံးခြင်းကို လျော့ပါးအောင် မလုပ်နိုင်လျှင် ရလဒ်မှာ လေထုထဲတွင် ကာဗွန်ဒိုင်အောက်ဆိုက် အလျင်အမြန်များပြားလာပြီး ပိုမိုပူနွေးသော အနေအထားတစ်ရပ်ဆီ ဦးတည်သွားခြင်းဖြစ်နိုင်ကြောင်း မစ္စတာရှဝမ်က Live Science အားပြောပြသည်။

မစ္စတာရှဝမ်တို့အဖွဲ့က ၎င်းတို့ခန့်မှန်းတွက်ချက်မှုများ ဖော်ထုတ်နိုင်ရန် Fluxnet ကဲ့သို့သော အရင်းအမြစ်များမှ ကိန်းဂဏန်းအချက်အလက်များ ရယူပါသည်။ Fluxnet မှာ Oak Ridge အမျိုးသားသိပ္ပံစမ်းသပ်ဌာန၊ ဒီလာဝယ်လ်တက္ကသိုလ်ရာသီဥတုသုတေသနစင်တာ၊ အမေရိကန် စိုက်ပျိုးရေးဌာနများနှင့် ချိတ်ဆက်ထားသည်။

ယင်းမှာ ကာဗွန်စီးဆင်းမှုကို တိုင်းတာရန် အကောင်းဆုံးခန့်မှန်းချက်များ စုဆောင်းခြင်းလည်းဖြစ်သည်။ ကာဗွန်စီးဆင်းမှု (carbon flux) မှာလေထုထဲသို့ ကာဗွန်များဝင်ရောက်ခြင်းနှင့် ထွက်သွားခြင်းကို တိုင်းတာခြင်းဖြစ်သည်။ ဥပမာအားဖြင့် စိုက်ပျိုးရေးဌာနက သီးနှံထွက်နှုန်းများကိုတိုင်းတာသည်။ ယင်းကို သိရှိပါက စိုက်ပျိုးမြေများက လေထုထဲမှ ကာဗွန်ဓာတ်များကို (စားနပ်ရိက္ခာအဖြစ်) မည်မျှခွဲထုတ်သွားသည်ကို ခန့်မှန်းနိုင်မည်ဖြစ်သည်။ သစ်တောများတွင်လည်း Fluxnet မှ ကာဗွန်တိုင်းတာရေးမျှော်စင်များက သစ်တော၏လေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုက်ပမာဏကိုတိုင်းတာသည်။ ယင်းမှ ရရှိသောအချက်အလက်များကို အခြားဒေသမှ အချက်အလက်များနှင့် နှိုင်းယှဉ်ကြည့်သည်။

ယခုလေ့လာမှုတွင် ရာစုနှစ်ကူးပြောင်းချိန်က ဖြစ်ပေါ်ခဲ့သည့် ဆိုးဆိုးရွားရွားမိုးခေါင်ရေရှားမှုကိုလည်း “Palmer Drought Severity Index” နည်းလမ်းကို အသုံးပြု၍ လေ့လာခဲ့သည်။ ငါးနှစ်တစ်ကြိမ်ပျမ်းမျှ အချက်အလက်များအရ ၂၀၀၀-၂၀၀၄ ခုနှစ် မိုးခေါင်ရေရှားမှုမှာ ၁၂ ရာစု (၁၂၀၀ ခုနှစ်) နောက်ပိုင်းကြုံတွေ့ခဲ့ရသော မည်သည့်မိုးခေါင်ရေရှားမှုနှင့် မဆိုနှိုင်းယှဉ်နိုင်ကြောင်း မစ္စတာရှဝမ်တို့အုပ်စုက တွေ့ရှိခဲ့ကြသည်။

ယင်းမှာနိမိတ်ကောင်းသော အနေအထားမဟုတ်ပေ။ ဤလမ်းကြောင်း အတိုင်းဆက်သွားပါက ယခုကြုံတွေ့နေရသော မိုးခေါင်ရေရှားမှုသည် ဆယ်စုနှစ်များစွာကြာမြင့်နိုင်ပြီး နှစ်ပေါင်းတစ်ရာအထိပင် ကြာမြင့်နိုင်သည်ဟု ဆိုသည်။

သစ်တောများအတွက်မူ ယင်းမှာ အလွန်ဆိုးရွားလှသည် မဟုတ်ပေ။ မိုးခေါင်ရေရှားမှု နှစ်များ တစ်ပတ်လည်သွားပြီးပါက ဖြစ်တည်လာသော သစ်တောအမျိုးအစားများ ပြောင်းလဲသွားသည်ကိုသိရှိရန် အရေးကြီးသည်ဟု မစ္စတာရှဝမ်က မှတ်ချက်ချသည်။ ယခု မြင်တွေ့နေရသော အမြဲစိမ်းသစ်ပင်၊ သစ်တောအမျိုးအစားများမှာ လွန်ခဲ့သောနှစ်ပေါင်း ၁၅၀၀ က အမျိုးအစားများနှင့် ကွဲပြားခြားနားနေဖွယ်ရှိပါသည်။

မိုးခေါင်ရေရှားမှု လျော့ပါးရေးအတွက် မဟာဗျူဟာများ ရှိပါသည်။ ဥပမာအားဖြင့် စက်မှုလုပ်ငန်းသုံးသစ်တောများစိုက်ပျိုးခြင်းမျိုးဖြစ်သည်။ သစ်ပင်များသေဆုံးခဲ့ရာဒေသများတွင် အထူးမျိုးစပ်ထားသော သစ်ပင်များစိုက်ပျိုး၍ သစ်တောများ ပြန်လည်ထူထပ်စေခြင်းဖြစ်သည်။ (ပုပ္ပါးကို သျှောင်ထုံးခြင်းမျိုးဖြစ်မည်ထင်ပါသည်။ ဘာသာပြန်သူ)

*—Ref: Century of Drought May Be Ahead. Yahoo via-livescience.com*

**ဝန်ထမ်းအလိုရှိသည်**

၁။ ရွှေထည်အရောင်းအဝယ်ကျွမ်းကျင်ဝန်ထမ်း **ကျား/မ** **(၂)ဦး**
၂။ အရောင်းမြှင့်တင်ရေးဝန်ထမ်း **ကျား** **(၂)ဦး**
၃။ ယာဉ်မောင်းကျွမ်းကျင်ဝန်ထမ်း **ကျား** **(၁)ဦး**
ကိုယ်ရေးအကျဉ်း၊ လိုအပ်သော စာရွက်စာတမ်း စုံလင်စွာဖြင့် လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

**ရွှေကျားမင်းရွှေပန်းတိမ်လုပ်ငန်း**
**ဖုန်း - ၀၉-၇၃၉၀၁၃၆၆၊ ၀၉-၅၃၃၀၃၈၈၊ ၀၉-၅၁၆၉၉၉၅**
**အမှတ်(၅၀၅)၊ သုံးလွှာ၊ မဟာဗန္ဓုလလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊**
**ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**

ဦးကျော်သီဟ B.A (Korean) MUFL ဦးစီးသော
**Ever Stand**
**ကိုရီးယား လုပ်ငန်းခွင်ဝင်ခွင့် စာမေးပွဲ**
**(EPS-TOPIK)အတွက်သီးသန့်(7)ယောက်ဝိုင်းများ**
**09-43107402**
သင်တန်း(၁) တိုက်(19)အခန်း(501)ဝါဝါဝင်းအိမ်ယာ
ရန်ကင်းမြို့နယ်။
သင်တန်း(၂) အမှတ်(81)၊(3)လွှာ၊လှည်းတန်းလမ်းမကြီး
(တာလီရွှေဆိုင်အနီး)၊ကမာရွတ်မြို့နယ်။
အဆောင်စီစဉ်ပေးသည်။

**Farmer Auto Showroom အား အထူးကျေးဇူးတင်ရှိပါကြောင်း**

“ဘဘ ကားဝယ်ဖို့အတွက်စဉ်းစားတော့ ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ ဆရာစံလမ်း၊အမှတ်(၆၄) မှာဖွင့်လှစ်ထားတဲ့ Farmer Auto Showroom ကို ရောက်ခဲ့ပါတယ်။”

“ဘဘ ဝယ်လိုသည့်ကားကို စုံစမ်းမေးမြန်းတဲ့အခါ စိတ်ရှည် လက်ရှည် မိဘနဲ့သားသမီးလို နွေးထွေးစွာ အကြံဉာဏ်ပေးခဲ့သော Farmer Auto Showroom မှ CEO နဲ့ ပြည်သူ့ဆက်ဆံရေးအရာရှိ (Public Relation Officer) တို့ကို အထူးကျေးဇူးတင်ပါတယ်။”

“ဘဘ လိုချင်တဲ့ကားကို ပစ္စည်းမှန် ဈေးနှုန်းမှန်နဲ့ စီစဉ်ပေးတဲ့အတွက် အထူးကျေးဇူးတင်ရှိပါတယ်။”

ပန်းချီဆရာကြီး ဦးလွန်းကြွယ်


ORIENT
JAPAN
FUNE1002BO
FUNE1006WO
Available at: CHERRY OO
Inquiry Ph : 09-73150210, 09-73145658, 01-381751, 01-383658, 01-8600111 Ext:1011, 067-422070 Ext:120, 02-72992 .


M.E.S Affiliated Centre
edexcel
Approved Centre No: 93081
CHINDWIN COLLEGE
SCHOOL OF ENGINEERING & SCHOOL OF BUSINESS
• တင်လတ်(85 Mechanical) နှင့်ကျော်နီခင် (86 Electrical) ၂၀၀၇တွင်စတင်တည်ထောင်သော မြန်မာနိုင်ငံတွင်ပထမဆုံး Edexel UK အသိအမှတ်ပြု Higher National Diploma College ဖြစ်သည်။
• တစ်ခုတည်းသော မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (MES) Affiliated College ဖြစ်သည်။
• ချင်းတွင်းကောလိပ်တွင် HND Electrical & Electronics Engineering ရရှိပြီးသူများ ၃နှစ်ဆက်တိုက် University of Sunderland, University of Wolverhampton,Coventry University တို့တွင် B.E (Hons) Final Year တိုက်ရိုက်ဝင်ခွင့်ရရှိခဲ့ကြပြီးဖြစ်သည်။
• ချင်းတွင်းကောလိပ်တွင် Electrical & Electronics Engineering, Mechanical Engineering နှင့် Business Management တန်းခွဲသစ်များကို August လပထမပတ်တွင် စတင်ပါမည်။
• တက္ကသိုလ်ဝင်တန်းအောင်ပြီးသူများ International Foundation Course (IFC)တက်ရောက်နိုင်သည်။ IFC ပြီးဆုံးသူများနှင့် တက္ကသိုလ်ဒုတိယနှစ်အောင်ပြီးသူများ HND ၂နှစ် သင်တန်းတက်ရောက်နိုင်သည်။
• HND ရရှိပြီးလျှင် University of Sunderland, University of Wolverhampton, Coventry University တို့တွင် B.E(Hons) နှင့် B.Bus(Hons) Final Year တိုက်ရိုက်ဝင်ခွင့်ရရှိမည်။
www.facebook.com/chindwincollege
ဆက်သွယ်ရန်
ချင်းတွင်းကောလိပ် (ရန်ကုန်) အမှတ်(၇၅) သိမ်ဖြူလမ်း အောက်ဘလောက် ဖုန်း ၀၉-၇၃၀၆၈၃၇၆၊ ၀၁ -၂၉၇၆၇၃
ချင်းတွင်းကောလိပ် (မန္တလေး) စံပယ်ဆောင်၊ ဂရိတ်ဝေါတိုက်ခန်းများ၊ ၇၇ × ၇၈ကြား၊ ၃၁ × ၃၂ကြား ဖုန်း - ၀၉-၂၀၀၁၂၀၀၊ ၀၂-၇၄၁၇၉
OUR PARTNERS
AUSTON INSTITUTE
TEG INTERNATIONAL COLLEGE
Coventry University
UNIVERSITY OF WOLVERHAMPTON
SOE SAN
edexcel advancing learning, changing lives
University of Sunderland
M.E.S Affiliated Centre

7 DAY NEWS JOURNAL
Vol.11, No.22 • AUGUST 9 , 2012

# 7DAY BOOK REVIEW

## စည်းကမ်းပြည့်ဝသော သရော်စာများ (ဆာသော်ဒိုး)




ပညာရှင်တို့က သရော်ခြင်း၊ သရော်လှောင်ပြောင်ခြင်းနှင့် သရော်စာကို အင်္ဂလိပ်စကားဖြင့် Satire ဟုခေါ်ကြသည်။ ထိုအတူ သရော်စာရေးသူ၊ သရော်မှုပညာရှင်ကို satirist ဟုခေါ်လေ့ရှိကြသည်။ ကမ္ဘာတွင် ခေတ်အဆက်ဆက် သရော်ပညာရှင်ကြီးများအဖြစ် ထင်ရှားခဲ့သော ပြင်သစ်စာရေးဆရာကြီး ဗော်တဲယား၊ ဘောဇက်နှင့် ဗြိတိန်စာရေးဆရာ ဂျော့ရှ်ဘားနတ်ရှောတို့သည် ပြောင်မြောက်သော သရော်စာများ၊ ဝတ္ထုတိုများ၊ ပြဇာတ်များရေးခဲ့သလို မြန်မာနိုင်ငံတွင်လည်း ဆရာမောင်ထင်နှင့် ဆရာမကြီးခင်မျိုးချစ်တို့သည် သရော်စာအရေးကောင်းသူများဖြစ်သည်။ ထို့နောက် မောင်ကိုယု (မောင်သစ်) နှင့် ဓနုဖြူကျော်ထွန်း (အီကြာကွေး) တို့ ပေါ်ထွန်းခဲ့သည်။ မျက်မှောက်အချိန်တွင် သစ္စာနီ၊ မင်းလူ၊ မင်းသစ်၊ ဂျက်ကွမ်းခြံကုန်း၊ ဇန်မြင့်၊ မွန်စီယာညော်၊ ယောကျော်တို့သည် သရော်စာပေကို တစ်စိုက်မတ်မတ်ရေးနေသူများ ဖြစ်ကြသည်။ ထိုပုဂ္ဂိုလ်များထဲတွင် တစ်မျိုးတစ်ဘာသာထွက်လာသူ တစ်ဦးမှာ ဆာသော်ဒိုးဖြစ်သည်။

ယခုစာအုပ်တွင် ပါဝင်သည့် သရော်စာနှစ်ဆယ့်ငါးပုဒ်မှာ မဂ္ဂဇင်း၊ ဂျာနယ်များတွင် ၂၀၀၆ ခုနှစ်မှ ၂၀၁၀ အတွင်း ဖော်ပြခဲ့သည်များကို စုစည်းထုတ်ဝေလိုက်ခြင်းဖြစ်သည်။ စာနယ်ဇင်းဒီဇိုင်နာ၊ စာနယ်ဇင်းကာတွန်းရေးသူလည်း ဖြစ်ခြင်းကြောင့် ဆာသော်ဒိုး၏ စာများတွင် ခေတ်ကာလအငွေ့အသက်များ၊ လက်ငင်းဖြစ်ပျက်နေသော အခြေအနေများက ကြီးစိုးနေသည်။ "ဘော" ဟူသော သရော်စာတွင် အင်္ဂလန်ပရီးမီးယားပြိုင်ဘက်ကြီး မန်ယူနှင့် အာဆင်နယ်အသင်းတို့ကို အရူးအမူးစွဲလမ်းသူ အချို့၏ ငိုအားထက်၊ ရယ်အားသန် အခြေအနေကို ဖတ်ရှုရပါမည်။ လူ့ဘဝ၏ အဆီအငေါ်မတည့်လှသော အကြိုက်ချင်းမတူညီပုံကို မုန့်ဟင်းခါးစား၍ ဆိုင်တွင်ကြက်သွန်ဖြူတောင်းသူ၊ မုန့်ဟင်းခါးဟင်းရည်ထဲ အမဲကြော်ထည့်စားပုံတို့ကို အရွှန်းဖောက်၍ **မဆိုင်ဆိုင်ဆိုင်၊ ဆိုင်ဆိုင်ဆိုင်** ၌ ဖတ်ရှုရပါမည်။

**ပတ်ပုံများတဲ့ည** တွင် ညဉ့်နက်ချိန် အိမ်အပြန်ကြားကားစီးရာ၌ကြုံတွေ့ရသည့်ဒုက္ခကိုမူရင်းတင်ပြလိုသော အခြေအနေတစ်ရပ်နှင့် နှိုင်းယှဉ်ချိန်ထိုးရေးသားထားသည်။ အင်းစိန်သို့သွားမည့်ကားကို တက်စီးရာမှ လူမရ၍ မူလနေရာသို့ ကားပြန်လှည့်၊ ထိုသို့လုပ်ဆောင်သော်လည်း လူမတက်၍ စပယ်ယာက လမ်းကြောင်းပြောင်းခေါ်ဆောင်ရာ ကားပေါ်မှဆင်းပြေးခဲ့ရသည့် ဖြစ်ရပ်လေး၊ **ကျွန်ုပ်နှင့် မမ** နှင့် **ဆာသော်ဒိုး ခရီးသွားနေသည်** အပုဒ်တို့တွင် ရထားစီးခရီးသည်တစ်ဦး၏ အတွေ့အကြုံကို ယူ၍ လော်ကယ်ရထားများက နေပြည်တော်လူစီးအမြန်ရထားများကို ရှောင်တိမ်းပေးရပုံ၊ အတွဲ (၁) ဟုဆိုသော်လည်း တွဲ (၂) နောက်တွင် ချိတ်ဆက်ထားခြင်းတို့ကို ၂၀၁၀ ပြည့်နှစ်မတိုင်မီက တိုင်းပြည်အခြေအနေနှင့် စပ်လျဉ်း၍ စာရေးသူက ပါးပါးလေး သရော်ထားပါသည်။ **နီရဲမှုန်**တွင် ရန်ကုန်လေဆိပ်၌ ဆိုင်ရာဆိုင်ရာ ဝန်ထမ်းအချို့ ကွမ်းတပျစ်ပျစ် စားကာ ဟိုနေရာထွေးသည်နေရာထွေး ပြုလုပ်သဖြင့် အကျည်းတန်ခြင်းကို သရော်ချက်စပ်စပ်လေးဖြင့် တို့ထိထားသည်။ အမှန်တကယ်တွင်မူ သရော်စာဟူသည် ရေးရခက်ပြီး စာရေးသူတိုင်း မရေးနိုင်သည့် စာပေအမျိုးအစားဖြစ်သည်။ သရော်ခြင်းသည် ဟာသသက်သက်မဟုတ်သလို တစ်ပါးသူအခံရခက်စေသော စာမျိုးလည်းမဟုတ်ပါ။ လူ့ဘဝ၏ အဆီအငေါ်မတည့်မှုများ၊ ခေတ်စနစ်အားနည်းချက်များကို ဖတ်ပြီး ပြုံးတုံ့တုံ့ဖြင့် ဩော်. . . ဟုတ်ပေသားပဲဟု လက်ခံရမည့် အခြေအနေမျိုးအထိ ဆွဲခေါ်သွားနိုင်သော 'လေ' မျိုးသည် သရော်စာပေ၏ အဓိကအင်္ဂါရပ်ဖြစ်ပါသည်။ ယခုစာအုပ်တွင် ဆာသော်ဒိုး၏ ထိုသို့သောသရော်ချက်များကိုဖတ်ရှုရပါမည်။ တိုးမြစ်စာအုပ်တိုက်က တန်ဖိုး ၂,၃၀၀ ကျပ်ဖြင့်ဖြန့်ချိသည်။

# Knowledge ဗဟုသုတ

## လူတို့ဖမ်းဆီးမိသမျှ ကမ္ဘာ့အကြီးဆုံးမိကျောင်းကြီး

လူတို့ဖမ်းဆီးမိသမျှကမ္ဘာ့အကြီးဆုံးမိကျောင်းမှာ 'လိုလောင်း' ဟုခေါ်သော ရေငန်မိကျောင်းဖြစ်၍ ဖိလစ်ပိုင်နိုင်ငံတွင် ၂၀၁၁ နိုဝင်ဘာ ၁၀ ရက်က ဖမ်းဆီးမိခဲ့ခြင်းဖြစ်သည်။ ကျွမ်းကျင်သူများ တိုင်းတာချက်အရ အရှည် ၆ ဒသမ ၁၇ မီတာ (၂၀ ဒသမ ၂၄ ပေ)ရှိခဲ့ပြီး အလေးချိန်မှာ ခန့်မှန်းခြေအားဖြင့် ၁၀၇၅ ကီလိုဂရမ်(၂,၃၇၀ ပေါင်)ခန့်ရှိမည်ဟု သိရသည်။

ထိုမိကျောင်းကြီးကို ၂၀၀၉ မတ်လအစောပိုင်းတွင် အဂူဆန်မတ်ရှ်မြို့၌ မိန်းကလေးတစ်ဦး သေဆုံးခဲ့မှုကြောင့် ၂နှစ်ကြာ ခြေရာခံရှာဖွေခဲ့ရသည်။ ထို့နောက် ဘူနာဝမ်ကျေးရွာ၌လည်း ငါးဖမ်းသမားတစ်ဦး ပျောက်ဆုံးခဲ့ပြီးနောက် မိကျောင်းကို ဆက်လက်ရှာဖွေခဲ့ရာ အဂူဆန်ဒယ်လ်ဆာပြည်နယ်တွင် ၂၀၁၁ နိုဝင်ဘာ၌ ရှာဖွေတွေ့ရှိခဲ့သည်။ မိကျောင်း လိုလောင်းကို ဖိလစ်ပိုင်နိုင်ငံရှိ ဘူနာဝမ်သဘာဝဥယျာဉ်သုတေသနစင်တာတွင် သုံးလကြာ ထိန်းသိမ်းထားခဲ့စဉ် ကျန်းမာရေးကောင်းမွန်ပြီး ခန္ဓာကိုယ်အနေအထားမှာလည်း ထိခိုက်ဒဏ်ရာမရှိကြောင်း သိရသည်။ ၎င်းကို ဂင်းနက်စ်ကမ္ဘာ့စံချိန်များအဖွဲ့က လူတို့ဖမ်းဆီးမိသမျှ ကမ္ဘာ့အကြီးဆုံးမိကျောင်းအဖြစ် အတည်ပြုသတ်မှတ်ပေးခဲ့သည်။

_Source: Guiness

# တစ်ပတ်တာကံကြမ္မာ

ဩဂုတ် ၈ ရက် မှ ၁၄ ရက် အထိ

စံဇာဏီဘို



### ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

သစ္စာမဲ့သူတစ်ဦးကြောင့် ပျက်ယွင်းကြန့်ကြာနေသည့် ကိစ္စများကို ပြန်လည်အဆင်ပြေအောင် ဆောင်ရွက်နိုင်သော ကာလဖြစ်သည်။ လက်လွှတ်ဆုံးရှုံးသွားသည်များကို ပြန်လည်ရယူနိုင်သည်။ မျှော်လင့်ချက်ကုန်ဆုံး၍ ဖြစ်နိုင်စွမ်းမရှိတော့ဟူ၍ ယူဆထားသည်များ ပြန်လည်အဆင်ပြေမည်။ ငွေကြေးကိစ္စစကားပြောဆိုမှုများ အောင်မြင်မည်။ လုပ်ငန်းခွင်အတွင်းမှသူများ နာမည်ကောင်းနှင့် ထင်ရှားမည်။



### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

လုပ်သမျှအောင်မြင်မည်။ ပညာအတတ်နှင့် ပတ်သက်၍ အထူးအကျိုးပေးမည်။ မိသားစုနှင့် ပတ်သက်သည့် သတင်းကောင်းများ ကြားသိရမည်။ ငွေထွက်များသော်လည်း ငွေဝင်ကောင်းမည်။ ကြံစည်လိုက်သောကိစ္စများ ဦးတည်လိုက်တိုင်း အနှောင့်အယှက်ရှိမည်။ မဖြစ်မနေ လုပ်မှုကြောင့် အဆုံးပိုင်းတွင် အောင်မြင်မည်။ ငွေကုန်များမည်။ အကျိုးရှိသော ကုန်ကျမှုဖြစ်မည်။



### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

ပစ္စည်းများအလောတကြီး ဝယ်ယူမိ၍ စိတ်သောကရောက်ခြင်း ကြုံမည်။ ရောင်းမှားဝယ်မှား ဖြစ်တတ်သည်။ စက်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် ပတ်သက်၍ ငွေကုန်ကြေးကျများတတ်သည်။ နေအိမ်နေရာပြုပြင်တည်ဆောက်ခြင်းများ၊ တိုးချဲ့ခြင်းများ လုပ်ဆောင်၍ ကောင်းသည်။ ကိုယ်တိုင်လည်း ကျန်းမာရေး မကြာခဏချူချာမည်။ မိသားစုတွင်လည်း ဆေးရုံ၊ ဆေးခန်းနှင့် မပြတ်ဆက်သွယ်နေရမည်။



### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

ရည်မှန်းချက်အောင်မြင်မည်။ အခက်အခဲများ ဖြေရှင်းအဆင်ပြေမည်။ အိမ်တွင်ခါတိုင်း အလွန်ဒုက္ခပေးပြဿနာရှာသူ ယခုကာလအတွင်း ထူးထူးခြားခြား ကောင်းနေမည်။ လုပ်ငန်းရှာသူများအဖို့ ခက်ခက်ခဲခဲကြားမှ အလုပ်ကောင်းရမည်။ အလုပ်ရရှိပြီး အချိန်ပိုင်းရက်ပိုင်းအတွင်း ပိုကောင်းသော အလုပ်ပေါ်မည်။ ထိုအလုပ်သစ်အား လက်ခံရန်မသင့်ပါ။ မူလရရှိထားသော အလုပ်ကိုသာ ကြိုးစား၍ဆက်လုပ်ပါ။



### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

ရန်အတိုက်အခံများကြုံမည်။ မိမိလုပ်သည့် ကိစ္စများအပေါ် ဝေဖန်အနှောင့်အယှက်ပေးသူ ပေါ်မည်။ ကြန့်ကြာနေသည့်ငွေအချို့ လက်ဝယ်ပြန်ရမည်။ လက်ဝဲဘက်မျက်လုံးတွင် မတော်တဆ ထိရှတတ်သည်။ အများကိစ္စ၊ သူတစ်ပါးကိစ္စများတွင် တာဝန်ယူခြင်း၊ ခေါင်းခံဆောင်ရွက်ခြင်းများ ရှောင်ပါ။ မိမိတွင် ပြဿနာပေါ်ခြင်း၊ လူမုန်းခံရခြင်း၊ အမည်သိက္ခာကျဆင်းခြင်းများ ဖြစ်တတ်သည်။



### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

သူတစ်ပါးကြောင့် မိမိအကြံအစည်များ နှောင့်နှေးမည်။ လုပ်ငန်းတိုင်းတွင် ထူးခြားထင်ရှားသော အပြောင်းအလဲများဖြစ်မည်။ အပင်ပန်းခံပြီး ဆောင်ရွက်ထားသည့်ကိစ္စများမှ ကောင်းသောအကျိုးဆက် ရရှိမည်။ အလုပ်တစ်ခုမပြီးခင် နောက်တစ်ခု စရတတ်သည်။ ဆောင်ရွက်မှုလမ်းစဉ်တစ်ခုအတွက် ကြိုတင်ပြီးမြောက်ရန် ဦးတည်လုပ်ကိုင်ရမည်။ နိုင်နင်းမှုမရှိလောက်အောင် လုပ်ငန်းများကျယ်ပြန့်တတ်သည်။



### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

အခွင့်အရေးသစ်များ ဆက်တိုက်ပေါ်ထွန်းမည်။ ပတ်ဝန်းကျင်သစ်နှင့် ဆက်ဆံရမည်။ ကာလအတန်ကြာ လုပ်ကိုင်ရင်း နှောင့်နှေးသည်များ ပြီးမြောက်စွာအဆင်ပြေမည်။ လွန်ခဲ့သော လေးလဆက်တိုက် ထွက်ပေါက်ရှာပြီး ငွေကုန်သော လမ်းကြောင်းများ ပိတ်သွားမည်။ ရပ်ဝေးမှညှော့သည်ရောက်ရှိမည်။ လွယ်ကူသည်ဖြစ်စေ ခက်ခဲသည်ဖြစ်စေ လူယုံနှင့် မလွှဲဘဲ ကိုယ်တိုင်ဆောင်ရွက်က အချိန်တိုအတွင်းပြီးမည်။



### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

ကာလအတန်ကြာ လိုလားနေသည်များ ရက်ပိုင်းအတွင်းပြည့်ဝမည်။ ငွေကြေးနှင့် ပတ်သက်သော ကံကောင်းသည်။ မောင်နှမသားချင်း၊ ရင်းနှီးသူများနှင့် ပတ်သက်၍ ပြဿနာများ လိုက်လံဖြေရှင်းပေးရမည်။ စီစဉ်ထားခြင်းမရှိဘဲ ခရီးသွားရမည်။ လွန်ခဲ့သော အတိတ်ကာလက မိမိအား မြောက်မြားစွာ ကူညီခဲ့ဖူးသူအား မိမိက ပြန်လည်ကူညီရကိန်းကြုံမည်။ ဝမ်းမြောက်ဝမ်းသာ လိုလိုလားလား ကူညီပါ။



### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

တွဲဖက်လုပ်ကိုင်ခြင်းထက် ကိုယ်တိုင်ကိုယ်ကျ တစ်ဦးတည်းလုပ်ခြင်းက ပို၍အကျိုးရှိမည်။ မိသားစုတွင် အိမ်တွင်းပစ္စည်းများ အထားအသို ရွှေ့ပြောင်းခြင်း၊ အသေးစားပြုပြင်ခြင်းများ ပြုမည်။ ထိုသို့ဆောင်ရွက်နေစဉ်အတွင်း အိမ်ထောင်ဦးစီး၏ လုပ်ငန်းနှင့် ပတ်သက်သည့် ကောင်းသတင်း ကြားသိရမည်။ အာမခံခြင်း၊ တာဝန်ယူခြင်း၊ အလွယ်တကူ ကတိပေးခြင်းများ မလုပ်မိအောင် ရှောင်ပါ။



### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

အလုပ်အကြံအစည် ရည်ရွယ်ချက်အားလုံး အောင်မြင်မည့်ကာလဖြစ်သည်။ စိတ်ချမ်းမြေ့စရာများ တစ်မျိုးပြီး တစ်မျိုးကြုံမည်။ ကာလအတန်ကြာ ကျစ်ကျစ်လျစ်လျစ် သိမ်းဆည်းထားသည့် စုဆောင်းငွေကို တစ်ပြားတစ်ချပ်မကျန်အောင် အသုံးပြုရသောကိန်း ကြုံမည်။ ကောင်းသောသုံးစွဲမှုဖြစ်၍ ထူးခြားသောအကျိုးအမြတ်ကောင်း လက်ဝယ်ပြန်လည်ရရှိမည်။ ငွေမမြဲသေး၊ စုရန်ကြံလေ ကုန်လေဖြစ်မည်။



### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

ရည်မှန်းထားသည်များ ရှေ့တိုးဆောင်ရွက်၍ အကျိုးရှိသည်။ ကျန်းမာရေးပိုင်း အနည်းငယ်အညံ့ရှိသည်။ ကာလအတန်ကြာ ပျောက်ကွယ်နေသည့် ရောဂါဝေဒနာဟောင်းများ အနေအထိုင် မဆင်ခြင်မှုကြောင့် ပြန်ပေါ်မည်။ ပညာဉာဏ်ထွန်းတောက်မည်။ ပညာယှဉ်ပြိုင်မှုများတွင် အထူးကောင်းသည်။ အနေအထိုင် အစားအသောက်အနည်းငယ်မှားယွင်းသည်နှင့် ကျန်းမာရေးအညံ့ ကြုံတတ်သည်။



### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)


မိမိအပေါ် တမင်ဆန့်ကျင်သူများနှင့် တွေ့တတ်သည်။ ကိုယ်လုပ်သည့်ကိစ္စအလုံးစုံအပေါ် အပြစ်တင်ဝေဖန်ပြောဆိုခြင်း ခံရတတ်သည်။ ရေရှည်စီမံပြီးလုပ်သော ကိစ္စမျိုးရှောင်ပါ။ ကိုယ်လုပ်သည့်လမ်းကြောင်းနှင့် ဦးတည်ချက်ကို တစ်ပါးသူမသိအောင် တတ်အားသမျှ လျှို့ဝှက်ပါ။ ဆုံးဖြတ်ချက်များကို နောက်ဆုံးအချိန်အထိဆွဲပြီး ချက်ချင်းဆုံးဖြတ်၊ ချက်ချင်းဦးတည်ချက် ပြောင်းသောပုံစံဖြင့် ဆောင်ရွက်ပါ။

7DAY NEWS JOURNAL
Vol.11, No.22 • AUGUST 9 , 2012

# Puzzle&Classified

## 7DAY PUZZLE

ပဟေဠိ အမှတ်စဉ်(၁၉၄)



### အလျားလိုက်

၂။ အိမ်နီးချင်းနိုင်ငံတွင် ဖမ်းဆီးခံထားရသူများ
၄။ ဈေးကွက်လာလေ့လာသည့် ကမ္ဘာကျော်ကုမ္ပဏီတစ်ခု
၆။ အုပ်စုလိုက်ထောင်ထဲဝင်ရသူတွေ
၉။ စိတ်နယ်လွန်ခရီးသွားဇာတ်လမ်း
၁၀။ နေပြည်တော်တွင် ပထမဆုံးအဖမ်းခံရသူ ကျူးလွန်သောအမှု
၁၁။ ယဉ်ကျေးမှုမရှိသူ၊ လူရိုင်းများ

### ဒေါင်လိုက်

၁။ ရခိုင်ပြည်နယ်ပဋိပက္ခတွင် ပါဝင်ပတ်သက်သူများ
၃။ တောင်ကိုရီးယားအမူးသမားများအတွက်အထူးဘလော့ဂ်
၅။ အဆင့်မြှင့်မည်ဆိုသောနေရာ
၆။ ၎င်းတို့နိုင်ငံသားများနည်းတူ မြန်မာများ လုပ်ခတန်းတူရမည်ဟုဆိုသူ
၇။ 7Day ၏ ကဏ္ဍတစ်ခု
၈။ ထောင်ထဲမှထွက်လာသောဥက္ကဋ္ဌ


Smart Dictionary ကံထူးသူ

၁။ မြတ်ကေသီ၊ ၁၂/ဥကမ(နိုင်)၂၀၆၅၃၃ အမှတ်(၁၃၁၅)၊ ဇော်ဂျီ–၂လမ်း၊ မြောက်ဒဂုံ။

ကျန်အဖြေမှန်သူ

၂။ မိုးအောင်ထွန်း၊ ၁၂/ဒဂမ(နိုင်)၀၃၀၄၄၅ အမှတ်(၅၁၅)၊ အင်း၀၆–လမ်း၊ တောင်ဥက္ကလာပ။

ပဟေဠိ အမှတ်စဉ်(၁၉၃)အဖြေမှန်




အမည် ........................................ မှတ်ပုံတင်အမှတ် ........................................

နေရပ်လိပ်စာ ........................................................................................

အချိန်မီပေးပို့လာသော အဖြေမှန်သူများထဲမှ SMART Dictionary ၏ ပံ့ပိုးကူညီမှုဖြင့် အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်ပြီး၊ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန်၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများအပြင် ပြင်ပဉာဏ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး၊ နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၁၀–၈–၂၀၁၂ သောကြာနေ့၊ မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**

ဤအစီအစဉ်ကို SMART Electronic Dictionary မှ ပံ့ပိုးကူညီပါသည်။ ဘုထူးသူ

## Free Classified

## အခမဲ့ ကြော်ငြာကဏ္ဍ

**ခရုအိမ်**

**အဆင့်မြင့်ခန်းဆီးလိုက်ကာနှင့် ကူရှင်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း။ တိုက်-A, G-5, Pearl Condo, ကမ္ဘာအေး ဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်။**

**PH:09-73037776, 09-73204374**

**ဖုန်းလဲလိုပါသလား**

၀၉ ၄၉×××(CDMA-450)ဖုန်းနှင့် ၀၉ ၇၃၀×××(သို့) ၀၉ ၄၃၀××× ဖုန်းနှင့်တိုက်ရိုက်လဲလိုသည်။ Hand-set ပါပေးမည်။ **ဆက်သွယ်ရန်-**

**ဖုန်း-၀၉ ၄၉၂၇၅၆၉၀၊ ၀၉ ၄၃၀၉၇၅၉၉**

**လေ့လာရန်ဖိတ်ခေါ်ခြင်း**

USA မှ ထုတ်လုပ်သော ကမ္ဘာ့အဆင့်(၁)ရှိ Mona Vie သဘာဝသစ်သီးဖျော်ရည်အား http://www.eidosfive.blogspot.com သို့ ဝင်ရောက်လေ့လာရန် ဖိတ်ခေါ်ပါသည်။

**ဖုန်း- ၀၉ ၅၁၇၃၁၉၁**

**English Proficiency Class(4Skills)**

တစ်ဦးချင်း(သို့မဟုတ်)Company များ၊ အဖွဲ့အစည်းများအတွက် သင်တန်းများ စီစဉ်ပေးသည်။

**ဖုန်း- ၀၉ ၅၀၄၆၇၆၉**

**'Mr.Noe' Korean**

Language Center Basic(4 skills), Speaking course, EPS-TOPIK

**Ph: 09 5201384**

**အမြန်ရောင်းမည်**

Light Truck အဖြူ ၈င/၉---- (ကားသန့်)။ **ဖုန်း- ၀၉ ၅၄၁၇၇၃၆**

**'ရွှေ'ပညာဒါန(အခမဲ့)သင်တန်း**

ရွှေအကြောင်းကို အခြေခံမှစ၍ အသေးစိတ်သင်ကြားပေးပါမည်။ လူဦးရေကန့်သတ်ထား၍ ကြိုတင်စုံစမ်းစာရင်းပေးသွင်းကြပါ။

**ဖုန်း- ၀၉ ၄၂၀၀၂၈၈၄၆**

**သင်တန်း**

သံဃာတော်များအတွက် နိကယ်ငါးရပ် ပိဋကတ်တော်များကို အင်္ဂလိပ်ဘာသာဖြင့် အထူးသင်ကြားနေပြီ။

**အင်္ဂလန်ဆရာတော်ဦးစန္ဒောဘာသ**

**ဖုန်း- ၀၉ ၇၃၁၄၆၃၉၁**

**လောကီရတနာပန်းကုန်**

မသိတတ်လူ ကျော်သွား၊ သိတတ်လူဖော်စား၊ လောကီရေးရာနှင့် ပတ်သက်သော ကိစ္စများကို စုံစမ်းမေးမြန်းနိုင်သည်။ **ဖုန်း-၀၉၇၃၂၅၂၀၃၇**

**အမြန်ရောင်းမည်**

Bagan Broadband Internet Line (512) (ညိုနိုင်း)။ **ဖုန်း-၀၉၅၀၅၄၈၁၅**

**ဆရာဦးမြင့်သန်း**

**B.Sc(Maths), B.Ed**

၇၊ ၈၊ ၉၊ ၁၀ တန်းများ ထူးချွန်လိုသူများအတွက် သင်္ချာသီးသန့်အထူးဝိုင်းများ အိမ်အရောက်သင်ကြားပေးပါသည်။ **ဖုန်း- ၀၉ ၇၃၁၆၃၀၄၄**

**ရောင်းမည်**

(၆၅)ရပ်ကွက်၊ တောင်/ဒဂုံ၊ စက်မှုဇုန်(၂)အနီး၊ သွပ်မိုးပျဉ်ထောင်၊ အသင့်နေ၊ ရေ၊ မီးအစုံ၊ ဂရန်မြေ၊ ပေ(၂၀×၆၀)၊ သိန်း ၁၉၀၊ ဈေးအနီး။

**ဖုန်း- ၀၉ ၄၂၀၀၀၄၄၂၅**

**Miss English**

English Speaking & Grammar အခြေခံမှစ၍ သင်ပေးသည်။ အတန်းစုံ Guide နှင့် ကျူရှင်။

**ဖုန်း- ၀၉ ၄၉၃၃၆၀၄၈**

**ခင်စုမော်ဝင်း**

၅၊ ၆၊ ၇၊ ၈ တန်း စာသင်/စာကျက်(ဝိုင်း) အိမ်အရောက်သင်သည်။

**ဖုန်း- ၀၉ ၄၂၁၀၆၅၆၃၆**

**ဝန်ဆောင်မှု**

လျှပ်စစ်နှင့် ရေပိုက်လိုင်းဆိုင်ရာ အခက်အခဲများကိုအတွေ့အကြုံရှိEng-ineerများကိုယ်တိုင်ကူညီဖြေရှင်းပေးပါသည်။ **ကိုပေါက်-**

**ဖုန်း- ၀၉ ၇၃၀၀၃၄၈၁**

**ကျန်းမာရေးဝန်ဆောင်မှု**

စိတ်ဝေဒနာ အမျိုးမျိုးနှင့် မူးယစ်ဆေး စွဲလမ်းနေသူများအား တိုင်းရင်းဆေးနည်းဖြင့် အချိန်တိုအတွင်း ပျောက်ကင်းအောင် ကုသပေးပါသည်။ ဦးလှတင်(တိုင်းရင်းမြန်မာ)

**ဖုန်း- ၀၉ ၄၉၇၄၄၆၅၇**

**ဝန်ဆောင်မှု**

လူကြီးမင်းတို့၏ ကုန်ပစ္စည်းများအား အထူးဝန်ဆောင်မှုပေးနေပါပြီ။ အထူးဈေးနှုန်းဖြင့် ဆောင်ရွက်ပေးနေပါသည်။ (Yangon - USA)

**Ph: 09 73200681**

**ကွန်ပျူတာသင်တန်း**

ကလေးငယ်များကိုလည်း ကွန်ပျူတာအခြေခံ တတ်မြောက်စေရန်အတွက်(Computer For Kids Cou-rse) လေ့ကျင့်သင်ကြားပေးသည်။

**ဖုန်း- ၀၉ ၄၅၀၀၁၂၃၉၅**

**ဦးအောင်နိုင်ဦး B.E(Mech)**

၅ တန်းမှ ၁၀ တန်းအထိ အင်္ဂလိပ်စာ+သင်္ချာ၊ ၉တန်း၊ ၁၀ တန်း ဓာတု၊ ရူပ အိမ်လိုက်သင်သည်။ ဘာသာစုံ Guide လုပ်သည်။

**ဖုန်း- ၀၉ ၇၃၁၃၄၀၃၀**

**အလိုရှိသည်**

ကုမ္ပဏီတွင်အသုံးပြုရန်အတွက် 10' Canter ကား(ယာဉ်မောင်းအပါ)ငှားရမ်းလိုပါသည်။ (ယာဉ်ပိုင်ရှင်များကိုယ်တိုင်ဆက်သွယ်ပါရန်)

**ဖုန်း-၀၉၇၃၁၅၄၄၇၄၊ လိုင်းခွဲ-၁၀၄**

**'မျိုး'(Teacher Myo)**

ဘာသာစုံစာသင်ဝိုင်းနှင့် ဘော်ဒါ ၈၊ ၉၊ ၁၀ တန်း။

အမှတ် ၂၀၊ပထမထပ်၊ဆန္ဒါပင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ရန်ကုန်မြို့။

**ဖုန်း- ၀၉ ၄၂၀၁၀၀၆၇၈**

**ဦးစိန်ဝင်း**

**(S.A.T),B.Ed(Credit)**

**B.Sc(Q)(Maths)**

(၂)တန်းမှ (၁၀)တန်းထိ သင်္ချာဘာသာကို အခြေခံမှစ၍ သင်ကြားပေးသည်။ **ဖုန်း- ၀၉ ၄၂၀၆၇၃၇၅**

**Guide**

၉၊ ၁၀ တန်း ဘာသာစုံ အိမ်အရောက်သင်ကြားပေးသည်။ တစ်ဘာသာချင်းစီ အထူးသင်ကြားပေးပါသည်။

**ဖုန်း- ၀၉ ၄၂၁၀၂၈၈၃၀**

**အမြန်ရောင်းမည်**

အကွက်အမှတ်(၇၀၆၁)၊ ဘလောက်(၇)၊ ပေ(၄၀×၆၀)မြေ၊ ပုဗ္ဗသီရိမြို့သစ်၊ ဟိုတယ်ဇုန်အနီး၊ နေပြည်တော်။

**ဖုန်း- ၀၉ ၄၃၀၃၂၁၁၉**

**ဒေါ်ဦးဦးအေဇင်**

ပြင်သစ်စာ/စကားသင်သည်။ 4 Lg Skills & Spoken French Home Visit & Interisive classes.

**Ph: 09 8611813**

**အဆိုသင်တန်း**

အခြေခံမှ အဆင့်မြင့်သည်အထိ ကမ္ဘာ့ထိပ်တန်း ဂီတကျောင်းကြီးများ၏ သင်ရိုးညွှန်းတန်းများကို နိုင်ငံတကာသုံး ဂီတသင်္ကေတများ အသုံးပြုပြီး သင်ကြားပေးနေပြီ။

**ဖုန်း- ၀၉ ၄၃၀၉၃၃၆၁**

**'Icon' Aircon Service**

Aircon စစ်ဆေးခြင်း၊ ဆေးကြောသန့်စင်ခြင်း၊ တပ်ဆင်ခြင်းနှင့် ပြုပြင်ခြင်းများကို အိမ်အရောက်အမြန်ဆုံး ဝန်ဆောင်မှုပေးပါသည်။

**ဖုန်း- ၀၉ ၇၃၀၇၁၂၇၅**

**ဂစ်တာရောင်းမည်**

အဆင့်အတန်းမြင့်သော Hand-made Hollow Guitar များနှင့် Electric Guitar များကို အချိုသာဆုံးဈေးနှုန်းဖြင့် အမြန်ရောင်းမည်။

**ဖုန်း- ၀၉ ၄၃၀၉၃၃၆၁**

**Queen Fashion(ဒေါ်တင့်တင့်)**

အပ်ချုပ်သင်တန်း - တစ်ဘာသာ(တစ်ပတ်)တစ်သောင်း - ဘာသာစုံ(တစ်လ) တစ်သိန်းခွဲ။

**ဖုန်း- ၀၉ ၇၃၂၂၁၃၁၇**

**အိမ်နှင့်ခြံရောင်းမည်**

ရွှေပြည်သာ၊ ဗိုလ်ချုပ်လမ်းမပေါ်၊ ၂ ထပ်တိုက်၊ ပေ(၄၀×၆၀)၊ ဂရန်၊ ရေ၊ မီး၊ ဖုန်း (ညှိနှိုင်းဈေး)။

**ဖုန်း- ၀၁ ၆၁၀၇၁၅**

**အထူးလျှော့ဈေး**

Fujitsu Laptop (Brand New) (၁) လုံး၊ Core i5, 4GB Memory, 1GB Graphic, 500 GB HDD, 2012 Model (Pink Colour)

**Ph: 09 5176002**

**သင်ကြားသည်**

၉ တန်း၊ ၁၀ တန်း၊ ဘာသာစုံ Fresher ဝိုင်း၊ ဘာသာစုံ Repeater ဝိုင်း၊ အကောင်းဆုံး အတော်ဆုံး ဆရာများဖြင့် သင်ကြားမည်။

**ဖုန်း- ၀၁ ၅၀၃၁၃၉**

**Guide**

အချိန်မှန်၊ နည်းစနစ်မှန် စေတနာမှန်ဖြင့်၊ ၈၊ ၉၊ ၁၀ တန်းများအား ဘာသာစုံ Teaching & Guide ပြုလုပ်ပေးသည်။

**ဖုန်း- ၀၉ ၇၃၀၈၁၅၆၇**

**တစ်ခိုင်လုံးရွှေအေးအေးမြင့်**

မြန်မာအက၊ စောင်း၊ ပတ္တလား၊ ရုပ်သေးသင်တန်း၊ နိုင်ငံခြားသွားမည့် ကျောင်းသားကျောင်းသူများကို အထူးအမြန်သင်ကြားပေးပါသည်။

**ဖုန်း- ၀၁ ၅၅၅၂၅၀**

**Study Guide**

၁၀ တန်း(တက္ကသိုလ်ဝင်တန်း) သီးသန့်ဘာသာစုံအိမ်အရောက် အတွေ့အကြုံရှိ ဆရာဝန်ကိုယ်တိုင် စာသင်၊ စာဝိုင်းကျက်ပေးသည်။

**ဖုန်း- ၀၉ ၅၄၁၃၉၀၇**

**သင်္ချာသီးသန့်**

International School မှ Primary I to VI နှင့် အထက်တန်းကျောင်းသားများကို အခြေခံမှစ၍ တတ်မြောက်ကျွမ်းကျင်အောင် သင်ပေးသည်။ **ဖုန်း- ၀၉ ၄၉၃၀၄၀၉၁**

7DAY NEWS JOURNAL
Vol.11, No.22 • AUGUST 9 , 2012

# ပျူမြို့တော်အကြောင်း စာတမ်းဖတ်ပွဲ ကျင်းပရန်စီစဉ်

**အေးသူစံ**

**ရန်ကုန်၊ ဩဂုတ်-၄**

ပျူခေတ်ယဉ်ကျေးမှုနှင့် ပျူလူမျိုးတို့၏သမိုင်းကို ဖော်ထုတ်ရန်နှင့် နှစ်ပေါင်းတစ်ထောင်ကျော်ခန့် တည်တံ့ခဲ့သော ပျူလူမျိုးတို့၏ မြို့တော်အကြောင်းကိုဖော်ထုတ်မည့် သမိုင်းဆိုင်ရာစာတမ်းဖတ်ပွဲအတွက် စာတမ်းအစောင်ပေါင်း လေးဆယ်ကျော် လက်ခံရရှိထားပြီဖြစ်ကြောင်း အဆိုပါစာတမ်းဖတ်ပွဲကို တာဝန်ယူပြုလုပ်မည့် အဖွဲ့မှ အဖွဲ့ဝင်စာရေးဆရာ ချစ်စံဝင်းက 7 Day News သို့ ပြောသည်။

"ပျူခေတ်ဆိုတာ မြန်မာ့သမိုင်းတွေထဲမှာ အထင်အရှားရှိခဲ့တယ်။ ဒါပေမဲ့ အင်္ဂလိပ်လက်အောက်ရောက်တော့ ကျောက်စာမှာမပါဘူး၊ အကိုးအကားမရှိရင် လက်မခံဘူး လုပ်ခဲ့တော့ မြန်မာ့သမိုင်းဟာ အနော်ရထာမင်းလက်ထက်က စတယ်ဆိုပြီး အင်္ဂလိပ်လက်ထက်မှာ သမိုင်းမှားတွေ ဖြစ်ကုန်တယ်။ တစ်ဖက်မှာ ပျူခေတ် ရှိခဲ့တယ်ဆိုတာ ဒဏ္ဍာရီပုံပြင်လိုဖြစ်သွားတယ်။ ဒါကြောင့် ပျူခေတ်ယဉ်ကျေးမှု၊ ပျူဒေသ၊ ပျူလူမျိုးနဲ့ ပျူနိုင်ငံတော်အကြောင်း စာတမ်းဝိုင်းဖတ်ကြဖို့ ဒီပွဲကိုစီစဉ်ဖြစ်တာပါ" ဟု စာရေးဆရာချစ်စံဝင်းကဆိုသည်။

အဆိုပါ စာတမ်းဖတ်ပွဲတွင် စာတမ်းရှင်များ တင်သွင်းသော ပျူခေတ်ဆိုင်ရာ စာတမ်းများကို ဖတ်ကြားမည့်အပြင် ပျူခေတ်သမိုင်းဆိုင်ရာ အထောက်အထား အချက်အလက်များကို လေ့လာသုတေသနပြုမည့် အသင်းတစ်သင်းကိုလည်း ဖွဲ့စည်းသွားမည်ဖြစ်ပြီး အဆိုပါအသင်းတွင် မြန်မာ့သမိုင်းပညာရှင်များ၊ မြန်မာစာနှင့် သမိုင်းဌာနမှ ပါမောက္ခများ၊ အငြိမ်းစားညွှန်ကြားရေးမှူးချုပ်များ၊ ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်များ ပါဝင်ဖွယ်ရှိကြောင်း စာရေးဆရာချစ်စံဝင်းက ပြောသည်။ စာတမ်းဖတ်ပွဲကို ထွန်းဖောင်ဒေးရှင်းက ဦးဆောင်ကျင်းပမည်ဖြစ်ပြီး စက်တင်ဘာလဆန်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်၌ ပြုလုပ်နိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။ "ပျူခေတ်နဲ့ ပတ်သက်တဲ့ စာတမ်းကို ကျွန်တော်လေ့လာထားသမျှ စုစည်းပြီး စာတမ်းဖတ်ကြားဖို့ရှိပါတယ်။ ကျွန်တော်အဓိကထားပြီး ဖတ်ကြားမှာက ပျူခေတ်ဗိသုကာပညာစာတမ်းပါ" ဟု အဆိုပါ စာတမ်းဖတ်ပွဲတွင် တက်ရောက်ဖတ်ရှုမည့် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးညွှန့်ကပြောသည်။

ယင်းစာတမ်းဖတ်ပွဲတွင် စာတမ်းတင်သွင်း ဖတ်ကြားလိုသူများသည် စာရေးဆရာချစ်စံဝင်း ဖုန်းနံပါတ် ၀၁-၂၀၂၃၇၂ သို့ ဆက်သွယ်ပေးပို့နိုင်ပြီး စာတမ်းဖတ်ပွဲကို အနည်းဆုံးသုံးရက်ကြာ ကျင်းပဖွယ်ရှိကြောင်း သိရသည်။

## စာ(၃၂) လူ့အဖိုးတန်လေးများဖြစ်ဖို့ အခြေခံကို မြှင့်တင်ပါ မှ

တချို့ကလေးတွေကကျောက်သင်ပုန်းကိုတောင်မကြည့်။ အပြင်ကိုငေးရင်း အသံကြားသည့်အတိုင်း အော်ဆိုနေကြခြင်းဖြစ်သည်။

သည်လိုနှင့်တစ်တန်းပြီးတစ်တန်း အလွတ်ကျက်ကျက်ပြီး ဖြေဖြေ လာလိုက်ကြတာ နောက်ဆုံး တက္ကသိုလ်ဝင်တန်းသာ ရောက်လာရော အလွတ်ကျက်မထားလျှင် ဘာမှမလုပ်တတ်သည့်အဖြစ်သို့ ရောက်လာတော့သည်။ သည်ကလေးတွေက နောင်မှာ တက္ကသိုလ်အသီးသီးကို ရောက်လာကြလိမ့်မည်။ အဆင့်မြင့်ပညာတွေ ဆည်းပူးရ၍ အတွေးအခေါ်၊ အယူအဆတွေ ပြောင်းလဲရင့်ကျက်လာလျှင် တော်သေး၏။ တက္ကသိုလ်ရောက်တဲ့အထိ ကျက်မထားလျှင်ပြန်မရေးတတ်သည့်အဖြစ်မျိုးဆိုလျှင် ပညာပါရမီကောင်းသော အနည်းစုမှလွဲ၍ ကျန်အများစုကြီးမှာ ခပ်ညံ့ညံ့ဘွဲ့ရများ ဖြစ်ကုန်ကြပေလိမ့်မည်။

ဤသို့ဆိုလျှင်တပည့်တွေကို လူညံ့တွေဖြစ်အောင် သင်ကြားပေးခဲ့ကြသည့် ကျွန်တော်တို့ဆရာများတွင် လုံးဝတာဝန်ရှိပေလိမ့်မည်။ မိတ်ဆွေတစ်ယောက်က ပြောဖူးသည်။ "တော်တဲ့ဆရာကသာ တော်တဲ့တပည့် မွေးထုတ်နိုင်တာ။ ညံ့တဲ့ဆရာက တော်တဲ့တပည့်မမွေးနိုင်ဘူး။ သည်ကြားထဲ သင်ကြားရေးသာမက စိတ်ဓာတ်ပါညံ့တဲ့ ဆရာမျိုးဆိုရင်တော့ အင်္ဂုလိမာလလို တပည့်မျိုးတွေ ထွက်လာလိမ့်မယ်" တဲ့။ "မင်းတို့ဆရာတွေ တော်ဖို့လိုသလို စိတ်ဓာတ်ကောင်းဖို့လည်း လိုတယ်" တဲ့။ တိုင်းပြည်က အားကိုးအားထားပြုနိုင်မည့် အဖိုးတန် လူ့အရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးမှာ ကျွန်တော်တို့ဆရာ၊ ဆရာမများ၏ တာဝန်ပင်ဖြစ်ပါသည်။ သည့်အတွက် ကျွန်တော်တို့ဆရာ၊ ဆရာမများ ကိုယ်တိုင်က ပညာပြည့်ဝ၊ နှလုံးလှကြဖို့ လိုပါသည်။

သို့မှသာ မိမိ၏တပည့်များကို ပညာပြည့်ဝ၊ နှလုံးလှသူများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးနိုင်ပေလိမ့်မည်။ ကျွန်တော်တို့၏ တပည့်ကလေးငယ်များကို ငယ်စဉ်ကတည်းက ယဉ်ကျေးရည်မွန်သော၊ စိတ်ကောင်းရှိသော၊ ပွင့်လင်းရိုးသားသော၊ စည်းကမ်းရှိသော၊ နိုင်ငံကို ချစ်တတ်သော၊ တီထွင်ကြံဆလိုစိတ်ရှိသော စိတ်ဓာတ်ကောင်းများ သွတ်သွင်းပေးလိုက်လျှင် တက္ကသိုလ်ဝင်တန်းရောက်မှ နားမလည်သည့် စာတွေကို အမှတ်ရချင်တာနဲ့စိတ်ပါပါ မပါပါ ကျက်ဖြေတာမျိုးတွေ လုပ်တော့မည် မဟုတ်ချေ။

ကျွန်တော်၏ စာကို ဆရာပါရဂူ၏ ဗုဒ္ဓဒိုင်ယာရီစာအုပ်ထဲက စာသားအချို့နှင့်အဆုံးသတ်ချင်ပါသည်။ "အလွန်တရာ မြင့်မားသည့် ပြာသာဒ်၊ နန်းဆောင်ကို မြင့်သထက်မြင့်အောင် တည်ဆောက်မည်ကြံလျှင် အုတ်မြစ်ချရန်အတွက် နိမ့်ကျသထက် နိမ့်ကျအောင် တူးရပါမည်။ ရည်မှန်းချက်က အပေါ်သို့ ရောက်နေသော်လည်း အခြေခံလုပ်ငန်းများကမူ အောက်ခြေမှာသာ ရှိနေရပါသည်"တဲ့။ အနာဂတ်နိုင်ငံတော်ကို ပုံဖော်ထုဆစ်ကြမည့် လူ့အဖိုးတန်နိုင်ငံသားများ ဖြစ်လာစေဖို့ အခြေခံအကျဆုံးဖြစ်သော မူလတန်းပညာရေးနှင့် အလယ်တန်းပညာရေးကောင်းအောင် လုပ်ဆောင်သင့်သည်ဟု ထင်မြင်ယူဆမိပါသတည်း ။ ॥

## JOKE

### အေးဆေးပါ

စားသောက်ဆိုင်တစ်ဆိုင်တွင် လာရောက်စားသောက်နေသူတစ်ဦးက ဆိုင်၏ လေအေးပေးစက်နှင့်ပတ်သက်ပြီး စားပွဲထိုးဖြစ်သူအား အမျိုးမျိုးပြောကြားနေသည်။ ပထမဆုံး လေအေးပေးစက်က မအေးဘူးဟုဆိုကာ လေအေးပေးစက်အား တင်ခိုင်းသည်။ ထို့နောက် လေအေးပေးစက်ကအေးလွန်းသည်ဟုဆိုကာ ချခိုင်းပြန်သည်။

စားသုံးသူက ထိုအတိုင်းပင် တစ်နာရီခန့်စားပွဲထိုးအား ပြောနေလေရာ စားသောက်ဆိုင်တွင်ရှိနေသော အခြားဖောက်သည်များမှာ စားပွဲထိုး၏ စိတ်ရှည်သည်းခံမှုကို အံ့ဩနေသည်။ သို့ဖြင့် ဖောက်သည်တစ်ဦးက မနေနိုင်တော့ဘဲ "မင်း . . အဲဒီနောကိုဆိုင်ထဲက မောင်းထုတ်လိုက်ပါလား" ဟုပြောရာ စားပွဲထိုးဖြစ်သူက "နေပါလေ့စေဗျာ။ ကျွန်တော်တို့ဆိုင်က လေအေးပေးစက်ပျက်နေတာ တစ်နှစ်လောက်ရှိပြီဆိုတာ သူမှမသိဘဲ" ဟု ဆိုပါတော့သည်။

### ရှားတယ်

ရောဘတ်နှင့် ဂျွန်ဆင်တို့သည် လှေတစ်စီးစီနှင့် ငါးများထွက်ရင်း ဘီယာသောက်ကာ စကားစမြည်ပြောနေရင်း ရောဘတ်ကကောက်ကာငင်ကာ အခုလိုပြောပါတော့သည်။ "ငါ့မိန်းမနဲ့ငါ ကွာရင်ကောင်းမယ်ကွာ။ ငါ့မိန်းမငါ့ကိုစကားမပြောတာ တစ်လကျော်ပြီ"။

ရောဘတ်စကားဆုံးချိန်မှာပင် ဂျွန်ဆင်က "မင်းသေချာပြန်စဉ်းစားပါဦးကွာ။ ဒီလိုမိန်းမမျိုး ထပ်ရှာဖို့မလွယ်ဘူးနော်" ဟုပြန်ပြောလိုက်ပါသည်။

ကျော်ကျော်နိုင် မိသားစုနည်းပညာဝန်ဆောင်မှုများ ကုမ္ပဏီလီမိတက်ပိုင်
ဆေးဆိုင်အများအပြားနှင့် သူနာပြုအကူမြောက်များစွာကို မွေးထုတ်ပေးခဲ့သည့်

**အောင်ချမ်းမြေ့**

**ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူ သင်တန်း**

အမှတ်(၂၄၉)၊ 2B,5B,6B,7B ထပ်၊ ဗားဂရာလမ်းမကြီး၊
အမှတ်(၂၅၁)၊ 6B,7B ထပ်၊ ဗားဂရားလမ်းမကြီး ] ကပ်လျက်တိုက်

မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊
(မြေနီကုန်း-ဂမုန်းပွင့်ကုန်တိုက်အနီး) ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၁-၅၀၄၇၅၀၊ ၀၁-၅၀၄၀၇၉၊ ၀၉၅၁၅၉၈၇၀
(Open 7:00 am To 7:00 pm) ပိတ်ရက်မရှိပါ။

- ဝါရင့်ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊ ဝါရင့်ဆရာဝန်များ၊ ဝါရင့်သူနာပြုဆရာမကြီးများ ဦးစီးသည်။
- နိုင်ငံခြားဆေးပစ္စည်းဆိုင် ဖွင့်နိုင်ရန်နှင့်ကျွမ်းကျင်သော သူနာပြုအကူဖြစ်စေရန် သီအိုရီနှင့် လက်တွေ့တွဲ၍ သင်ကြားမည်။ စီးပွားရေးသက်သက်ကို ရှေ့မရှုပါ။
- ဝန်ဆောင်ခပေးစရာ မလိုဘဲ အလုပ်ရရန် ကူညီမည်။ နိုင်ငံတကာ အသိအမှတ်ပြုအောင်လက်မှတ်ထုတ်ပေးမည်။
- နိုင်ငံတကာအဆင့်မီ Air-Con အခန်းများတွင် တစ်ယောက်ထိုင်ခုံများဖြင့် သင်ကြားသည်။ ဘော်ဒါဆောင်ရှိပါသည်။
- တယ်လီဖုန်းဖြင့် နာမည်စာရင်းကြိုတင်သွင်းထားပြီး တက်ရောက်မည့်နေ့မှ ငွေသွင်းလျှင်လည်း ဖြစ်ပါသည်။
- ဓာတ်လှေခါးဖြင့် အဆင်းအတက်ပြုလုပ်နိုင်ပြီး၊ အမှတ်(၂၄၉) 2B အထပ်တွင် စုံစမ်းစာရင်းသွင်းနိုင်သည်။ လူဦးရေကန့်သတ်ထားပါသည်။

**အောင်** ပြီး **ချမ်းမြေ့** မှုတွေရရှိရန် **အောင်ချမ်းမြေ့** ကိုလာခဲ့ပါ။

(I)

**တစ်လပြတ်အထူး (တစ်ပတ်ငါးရက်သင်)**

**ဆေးဆိုင်ဖွင့်ရန်နှင့် သူနာပြုအကူ( တနင်္လာ မှ သောကြာနေ့အထိ)**

စဉ် (၂၂၃၀) ၁၃. ၈. ၁၂    စဉ် (၂၂၃၃) ၂၀. ၈. ၁၂
စဉ် (၂၂၃၁) ၁၅. ၈. ၁၂    စဉ် (၂၂၃၄) ၂၂. ၈. ၁၂
စဉ် (၂၂၃၂) ၁၆. ၈. ၁၂    စဉ် (၂၂၃၅) ၂၃. ၈. ၁၂

**နှစ်လပြတ်အထူး (တစ်ပတ်နှစ်ရက်)**

**ဆေးဆိုင်ဖွင့်ရန်နှင့် သူနာပြုအကူ**

စဉ်(၂၂၃၆) ၁၁. ၈. ၁၂ (Sat & Sun) စဉ်(၂၂၃၉) ၁၈. ၈. ၁၂ (Sat & Sun)
စဉ်(၂၂၃၇) ၁၄. ၈. ၁၂ (Tue & Wed) စဉ်(၂၂၄၀) ၂၁. ၈. ၁၂ (Tue & Wed)
စဉ်(၂၂၃၈) ၁၆. ၈. ၁၂ (Thur & Fri) စဉ်(၂၂၄၁) ၂၃. ၈. ၁၂ (Thur & Fri)

**သုံးလပြတ်အထူး(တစ်ပတ်တစ်ရက်) ဆေးဆိုင်ဖွင့်ရန်နှင့် သူနာပြုအကူ**

စဉ်(၂၂၄၂) ၁၈. ၈. ၁၂ (Sat)    စဉ်(၂၂၄၄) ၂၅. ၈. ၁၂ (Sun)
စဉ်(၂၂၄၃) ၁၉. ၈. ၁၂ (Sun)    စဉ်(၂၂၄၅) ၂၆. ၈. ၁၂ (Sat)

**(II) နိုင်ငံတကာအဆင့်မီ ဒီပလိုမာ သင်တန်းများ**
**(တနင်္လာ မှ သောကြာနေ့အထိ)**

(I) သုံးလ၊ (II) ခြောက်လ၊ (III) တစ်နှစ် (IV) နှစ်နှစ်၊ (V) သုံးနှစ်၊

စဉ် (၂၂၄၆) ၁၄. ၈. ၁၂    စဉ် (၂၂၄၈) ၂၀. ၈. ၁၂
စဉ် (၂၂၄၇) ၁၆. ၈. ၁၂    စဉ် (၂၂၄၉) ၂၃. ၈. ၁၂

**(III)သားဖွားမီးယပ် (၃)လ ဒီပလိုမာ (Fri, Sat, Sun, Mon, Tue)**

စဉ် (၂၂၅၀) ၁၃. ၈. ၁၂    စဉ် (၂၂၅၁) ၁၇. ၈. ၁၂

**သင်တန်းအားလုံးအတွက် သင်ကြားနိုင်သည့် အချိန်များ**

(I) 07:00 am to 09:00 am    (IV) 11:00 am to 02:00 pm
(II) 08:00 am to 11:00 am    (V) 01:00 pm to 04:00 pm
(III) 09:00 am to 12:00 pm    (VI) 05:30 pm to 07:30 pm

**Action Contre la Faim**
**Mission MYANMAR**

တင်ဒါခေါ်ယူခြင်း

**ACF/Freight Transport/2012**

ငတ်မွတ်ခေါင်းပါးမှု တိုက်ဖျက်ရေးအဖွဲ့ **ACTION CONTRE LA FAIM (ACF)** သည် ၁၉၇၉-ခုနှစ်တွင် ပြင်သစ်နိုင်ငံ၌ စတင် တည်ထောင်ဖွဲ့စည်းခဲ့သည့် နိုင်ငံရေး၊ ဘာသာရေး၊ အမြတ်အစွန်း ရရှိရေး တို့နှင့် မသက်ဆိုင်သော၊ အစိုးရ မဟုတ်သည့် နိုင်ငံတကာအဖွဲ့အစည်းတစ်ခု ဖြစ်သည်။ ကျွန်ုပ်တို့၏ အဓိက ရည်မှန်းချက်မှာ ယောကျ်ား၊ မိန်းမ၊ ကလေး သူငယ်များ၏ အသက်ကို ခြိမ်းခြောက်သော ကပ်ဘေးများ ကျရောက်နေချိန် အတွင်းနှင့် လွန်မြောက်ပြီးချိန်တို့တွင် ပြန်လည် ထူထောင်ရေးနှင့် ရေရှည် ဆက်လက် တည်တံ့နိုင်သည့် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များဖြင့် ဆာလောင်မွတ်သိပ်မှုကို တိုက်ဖျက်ကာ အသက်များ ကယ်တင်ရန် ဖြစ်သည်။ ကျွန်ုပ်တို့သည် အာဟာရ ပြည့်ဝရေး၊ အစာရေစာ ဖူလုံရေးနှင့် ရေ/သန့်ရှင်းရေး ကဏ္ဍများတွင် လုပ်ငန်းဆောင်တာများ လုပ်ဆောင်သည်။ **ACF** သည် ရခိုင်ပြည်နယ်မြောက်ပိုင်း၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် လုပ်ငန်းဆောင်ရွက်လျက်ရှိသည်။

**ACF** ၏ လုပ်ငန်းများတွင်အသုံးပြုရန် ပစ္စည်းများအား မြန်မာနိုင်ငံအတွင်း ကုန်းလမ်း(ကား၊ ရထား)၊ ရေလမ်း(သင်္ဘော)တို့ဖြင့် သယ်ယူပို့ဆောင်ရန်အတွက် သင့်တော်သော သယ်ယူပို့ဆောင်ရေးလုပ်ငန်းကုမ္ပဏီအား တင်ဒါခေါ်ယူလိုပါသည်။

တင်ဒါပိတ်မည့်ရက်    **ဩဂုတ်လ ၃၁ ရက် ညနေ ၄း၀၀ နာရီ**

တင်ဒါဖောင်များကို ရုံးချိန်အတွင်း ထောက်ပံ့ပို့ဆောင်ရေးဌာနတွင် လာရောက်ထုတ်ယူနိုင်ပါသည်။
**ACTION CONTRE LA FAIM (ACF)** မြန်မာနိုင်ငံရုံး၊ အမှတ် (၇၇/က)၊ သံလွင်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
သို့မဟုတ် **logco@mm.missions-acf.org** သို့ ပြန်လည်ပေးပို့ရမည်ဖြစ်ပါသည်။
**ACF** မှ ထုတ်ပေးသော တင်ဒါဖောင်များကိုသာ လက်ခံမည်ဖြစ်ပါသည်။
အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် ၀၁-၅၀၃ ၆၉၇၊ ၀၁-၅၁၀ ၁၃၀ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

# Environment

7DAY NEWS JOURNAL

Vol.11, No.22 · AUGUST 9 , 2012


## အစိုးရက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဟောပြောပွဲများတွင် အရပ်သားပညာရှင်များကို စတင်ဖိတ်ကြား

**အိဖြူလွင်**

**ရန်ကုန်၊ ဩဂုတ်-၃**

အစိုးရက ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲများတွင် ပထမဆုံးအရပ်ဘက် သဘာဝပတ်ဝန်းကျင်ပညာရှင်များ ဟောပြောရန် ဖိတ်ခေါ်ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကွန်ရက်မှ ဒေါ်ဒေဝီသန့်ဇင်က ပြောကြားသည်။

မိုးရာသီ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဟောပြောပွဲများကို အစိုးရတာဝန်ရှိသူများ နှစ်စဉ်ဟောပြောမှုများ ပြုလုပ်ရာမှ ယခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးရှိမြို့နယ် ၁၂ မြို့နယ်တွင် အရပ်ဘက် ပညာရှင်များ လာရောက်ဟောပြောရန် ဖိတ်ခေါ်ခြင်းဖြစ်သည်။

"ဧရာဝတီတိုင်းက ပထမဆုံးခေါ်တာဘဲ။ တခြားမြို့နယ်တွေမှာတော့ ဖိတ်ခေါ်ဖို့ထက်ပွဲလုပ်ဖို့ ခွင့်ပြုမိန့်တောင်းတာခက်ခဲနေတုန်းပဲ" ဟု ဒေါ်ဒေဝီသန့်ဇင်က ထပ်မံပြောသည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အရပ်ဘက်လူမှုအဖွဲ့အစည်းများကိုကမ်းလှမ်းခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းသို့ပြောင်းလဲလာခြင်းကို ကြိုဆိုကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ငပုတော၊ ပြင်စလူ၊ ပုသိမ်၊ ဖျာပုံ၊ ဘိုကလေး၊ မအူပင်၊ မြောင်းမြ၊ ကျုံ့မငေးတို့တွင် ဟောပြောပွဲများ ယခုနှစ်လအတွင်း ပြုလုပ်မည်ဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ် ၂၆ မြို့နယ်ရှိသည့်အနက် ၁၂ မြို့နယ်တွင် ဟောပြောပွဲများပြုလုပ်ခြင်းဖြစ်သည်။

## ချင်းတွင်းမြစ်ရိုးတစ်လျှောက် မြို့ရွာများတွင် ဆိုလာစနစ်သုံးစွဲမှုများလာ

**မျိုးမင်းဦး**

**မုံရွာ၊ ဩဂုတ်-၂**

ချင်းတွင်းမြစ်ရိုးတစ်လျှောက်ရှိမြို့ရွာအများစုတွင် ဒီဇယ်မီးစက်များဖြင့် လျှပ်စစ်မီးပေးဝေရာ၌ တစ်ရက်လျှင်နှစ်နာရီသာ သုံးစွဲခွင့်ရရှိခြင်း၊ လျှပ်စစ်ဓာတ်အားပေးဝေချိန်တွင် အလင်းရောင်ရရှိရုံမျှသာ သုံးစွဲခွင့်ပြုခြင်းတို့ကြောင့် ကိုယ်ပိုင်လျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲနိုင်ရန် တရုတ်နှင့် အိန္ဒိယနိုင်ငံထုတ် ဆိုလာလျှပ်စစ်ဓာတ်အားပေးစနစ်အား သုံးစွဲသူများပြားလာကြောင်း ချင်းတွင်းမြစ်ရိုးဒေသခံများ ပြောကြားချက်အရ သိရသည်။

"လျှပ်စစ်မီးက ဒီဇယ်မီးစက်နဲ့ ပေးတာ။ တစ်ရက်ကို နှစ်နာရီ သုံးစွဲခွင့်ရတယ်ဆိုပေမယ့် သက်ဆိုင်ရာ လျှပ်စစ်မီးအသုံးစရိတ်လျှော့ချဖို့ ပြီးခဲ့တဲ့ ဇွန်လ ၃ ရက်က မြို့မိမြို့ဖတွေနဲ့ ဒေသခံတွေဆွေးနွေးပွဲမှာ သတ်မှတ်ထားတဲ့ အချိန်အတိုင်း လျှပ်စစ်မီးကိုတော့ ဖြန့်ဝေတယ်။ ဒါပေမဲ့ လျှပ်စစ်မီးအသုံးစရိတ်လျှော့ချဖို့ အလင်းရောင်ရရှိရုံသာ သုံးစွဲခွင့်ရတယ်။ ရေမော်တာတွေ၊ ထမင်းပေါင်းအိုးချက်တာ၊ ပန်ကာဖွင့်တာတွေကို



*မုံရွာမြို့နယ်အတွင်းရှိ ကျေးရွာနေအိမ်တစ်ခုတွင် ဆိုလာပြားသုံးစွဲထားစဉ်*

ဓာတ်ပုံ - မျိုးမင်းဦး

မသုံးစွဲဖို့ တားမြစ်ထားတယ်။ အိမ်တိုင်းမှာလည်း လျှပ်စစ်မီးကို အဓိက ရေတင်မော်တာ အသုံးပြုလာပြီး အိမ်လျှပ်စစ်ကြိုးတိုင်းမှာ ဖျူးစ်တွေတပ်ထားတယ်။ အခုနောက်ပိုင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်လာချိန်မှာ စက်ရုံ၊ အလုပ်ရုံတွေ လည်ပတ်ဖို့ အဓိကလိုအပ်ချက်က လျှပ်စစ်မီးဖြစ်နေတယ်။ ချင်းတွင်းမြစ်ရိုးဒေသဖွံ့ဖြိုးဖို့ လျှပ်စစ်ဓာတ်အားမရတဲ့အတွက် ဆိုလာစနစ်နဲ့ အလင်းရောင်ရအောင် ဓာတ်အားစုနေဆဲပါ" ဟု ချင်းတွင်းမြစ်ရိုးမြို့ဖြစ်သည့် ကနီမြို့ဒေသခံ ဦးသိန်းထွေးကပြောသည်။

"မင်းကင်းက တစ်နေ့မှ တစ်နာရီခွဲသာ လျှပ်စစ်မီးသုံးစွဲခွင့်ရတယ်။ မြို့တစ်မြို့လုံး ဒီဇယ်မီးစက်တွေနဲ့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးတာ။ မော်လိုက်၊ ဖောင်းပြင်၊ ဟုမ္မလင်း၊ ကလေးဝ၊ ခန္တီးစတဲ့ မြို့တွေလည်း လျှပ်စစ်မီးစက်တွေနဲ့ မီးသုံးစွဲရတာဆိုတော့ အများစုက ကိုယ်ပိုင်မီးစက်တွေ၊ ဆိုလာစနစ်သုံးလျှပ်စစ်ဓာတ်အား သုံးစွဲတဲ့စနစ်တွေကို အသုံးပြုနေရတယ်" ဟု မင်းကင်းမြို့ ဒေသခံစီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ချင်းတွင်းမြစ်ရိုးတစ်လျှောက်မြို့ရွာများတွင် လျှပ်စစ်ဓာတ်အားပိုမိုသုံးစွဲခွင့် ရရှိရေးအတွက် ယခုနှစ်အတွင်း ဒေသဆိုင်ရာ တာဝန်ရှိသူများ ဆောင်ရွက်လျက်ရှိပြီး ဒေသခံစီးပွားရေးလုပ်ငန်းရှင်များနှင့် လျှပ်စစ်မီးပိုမိုသုံးစွဲလိုသူများက ဆိုလာစနစ်သုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုနှင့် ကိုယ်ပိုင်ဒီဇယ်မီးစက်များအား သုံးစွဲမှုများလာသည့်အတွက် အီလက်ထရွန်နစ်အရောင်းဆိုင်များနှင့် ကုန်စုံဆိုင်များတွင်အရောင်းသွက်လျက်ရှိကြောင်း သိရသည်။

## ENVIRONMENT Cartoon




## စွမ်းအင်အသုံးချမှုနှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**အိဖြူမွန်**

**ရန်ကုန်၊ ဩဂုတ် - ၁**


အမျိုးသားအဆင့် ရေရှည်တည်တံ့သော စွမ်းအင်အသုံးချမှုနှင့် ရာသီဥတုပြောင်းလဲခြင်း အလုပ်ရုံဆွေးနွေးပွဲ ပထမဆုံးအကြိမ်အဖြစ် နေပြည်တော်တွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေမှုရှိသော စွမ်းအင်အသုံးချခြင်းဆိုင်ရာ နည်းပညာစာတမ်းခုနစ်စောင် ဖတ်ကြားမည်ဖြစ်ကြောင်း၊ ပြန်ပြည့်မြဲစွမ်းအင်အသုံးချမှုများ နည်းပညာများအနက် ရေအားလျှပ်စစ်ထုတ်ယူခြင်း၊ လေ၊ နေ အသုံးချစွမ်းအင်ထုတ်ယူခြင်းများနှင့် သဘာဝဓာတ်ငွေ့အသုံးချခြင်း နည်းဗျူဟာများကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း ယင်းပွဲကို တက်ရောက်မည့် ဂေဟစနစ်ဖွံ့ဖြိုးရေးအဖွဲ့မှ ဦးဝင်းမျိုးသူကပြောသည်။

ယင်းဆွေးနွေးပွဲကို ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်နှင့် ဂေဟစနစ်ဖွံ့ဖြိုးရေးတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ လာရောက်ကြမည်ဟု သိရသည်။ ယင်းဆွေးနွေးပွဲကို ဩဂုတ်လ ၁၇ ရက်တွင် အစိုးရရုံးများအခြေစိုက်ရာ နေပြည်တော်ရှိ အမရာဟိုတယ်၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။







Tourism
7DAY NEWS JOURNAL
Vol.11, No.22 • AUGUST 9 , 2012

# ရေကြောင်းခရီးစဉ်အချို့ သဘော်ခတိုးမြှင့်ကောက်ခံ

**အိဖြူလွင်**

**ရန်ကုန်၊ သဂုတ်-၁**

ရေကြောင်းခရီးသည်နှင့်ကုန်စည် စီးဆင်းမှုများသော ရေကြောင်း ခရီးလမ်းနှင့် ကူးတို့ခရီးစဉ် ၂၀ ကို ဩဂုတ် ၁ ရက်မှစတင်၍ သဘော်ခများ တိုးမြှင့်ကောက်ခံကြောင်း ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးသယ်ယူပို့ဆောင်ရေးဌာနမှ ဒုတိယ အထွေထွေမန်နေဂျာ ဦးလေးလွင်က ပြောကြားသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ဌာနခွဲ ၆ ခုတွင် တစ်နိုင်ငံလုံး၌ ပြေးဆွဲနေသော ခရီးလမ်းပေါင်း ၃၇ ခုရှိသည့်အနက် ဌာနခွဲသုံးခုရှိခရီးလမ်းနှင့် ကူးတို့ခရီးစဉ် ၂၀ ကိုသာ သဘော်ခတိုးမြှင့်ခြင်းဖြစ်ပြီး ကျန်ခရီးလမ်းများကို တိုးမြှင့်ခြင်းမရှိဟု ဆိုသည်။

သဘော်ခများ တိုးမြှင့်ရခြင်းမှာ အစိုးရသစ်လက်ထက်မှ စ၍ ပြောင်းလဲလာသော ဝန်ကြီးဌာနများ၏ ဘတ်ဂျက်သုံးစွဲမှုပုံစံအရ ဝန်ကြီးဌာနသည် မိမိဌာနမှ သုံးသော ဝန်ထမ်းလစာ၊ အသုံးစရိတ်အားလုံးကို ဝန်ကြီးဌာနကသာ ရှာဖွေရပြီး နိုင်ငံတော်ဘဏ္ဍာငွေမှ ကျခံပေးခြင်းမရှိတော့သည့်အတွက် တိုးမြှင့်ပေးနေရသော ဝန်ထမ်းလစာများ၊ စက်သုံးဆီစရိတ်များ ကာမိစေရန် သဘော်ခနှုန်းထားတိုးမြှင့်ရခြင်းဖြစ်သည်ဟု ဦးလေးလွင်က ပြောကြားသည်။

သဘော်ခနှုန်းထား တိုးမြှင့်ခြင်းအတွက် ခရီးသည် ၃၅ ရာခိုင်နှုန်းနှင့် ကုန်သည် ၇၀ ရာခိုင်နှုန်းခန့်ကို ဆွေးနွေးတိုင်ပင်ခဲ့ပြီး သဘောတူညီမှု ရယူခဲ့သည်ဟု မြစ်ဝကျွန်းပေါ်ဌာနခွဲမှ လက်ထောက်အထွေထွေမန်နေဂျာက ဆိုသည်။

နှုန်းထားတိုးမြှင့်သော သဘော်လိုင်းများတွင် ရန်ကုန်မြို့ရှိ ကူးတို့ခရီးစဉ် ၅ ခုပါဝင်ပြီး ခရီးသည်စီးရေ အများဆုံးဖြစ်သည့် ပန်းဆိုးတန်း-ဒလ ကူးတို့လမ်းတွင် လက်မှတ်ခကို ၅၀ကျပ်မှ ၁၀၀ ကျပ်ထိ တိုးမြှင့်ခဲ့သည်။

ခရီးရှည်ပြေးသော လမ်းများအတွက် မြစ်ဝကျွန်းပေါ်ဌာနခွဲတွင် ခရီးစဉ် ၁၃ ခု၊ ဧရာဝတီဌာနခွဲတွင် ၇ ခုနှင့် ချင်းတွင်းဌာနခွဲတွင် သုံးခုကို သဘော်ခနှုန်းထားအား အနည်းဆုံးရာဂဏန်းမှ အများဆုံး နှစ်ဆထိ ခရီးမိုင်အလိုက် တိုးမြှင့်ထားခြင်းဖြစ်သည်။

သဘော်ခများ တိုးမြှင့်ရာတွင် ခရီးသည်ခနှင့်အတူ ကုန်စည်ပို့ဆောင်ခကိုပါ တိုးမြှင့်ခြင်းဖြစ်ပြီး ပုဂ္ဂလိက သဘော်များနှင့်လည်း ဈေးနှုန်းပိုမိုသက်သာရန်၊ လုံခြုံမှုပိုမိုရရှိစေရန် ဆောင်ရွက်ထားသည်ဟု သိရပြီး နှုန်းထားတိုးမြှင့်ခြင်းနှင့်အတူ ဝန်ဆောင်မှုတိုးမြှင့်ခြင်းကိုပါ တစ်ပြိုင်တည်းဆောင်ရွက်သွားမည်ဟု ဦးလေးလွင်က ဆက်လက်ပြောသည်။


ပြည်တွင်းရေကြောင်းလိုင်းသည် စရိတ်နည်းရေကြောင်းခရီးလမ်းများဖြစ်၍ အများပြည်သူ၏ အားထားရာ ခရီးလမ်းကြောင်းများဖြစ်ခဲ့သည်

## အိုလံပစ်ကာလအတွင်း လန်ဒန်ကမ္ဘာလှည့် ခရီးသွားလုပ်ငန်း ကျဆင်းသွား

**လန်ဒန်၊ ဩဂုတ် - ၁**

အိုလံပစ်ကာလအတွင်း ခရီးသွားလာမှုခက်ခဲနိုင်ခြင်းနှင့် ဟိုတယ်များက ဈေးနှုန်းမြှင့်တင်ထားနိုင်သည်ဟူသော သတိပေးချက်များကြောင့် ၂၀၁၂ လန်ဒန် အိုလံပစ်သည် ကမ္ဘာလှည့်ခရီးသွားများ အား လန်ဒန်မြို့လယ်ဒေသများက တားဆီးထားပုံရကြောင်း ခရီးသွားလုပ်ငန်းကိန်းဂဏန်းများတွင် ပြသနေသည်။

ခရီးသွားများက အိုလံပစ် အားကစားရုံများတွင်သာ စုပြုံနေပြီးလန်ဒန်မြို့၏ အခြားဆွဲဆောင်မှုများနှင့် ဈေးဝယ်စင်တာများကို ရှောင်ရှားနေကြပြီး အားကစားပရိသတ်မဟုတ်သူများကလည်း အိမ်မှာပင်နေကြကာ ခရီးစဉ်များကိုလည်း ရွှေ့ဆိုင်းထားကြ၍ ၎င်းတို့မှာ ဘေးရောက်နေကြောင်း စီးပွားရေးလုပ်ငန်းအများအပြားက ညည်းတွားပြောဆိုကြသည်။ အိုလံပစ်ပွဲတော်ပြင်ဆင်နေ စဉ်ကာလအတွင်း အားကစားသမားများ၊ အကူဝန်ထမ်းများ၊ မီဒီယာနှင့် အားကစားပရိသတ် သန်းပေါင်းများစွာ မြို့တော်သို့ ရောက်ရှိလာမည်ဖြစ်သောကြောင့် နေ့စဉ် ခရီးသွားများနှင့် ကမ္ဘာ လှည့်ခရီးသွားများအနေဖြင့် လန် ဒန်မြို့လယ်အား ရှောင်ရှားနေကြရန် သတိပေးမှုများရှိခဲ့သည်။

ပုံမှန်အားဖြင့် နှစ်စဉ်ဩဂုတ်လများတွင် လန်ဒန်မြို့၌ပြည် တွင်း၊ ပြည်ပခရီးသွားပေါင်း ပျမ်းမျှ သုံးသိန်းနှင့် ရှစ်သိန်းကြား လာရောက်ကြကြောင်း၊ သို့သော် ၎င်း တို့အနေဖြင့် ရှောင်ရှားနေကြရန် ပေါ်ပေါ် ထင်ထင်ပြောကြားထား သောကြောင့် ခရီးသွားများက လည်း ယင်းသို့ရှောင်ရှားနေခြင်း ဖြစ်ကြောင်း ဥရောပခရီးသွားလုပ်ငန်းရှင်များအစည်းအရုံး (ETOA) မှ အမှုဆောင်အရာရှိချုပ် တွမ်ဂျန်ကင်းကပြောသည်။ လောလောဆယ်တွင်လန်ဒန်မြို့၌ အားကစား ပရိသတ် ငါးသိန်းခန့် ရောက်ရှိနေပြီး ၎င်းတို့မှာ အခြားနေရာများသို့ ကြည့်ရှုလည်ပတ်ရန် စိတ်မဝင်စားကြပေ။

—Ref: AFP

"သင်ထင်ထားတာထက် တုပ်ကွေးရောဂါ ပိုဖြစ်နိုင်ပါတယ်"
အခုချက်ခြင်း ကာကွယ်ထားသင့်ပါတယ်။



တုပ်ကွေးရောဂါမဖြစ်စေရန် ကာကွယ်သင့်သူများမှာ[1]–

- နာတာရှည်ရောဂါရှိသူများ(ဥပမာ–နှလုံးရောဂါ၊ ဆီးချိုရောဂါ၊အဆုတ်ရောဂါ)
- ကလေးငယ်များ(အသက်(၆)လအထက်ရှိသောကလေးများအားလုံး)
- အသက်ကြီးသောသူများနှင့်
- လူတိုင်းကာကွယ်ထားသင့်ပါတယ်။

တုပ်ကွေးရောဂါကြောင့် နောက်ဆက်တွဲဆိုးကျိုးများ မဖြစ်စေရန် နီးစပ်ရာ ဆရာဝန်နှင့်တိုင်ပင်ပါ။(ဥပမာ - ကာကွယ်ဆေးထိုးခြင်း)

References
(1) • Chisanu P, et al. Handbook of Vaccines: Asian Perspective, Bangkok, 2006.

gsk GlaxoSmithKline
01-211594, 02-74564

## မန္တလေးမှ ထိုင်းနှင့် အိန္ဒိယနိုင်ငံများသို့ တိုက်ရိုက်ပျံသန်းရန် MAI စီစဉ်

**အောင်သူရ**

**ရန်ကုန်၊ ဩဂုတ် - ၂**

အပြည်ပြည်ဆိုင်ရာမြန်မာ့လေကြောင်း(MAI)က အောက်တိုဘာလကုန်မှစ၍ မန္တလေးမြို့မှ ထိုင်းနိုင်ငံ ဘန်ကောက်မြို့နှင့် အိန္ဒိယနိုင်ငံဂါယာမြို့များသို့တိုက်ရိုက်ပျံသန်းရန် စီစဉ်ထားကြောင်း သတင်းရရှိသည်။

"မန္တလေးကနေ ဘန်ကောက်ကို တနင်္လာ၊ ဗုဒ္ဓဟူးနဲ့ စနေနေ့တွေမှာ ပျံမယ်။ မန္တလေးကနေ ဂါယာကတော့ အင်္ဂါ၊ ကြာသပတေးနဲ့တနင်္ဂနွေနေ့တွေမှာ ပျံဖို့စီစဉ်ထားပါတယ်" ဟု အဆိုပါ လေကြောင်းလိုင်းမှ ဈေးကွက်မန်နေဂျာဒေါ် အေးမရသာကပြောသည်။


ပျံသန်းမည့်အချိန်နှင့် ဈေးနှုန်းများအား မကြာမီထုတ်ပြန်သွားရန်ရှိပြီး အဆိုပါခရီးစဉ်များအား Air Bus A320 နှင့် ပျံသန်းမည်ဟု သတင်းရရှိသည်။

ထို့အပြင် စရိတ်နည်း လေကြောင်းလိုင်းဖြစ်သော Air Asia လေကြောင်းလိုင်းကလည်း လာမည့်ပွင့်လင်းရာသီတွင် ပျံသန်းနိုင်ရန် မန္တလေးမြို့၌ ရုံးခန်းဖွင့်လှစ်ခြင်းနှင့် ဝန်ထမ်းခန့်ထားခြင်းများ ဆောင်ရွက်နေပြီဖြစ်သည်။

7 DAY NEWS JOURNAL
Vol.11, No.22 • AUGUST 9 , 2012

# Cartoon

The Cartoon Logo


























## နှိပ်စက်ခံခဲ့ရသော တောင်ကိုရီးယားတက်ကြွလှုပ်ရှားသူကို အစိုးရက ထောက်ခံသွားမည်ဟုဆို

**ဆိုးလ်၊ ဇူလိုင် - ၃၁**

တရုတ်နိုင်ငံတွင် မြောက်ကိုရီးယား နိုင်ငံရေးခိုလှုံသူများအား အကူအညီပေးခဲ့မိ၍ ထိန်းသိမ်းခံရစဉ် နှိပ်စက်ခံခဲ့ရသော တောင်ကိုရီးယား တက်ကြွလှုပ်ရှားသူတစ်ဦးကို တက်ကြွစွာ ထောက်ခံသွားမည် ဖြစ်ကြောင်း တောင်ကိုရီးယား အစိုးရကပြောသည်။ ဆိုးလ်မြို့ရှိ တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ၎င်းတို့သည် တရုတ်နိုင်ငံတွင် အကျဉ်းချခံခဲ့ရသော တက်ကြွလှုပ်ရှားသူ တောင်ကိုရီးယားနိုင်ငံသား ၆၇၀ ဦးကို ၎င်းတို့ ရုပ်ပိုင်းအရ နှိပ်စက်ခံရမှုရှိ၊ မရှိ အင်တာဗျူးများ ပြုလုပ်သွားရန် ကြိုးစားမည်ဟုဆိုသည်။

မြောက်ကိုရီးယားဒုက္ခသည်များကို ကူညီသူကင်မ်ယောင်ဟွမ်ဆိုသူနှင့် အခြားတက်ကြွလှုပ်ရှားသူသုံးဦးသည် တရုတ်နိုင်ငံတွင် မတ်လ ၂၉ရက်က နိုင်ငံတော်လုံခြုံရေးအန္တရာယ်ရှိစေမှုဖြင့် ဖမ်းဆီးခံခဲ့ရသည်။ ထို့နောက် ၎င်းတို့ကို ဇူလိုင် ၂၀ ရက်တွင် ပြည်နှင်ဒဏ်ပေးပြီးနောက် ကင်မ်က ၎င်းသည် ရုပ်ပိုင်းအရနှိပ်စက်ညှဉ်းပန်းခြင်း ခံခဲ့ရကြောင်း ဖွင့်ဟခဲ့သည်။

မကြာသေးမီ ရက်ပိုင်းက တောင်ကိုရီးယားသတင်းစာ ချိုဆန်အီလ်ဘိုးလ်နှင့်ပြုလုပ်ခဲ့သော အင်တာဗျူးတွင်လည်း တရုတ်အာဏာပိုင်များသည် ၎င်းအား အဆက်မပြတ် ရိုက်နှက်ခဲ့ပြီး အိပ်မရအောင်ထားခဲ့ကြောင်း ဖြေကြားခဲ့သည်။ ထို့ကြောင့်တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ်ကလည်း ဘေဂျင်းအနေဖြင့် ဤကိစ္စကို အသေးစိတ်စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် တိုက်တွန်းကြောင်းဆိုခဲ့သည်။

၎င်းက "တကယ်လို့ကင်မ်ဟာ ဒီကိစ္စကို ကုလသမဂ္ဂ ဒါမှမဟုတ် အခြားနိုင်ငံတကာအဖွဲ့အစည်းတွေကတစ်ဆင့် တရားစွဲဆိုဖို့လုပ်ဆောင်သွားမယ်ဆိုရင် ကျွန်တော်တို့ တက်ကြွစွာ ထောက်ခံသွားပါမယ်"ဟု ပြောသည်။

ချိုဆန်အီလ်ဘိုးနှင့် အင်တာဗျူးတွင်ကင်မ်ယောင်ဟွမ်က ၎င်းသည် တရုတ်ဗဟိုအစိုးရ (သို့မဟုတ်) နိုင်ငံတော်လုံခြုံရေးဌာန သို့မဟုတ်) ၎င်းအား ထိန်းသိမ်းခဲ့သည့် ကန်တုံလုံခြုံရေးဌာနတို့ကို တရားစွဲဆိုသွားမည်ဟုပြောကြားသည်။

—Ref:AFP




အစိုးရရုံးပိတ်ရက်များ၊ ကျောင်းပိတ်ရက်များနှင့် စနေ၊ တနင်္ဂနွေပိတ်ရက်များအတွက် ထိုင်ခုံအရေအတွက်ကန့်သတ်ထားပါသဖြင့် ကြိုတင်မှာယူခြင်းမရှိပါက လေယာဉ်လက်မှတ်များ ရရှိနိုင်မည်မဟုတ်ပါ။ သတ်မှတ်ထားသောဈေးနှုန်းတွင် လေဆိပ်ခွန် မပါဝင်ပါ။ အချို့သော credit, debit (သို့) charge ကဒ်များနှင့် ငွေပေးချေရာတွင် ဝန်ဆောင်ကြေး ကောက်ခံပါသည်။ အခြားစည်းကမ်းသတ်မှတ်ချက်များလည်း အကျုံးဝင်သည်။ သတ်မှတ်ထားသော ဈေးနှုန်းသည် airasia.com နှင့် အဲအေးရှားလေယာဉ်လက်မှတ်အရောင်းကောင်တာတွင် ရရှိနိုင်ပါသည်။ ရန်ကုန်အတွက် သတ်မှတ်ထားသောဈေးနှုန်းသည် အသစ်ထပ်မံတိုးချဲ့ပျံသန်းသည့် လေယာဉ်များအတွက်သာဖြစ်သည်။

## အငြင်းပွားကျွန်းငယ်များအား ဂျပန်က ပိုင်ဆိုင်ကြောင်း ဖော်ပြချက်ကို တောင်ကိုရီးယား ပြင်းထန်စွာကန့်ကွက်

**ဆိုးလ်၊ ဇူလိုင် - ၃၁**

တောင်ကိုရီးယားနိုင်ငံသည် ဂျပန်နှင့် နှစ်နိုင်ငံအကြား တည်ရှိနေသော အငြင်းပွားကျွန်းစုများနှင့် ပတ်သက်၍ ဂျပန်နိုင်ငံဘက်မှ ပိုင်ဆိုင်ကြောင်းပြောဆိုမှုကို ကန့်ကွက်ခဲ့သည်။

ဂျပန်အစိုးရ အဖွဲ့သည် နောက်ဆုံးထုတ်ပြန်လိုက်သည့် နှစ်စဉ်ကာကွယ်ရေးအစီရင်ခံစာတွင် တောင်ကိုရီးယားဘက်မှ ဒေါ့ဂ်ဒိုဟုခေါ်ပြီး ဂျပန်ဘက်တွင် တာကေရှီးမားဟုခေါ်သောကျွန်းများသည် ဂျပန်ပိုင်နက်ထဲရှိကြောင်း အသစ်ထပ်မံဖော်ပြထားသည်။ ယခုအကြိမ်မှာ ဂျပန်ဘက်မှ ၎င်း၏ ကာကွယ်ရေးစစ်တမ်းတွင် ထိုကဲ့သို့ ကျွန်းငယ်များကို ပိုင်ဆိုင်ကြောင်း ရှစ်ကြိမ်မြောက် ဖော်ပြခြင်းဖြစ်သည်။

တောင်ကိုရီးယားအစိုးရကလည်း ယင်းသို့ ဖော်ပြမှုကို ပြင်းထန်စွာ ကန့်ကွက်ကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဖော်ပြခဲ့ပြီး လက်ခံနိုင်ဖွယ်ရာမရှိသော အဆိုများကို ဂျပန်တို့အနေဖြင့် ချက်ချင်းရုပ်သိမ်းရမည်ဟု တောင်းဆိုထားသည်။ တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ထိုကျွန်းများသည် သမိုင်းအရ၊ ပထဝီအနေအထားအရ၊ နိုင်ငံတကာဥပဒေအရ ၎င်းတို့ ပိုင်ဆိုင်ကြောင်း ဆိုထားသည်။

တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာနကလည်း အလားတူကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ပြီး တောင်ကိုရီးယား၏ အချုပ်အခြာအာဏာကို ဖျက်ဆီးရန် အားထုတ်မှုများကို ခိုင်မာစွာကိုင်တွယ်သွားမည်ဟု ကြုံးဝါးထားသည်။

တောင်ကိုရီးယားနိုင်ငံသည် ဂျပန်နိုင်ငံ၏ ကိုလိုနီအုပ်ချုပ်မှုလက်အောက် ၁၉၁၀-၁၉၄၅ပြီးဆုံးချိန်မှစ၍ အဆိုပါ လူမနေသောကျွန်းများကို ထိန်းချုပ်ထားပြီး ယင်းကျွန်းများ၏ အနောက်ဘက် ၉၀ ကီလိုမီတာခန့်အကွာ အူလောင်ကျွန်းတွင် ရေတပ်အခြေစိုက်စခန်းတစ်ခုတည်ဆောက်လျက်ရှိသည်။

—Ref: Xinhua

## တရုတ်၊ အင်ဒိုနီးရှားနှင့် မော်လဒိုက်တွင် ဘာသာရေးလွတ်လပ်ခွင့် ယိုယွင်းနေဟု ကန်နိုင်ငံခြားရေးဌာန အစီရင်ခံစာဖော်ပြ

**ဝါရှင်တန်၊ ဇူလိုင် - ၃၁**


အမေရိကန်နိုင်ငံခြားရေးဌာနက ထုတ်ပြန်သော နှစ်စဉ်ထုတ်နိုင်ငံတကာဘာသာရေး လွတ်လပ်ခွင့် အစီရင်ခံစာအရတရုတ်၊ အင်ဒိုနီးရှားနှင့် မော်လဒိုက်နိုင်ငံတို့တွင် ဘာသာရေးလွတ်လပ်ခွင့် ကာကွယ်ပေးမှုအနေအထားများမှာ ယိုယွင်းနေကြောင်းသိရသည်။ အစီရင်ခံစာတွင် တရုတ်နိုင်ငံ၏ နိုင်ငံအနောက်ပိုင်း ရှင်းကျန့်ဒေသမှ မွတ်ဆလင်များကို ဖိနှိပ်ခြင်းအား ဝေဖန်ထားသည်။ ၂၀၁၁ အတွက် သုံးသပ်ထုတ်ပြန်ခဲ့သည့် ယခုအစီရင်ခံစာတွင် ဗီယက်နမ်မှာလည်း ဘာသာရေးဆိုင်ရာ အကျဉ်းသားများ ထိန်းသိမ်းခြင်း၊ ခရစ်ယာန်ဘာသာဝင်များကိုကန့်သတ်ခြင်းများ ဆက်လက်လုပ်ဆောင်နေကြောင်း ဖော်ပြထားပြီး မြောက်ကိုရီးယားမှာမူ မည်သည့် ဘာသာရေးလွတ်လပ်ခွင့်မှ မရှိကြောင်း ဖော်ပြထားသည်။

မော်လဒိုက်ကျွန်းနိုင်ငံတွင်လည်း အစ္စလာမ်ဘာသာမှလွဲ၍ အခြားဘာသာရေးထုံးတမ်းများကိုပိတ်ပင်ထားမှု ရှိနေပြီး ဘာသာရေးလွတ်လပ်ခွင့်ကို ပိုမိုကန့်သတ်နေကြကြောင်း စစ်တမ်းကဆိုသည်။ စစ်တမ်းတွင် မြန်မာနှင့်ပတ်သက်၍လည်း ခရစ်ယာန်ဘုရားကျောင်းများ ဆောက်လုပ်မှုကန့်သတ်ထားခြင်းများကို လျှော့ချပေးခြင်း၊ မှတ်ပုံတင်ထားသောအဖွဲ့များကို နှစ်သက်သည့်နေရာတွင် ဘုရားရှိခိုးဆုတောင်းပွဲများကျင်းပခွင့်များ ပေးထားကြောင်း ဖော်ပြသည်။

သို့သော် စစ်တမ်းထွက်ပေါ်လာပြီး မကြာမီတွင် နိုင်ငံတကာဘာသာရေးလွတ်လပ်ခွင့်ဆိုင်ရာ အမေရိကန်သံအမတ် ဆူဆန်ဂျွန်ဆင်ကွတ်ခ်က မကြာသေးမီက မြန်မာနိုင်ငံအနောက်ပိုင်း၌ မွတ်ဆလင် လူနည်းစုများအပေါ် အကြမ်းဖက်မှုများအား စိုးရိမ်ပူပန်ကြောင်းဆိုခဲ့သည်။ အစီရင်ခံစာတွင် အစိုးရသည်နိုင်ငံသားများအား ရိုဟင်ဂျာများကို နိုင်ငံသားအဖြစ် အသိအမှတ်ပြုခွင့်နှင့် ၎င်းတို့၏ လှုပ်ရှားသွားလာခွင့်၊ လက်ထပ်ခွင့်တို့ကိုငြင်းပယ်နေကြောင်း ဖော်ပြထားသည်။

—Ref: AFP

7 DAY NEWS JOURNAL
Vol.11, No.22 • AUGUST 9 , 2012



## Leader's Profile

### GE ကုမ္ပဏီ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်

# ဂျက်ဖရီ၊ အာရ်၊ အင်မက်(တ်)

ရဲမင်း

မစ္စတာဂျက်ဖရီရောဘတ်အင်မက်(တ်)သည် အမေရိကန်စီးပွားရေးလုပ်ငန်းရှင်အမှုဆောင်တစ်ဦးဖြစ်ပြီးလောလောဆယ်တွင်အမေရိကန်အခြေစိုက် လုပ်ငန်းစုံကုမ္ပဏီကြီး ဂျင်နရယ်အီလက်ထရစ် (GE) ကုမ္ပဏီဥက္ကဋ္ဌနှင့်အမှုဆောင်အရာရှိချုပ်အဖြစ် တာဝန်ထမ်းဆောင်နေသည်။

အင်မက်(တ်)ကို အိုဟိုင်းယိုးပြည်နယ်၊ စင်စင်နတီဒေသ၌ ၁၉၅၆ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်တွင် မွေးဖွားခဲ့သည်။ မိခင်မှာကျောင်းဆရာမဖြစ်ပြီး ဖခင်မှာ GE ကုမ္ပဏီလေယာဉ်အင်ဂျင်ဌာနမန်နေဂျာတစ်ဦးဖြစ်သည်။ အင်မက်(တ်)သည် ဖင်နီတောင်း အထက်တန်းကျောင်းတက်ရောက်ခဲ့ပြီး ဒါးမောက်သ်ကောလိပ်မှ အသုံးချသင်္ချာဘာသာအထူးပြုဖြင့်ဘွဲ့ရရှိခဲ့သည်။ ဟားဗတ်တက္ကသိုလ်မှ စီးပွားရေးစီမံခန့်ခွဲမှုမဟာဘွဲ့ ရရှိခဲ့သည်။

မစ္စတာအင်မက်(တ်)သည် ၁၉၈၂ ခုနှစ်တွင် GE ကုမ္ပဏီ၌ စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး တစ်ကမ္ဘာလုံးအား ဦးဆောင်ရသည့် နေရာအများအပြားတွင် တာဝန်ထမ်းဆောင်ခဲ့သည်။ GE ကုမ္ပဏီ၏ ပလတ်စတစ်လုပ်ငန်းများ၊ အိမ်သုံးပစ္စည်းများလုပ်ငန်းနှင့်ကျန်းမာရေးစောင့်ရှောက်ရေးဌာနများကို ဦးဆောင်ခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် GE ၏ငွေအရင်းအနှီးဘုတ်အဖွဲ့၌ပါဝင်လာခဲ့သည်။ ၂၀၀၀ပြည့်နှစ်တွင်ကုမ္ပဏီ၏အမှုဆောင်အရာရှိချုပ်ဖြစ်လာခဲ့ပြီး ယင်းနှစ် စက်တင်ဘာလ ၇ရက်တွင် ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် တာဝန်များကို ပူးတွဲတာဝန်ယူခဲ့သည်။

ဂျက်ရီအင်မက်(တ်)၏ GE ကုမ္ပဏီဥက္ကဋ္ဌ ဆယ်နှစ်တာကာလအတွင်း ချီးမွမ်းခံခဲ့ရသလို ဝေဖန်မှုများလည်း အများအပြားကြုံတွေ့ခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် မစ္စတာအင်မက်(တ်)အား ကမ္ဘာ့ ဩဇာအာဏာအရှိဆုံး ပုဂ္ဂိုလ် (၁၀၀) စာရင်းတွင် ထည့်သွင်းခဲ့သည်။ သို့သော် ၎င်း၏ လက်ထက်မှာပင် GE စက်ရုံပေါင်း ၃၁ ရုံကို ပိတ်ပစ်ခဲ့ရပြီး အလုပ်သမားပေါင်း ၁၉,၀၀၀ ကျော်ကိုလည်း အလုပ်မှရပ်စဲခဲ့သည်။ အီရန်နိုင်ငံနှင့် စီးပွားရေးဆက်ဆံမှုများ လုပ်ဆောင်ခဲ့၍ မစ္စတာအင်မက်(တ်)တစ်ယောက်ဝေဖန်ခံခဲ့ရသော်လည်း ယင်းကိစ္စကို GE က ငြင်းဆိုခဲ့သည်။

၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလတွင် မစ္စတာအင်မက်(တ်) သည် သမ္မတ၏ စီးပွားရေးပြန်လည်ဖွံ့ဖြိုးတိုးတက်ရေး အကြံပေးဘုတ်အဖွဲ့တွင် ပါဝင်လာသည်။ နောက်ပိုင်းတွင် သမ္မတအိုဘားမားက မစ္စတာအင်မက်တ်အား စီးပွားရေးအကြံပေးဘုတ်အဖွဲ့ကို ဦးဆောင်စေခဲ့သည်။ အမေရိကန်စီးပွားရေးကို ပြန်လည်တည်ဆောက်ရာတွင် မစ္စတာအင်မက်(တ်)သည်၎င်း၏ထိပ်တန်းစီးပွားရေးအကြံပေးတစ်ဦးဖြစ်သည်ဟု သမ္မတအိုဘားမားက ပြောကြားသည်ဟုဆိုသည်။ ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်တွင် သမ္မတအိုဘားမားက မစ္စတာအင်မက်(တ်)အား ၎င်း၏ ပြင်ပစီးပွားရေးအကြံပေးအဖွဲ့များ၏ ဥက္ကဋ္ဌအဖြစ် ခန့်အပ်ခဲ့သည်။

မစ္စတာဂျက်ဖရီအင်မက်(တ်)သည် ဇနီးသည် အင်ဒရေးနှင့်အတူ သမီးတစ်ဦးထွန်းကားထားသည်။

*—Ref: Wikipedia*

## အာကာသယာဉ် အင်္ဂါဂြိုဟ်ရောက်ပြီ နာဆာသိပ္ပံပညာရှင်များ ဝမ်းသာလုံးဆို့

**ပါဆာဒီနာ(ကယ်လီဖိုးနီးယား)၊ ဩဂုတ် - ၆**

အမျိုးသားအာကာသအေဂျင်စီ (နာဆာ)မှ လွှတ်တင်ခဲ့သော အင်္ဂါဂြိုဟ်လေ့လာရေးယာဉ်Curiosity သည် အလွန်ခက်ခဲသော နည်းပညာပိုင်းဆိုင်ရာ စိန်ခေါ်မှုတစ်ရပ်ကို ကျော်လွှားနိုင်သည့် ပြယုဂ်အဖြစ် ဩဂုတ် ၆ ရက် အစောပိုင်းတွင် အင်္ဂါဂြိုဟ်ပေါ် သို့အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့သည်။

ပလူတိုနီယမ်လောင်စာသုံး၍ ကားငယ်တစ်စီးအရွယ်ရှိသော Curiosity လေ့လာရေးယာဉ် သည် တန်ဖိုးအားဖြင့် ဒေါ်လာ ၂ ဒသမ ၆ ဘီလီယံရှိကာ အင်္ဂါဂြိုဟ်စူးစမ်းရေးသမိုင်းတွင် မှတ်တိုင်သစ်တစ်ခုဖြစ်လာဖွယ်ရှိသည်။ အဆိုပါယာဉ်သည် ဂြိုဟ်နီကြီးဟု ခေါ်သည့် အင်္ဂါဂြိုဟ်ပေါ်တွင် သက်ရှိဘဝရှင်သန်နိုင်မှုရှိ၊ မရှိ အထောက်အထားများ ရှာဖွေမည်ဖြစ်သည်။

Curiosity ကို အင်္ဂါဂြိုဟ်ပေါ်အောင်မြင်စွာဆင်းသက်နိုင်ပြီး နောက် နာဆာရှိထိန်းချုပ်ရေးဓာတ်ခွဲခန်းမှသိပ္ပံပညာရှင်များမှာ မျက်ရည်လည်ရွဲဖြင့် ဝမ်းသာအားရပျော်ရွှင်ခဲ့သည်။ သမ္မတအိုဘားမားကလည်း နာဆာပညာရှင်များထံ ဂုဏ်ပြုချီးကျူးသည့် ကြေညာချက်ထုတ်ပြန်ကာ "Curiosity ယာဉ်ကို အောင်မြင်စွာ ဆင်းသက်စေနိုင်ခဲ့ခြင်းဟာမမျှော်မှန်းနိုင်တဲ့နည်းပညာအောင်မြင်မှု တစ်ရပ်ဖြစ်ပြီး အနာဂတ်အထိ ရှိနေမယ့် အမျိုးသားဂုဏ်သိက္ခာတစ်ရပ်ဖြစ်ပါတယ်"ဟု ဖော်ပြခဲ့သည်။

Curiosity ယာဉ်မှ ကမ္ဘာသို့ ပထမဆုံး ပေးပို့သည့်ဓာတ်ပုံများမှာ အဖြူ၊ အမည်းပုံများဖြစ်ပြီး ပုံတစ်ခုတွင် ယာဉ်မှာ ကျောက်သားထူထပ်သောမြေပြင်ပေါ်ရပ် နားထားသည်ကို ယာဉ်၏ဘီးပုံများကိုကြည့်၍ သိနိုင်သည်။ အခြားပုံတစ်ပုံတွင် ယာဉ်၏အရိပ်မှာ မြေပြင်တွင် ပေါ်နေသည်ကို တွေ့ရသည်။ ထိုထက် ပိုကြီးသော ရုပ်ပုံ၊ ဓာတ်ပုံများကို ယခုအပတ်အတွင်း ထပ်မံရရှိနိုင်ဖွယ်ရှိကြောင်း နာဆာကထုတ်ပြန်သည်။

Curiosity ယာဉ်သည် ကမ္ဘာမြေမှ ပြီးခဲ့သည့်နှစ် နိုဝင်ဘာ ၂၆ ရက်မှစတင်ထွက်ခွာခဲ့ပြီး ခရီးမိုင် ၃၅၂ သန်း(ကီလိုမီတာ ၅၆၇ သန်း)ခန့် အင်္ဂါဂြိုဟ်သို့ ရောက်အောင်သွားခဲ့ရသည်ဟု နာဆာကဖော်ပြသည်။

*—Ref: CNN*

## အပူချိန်လွန်ကဲခြင်းမှာ လူတို့၏ ပယောဂကြောင့်ဟု နာဆာသိပ္ပံပညာရှင်ပြောကြား

**ဝါရှင်တန်၊ ဩဂုတ် - ၇**

ပို၍ပို၍ပူပြင်းလာသော နွေရာသီကာလများ ကြုံတွေ့လာရခြင်းမှာ လူတို့၏ပယောဂကြောင့်ဖြစ်ပေါ်သည့် ရာသီဥတုပြောင်းလဲမှုများကြောင့်ဖြစ်သည်ဟု အမေရိကန်နာဆာအဖွဲ့မှထိပ်တန်းသိပ္ပံပညာရှင်တစ်ဦးကပြောကြားသည်။ လက်ရှိအခြေအနေမှာ လွန်ခဲ့သောနှစ်ပေါင်း ၂၀ က ခန့်မှန်းခဲ့သည်ထက် ပိုမိုဆိုးရွားနေသည်ဟုလည်း ၎င်းက ဆက်လက်ပြောကြားသည်။

၁၉၈၈ ခုနှစ်တွင် အမေရိကန်အထက်လွှတ်တော်သို့ တင်သွင်းခဲ့သောအနာဂတ်ကမ္ဘာပူနွေးလာမှုအစီရင်ခံစာမှာပင် အလွန်အားနည်းခဲ့ကြောင်း နာဆာ၏ အာကာသလေ့လာရေးဂေါ့ဒ်ဒက်အင်စတီကျုဒ်မှ ဒါရိုက်တာ ဂျိမ်းဟန်ဆန်ကပြောကြားသည်။

"ကျွန်တော့်မှာ ဝန်ခံစရာတစ်ခုရှိပါတယ်။ အဲဒီတုန်းက ကျွန်တော်အရမ်းကို အကောင်းမြင်ခဲ့တယ်"ဟုမစ္စတာဟန်ဆန်က ဝါရှင်တန်ပို့စ်သတင်းစာတွင်ရေးသားသည်။

"ကမ္ဘာ့အပူချိန်မြင့်တက်လာမယ်ဆိုတဲ့ အဲဒီတုန်းက ကျွန်တော့်ရဲ့ခန့်မှန်းချက် မှန်ကန်ခဲ့ပါတယ်။ ဒါပေမဲ့ အပူချိန်မြင့်တက်လာတာကြောင့် ဘောင်ဘင်ခတ်အစွန်းရောက်ရာသီဥတုတွေ အလျင်အမြန် တိုးတက်ဖြစ်ပေါ်လာမယ်ဆိုတဲ့အကြောင်းကိုတော့ စေ့စေ့စပ်စပ် စူးစမ်းလေ့လာဖို့ ပျက်ကွက်ခဲ့ပါတယ်"ဟု အမေရိကန်သိပ္ပံပညာရှင်ကပြောသည်။

ကမ္ဘာ့အပူချိန်သည် လွန်ခဲ့သောနှစ်တစ်ရာကာလအတွင်း ၁ ဒသမ ၅ ဒီဂရီဖာရင်ဟိုက်မြင့်မားလာကြောင်းနှင့် ကမ္ဘာကြီးပူနွေးလာမှုကြောင့် အပူလွန်ကဲသောနွေရာသီကာလများ မကြာခဏ ကြုံတွေ့လာရသည်ဟု ဟန်ဆန်၏အဖွဲ့က ထုတ်ပြန်ခဲ့သော သုတေသနစာတမ်းတွင် ဖော်ပြထားသည်။

*—Ref: AFP*

### နောက်ကျောဖုံး - လန်ဒန်အိုလံပစ် မီတာ ၁၀၀ တွင် နှစ်ကြိမ်ဆက် အိုလံပစ်ရွှေဆုကို အူစိန်ဘော့ ထိန်းသိမ်း မှ

၎င်း၏ ယခုစံချိန်သည် သမိုင်းတွင် မီတာ ၁၀၀ ပြိုင်ပွဲများ၌ ဒုတိယအမြန်ဆုံးစံချိန်ဖြစ်ခဲ့ပြီး အိုလံပစ်ပွဲ မကျင်းပခင်က ၎င်းအနေဖြင့် သရဖူကာကွယ်နိုင်ရန် မလွယ်ဟုဝေဖန်ခဲ့သူများကိုအသံတိတ်စေခဲ့သည်။ ဘော့၏ပြိုင်ဘက် ဂျမေကာအပြေးသမား ယိုဟန်ဘလိတ်မှာ၉ ဒသမ ၇၅စက္ကန့်ဖြင့်ဒုတိယငွေတံဆိပ်၊အမေရိကန်မှ ၂၀၀၄ အိုလံပစ် မီတာ ၁၀၀ ချန်ပီယံ ဂျပ်စတင်ဂက်တလင်မှာ တတိယကြေးတံ ဆိပ်ကို ၉ ဒသမ ၇၉စက္ကန့်ဖြင့် လည်းကောင်း အသီးသီးရရှိခဲ့ သည်။

## Cloud ကွန်ပျူတာစနစ်တွင် ပြဿနာများဖြစ်ပေါ်နိုင်ဟု Apple ပူးတွဲတည်ထောင်သူ ဟောကိန်းထုတ်

**ဝါရှင်တန်၊ ဩဂုတ် - ၇**

ရှေ့လာမည့်နှစ်များတွင် Cloud အခြေပြု ကွန်ပျူတာလုပ်ငန်း အမြစ်တွယ်လာသည်နှင့် အမျှ ပြဿနာများ ဖြစ်ပေါ်လာနိုင်ကြောင်း စတိဗ်ဂျော့ဘ်နှင့်အတူ Apple ကွန်ပျူတာကုမ္ပဏီကို ပူးတွဲတည်ထောင်ခဲ့သူ စတိဗ်ဝေါ ဇနီယက်က ဟောကိန်းထုတ်လိုက်သည်။

စတိဗ်ဂျော့ဘ်နှင့်ပတ်သက်သော ဖျော်ဖြေပွဲ တစ်ခုတက်ရောက်ပြီးနောက် ပရိသတ်နှင့် စကားပြောဆိုရာတွင် မစ္စတာဝေါဇနီယက်က ကျောင်းပညာရေးမှသည် လက်တွေ့ဘဝ ရုပ်သံဇာတ်လမ်းများအထိ အကြောင်းအရာများကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့သည်။

မစ္စတာဝေါဇနီယက်သည် ကွန်ပျူတာလုပ်ငန်း၏ ရှေ့အလားအလာကို ပြောဆိုရာတွင် အပွင့်လင်းဆုံး ဆွေးနွေးခဲ့ပြီး ဒေတာအချက်အလက်များကို ဟာ့ဒ်ဒစ်များမှနေ၍ ဝေးလံသောနေရာများရှိ ဆာဗာများသို့ ပေးပို့သိုလှောင်သည့် ကွန်ပျူတာစနစ်ကို ဝေဖန်ပြောဆိုခဲ့သည်။

"Cloud ထဲကို ရောက်သွားသမျှတွေအတွက် ကျွန်တော်စိတ်ပူပါတယ်။ ကျွန်တော်ထင်တယ်။ ရှေ့လာမယ့်ငါးနှစ်အတွင်းမှာ တကယ့်ကို ထိတ်လန့်တုန်လှုပ်စရာပြဿနာတွေရှိလာလိမ့်မယ်" ဟု ၎င်းကပြောသည်။ Cloud စနစ်တွင် ဝန်ဆောင်မှုပေးသူထံသို့ အားလုံးကို လက်မှတ်ထိုးလွှဲပြောင်းပေးလိုက်သလိုဖြစ်လာပြီး မိမိတွင် ပိုင်ဆိုင်မှုရှိသည်ဟု မခံစားရတော့ကြောင်း၊ ကွန်ရက်ထဲသို့ အချက်အလက်များလွှဲပြောင်းပေးလိုက်လေ၊ ထိန်းချုပ်ရန်ခက်ခဲလေဖြစ်မည်ဟု မစ္စတာဝေါဇနီယက်ကပြောကြားသည်။

*—Ref:AFP*

### စာ(၅၀) - အသက် ၁၈ နှစ်အောက် မှ

ယခုကဲ့သို့ သက်တမ်းအလိုက် အားကစားပြိုင်ပွဲများတွင် အသက်မှန်ကန်မှု ဆေးစစ်ချက်ပြုလုပ်ခြင်းသည် အားကစားနည်းများ တိုးတက်လာစေရန်အတွက် အဓိကလိုအပ်သည့် လုပ်ဆောင်ချက်ဖြစ်သည့်အတွက် ကြိုဆိုပါကြောင်း မြန်မာ့အားကစား လေ့လာသူအချို့က သုံးသပ်သည်။

အလွတ်တန်းပြိုင်ပွဲတွင် ပထမကျပ်သုံးသိန်း၊ ဒုတိယကျပ်နှစ်သိန်း၊ တတိယကျပ်တစ်သိန်းနှင့် အသက် ၁၈ နှစ်အောက် ပြိုင်ပွဲအတွက် ကျပ်ရှစ်ထောင်သတ်မှတ်ထားပြီး ဝင်ရောက်ယှဉ်ပြိုင်လိုသည့် အသင်းများသည် ဩဂုတ်လ ၂၉ ရက် နောက်ဆုံးထား၍ စာရင်းပေးရမည်ဖြစ်ကာ မြန်မာနိုင်ငံ ဘတ်စကတ်ဘောအဖွဲ့ချုပ် ဖုန်း- ၀၁ ၅၅၆၉၅၂ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။


### နောက်ကျောဖုံး - ကန်နိုင်ငံခြားရေးဝန်ကြီး တူရကီနိုင်ငံသို့ သွားရောက်၍ ဆီးရီးယားအရေး ဆွေးနွေးမည် မှ

မစ္စစ်ကလင်တန်သည်လောလောဆယ်တွင် အာဖရိကတောင်ပိုင်းမှ မာလာဝီနိုင်ငံသို့ ရောက်ရှိနေသည်။

ဩဂုတ်လ ၁၁ ရက်တွင် အီစတန်ဘူလ်မြို့၌ ပြုလုပ်မည့် ဆွေးနွေးပွဲမှာ ပိုမိုဆိုးရွားလာသော ဆီးရီးယားပဋိပက္ခကို ကိုင်တွယ်ဖြေရှင်းရန် နိုင်ငံတကာ၏ အသစ်တစ်ဖန် ထပ်မံကြိုးပမ်းမှုတစ်စိတ်တစ်ပိုင်းဖြစ်သည်။ ယခုရက်သတ္တပတ်အတွင်းကုလသမဂ္ဂနှင့်အာရပ်အဖွဲ့ချုပ် ငြိမ်းချမ်းရေး အထူးကိုယ်စားလှယ် မစ္စတာကိုဖီအာနန်နုတ်ထွက်ခဲ့ပြီးနောက် ဆီးရီးယားအရေးအား ဆွေးနွေးမှုများဖြင့် အဖြေရှာရေးမှာ ပိုမိုအလှမ်းဝေးလာသည်။

မစ္စစ်ကလင်တန်သည်မာလာဝီနိုင်ငံမှ တောင်အာဖရိက၊ နိုင်ဂျီးရီးယား၊ ဂါနာနှင့် ဘီနင်နိုင်ငံများသို့ လည်ပတ်ပြီး နောက်လာမည့်အပတ်တွင်တူရကီနိုင်ငံသို့ရောက်ရှိမည်ဖြစ်သည်။ *—Ref: Reuters*

7 DAY NEWS JOURNAL
Vol.11, No.22 • AUGUST 9 , 2012



# အီတလီနိုင်ငံခြားရေးဝန်ကြီး ဂီယူလီယိုတာဇီနှင့် တွေ့ဆုံခြင်း

ကျော်မျိုး

ဥရောပတစ်လွှားကြုံတွေ့နေရတဲ့ဘဏ္ဍာရေးအကျပ်အတည်းမှာအီတလီဟာလည်း ဘဏ္ဍာရေးအကျပ်အတည်းဒဏ်ခံစားနေရတဲ့နိုင်ငံဖြစ်ပါတယ်။ ဒါပေမဲ့ အီတလီဟာ ဥရောပပေါင်းစည်းရေးအတွက် စိတ်အားထက်သန်နေကြောင်း ပြသခဲ့ပြီး ဘဏ္ဍာရေးအခက်အခဲမှ ရုန်းထွက်နိုင်ရေးကြိုးစားနေဆဲဖြစ်ပါတယ်။ ယူရိုသတင်းရဲ့ လူဂျီစပီနိုလာနဲ့ မကြာသေးမီက တွေ့ဆုံမှုမှာတော့ အီတလီနိုင်ငံခြားရေးဝန်ကြီး ဂီယူလီယိုတာဇီဟာ ဥရောပဘဏ္ဍာရေးအကျပ်အတည်းမှသည် ဥရောပပေါင်းစည်းရေးအကြောင်း၊ မြေထဲပင်လယ်ဒေသနိုင်ငံများနဲ့ဆက်ဆံရေးအကြောင်း၊ အာရပ်နွေဦးလှုပ်ရှားမှုများအကြောင်း စတာတွေကို ပြောဖြစ်ခဲ့ပါတယ်။

**ဥရောပကောင်စီရဲ့ဇွန်လကုန်ပိုင်းမှာလုပ်ခဲ့တဲ့ သဘောတူညီချက်ဟာ ယူရိုငွေသုံးစွဲတဲ့ ဧရိယာအတွင်းတည်ငြိမ်မှုရဖို့လတ်တလောလိုအပ်ချက်ကို အကျိုးရှိစေတယ်လို့ ဝန်ကြီးထင်ပါသလား။ ဒါမှမဟုတ် ဒီကိစ္စဟာ နောက်ထပ် ရည်ရွယ်ချက်တစ်ခုအတွက် ဖြစ်လာမှာပါလား။**

သဘောတူညီချက်က လုံလောက်ပါတယ်။ အီတလီနဲ့ ဝန်ကြီးချုပ်(မွန်တီ)တို့ဟာ ဥရောပကောင်စီရဲ့ သဘောတူညီချက်တွေအတွက် ခိုင်မာစွာ ထည့်ဝင်လုပ်ဆောင်ခဲ့ကြပြီး ဒါတွေကိုလည်း ကောင်းတဲ့ဆုံးဖြတ်ချက်တွေပဲလို့တွေးတောခဲ့ကြပါတယ်။ ဒီဆုံးဖြတ်ချက်တွေက ယူရိုအုပ်စုနဲ့ EcoFin တို့ရဲ့ နယ်ပယ်ထဲမှာပဲဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီနောက်မှာတော့ Ecofin နဲ့ ယူရိုအုပ်စု Eurogroup တို့ဟာ ဘဏ္ဍာရေးအကာအကွယ် အသုံးပြုမှုအခြေအနေအားလုံးကို သတ်မှတ်သွားမှာပါ။ ဘာ့ကြောင့်လဲဆိုတော့ ဒီအကာအကွယ်လုပ်ခြင်းက ဈေးနှုန်းခြားနားမှုအတက်အကျတွေ အလွန်အမင်း များပြားမှုကိုကိုင်တွယ်ဖို့ ဒီဇိုင်းထုတ်ထားခဲ့တာပါ။ အဲဒီကိစ္စဟာ အီတလီအတွက်လည်း ပြဿနာတစ်ရပ်ဖြစ်ပါတယ်။ ဒါကို စိတ်ကျေနပ်စရာ ဥပဒေတစ်ခုအဖြစ် ကျွန်တော်တို့ထင်ပါတယ်။ ဒါက (ဈေးကွက်ထဲ) ဝင်ရောက်စွက်ဖက်ဖို့ ကိရိယာတစ်ခုအဖြစ်သာမက သူ့တည်ရှိမှုရဲ့ကောင်းမွန်တဲ့ အရည်အသွေးကြောင့်လည်းဖြစ်ပါတယ်။ ဘဏ္ဍာရေးဈေးကွက်တွေဟာ ရင်းနှီးမြှုပ်နှံသူတွေ၊ ဆန်းစစ်သူတွေရဲ့ မျှော်လင့်ချက်တွေအပေါ်မှာလည်း အများကြီးမူတည်နေတာ ကျွန်တော်တို့ သိထားပါတယ်။ ဒါ့ကြောင့် ဒီလိုပုံစံမျိုး ဥပဒေတစ်ရပ်လုပ်ထားခြင်းနဲ့ဒီဥပဒေကိုလည်း ကာလတိုအတွင်း ဖော်ဆောင်မယ်လို့ သိထားရတာ ယုံကြည်မှုပြန်ဖြစ်စေပါတယ်။

**အီတလီအတွက် ဒီဘဏ္ဍာရေးအကျပ်အတည်းကို ရင်ဆိုင်ရတာနဲ့ ဥရောပပေါင်းစည်းရေးတည်ဆောက်မှုကြားက အကောင်းဆုံးလမ်းကြောင်းဟာ ဘာပါလဲ။ ဘာဖြစ်သင့်ပါသလဲ။**

အီတလီဟာ ဥရောပပေါင်းစည်းရေးရဲ့ နယ်ပယ်အားလုံးမှာ ပေါင်းစည်းရေးကို အားကောင်းအောင်လုပ်ဖို့ ခိုင်ခိုင်မာမာ ယုံကြည်နေပါတယ်။ နိုင်ငံရေးအရ ပေါင်းစည်းခြင်း၊ ဘဏ္ဍာရေးအရ၊ စီးပွားရေးအရ ပေါင်းစည်းခြင်းတွေပေါ့လေ။ ဒါဟာ (အီတာလျံ) ပါလီမန်မှာရော၊ လူထုသဘောထားအမြင်မှာပါ အမြစ်တွယ်နေတဲ့ နိုင်ငံရေးလမ်းကြောင်းပါ။ ကျွန်တော်တို့မှာ ရှင်းရှင်းလင်းလင်းနဲ့ ကောင်းမွန်စွာ သတ်မှတ်ထားတဲ့ ပေါင်းစည်းရေးအတွက် ဖက်ဒရယ်လှုပ်ရှားမှု ရည်မှန်းချက်တွေရှိထားပါတယ်။ ဒါ့ကြောင့် ဥရောပ အဖွဲ့အစည်းတွေရဲ့ တရားဝင်မှုကို ကျွန်တော်တို့ချဲ့ထွင်ချင်နေပါတယ်။ အမှန်ကတော့ ကျွန်တော်တို့ဟာ ဥရောပပါလီမန်ရဲ့ အခန်းကဏ္ဍနဲ့ တရားဝင်ဖြစ်မှုကို ချဲ့ထွင်ရေးအခြေအနေတွေကိုဖန်တီးခဲ့တဲ့ လစ်စဘွန်းစာချုပ်အရစိတ်ကျေနပ်မှုရခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ဟာ ယှဉ်ပြိုင်မှုရှိတဲ့ ဥပဒေဖြစ်ရေးအတွက် တိုက်ခိုက်ခြင်းမှာ ရှိနေတဲ့အဖွဲ့အစည်းအလိုက်အားဖြည့်ပေးမှု လမ်းကြောင်းကိုလည်း သဘောကျနေဆဲပါ။ ဒီယှဉ်ပြိုင်မှုရှိတဲ့ဥရောပကထူးခြားတဲ့အခန်းကဏ္ဍကတကယ်ပါဝင်နိုင်စွမ်းရှိပါတယ်။

**ကျွန်တော်တို့ရဲ့ ဥရောပတိုက်ကို ခဏထားပြီး တောင်ဘက်ကို ဦးတည်ရအောင်ပါ။ အဲဒီမှာ အာရပ်ကမ္ဘာဟာအပြောင်းအလဲနဲ့အသွင်ပြောင်းမှုအဓိက အခြေအနေကို ရောက်ရှိနေပါတယ်။ ဝန်ကြီးရဲ့အမြင်မှာရော ဥရောပနိုင်ငံတွေဟာ အစီအစဉ်သစ်ကို ဦးဆောင်သွားစေမယ့် အဲဒီအပြောင်းအလဲဖြစ်စဉ်ကိုတွန်းအားပေးသင့်ပါတယ်။ ဘာတွေ တွန်းအားပေးနိုင်မှာပါလဲ။**

ဝန်ကြီးချုပ် မွန်တီရဲ့ အစိုးရအဖွဲ့စတင်ဖြစ်ပေါ်ခဲ့ကတည်းက မြေထဲပင်လယ်ဒေသဆိုင်ရာပေါ်လစီမှာ ရည်မှန်းချက်ရှိရှိလုပ်ဆောင်ဖို့ ကျွန်တော်တို့ကိုယ်ကျွန်တော်တို့ချမှတ်ခဲ့ပြီးသားဖြစ်ပါတယ်။ အဲဒီပေါ်လစီဟာ မြေထဲပင်လယ်ဒေသနိုင်ငံတွေရဲ့ အဖွဲ့အစည်းတွေမှာ လူ့အဖွဲ့အစည်းမှာဖြစ်ပေါ်နေဆဲ အသွင်ပြောင်းလဲမှုတွေကိုမျှော်လင့်ထားပါတယ်။ အထူးသဖြင့် တူနီးရှား၊ လစ်ဗျား၊ အီဂျစ်တို့အပြင် အယ်လ်ဂျီးရီးယားနဲ့မော်ရိုကိုဆိုင်ရာ ရှုထောင့်အမြင်တွေနဲ့ ဖြစ်ပါတယ်။

ဒီအပြောင်းအလဲတွေကိုတကယ်မြင်တွေ့နေရတဲ့ ဆီးရီးယားဟာချဉ်းကပ်နည်းအသစ်ကနေမိတ်ဖက်ဆက်ဆံရေးအသစ်တွေကို ဖန်တီးဖို့ အခွင့်အလမ်းကို အသုံးပြုနေတယ်လို့ ကျွန်တော်တို့မျှော်လင့်ပါတယ်။ ဒီချဉ်းကပ်နည်းဟာ နိုင်ငံရေးသက်သက်မဟုတ်ဘဲ ယဉ်ကျေးမှုအရလည်းဖြစ်ပြီး မြေထဲပင်လယ်တောင်ပိုင်းဒေသတွင်းမှာပေါ်ထွက်လာခဲ့တဲ့ အစ္စလာမ်နိုင်ငံရေးရဲ့ အရှိတရားသစ်ကို ကျွန်တော်တို့ ရှုမြင်ပုံကိုလည်း ပုံဖော်ပေးနေပါတယ်။

ဒီအားထုတ်မှုတွေကို ပထမဆုံး စူးစမ်းကြည့်တဲ့အခါ တချို့သောအားတက်စရာ၊ အပြုသဘောဆောင်တဲ့ လက္ခဏာတချို့ကို ကျွန်တော်မြင်တွေ့ရပါတယ်။ အကြောင်းကတော့ ဒီနိုင်ငံတွေကရွေးကောက်ပွဲတွေဟာ အလွန်များပြားလှတဲ့ မဲပေးသူ လူဦးရေရှိတာကို ရှင်းရှင်းလင်း ပြသခဲ့တယ်။ အထူးသဖြင့် တစ်ခါတစ်ရံမှာဆို ပေါ်လစီပိုင်းအရ ဖိနှိပ်ခံထားရတဲ့ အမျိုးသမီးထုမှာလည်း ကျွန်တော်တို့ ထူးထူးခြားခြားအနေနဲ့ မိန်းမတွေရဲ့ (နိုင်ငံရေးမှာ) ပါဝင်လာမှု မြင့်တက်ခဲ့တာကို ကျွန်တော်တို့ မြင်ရတဲ့အကြောင်းကြောင့်လည်း ဖြစ်ပါတယ်။

**ဝန်ကြီးခင်ဗျာ မြေထဲပင်လယ်ဘက်ကနေ ပင်လယ်ကိုဖြတ်ပြီး အီတလီဘက်ကို လှေတွေနဲ့ ရွှေ့ပြောင်းလာကြသူတွေ များလာနေတဲ့တကယ့်စိန်ခေါ်မှုတစ်ရပ်လည်းရှိနေတာ တွေ့ရပါတယ်။ ဝန်ကြီးရဲ့အမြင်မှာရော အာရပ်နွေဦးဟာ ကွဲပြားတဲ့ချဉ်းကပ်နည်းတစ်ရပ်လိုအပ်နေပါသလား။ အီတလီကသာမဟုတ်ပါဘူး။ ဥရောပတိုက်တစ်ခုလုံးအနေနဲ့ရော ဒီလိုလူတွေရွှေ့ပြောင်းဝင်လာမှုဖိအားကို စီမံခန့်ခွဲဖို့ တခြားနည်းလမ်းရောရှိပါသလား။**

ဒါလိုအပ်ပါတယ်။ အီတလီဟာလူတွေကိုကာကွယ်ဖို့အတွက် သူတို့လုံခြုံရေးအတွက် အားအနည်းဆုံးသူတွေရဲ့ အခြေအနေအတွက်အများဆုံး လုပ်ဆောင်ပေးနေတဲ့နိုင်ငံလို့ကျွန်တော်ထင်ပါတယ်။ ဒီလူတွေက မြေထဲပင်လယ်တစ်ဖက်ကမ်းက ကုန်းမြေဆီခြေချနိုင်ဖို့ မျှော်လင့်ချက်တွေနဲ့ပင်လယ်ဖြတ်ခရီးစဉ်ကို ရင်ဆိုင်နေကြတာပါ။ ဒီနှစ်ရဲ့ ပထမခြောက်လအတွင်းမှာပဲ အဲဒီလိုပြောင်းရွှေ့လာတဲ့သူ ၈၀၀ ကျော်ကိုကျွန်တော်တို့ ကယ်ဆယ်ခဲ့ရပါတယ်။ နှစ်ဝက်အတွင်းမှာပဲ လူတစ်ထောင်နီးပါးလောက်ဝင်လာတာကို ကျွန်တော်တို့ လက်ခံရရှိခဲ့ပါတယ်။ ဒီကိန်းဂဏန်းက ၂၀၁၁ မှာ တစ်နှစ်လုံး အနေနဲ့ တူနီးရှား၊ လစ်ဗျားတို့က ပြောင်းရွှေ့လာသူတွေကို ကျွန်တော်တို့ မှတ်တမ်းတင်ထားတာနဲ့ သိပ်ကွာခြားလွန်းပါတယ်။ အဲဒီတုန်းကဆို ဒီနှစ်နိုင်ငံကနေ အသီးသီးပြောင်းရွှေ့လာတဲ့ လူ ၂၈,၀၀၀ နဲ့ ၂၉,၀၀၀ ပမာဏစီရှိခဲ့တာကိုကျွန်တော်တို့ မှတ်တမ်းတင်ထားပါတယ်။

ဒီပြဿနာ ရှိနေဆဲဆိုပေမယ့် ဒါကို ပြဿနာတစ်ခုအဖြစ်ရှုမြင်တာမျိုး ကျွန်တော်တို့မှာနည်းပါတယ်။ ကျွန်တော် ဆွေးနွေးခဲ့တဲ့ နိုင်ငံတွေနဲ့အတူ မိတ်ဖက်ဆက်ဆံရေးတွေလုပ်ဆောင်နေဆဲ ဥရောပအနေနဲ့ တာဝန်သိသိနဲ့ စီမံခန့်ခွဲရမယ့် စိန်ခေါ်မှုကြီးပဲဖြစ်ပါတယ်။ ကျွန်တော်တို့အပိုင်းမှာတော့ နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရေးအရကျွန်တော်တို့လုပ်ဆောင်ပြီးပါပြီ။ ဒါပေမဲ့ အဲဒါကို ဥရောပအဆင့်မှာလည်း ပူးပေါင်းဆောင်ရွက်မှုတွေ၊ ရွှေ့ပြောင်းအခြေချမှုဆိုင်ရာ သဘောတူညီချက်တွေနဲ့ ဆက်လက်လုပ်ဆောင်နေရပါမယ်။ ဒါ့အပြင် ဒီနိုင်ငံတွေကို သူတို့နယ်စပ်တွေကို ထိန်းချုပ်နိုင်ဖို့ မှတ်ပုံတင်အထောက်အထားထုတ်ပေးခြင်းကိစ္စမှာလည်း ကူညီနိုင်စွမ်းရှိရပါမယ်။ ဒါပေမဲ့ ကျွန်တော်တို့ဟာ ကမ္ဘာရဲ့အဲဒီဒေသကနေ လူဦးရေကြီးထွားလာမှု အကြောင်းပြချက်တွေကြောင့် ရွှေ့ပြောင်းလာတဲ့သူတွေ(ဥရောပ)နဲ့ ပေါင်းစည်းရေးအတွက် စီမံကိန်းချမှတ်လုပ်ဆောင်ဖို့ လိုသလို ဆီးရီးယားမှာဖြစ်နေတဲ့ ကပ်ဘေးဆိုးတွေကနေ ထွက်လာတဲ့လူတွေအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေခံတွေပေါ်မှာ လုပ်ဆောင်ပေးသွားဖို့ လိုအပ်နေပါတယ်။

*—Ref: Italy: Towards deeper European integrtion*
*Euronews*

**TRADEMARK CAUTION**
Weon-Kee Kang, a company incorporated in Korea at 30-10 MUNBAE-DONG YONGSAN-GU SEOUL KOREA is the Owner and Sole Proprietor of the following Trademark:-

**WOW**

**Reg: 4/6663/2012**
In respect of : "chewing gums (not for medical purpose)."
Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.
U Myint Lwin, Advocate, LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 9.Aug.2012

7DAY NEWS JOURNAL

# Entertainment

Vol.11, No.22 • AUGUST 9 , 2012

## တစ်နှစ်တစ်ကြိမ်ပြည်ပဖျော်ဖြေပွဲ လက်ခံသွားမယ့် နှင်းဆီအဖွဲ့

**အေးသူစံ**

**ရန်ကုန်၊ဩဂုတ်-၄**

နှင်းဆီရင်ခွင်အဖွဲ့သားများ၏ ဥရောပလေးနိုင်ငံ ခရီးစဉ်အတွင်း ဖျော်ဖြေပွဲငါးပွဲတွင်ပြက်လုံးများကို သွားရောက်သည့် နိုင်ငံအနေအထားပေါ် မူတည်၍ စီစဉ်ဖျော်ဖြေခဲ့ပြီး တစ်နှစ်လျှင်တစ်ကြိမ် ပြည်ပဖျော်ဖြေပွဲများကို လက်ခံသွားမည်ဖြစ်ကြောင်း နှင်းဆီအဖွဲ့သားတစ်ဦးဖြစ်သူ ကျော်ကျော်ဗိုက 7 Day News သို့ ပြောသည်။



ဓာတ်ပုံ-ရဲခန့်

နှင်းဆီအဖွဲ့သားများသည်ဥရောပဖျော်ဖြေရေးခရီးအဖြစ် အင်္ဂလန်၊ဒိန်းမတ်၊ဟော်လန်၊ဂျာမနီတို့ကို သွားရောက်ခဲ့ကြပြီး ပြင်သစ်နိုင်ငံကိုမူ အလည်အပတ်သက်သက်သွားရောက်ခဲ့ကြသည်။

"ဒီဖျော်ဖြေပွဲ ခရီးစဉ်တွေအတွက်ပြက်လုံးတွေကို သူ့နိုင်ငံ၊ သူ့ကာလံဒေသံနဲ့ လိုက်ဖက်တဲ့ ပြက်လုံးလေးတွေကို စိတ်ကူးရရင်ရသလို အသစ်လေးတွေရပြီး ပြက်ဖြစ်ကြတာများပါတယ်။ အဲဒီနိုင်ငံရဲ့လူမှုစရိုက်၊ ပုံစံ၊ ဝတ်ပုံစားပုံ၊ နေပုံထိုင်ပုံလေးတွေပေါ် မှာလိုက်ပြီး

**စာ(၄၉)သို့**

## ဘီလ်ဘုတ်၏ ဂီတအိုလံပစ်ထိပ်တန်းအဖွဲ့များစာရင်းမှာ ရွေးချယ်ခံရတဲ့ Wonder Girls

**စင်ကာပူ၊ ဩဂုတ် - ၃**

အမေရိကန်၏ အကျော်ကြားဆုံး ဂီတအဆင့် သတ်မှတ်ချက်ဖြစ်သော ဘီလ်ဘုတ်၏ ဂီတအိုလံပစ်ထိပ်တန်းဂီတအဖွဲ့ ၄၀ စာရင်းတွင် ကေပေါ့ပ်ဂီတလောက၏ မိန်းကလေးဂီတအဖွဲ့ Wonder Girls ပါဝင်ခဲ့သည်။

ဘီလ်ဘုတ်သည် ယခုစာရင်းတွင် ကမ္ဘာတစ်ဝန်း နိုင်ငံများမှ နိုင်ငံကိုကိုယ်စားအပြုနိုင်ဆုံး ဂီတပညာရှင်များ၊ အဖွဲ့များကို ရွေးချယ်ပြုစုခဲ့ခြင်းဖြစ်သည်။ ဘီလ်ဘုတ်သည် ကိုရီးယားဂီတလောကအတွက် Wonder Girlsကို ရွေးချယ်ခဲ့သည်။ ယင်းအဖွဲ့မှာ ၂၀၁၀တွင် အင်္ဂလိပ်ဘာသာဖြင့် လူကြိုက်များခဲ့သောသီချင်း Nobody ကို ဖြန့်ချိခဲ့ရာ ဘီလ်ဘုတ်၏ ထိပ်တန်းသီချင်း ၁၀၀ စာရင်းတွင်ပထမဆုံးပါဝင်ဖူးသောကေပေါ့ပ်ဂီတအဖွဲ့ဖြစ်ခဲ့သည်။



ဘီလ်ဘုတ်၏ယခုစာရင်းတွင်ဘာဘေးဒိုးစ်နိုင်ငံအတွက် ရီဟန်းနာ၊ ကနေဒါအတွက် ဆယ်လင်းဒီယွန်နှင့် ဂျပ်စတင်ဘီဘာ၊ ဂျမေကာနိုင်ငံအတွက် ဘော့ဘ်မာလေ၊အင်္ဂလန်အတွက် ဘီတဲလ်စ်၊ မက္ကဆီကိုအတွက် ဆန်တားနား၊ ထရီနီဒက်နှင့် တိုဘာဂိုအတွက် နစ်ကီမင်နိုင်းတို့ကို ရွေးချယ်ခဲ့သည်။

အမေရိကန်အတွက် ကိုယ်စားပြုဂီတပညာရှင်များအဖြစ် ပရက်စလေ၊ မက်ဒေါနား၊ မိုက်ကယ်ဂျက်ဆင်၊ ဂေ့ါတ်ဘရွတ်ခ်တို့ကို ရွေးချယ်ခဲ့သည်။

—Ref: Hancinema

## ကွန်နာကနေဒီနဲ့ တွဲခုတ်နေတဲ့ တေလာဆွစ်

**နယူးယောက်၊ ဇူလိုင် - ၃၁**

အမေရိကန်ကျေးလက်ဂီတအဆိုတော် တေလာဆွစ်သည် အမေရိကန်နိုင်ငံရေး မိသားစုကြီးတစ်ခုဖြစ်သော ကနေဒီမျိုးရိုးမှ လူငယ်တစ်ဦးဖြစ်သူ ကွန်နာကနေဒီနှင့် ချစ်သူဖြစ်နေပြီဖြစ်ကြောင်း အမေရိကန်သတင်းစာနှစ်စောင်က ဖော်ပြသည်။

နယူးယောက်ပို့စ် သတင်းစာတွင်ဆွစ်(၂၂နှစ်)နှင့်ကွန်နာကနေဒီ(၁၈ နှစ်)တို့၏ လက်ချင်းချိတ်ကာ သွားလာနေသောပုံများကို ဖော်ပြထားခဲ့သည်။ ၎င်းတို့ကို တွေ့ရှိရာနေရာမှာ မက်ဆာချူးဆက်ပြည်နယ် ကိပ်ဘော့ဒ်ရှိကနေဒီမိသားစုနေထိုင်ရာ အိမ်မှအထွက်တွင်ဖြစ်သည်။ ဘော့စတွန်ဟာရယ်လ် သတင်းစာကလည်း ဆွစ်ဖ်ကို သူမ၏ ချစ်သူသစ်အပါအဝင် ကနေဒီ မိသားစုဝင်များနှင့် တနင်္ဂနွေဘုရားကျောင်း အပါအဝင် နေရာမျိုးစုံ၌ တွေ့နေရကြောင်း ဖော်ပြသည်။

တေလာဆွစ်သည် လာမည့်အောက်တိုဘာတွင် သူမ၏ စတုတ္ထမြောက် စတူဒီယို အယ်လ်ဘမ်ကို ဖြန့်ချိရန်ရှိနေသည်။ ယခုလအစောပိုင်းကလည်း လူ့အခွင့်အရေးနှင့် တရားမျှတမှုဆိုင်ရာ ရောဘတ်ကနေဒီစင်တာက ဆွစ်ဖ်ကို လာမည့်ဒီဇင်ဘာလတွင် သူမ၏ လူမှုဘဝအပြောင်းအလဲဖော်ဆောင်ရေး ကြိုးပမ်းမှုများအား အသိအမှတ်ပြုသောအားဖြင့် Ripple of Hope ဆုကိုချီးမြှင့်သွားမည်ဟုထုတ်ပြန်ခဲ့သည်။ —Ref: AFP





7DAY NEWS JOURNAL
Vol.11, No.22 • AUGUST 9 , 2012

# အီတိုး ဇနီးဖြစ်သူနှင့်လမ်းခွဲ

ကြူကြူဟန်

ရန်ကုန်၊ ဩဂုတ် – ၃

နိုင်ငံကျော်အဆိုတော် ဇော်ဝင်းထွဋ်၏သားဖြစ်သူ ဝင်းထွဋ်သော်တာ (ခ)အီတိုးနှင့် ဇနီးဖြစ်သူ မမြင့်မြတ်သူသည် ဇူလိုင် ၃၁ရက်က တာမွေမြို့နယ်တရားရုံး၌ လင်မယားကွာရှင်းပြတ်စဲခဲ့ကြောင်း ဩဂုတ်လ ၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ပါရှိသော ကြေညာချက်အရသိရှိရသည်။

မိသားစုဝင်များကို မေးမြန်းရာ ယင်းနှင့်ပတ်သက်ပြီး မဖြေကြားလိုကြောင်းပြောကြားသည်။ အီတိုး၏မိခင်ဖြစ်သူ ဒေါ်မေခိုင်အုန်းက သူမ၏ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် “အမေ့ရင်ကျိုးစေတဲ့ လုပ်ရပ်ကို အရွယ်မတိုင်ဘဲ သားလုပ်ခဲ့တယ်။ အခု အသက် ၂၂နှစ်မှာ သူများလက်ညှိုးထိုးစရာ ထပ်ဖြစ်ခဲ့ပြန်ပြီ။ သားတို့ အမှား၊ အမှန် ခွဲခြားတတ်အောင် မသင်ပေးနိုင်ခဲ့တဲ့အတွက် အမေတောင်းပန်ပါတယ်။ အမေ့ရင်ထဲမှာလည်း နှိုင်းပြစရာမရှိအောင် ဝမ်းနည်းမိပါတယ်။ အမေဆိုတာ ကိုယ့်သားသမီးဘယ်အရွယ်ပဲရောက်ရောက် ဘယ်အခြေအနေပဲဖြစ်ဖြစ် အကောင်းဆုံးဖြစ်စေချင်တယ်ဆိုတာယုံပါ”ဟုရေးသားထားသည်။


ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# အိမ်ထောင်ပြုလိုက်တဲ့ မော်ဒယ်သရုပ်ဆောင် ဖြူနွယ်ခိုင်

ကြူကြူဟန်

ရန်ကုန်၊ ဇူလိုင် – ၃၀

မော်ဒယ်ဖြူနွယ်ခိုင်သည် သူမ၏ချစ်သူနှင့် ချစ်သူသက်တမ်း လေးလအကြာ ဇူလိုင် ၂၈ ရက်တွင် လက်ထပ်ခဲ့ကြောင်း ဖြူနွယ်ခိုင်ကပြောသည်။

ဖြူနွယ်ခိုင်၏ သတို့သား ထူးထူးဝင်းမော်သည် ဖျော်ဖြေရေးလုပ်ငန်း လုပ်ကိုင်သူတစ်ဦးဖြစ်ပြီး နှစ်ဖက်မိဘသဘောတူသည့်အတွက် ဇူလိုင်လတွင် လက်ထပ်ဖြစ်ခဲ့ကြောင်း သူမကပြောသည်။

“အိမ်ထောင်တစ်ခုမှာ အရေးကြီးဆုံးကတော့ ချစ်ခြင်းမေတ္တာနဲ့ နားလည်မှုပေါ့နော်။ တစ်ယောက်နဲ့တစ်ယောက် နားလည်မှ အိမ်ထောင်ရေးက ရေရှည်ခိုင်မြဲနိုင်မှာလေ။ တစ်ယောက်အမှားကို တစ်ယောက် နားလည်ရမယ်။ အပြစ်မမြင်ဘဲနဲ့ သည်းခံရမယ်။ အဲလိုဆိုရင် သာယာတဲ့ အိမ်ထောင်ရေးဖြစ်လာမယ်လို့ ထင်ပါတယ်”ဟု ဖြူနွယ်ခိုင်က ပြောသည်။

“ဖြူနွယ် သရုပ်ဆောင်တာကိုတော့ အခါအားလျော်စွာလုပ်သွားပါမယ်။ ပုံသေကြီးတော့ မဟုတ်ပါဘူး။ ညီမအမျိုးသားရဲ့ အလုပ်ကိုလည်း ကူညီပေးမယ်။ ဖြူနွယ့် အလုပ်ကိုလည်း သူက ဖြည့်ဆည်းပေးမယ်”ဟု အနုပညာအလုပ်နှင့်ပတ်သက်၍ သူမ စိတ်ကူးထားသည်ကို ပြောသည်။

ဖြူနွယ်ခိုင်သည် Miss People အပါအဝင် ဆုတံဆိပ်များစွာ ရရှိထားပြီး မော်ဒယ်တစ်ဦးအနေနှင့် အနုပညာလှုပ်ရှားမှုများ ပြုလုပ်နေသူတစ်ဦးဖြစ်သည်။









# ဂီတအစည်းအရုံးရွေးကောက်ပွဲ စိစစ်ကြီးကြပ်ရေးကော်မရှင်အဖွဲ့ဝင်များ အစားထိုးဖွဲ့စည်း

**အေးသူစံ**

**ရန်ကုန်၊ ဩဂုတ် ၂**

မြန်မာနိုင်ငံဂီတအစည်းအရုံး၏ ရွေးကောက်ပွဲရက်ကို သတ်မှတ်ကြေညာလိုက်ပြီး နုတ်ထွက်သွားသော ရွေးကောက်ပွဲစိစစ်ကြီးကြပ်ရေးကော်မရှင် ၁၅ ဦး၏ နေရာတွင် ဂီတလောကတွင်းမှ အနုပညာရှင်များဖြင့် ပြန်လည်အစားထိုးဖွဲ့စည်းလိုက်ကြောင်း ယင်းကော်မရှင်မှ အဖွဲ့ဝင် အနဂ္ဂက 7 Day News သို့ပြောသည်။

ပြန်လည်ဖွဲ့စည်းလိုက်သော ဂီတအစည်းအရုံးရွေးကောက်ပွဲ စိစစ်ကြီးကြပ်ရေးကော်မရှင်တွင် ဥက္ကဋ္ဌအဖြစ် တေးရေးဝင်းမင်းထွေး၊ ဒုဥက္ကဋ္ဌ ဦးခင်မောင်လွင်၊ တွဲဖက် အတွင်းရေးမှူးများအဖြစ် ဦးဘိုအေးနှင့် ဒေါ်သီသီမာ၊ အတွင်းရေးမှူး လီယိုနာဒ့်မောင်မောင်လွင်၊ အဖွဲ့ဝင်များအဖြစ် ဦးဌေးအောင်၊ ဦးကိုကိုလေး (သမိုင်း)၊ ဦးစန်းယု၊ ဦးရစ်ချက်၊ ဦးဂျေဂျေ၊ ဦးလင်းလင်း၊ ဦးခိုင်၊ ဦးညီညီ (လဝန်းသစ်)၊ ချမ်းအေးဝင်းနှင့် အနဂ္ဂတို့ဖြစ်သည်။ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူများနှင့် ကိုယ်စားလှယ်လောင်း စာရင်းများကို ဩဂုတ်လ ၁၆ရက်တွင် ထုတ်ပြန်သွားမည်ဖြစ်ပြီး ထပ်တိုးဖွဲ့စည်းလိုက်သော ခေတ်သစ်ဂီတအလွှာသို့ ဝင်ရောက်ရွေးခံမည့်သူများနှင့် မူလရှိနှင့်ပြီးသော စတီရီယိုအလွှာမှ ခေတ်သစ်အလွှာသို့ ကူးပြောင်းလိုသူများသည်လည်း ဩဂုတ်လ ၇ ရက် နောက်ဆုံးထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဂီတအစည်းအရုံး ရွေးကောက်ပွဲကျင်းပရေးကော်မတီက တရားဝင်သတင်းထုတ်ပြန်ထားသည်။

# ဖျော်ဖြေပွဲမှ ရရှိသောငွေများကို ဇာတိမြေသို့ ကိုယ်တိုင်သွားလှူတဲ့ နောနော်



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

**ကြူကြူဟာန်**

**ရန်ကုန်၊ ဩဂုတ်-၄**

ဇွန် ၂၈ ရက်က "Blaze Live at National Theatre Show"အမည်ဖြင့် ပြုလုပ်ခဲ့သော နောနော်က ထိုပွဲမှရရှိခဲ့သော အလှူငွေများကိုမြစ်ကြီးနားရှိမိဘမဲ့ကျောင်းနှင့်စစ်ဘေးဒုက္ခသည်များအတွက် မြစ်ကြီးနားသို့သွားရောက်လှူဒါန်းနေကြောင်းကို နောနော်က ဖုန်းဖြင့်ဆက်သွယ်မေးမြန်းမှုကို ဖြေကြားသည်။

"ကျွန်တော်တို့က အခုမြစ်ကြီးနားရောက်နေပြီ။ မြစ်ကြီးနားက မိဘမဲ့ကျောင်းမှာလှူဖို့လုပ်နေပါတယ်။ ဒီမိဘမဲ့တွေအပြင် စစ်ကြောင့် ဒုက္ခရောက်နေတဲ့တွေကို ကျွန်တော်တို့ လှူဖြစ်မှာပါ"ဟု နောနော်ကပြောသည်။

ပွဲမှရရှိခဲ့သော အလှူငွေပမာဏကို နောနော်က ထုတ်ဖော်မပြောလိုဘဲ အမျိုးသားဇာတ်ရုံမှာ လာကြည့်တဲ့ပရိသတ်တစ်ယောက်ချင်းစီကို ကျေးဇူးအများကြီးတင်ကြောင်း သူကပြောသည်။

နောနော်က စတုတ္ထမြောက်ခွေကို 'လေးလေးနက်နက်'ဟု အမည်ပေးထားပြီး ဇော်လင်း၊ မြလင်းထင်၊ ဒီးလာ၊ သူရိန်၊ လပြည့်၊ မိခြူး၊ နောနော်ကိုယ်တိုင် ရေးသားသော ကိုယ်ပိုင်သံစဉ်သီချင်းများ ပါဝင်မည်ဖြစ်ကာ စက်တင်ဘာလတွင်ထွက်နိုင်ရန် စီစဉ်နေကြောင်း နောနော်ကပြောသည်။

"ကျွန်တော့်အခွေအသံ mixing အပ်ထားတယ်ပေါ့။ ဒီလဆို ပြီးပါပြီ။ ထွက်ဖို့လည်း တော်တော်နီးပါပြီ။ အရင်ခွေနဲ့မတူအောင် ကျွန်တော့်ရဲ့ တတိယခွေ 'အိပ်မက်ထဲကလူ'ခွေလို မဟုတ်ဘဲ Music ပုံစံကတော့ လုပ်နေကျမရှိတဲ့ Rock တော့ Rock ထဲမှာပဲရှိတဲ့ မူကွဲလေးတွေ လုပ်ထားပါတယ်"ဟု နောနော်က ပြောသည်။




**ကြူကြူဟာန်**

■ ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ အနှစ် (၂၀)ကျော် ကြိုးပမ်းမှုအမှတ်တရအဖြစ် "အနက်ရောင်လမ်းမပေါ်က လူတိုင်းနဲ့ မကင်းတဲ့အရာ"အယ်လ်ဘမ်ကို Bo Bo Entertainment က ဖြန့်ချိနေပြီဖြစ်သည်။ ကေအေတီ၊ စောနဲတာ၊ စံပီး၊ ဇေလင်းနိုင်၊ သားကြီး၊ ရွှေပြည်စိုး၊ နောနော်၊ အောင်လ၊ ဂျေမီ၊ ထွန်းထွန်း (Examplez)၊ လွှမ်းပိုင်၊ ကိဘင်၊ စုချစ်ဇော် တို့က တေးသီချင်းများ ရေးသား ထားပြီး မျိုးကျော့မြိုင်၊ ဇော်ပိုင်၊ R ဇာနည်၊ L လွန်းဝါ၊ နောနော်၊ အောင် လ၊ ဂျေမီ၊ ထွန်းထွန်း (Examplez)၊ လွှမ်းပိုင်၊ ကိဘင်၊ ဆုန်သင်းပါရ်၊ ရေဗက္ကာဝင်း၊ စန္ဒီမြင့်လွင်၊ ချမ်းချမ်း၊ စုချစ်ဇော်တို့က သီဆိုထားကြောင်း သိရသည်။

■ ဖြူဖြူကျော်သိန်း၏ စတုတ္ထမြောက် တစ်ကိုယ်တော်ခွေဖြစ်သည့်"မိန်းကလေးတစ်ယောက်အသည်းကွဲနေသည်"တေးအယ်လ်ဘမ်ကို မဟာမိတ်တေးထုတ်လုပ်ရေးက ဩဂုတ် ၄ရက်တွင် ဖြန့်ချိခဲ့သည်။ စောခူဆဲလ်၊ ရွှေဂျော်ဂျော်၊ ဆောင်းဦးလှိုင်၊ ဖိုးကာ၊ ကျားပေါက်၊ ဒီဒဲဒီ၊ အာတီချုပ်၊ ကော်ဘရာ၊ စိမ့်တို့ ရေးသားသော ကိုယ်ပိုင်သံစဉ် သီချင်းများ ပါဝင်သည်။

■ အဆိုရှင်မျိုးဆက်တင်၏ 'အိမ်မက်အမှတ်(၁၄)' တစ်ကိုယ်တော်တေး စီးရီးကို Bo Bo Entertainment က ဖြန့်ချိနေပြီဖြစ်သည်။ ထုံကြီး၊ လမင်း(Tattoo)၊ Hecker၊ မျိုးသက်တင်တို့ ရေးသားထားပြီး Rock, Slow Rock, Pop ဂီတအမျိုးအစားများ ပါဝင်ပါသည်။

■ လူငယ်အဆိုရှင်ဆယ်ဦး၏ 'ငါတို့လည်းဆိုမယ်'ဗီစီဒီကိုဩဂုတ်လ ၈ ရက်နေ့တွင်ဖြန့်ချိမည်ဖြစ်သည်။ ဆဲလ်၊ အယ်လ်မင်းသူ၊ ဖိုးတူး၊ KLC၊ HAK၊ မင်းခန့်ဇော်၊ ဉာဏ်မင်း၊ ဉာဏ်ထင်၊ အင်ဂါ၊ လင်းထက်တို့က တေးသီချင်းများ ရေးသားပြီး အယ်လ်မင်းသူ၊ ညီလတ်၊ မင်းခန့်ဇော်၊ ဟန်နေဇ၊ ဉာဏ်မင်း၊ ကေသူရ၊ နောင်ကြီး၊ ဉာဏ်ထင်၊ လင်းထက်၊ ထက်အောင်ကျော်တို့က သီဆိုထားသည်။ Alternative, Pop, Rock ဂီတအမျိုးအစားများပါဝင်သည်။

# စာ-၄၇၊ တစ်နှစ်တစ်ကြိမ်ပြည်ပဖျော်ဖြေပွဲ လက်ခံသွားမယ့် နှင်းဆီအဖွဲ့မှ

ဟာသလေးတွေ လုပ်လိုက်တာပါပဲ"ဟု ကျော်ကျော်ဗိုကပြောသည်။

ဥရောပလေးနိုင်ငံ ဖျော်ဖြေရေးခရီးစဉ်တွင် လန်ဒန်မြို့နှင့် မန်ချက်စတာမြို့တို့တွင် တစ်ပွဲစီနှင့် နော်ဝေ၊ ဂျာမနီနှင့် ဒိန်းမတ်နိုင်ငံတို့တွင် တစ်ပွဲစီဖြင့် စုစုပေါင်း ငါးပွဲ ကပြဖျော်ဖြေခဲ့ပြီး လူရွှင်တော်များအဖြစ် နေတိုး၊ ကျော်ဗို၊ ထွန်းထွန်း၊ မိုးမိုးနှင့် ရဲလေးတို့ဖြစ်ပြီး မင်းသမီးများအဖြစ် ဂျင်းနီနှင့် မိုးယုစံတို့ သွားရောက်ခဲ့ကြခြင်းဖြစ်သည်။

"ကိုကြံ့တို့က ကိုယ့်နိုင်ငံတွင်းက ပရိသတ်တွေကို ဖျော်ဖြေကြသလို နိုင်ငံတကာကို ရောက်နေကြတဲ့ ကိုယ့်ပရိသတ်တွေကိုလည်း ဖျော်ဖြေဖို့ တာဝန်ရှိတယ်လေ။ တစ်နှစ်တစ်ခါတော့ နိုင်ငံတကာခရီးစဉ်လေး တစ်ခုလောက် ထွက်ထွက်ပြီး ဖျော်ဖြေဖြစ်မယ်။ နောက်နှစ်ဆိုရင် အမေရိကကို သွားဖို့ စီစဉ်ထားတယ်။ မဟုတ်ရင် ဂျပန်ဘက်သွားဖို့ရှိမယ်" ဟု ကျော်ကျော်ဗိုက တစ်နှစ်တစ်ကြိမ် ဖျော်ဖြေမည့် နှင်းဆီအဖွဲ့၏ ခရီးစဉ်ကို ပြောပြသည်။

ဖျော်ဖြေပွဲခရီးစဉ်ကို ဇူလိုင် ၂ ရက်က စတင်ခဲ့ပြီး ခရီးစဉ်အတွင်း ရုပ်သံအစီအစဉ်အတွက် မှတ်တမ်းများနှင့် စီးပွားရေးကြော်ငြာသုံးလေးခုခန့်ရိုက်ကူးခဲ့ကြောင်း သိရသည်။ ယခင်က 'ခရီးသွားနှင်းဆီ' ဒီဗီဒီဇာတ်ကားအတွက် ယခုခရီးစဉ်တွင် ရိုက်ကူးရန် စီစဉ်ထားသော်လည်း မရိုက်ကူးဖြစ်ခဲ့ကြောင်း ကျော်ကျော်ဗိုက "နှင်းဆီနဲ့ပတ်သက်တဲ့ ဇာတ်လမ်းတချို့ကို ရန်ကုန်မှာပဲရိုက်ဖြစ်မယ်။ နိုင်ငံခြားမှာကျတော့ ဇာတ်လမ်းတစ်ခုလုံးတည်ပြီးရိုက်ဖို့က မလွယ်ဘူးလေ"ဟု ၎င်းကပြောသည်။

နှင်းဆီအဖွဲ့၏ ယခုတစ်ခေါက် ဖျော်ဖြေရေးခရီးစဉ်တွင် ၎င်းတို့၏ မိသားစုဝင်များ အများဆုံး လိုက်ပါခဲ့ကြသည့် ခရီးစဉ်တစ်ခုလည်းဖြစ်ခဲ့ပြီး လန်ဒန်တွင် ဖျော်ဖြေရန် ရောက်ရှိနေစဉ် လန်ဒန်အိုလံပစ်ပွဲတော်နှင့် ကြုံကြိုက်ခဲ့သော်လည်း ဖျော်ဖြေရေးများကြောင့် ပွဲတော်နေရာသို့ သွားရောက်မကြည့်ရှုဖြစ်ဘဲ ရုပ်သံလိုင်းများမှသာကြည့်ရှုခဲ့ရကြောင်း ကျော်ကျော်ဗိုကပြောသည်။


## TOP 10 MOVIES IN AMERICA

**ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ**

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | The Dark Knight Rises | Warner Bros. | ၂၈၇,၁၁၃,၀၀၀ | ၂ |
| ၂။ | Ice Age:Continental Drift | 20th Century Fox | ၁၁၄,၉၀၀,၀၀၀ | ၃ |
| ၃။ | The Watch | 20th Century Fox | ၁၂,၇၅၀,၃၀၀ | ၁ |
| ၄။ | Step Up: Revolution | Summit Entertainment, LLC | ၁၁,၇၃၁,၇၀၀ | ၁ |
| ၅။ | Ted | Universal Pic | ၁၉၃,၆၁၉,၀၀၀ | ၅ |
| ၆။ | The Amazing Spider-Man | Sony Pictures | ၂၄၁,၉၅၄,၀၀၀ | ၄ |
| ၇။ | Braves | Walt Disney | ၂၁၇,၃၃၀,၀၀၀ | ၆ |
| ၈။ | Magic Mike Witness Protection | Warner Bros; Pic. | ၁၀၇,၆၂၆,၀၀၀ | ၅ |
| ၉။ | Savages | Universal Pic | ၄၃,၉၈၃,၈၀၀ | ၄ |
| ၁၀။ | Moonrise Kingdom | Focus Features | ၃၈,၆၄၁,၄၀၀ | ၁၀ |

## Movie Review

### Hope Springs




မစ္စကေးနှင့် မစ္စတာအာနိုးတို့မှာ တစ်ဦးကိုတစ်ဦး ချစ်ခင်အလေးထားသော လင်မယားစုံတွဲဖြစ်သည်။ သို့သော်လည်း နှစ်ပေါင်းများစွာ ကြာမြင့်လာပြီဖြစ်သော ၎င်းတို့အိမ်ထောင်ရေးမှာ ငြီးငွေ့ဖွယ်ရာကောင်းလာပြီဟု မစ္စကေးက ထင်မြင်ပြီး Great Hope Springs ဟုခေါ်သောမြို့ငယ်လေးမှ နာမည်ကျော်အိမ်ထောင်ရေး Specialist တစ်ဦးထံ သွားရောက်ရန် ယောက်ျားဖြစ်သူအား နားပူနားဆာလုပ်သည်။ မစ္စတာအာနိုးက မသွားချင်သော်လည်း မိန်းမအလိုကိုလိုက်ပြီး Hope Springs သို့ပါသွားရာ သူတို့နှစ်ဦး၏ ငယ်မူငယ်သွေးအချစ်ကိုပြန်လည်ရှာဖွေတွေ့ရှိမည်လားဆိုတာ. . .

မင်းသားကြီး Tommy Lee Jones နှင့်မင်းသမီးကြီး Meryl Streep တို့ ပါဝင်သရုပ်ဆောင်ထားပြီး ဒါရိုက်တာ David Frankel ရိုက်ကူးထားသော ဟာသနှော ဇာတ်ကားအား ဩဂုတ်လ ၈ရက်တွင် Sony Pic. က ဖြန့်ချိမည်ဖြစ်သည်။

Sports
7 DAY NEWS JOURNAL
Vol.11, No.22 • AUGUST 9 , 2012

# လန်ဒန်အိုလံပစ်တွင် အသစ်တင်ခဲ့သော ကမ္ဘာ့စံချိန်များ


Photo : AFP

၁။ အမေရိကန် ရေကူးသမား မိုက်ကယ်ဖဲလ်သည် ယခုနှစ် အိုလံပစ်တွင် ရွှေတံဆိပ်လေးခုရရှိပြီး ကစားသမားဘဝ၌ အိုလံပစ်ရွှေတံဆိပ် ၂၂ ခုဖြင့် အများဆုံးရရှိသူကစားသမားအဖြစ် စံချိန်သစ်တင်နိုင်ခဲ့သည်။

၂။ အမေရိကန် အမျိုးသမီးရေကူးသမားများဖြစ်သည့် မစ်ဆီဖရန်ကလင်၊ ရီဘက်ကာဆိုနီ၊ ဒါနာဗိုလ်မာနှင့် အဲလစ်ဆင်ရှမစ်တို့သည် အမျိုးသမီး မီတာ ၁၀၀ လေးယောက်တွဲ ပြိုင်ပွဲတွင် စံချိန် ၃ မိနစ် ၅၂ ဒသမ ၀၅ စက္ကန့်ဖြင့် ကမ္ဘာ့စံချိန်သစ်ရခဲ့သည်။

၃။ တရုတ်ရေကူးသမား ဆန်ယန်းသည်လည်း အမျိုးသား မီတာ ၁,၅၀၀အလွတ်ကူးပြိုင်ပွဲတွင် မူလက ၎င်းတင်ထားသောစံချိန်ဟောင်းကို ချိုးဖျက်ကာ ကမ္ဘာ့စံချိန်သစ် ၁၄ မိနစ် ၃၁ ဒသမ ၀၂ စက္ကန့်ကို တင်နိုင်ခဲ့သည်။

၄။ ကနေဒါ မြင်းစီးသမားကြီး အီယန်မီလာသည် အိုလံပစ်သမိုင်းတွင် အိုလံပစ်ပြိုင်ပွဲကိုး ကြိမ်အထိ ကစားဖူးသည့် ဩစတြေးလျရွက်လှေကစားသမား ဟူးဘတ်ရောဒတ်ရှီ၏ စံချိန်ကို ချိုးဖျက်ကာ ယခုနှစ်တွင် အိုလံပစ်ပွဲ ၁၀ ကြိမ်အထိကစားဖူးသည့်ပထမဆုံး ကမ္ဘာ့စံချိန်ရှင်ကစားသမားဖြစ်လာခဲ့သည်။

၅။ ကာဇက်စတန်မှ အလေးမသမား အီလျာအီလျင်သည် အလေးမပြိုင်ပွဲ၉၄ကီလိုတန်းတွင် စုစုပေါင်း ၄၁၈ ကီလိုဂရမ်မ၍ ကမ္ဘာ့စံချိန်သစ်တင်ခဲ့သည်။

၆။ ဂရိတ်ဗြိတိန်မှ လောရာထရော့တ်၊ ဂျိုအန်နာရော်ဆဲလ်၊ ဒန်နီကင်းတို့သုံးဦးသည် အမျိုးသမီးရုံတွင်း စက်ဘီးပြိုင်ပွဲတွင် ၎င်းတို့တင်ထားသော ကမ္ဘာ့စံချိန်ဟောင်းကို ချိုးဖျက်ကာ ၃ မိနစ် ၁၄ ဒသမ ၀၅၁ စက္ကန့်ဖြင့် ကမ္ဘာ့စံချိန်သစ်ထပ်တင်ခဲ့သည်။ ထို့ပြင် ထရော့တ်သည်လည်း အမျိုးသမီးစက်ဘီးပြိုင်ပွဲများ၌ ရွှေတံဆိပ်ရရှိဖူးသည့်အသက်အငယ်ဆုံး ကစားသမားဖြစ်ခဲ့သည်။

*—Ref: Guiness/Eurosport*

## တွေ့မရှောင်နှင့် စိုးလင်းဦး စိန်ခေါ်ပွဲ ထိုးကြေးစံချိန်သစ်တင်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဩဂုတ်-၂**

တွေ့မရှောင်နှင့် စိုးလင်းဦးတို့၏ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲစဉ်သည် တစ်ဦးလျှင် ကျပ်သိန်းသုံးဆယ်ရရှိမည်ဖြစ်ပြီး မြန်မာ့ရိုးရာလက်ဝှေ့သမိုင်း၌ အမြင့်ဆုံးထိုးကြေးရရှိသည့် ပွဲစဉ်ဖြစ်လာမည်ဖြစ်ကြောင်း ပွဲစီစဉ်သည့် T&T Group မှ သတင်းရရှိသည်။

၎င်းတို့ နှစ်ဦးပွဲစဉ်အပါအဝင်စုစုပေါင်းတွဲဆိုင်း ခုနစ်ဆိုင်းပါဝင်မည့် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲစဉ်ကို ဩဂုတ် ၁၂ ရက် မွန်းလွဲ ၂ နာရီတွင် သိမ်ဖြူမိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပမည်ဖြစ်သည်။

“တွေ့မရှောင်နဲ့ စိုးလင်းဦးတို့နှစ်ဦးအနေနဲ့ ဒီနှစ်ဆန်းပိုင်းက မွန်ပြည်နယ်မှာ ပထမအကြိမ်တွေ့ဆုံဖူးပြီး သရေကျခဲ့ပါတယ်။ ဒီပွဲစဉ်က ဒုတိယအကြိမ်တွေ့ဆုံမှာဖြစ်ပါတယ်။ သူတို့နှစ်ဦးရဲ့ အနိုင်အရှုံးကို ပရိသတ်တွေသာမက ပွဲစီစဉ်သူတွေကပါ စိတ်ဝင်စားပါတယ်။ သူတို့ရဲ့ ဒီပွဲအတွက် ထိုးကြေးက တစ်ဦးကို ကျပ်သိန်းသုံးဆယ်ဖြစ်ပြီး မြန်မာ့ရိုးရာလက်ဝှေ့သမိုင်းမှာ အမြင့်ဆုံးရရှိတဲ့ ထိုးကြေးဖြစ်ပါတယ်” ဟု T&T Group မှ ဦးအောင်နိုင်မိုးက ပြောသည်။

ပွဲစဉ်များတွင် ငါးချီပွဲစဉ်များအဖြစ် တွေ့မရှောင်နှင့် စိုးလင်းဦး၊ လေးညို့ရှင်နှင့် ရဲတံခွန်၊ လေးချီပွဲစဉ်များအဖြစ် စောအယ်လေးနှင့် ရန်တိုင်းကျော်၊ စောသဲမင်းနှင့် ကျော်ခေါက်၊ ကြယ်လေးနှင့် သိန်းညီညီ၊ ကြယ်စင်ဖြိုးနှင့် ဝင်းမောက်၊ သုံးချီပွဲစဉ်အဖြစ် ခွန်ကျော်ဆွေနှင့် စောတင်းပုတ် ပွဲစဉ်များပါဝင်ကြမည်ဖြစ်ကြောင်း သိရသည်။

“ပွဲစဉ်တွေကို ဆုံဖူးတဲ့သူတွေရော မဆုံဖူးတဲ့သူတွေရောတွဲပေးထားတာပါ။ ဒီပွဲက ဈေးကွက်လုတဲ့ပွဲလို့လည်း သတ်မှတ်နိုင်ပါတယ်။ နိုင်တဲ့သူက ပွဲရော၊ ဈေးကွက်ပါ ပိုရနိုင်မယ့် အခြေအနေအခွင့်အလမ်းရှိမှာပါ။ ဒီပြိုင်ပွဲက ပွဲစဉ်တွေအားလုံးအတွက် ထိုးကြေးစုစုပေါင်း ၁၂၈ သိန်းရှိပါတယ်”ဟု ဦးအောင်နိုင်မိုးက ဆိုသည်။

အဆိုပါ ပြိုင်ပွဲအတွက် ဝင်ကြေးလက်မှတ်များကိုကျပ်၁၂,၀၀၀ ကျပ်၊ ၁၀,၀၀၀ ကျပ်၊ ၇,၀၀၀ ကျပ် သတ် မှတ်ထားပြီး၊ ကြိုတင်လက်မှတ်များကို T&T Group ၃၆လမ်း (အထက်) ကျောက်တံတားမြို့နယ်၊ ဖုန်း-၃၈၇၃၈၂တွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ ထို့ပြင် အဆိုပါ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲစဉ်များကို မည်သည့် ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည်မဟုတ်ကြောင်း သတင်းရရှိသည်။

## ပဏာမလက်ရွေးစင်ဘောလုံးအသင်းတွင် ယူ-၂၂ အသင်းမှ ၁၄ ဦးပါဝင်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဩဂုတ် - ၂**

ဆူဇူကီးဖလားခြေစစ်ပွဲအတွက် ပဏာမမြန်မာ့လက်ရွေးစင်ဘောလုံး လူစာရင်း ထွက်ပေါ်လာခဲ့ရာ အာရှ ယူ-၂၂ ခြေစစ်ပွဲအောင်အသင်းမှ ကစားသမား ၁၄ ဦးပြန်လည်ပါဝင်လာခဲ့ကြောင်းသတင်းရရှိသည်။

ဩဂုတ် ၁ ရက်က ရွေးချယ်ဖွဲ့စည်းလိုက်သည့် ပဏာမလူစာရင်း ၂၈ ဦးတွင် မြန်မာ ယူ-၂၂ အသင်းမှ ထက်ဝက်ခန့် နေရာယူထားနိုင်ခဲ့ပြီး အတွေ့အကြုံရှိကစားသမားများဖြစ်သည့် ရန်ပိုင်၊ ရာဇာဝင်းသိန်း၊ ခင်မောင်လွင်၊ မိုးဝင်း၊ ရန်အောင်ကျော်၊ ပိုင်စိုး အစရှိသည့် ကစားသမားများလည်းပါဝင်လာသည်။

ဂိုးသမားနေရာတွင် လက်ရှိမြန်မာနိုင်ငံ၏ အကောင်းဆုံးဂိုးသမားဖြစ်နေဆဲဖြစ်သည့် သီဟစည်သူ၊ ယူ-၂၂ ဂိုးသမား ကျော်ဇင်ဖြိုး၊ မျိုးမင်းလတ်နှင့် ပထမဆုံးအကြိမ် လက်ရွေးစင်အသင်းတွင် ရွေးချယ်ခံရသည့် မနောမြေဂိုးသမားထွန်းလင်းစိုးတို့ပါဝင်လာခဲ့သည်။ ထွန်းလင်းစိုးသည် ဘောလုံးကစားရာမှ ကျောက်ကပ်ထိခိုက်မိ၍ လေးလခန့် အနားယူနေရခြင်းဖြစ်ကာ ဇူလိုင် ၃၀ ရက်က ဇွဲကပင်ယူနိုက်တက်နှင့်ပွဲစဉ်တွင်မှ ပြန်လည်ကစားခြင်းဖြစ်ပြီး ပဏာမလူစာရင်းတွင် ပါဝင်လာခဲ့ခြင်းဖြစ်သည်။

ယခု ပဏာမလူစာရင်းတွင် လက်ရွေးစင်အသင်း၌ တစ်ကြိမ်တစ်ခါမျှ အရွေးခံရခြင်းမရှိသည့် ကစားသမားနှစ်ဦး ပါဝင်လာခဲ့ပြီး ၎င်းတို့မှာ မနောမြေဂိုးသမားထွန်းလင်းစိုးနှင့်ဟံသာဝတီနောက်ခံလူ အောင်ဇော်တို့ဖြစ်ကြသည်။ ပဏာမလူစာရင်းအသင်း၏ ရှေ့တန်းတွင် ဒဏ်ရာကြောင့် အနားယူနေရသည့် အဓိကတိုက်စစ်မှူး ကျော်ကိုကို၊ နာမည်ကြီးတိုက်စစ်မှူး မိုင်းအိုက်နိုင်၊ စိုးမင်းဦး အစရှိသည့်ကစားသမားများ ပါဝင်လာခြင်းမရှိကြောင်းသိရသည်။

မြန်မာ့လက်ရွေးစင်အသင်းကို ကိုရီးယားလူမျိုး ပတ်ဆောင်ဟွာက နည်းပြချုပ်အဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဩဂုတ် ၇ ရက်တွင် စခန်းဝင်လေ့ကျင့်မှုများပြုလုပ်သွားမည်ဖြစ်သည်။

ထို့အပြင် ပဏာမမြန်မာ့လက်ရွေးစင်သည် ဩဂုတ်လ ၁၅ ရက်တွင် MNL All Star အသင်းနှင့် အောင်ဆန်းကွင်းတွင်လည်းကောင်း၊စက်တင်ဘာ ၁၁ ရက်တွင် စင်ကာပူလက်ရွေးစင်အသင်းနှင့် သုဝဏ္ဏကွင်းတွင်လည်းကောင်း ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**ပဏာမမြန်မာ့လက်ရွေးစင်ဘောလုံးအသင်း**

| | |
|---|---|
| ဂိုး | - သီဟစည်သူ၊ ကျော်ဇင်ဖြိုး၊ မျိုးမင်းလတ်၊ ထွန်းလင်းစိုး၊ |
| နောက်တန်း | - အောင်သိုက်၊ မိုးဝင်း၊ အောင်ဇော်၊ ဇော်မင်းထွန်း၊ အောင်ဟိန်းကျော်၊ ရန်အောင်ဝင်း၊ သက်နိုင်၊ ပြည့်ဖြိုးအောင်၊ သိန်းသန်းဝင်း |
| အလယ်တန်း | - ရဲဇော်ထက်အောင်၊ ခင်မောင်လွင်၊ ရန်အောင်ကျော်၊ နိုင်လင်းဦး၊ အောင်ချမ်းမိုး၊ ဒေးပစ်ထန်း၊ ကြည်လင်း၊ ပိုင်စိုး၊ နန္ဒလင်းကျော်ချစ်၊ မျိုးဇော်ဦး |
| ရှေ့တန်း | - ကျော်ဇေယျာဝင်း၊ ရာဇာဝင်းသိန်း၊ ရန်ပိုင်၊ စိုးမြတ်သူ၊ ကောင်းစည်သူ |

## အသက် ၁၈ နှစ်အောက် ဘတ်စကတ်ဘော ပြိုင်ပွဲဝင်များကို အသက်စစ်ဆေးမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ဩဂုတ်-၂**

အသက် ၁၈ နှစ်အောက် ဘတ်စကတ်ဘောပြိုင်ပွဲဝင် အားကစားသမားများ၏ အသက်မှန်ကန်မှုအတွက် ဆေးစစ်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘတ်စကတ်ဘောအဖွဲ့ချုပ်မှ သတင်းရရှိသည်။

၂၀၁၂ ခုနှစ် အမျိုးသားတံခွန်စိုက်နှင့် အသက် ၁၈ နှစ်အောက်(အမျိုးသား၊ အမျိုးသမီး) ဘတ်စကတ်ဘောပြိုင်ပွဲကို လာမည့် စက်တင်ဘာလ ၁ ရက်တွင် အောင်ဆန်းအားကစားကွင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။ အမျိုးသားတံခွန်စိုက်ပြိုင်ပွဲဝင်အသင်းများမှာ အလွတ်တန်းဖြစ်ပြီး အသက် ၁၈နှစ်အောက် ပြိုင်ပွဲဝင်အားကစားသမားများသည် ၁၉၉၄ ခုနှစ် မွေးဖွားသူများ ဖြစ်ရမည်ဖြစ်ကြောင်း သိရသည်။

“အသက် ၁၈ နှစ်အောက် ပြိုင်ပွဲဝင် အားကစားသမားများအနေနဲ့ နိုင်ငံသားစိစစ်ရေးမှတ်ပုံတင် (မူရင်း)ပြသရမှာဖြစ်ပြီး မပြသနိုင်ပါက အသက်မှန်ကန်မှုအတွက် ဆေးစစ်သွားမှာပါ။ ဆေးစစ်ချက်ကို အတည်ယူသွားမှာဖြစ်ပါတယ်”ဟု မြန်မာနိုင်ငံ ဘတ်စကတ်ဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စာ(၄၅)သို့



7 DAY NEWS JOURNAL
Vol.11, No.22 • AUGUST 9 , 2012

# လအလိုက် အကောင်းဆုံးနည်းပြဆု မြန်မာနည်းပြ ဒုတိယအကြိမ်ရရှိ

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဩဂုတ် - ၂**

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ၏ ဇူလိုင်လအတွက် အကောင်းဆုံးဆုများကို ဇေယျာရွှေမြေအသင်းနည်းပြ ဦးစိုးမိုးနှင့် အကောင်းဆုံးအားကစားသမားဆုကို ရက္ခပူရယူနိုက်တက်အသင်း တိုက်စစ်မှူး အန်ဒရေတို့က ရရှိခဲ့ကြောင်း သတင်းရရှိသည်။

နိုင်ငံခြားသားနည်းပြဆရာအများဆုံး ကိုင်တွယ်နေသော မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းများထဲမှ ပြည်တွင်းနည်းပြဆရာဦးစိုးမိုး ကိုင်တွယ်သည့် ဇေယျာရွှေမြေအသင်းသည် ဇူလိုင်လအတွင်း ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်လေးပွဲစလုံး၌ အနိုင်ရရှိခဲ့သည်။ အဆိုပါနိုင်ပွဲများကြောင့် ဇေယျာရွှေမြေအသင်းသည် အမှတ်ပေးဇယားထိပ်ပိုင်းသို့ ပြန်လည်တက်လှမ်းလာခဲ့သည်။ ထို့အပြင် လစဉ်အလိုက် အကောင်းဆုံးဆုများ လေးကြိမ်ချီးမြှင့်ပြီးရာတွင် နိုင်ငံခြားသားနည်းပြဆရာနှင့် ပြည်တွင်းနည်းပြဆရာနှစ်ဦးစီ ရရှိခဲ့ပြီဖြစ်သည်။

ဆုရွေးချယ်ရေးအဖွဲ့၏ ထုတ်ပြန်ကြေညာချက်တွင် နည်းပြဦးစိုးမိုးကိုင်တွယ်သည့် ဇေယျာရွှေမြေအသင်းသည် ဇူလိုင်လအတွင်း ယှဉ်ပြိုင်ကစားခဲ့သော ပွဲစဉ်များတွင် ရလဒ်ကောင်းများ ပိုင်ဆိုင်ခဲ့ပြီး ပရိသတ်အား ဘောလုံးရသ အပြည့်အဝပေးနိုင်ခဲ့သည့် ကစားဟန်ဖြင့် ဖျော်ဖြေမှုပေးနိုင်ခဲ့သောကြောင့် တစ်လတာ အကောင်းဆုံးဆုကို ပေးအပ်ခဲ့ခြင်းဖြစ်သည်ဟုဖော်ပြထားသည်။

ရက္ခပူရယူနိုက်တက်အသင်းသည် ဇူလိုင်လအတွင်း လေးပွဲယှဉ်ပြိုင်ကစားခဲ့ရာတွင် သုံးပွဲနိုင်၊ တစ်ပွဲသရေကျခဲ့ပြီး စုစုပေါင်း သွင်းဂိုး ၁၁ ဂိုးအထိ သွင်းယူနိုင်ခဲ့သည်။ အဆိုပါဂိုးများအနက် တိုက်စစ်မှူး အန်ဒရေက လေးဂိုးသွင်းယူထားနိုင်ခဲ့ပြီး အသင်းဖော်များ ဂိုးသွင်းနိုင်ရန်အတွက် ဖန်တီးမှုများပြုလုပ်ပေးနိုင်ခဲ့သည်။ အန်ဒရေသည် ရတနာပုံနှင့် ကစားသည့်ပွဲစဉ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် ဂိုးထဲသို့ တိုက်ရိုက်ကန်သွင်းကာ လှလှပပဂိုးရယူနိုင်ခဲ့ပြီး မနောမြေအသင်းနှင့် ပွဲစဉ်တွင် လည်း လှလှပပဂိုးသွင်းယူနိုင်ခဲ့ကြောင်း၊ ရက္ခပူရအသင်း ရလဒ်ကောင်းများ ရရှိအောင် ထောက်ပံ့ကူညီပေးနိုင်ခဲ့သလို ပရိသတ်စိတ်ကြိုက်ခြေစွမ်းပြကစားနိုင်ခဲ့သောကြောင့်တစ်လတာ အကောင်းဆုံးဆုကို ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း ဆုရွေးချယ်ရေးအဖွဲ့၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြပါရှိသည်။

လစဉ်အလိုက် အကောင်းဆုံး အားကစားသမားဆုကို လေးကြိမ်ချီးမြှင့်ပြီးရာတွင် နိုင်ငံခြားသား ကစားသမားများက သုံးကြိမ်ရရှိထားပြီး ပြည်တွင်းကစားသမားတစ်ဦးသာ ရရှိထားသေးသည်။ တစ်လတာ အကောင်းဆုံးအားကစားသမားဆုအတွက် ကျပ် ၁၀ သိန်းနှင့် နည်းပြဆုအတွက် ကျပ်ငါးသိန်းကို မြန်မာဘရူဝါရီလီမိတက်က ချီးမြှင့်ခြင်းဖြစ်သည်။



အိုလံပစ် အပြေးပြိုင်ပွဲတွင် ပထမဦးဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်သော ခြေတုတပ်အပြေးသမားဖြစ်သူ တောင်အာဖရိကနိုင်ငံသား အော်စကာ ပစ်တိုရီးရပ်စ်အား မီတာ ၄၀၀ လူရွေးပွဲတစ်ခုတွင် တွေ့ရစဉ်။ မစ္စတာ အော်စကာသည် အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားခဲ့ပြီဖြစ်သည်။ ဓာတ်ပုံ - Boston.com

# ပဏာမလက်ရွေးစင်ဘောလုံးအသင်း ဂျပန်မသွားမီ ခြေစမ်းပွဲနှစ်ပွဲကစားမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဩဂုတ် - ၂**

ပဏာမမြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် ဂျပန်နိုင်ငံသို့ သွားရောက်လေ့ကျင့်မှုများမပြုလုပ်မီပြည်တွင်း၌ မြန်မာနေရှင်နယ်လိဂ်ညွှန့်ပေါင်းအသင်း(MNL All Star)၊စင်ကာပူလက်ရွေးစင်အသင်းတို့နှင့် ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဆူဇူကီးဖလားခြေစစ်ပွဲအတွက် ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင်အသင်းသည်ဩဂုတ် ၁၅ရက်တွင် မြန်မာနေရှင်နယ်လိဂ်အသင်းများမှ နိုင်ငံခြားကစားသမားများဖြင့် ဖွဲ့စည်းထားသည့် MNL All Star အသင်းနှင့် အောင်ဆန်းကွင်းတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ လက်ရွေးစင်အသင်းနည်းပြအဖြစ် ကိုရီးယားလူမျိုး ပတ်ဆောင်ဟွာက ကိုင်တွယ်မည်ဖြစ်ပြီး MNL All Star အသင်းကို ရတနာပုံအသင်းနည်းပြ ဘော်ဂတ်စ်က နည်းပြချုပ်အဖြစ် ကိုင်တွယ်မည်ဖြစ်ကြောင်းသိရသည်။

အဆိုပါခြေစမ်းပွဲအတွက် ကွင်းဝင်ကြေးကို အထူးတန်း ကျပ်နှစ်ထောင်၊ ရိုးရိုးတန်း ကျပ်တစ်ထောင်သတ်မှတ်ထားပြီး ရရှိသည့် ကွင်းဝင်ကြေးများကို မသန်စွမ်းအားကစားသမားများအတွက် လှူဒါန်းသွားမည်ဖြစ်ကြောင်း ဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူတစ်ဦးကပြောသည်။

ထို့အပြင် မြန်မာလက်ရွေးစင်အသင်းသည် စင်ကာပူလက်ရွေးစင်အသင်းနှင့် လာမည့် စက်တင်ဘာ ၁၁ ရက်တွင် ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း အဆိုပါတာဝန်ရှိသူက ဩဂုတ်လ ၂ရက်တွင် အတည်ပြုပြောကြားသည်။ ဆူဇူကီးဖလားခြေစစ်ပွဲအတွက် ပြင်ဆင်လျက်သည့် မြန်မာအသင်းသည် စက်တင်ဘာ ၁၈ မှ ၂၉ရက်အထိ ဂျပန်နိုင်ငံသို့ သွားရောက်လေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်ကာ ဂျေလိဂ်အသင်းသုံးသင်းနှင့်လည်း ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။




Panasonic
eco ideas
အနာဂတ်ကို
ပြောင်းလဲပေးမည့်
သော့ချက်
တစ်ခု
TRUSTED BRAND 2012
GOLD-ASIA
အားလုံး၏ ပူးပေါင်းဆောင်ရွက်မှုများမှ အခြေပြု၍ ပြောင်းလဲမှုကြီးကို စတင်လိုက်သည့်ECONAVI စနစ်သည် မလိုလားအပ်သည့် အအေးဓာတ် လေလွင့်ဆုံးရှုံးမှုများကို လျော့နည်းစေပြီး လျှပ်စစ်သုံးစွဲမှု ချွေတာရေးကိုလည်း ဆောင်ရွက်ပေးစွမ်းနိုင်ပါသည်။
အလွန်ပင် ရိုးရှင်းလွယ်ကူစွာဖြင့် အနာဂတ်ကို ပြောင်းလဲပေးမည့် ခလုတ်တစ်ချက်သာ နှိပ်လိုက်ပါ...
INTELLIGENT ECO SENSORS
ECONAVI
အသိဉာဏ်စွမ်းအားမြင့် လှုပ်ရှားမှု အာရုံခံကိရိယာနှင့် နေရောင်ခြည်၊ အလင်း/မှောင် အာရုံခံစနစ် နည်းပညာတို့ဖြင့် ဖွဲ့စည်းထားသည့် ECONAVI သည် အခန်းတွင်းအခြေအနေအလိုက် လေအေးပေးစက် အအေးနှုန်းကိုအမြဲထိန်းညှိပေးပါသည်။ ခလုတ်တစ်ချက်သာ နှိပ်လိုက်ပါ။ သင်၏ အေးမြမှုနှုန်း ထားကို ထိခိုက်ဆုံးရှုံးမှုမရှိ သက်သောင့်သက်သာ အဆင်ပြေလွယ်ကူစွာဖြင့် အကောင်းဆုံး စွမ်းအင် ချွေတာရေး လုပ်ဆောင်ချက်ကို ပေးစွမ်းနိုင်ပါသည်။
INVERTER
အင်ဗာတာနည်းပညာက အခန်းတွင်းသတ်မှတ်အအေးနှုန်းအတွက် ကွန်ပရက်ဆာ လည်ပတ်နှုန်းအနေး/မြန်ကို လိုအပ်သလို ထိန်းချုပ်ထားခြင်းဖြင့် အခန်းတွင်း လိုအပ်သည့် အအေးနှုန်းကို တိကျသေချာစွာ ပေးစွမ်းနိုင်ခြင်းဖြင့် စွမ်းအင်သုံးစွဲမှုကို ၅၀% ထိ သက်သာ လျော့နည်း စေပါသည်။
nanoe-G
Nano လေသန့်စင်နည်းပညာဖြင့် ပေါင်းစပ်ဖွဲ့စည်းသည့် nanoe-G စနစ် သည် အခန်းတွင်း အကောင်းဆုံးလေသန့်စင်မှုကို လုပ်ဆောင်ပေးပြီး အလွန်သေးငယ်သည့် ဘက်တီးရီးယား၊ ဗိုင်းရပ်စ်နှင့် မှိုအမှုန်အမွှားများကို ဖယ်ရှား သန့်စင်နိုင်သဖြင့် အကောင်းဆုံး သန့်ရှင်းစင်ကြယ်သည့် သင့်ပတ်ဝန်းကျင်ကို ဖန်တီးပေးစွမ်းနိုင်ပါသည်။
The one that saves the girl can now help save our future.
Find out how at youtube.com/user/econaviac
အရောင်းပြခန်း - ပြည့်စုံဝင်းနိုင်ကုမ္ပဏီလီမိတက် (လေအေးပေးစက်အရောင်းပြခန်း)
ရန်ကုန် - အမှတ် (၁/၂) မြေညီထပ်၊ ရွှေမြယာအိမ်ယာ၊ မြန်မာ့ဂုဏ်ရည်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၀၅ ၀၃၂၊ ၂၉၂ ၆၆၁ ဖက်စ်-၂၉၁ ၇၁၂
နေပြည်တော် - အမှတ် ပ(၃၇/ ၃၀/ ၃၉) သပြေကုန်းဈေး၊ ဇမ္ဗူသီရိမြို့။ ဖုန်း-၀၉-၄၉၂ ၀၉၅၄၁၊ ၀၉ - ၄၉၂၀၉၅၅၊ ၀၉ - ၄၉၂၀၉၅၆
အမြို့မြို့ အနယ်နယ်ရှိ အရောင်းကိုယ်စားလှယ်ဆိုင်များနှင့် စူပါမားကတ်အရောင်းဆိုင်များတွင် ပန်နာဆိုးနစ်၏ တရားဝင်အာမခံကတ်ပြား "၁နှစ်-ပစ္စည်း+လက်ခ (အခမဲ့)" ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

# ဂျူးလက်နက် အီရန်ပိုင်ဆိုင်သွားမည်ကို ခွင့်ပြုမည်မဟုတ်ကြောင်း ကန်ကာကွယ်ရေးဝန်ကြီးပြောကြား



**ဂျေရုဆလင်၊ ဩဂုတ် - ၁**
အီရန်နိုင်ငံ၏ ဂျူကလီးယား အစီအစဉ်အား တားဆီးရေး အမေရိကန်နိုင်ငံ၏ စိတ်ပိုင်းဖြတ်ထားမှုကို အမေရိကန်ကာကွယ်ရေးဝန်ကြီး လီယွန်ပါနက်တာကထပ်မံအတည်ပြုပြောဆိုလိုက်ပြီး ဂျူကလီးယားဗုံး အီရန် ပိုင်ဆိုင်မသွားစေရန်အတွက် အခြားရွေးချယ်စရာများအသုံးပြုရန် ပြင်ဆင်ထားသည်ဟု ၎င်းကပြောကြားသည်။

ဆီးရီးယားသွေးထွက်သံယိုမှုများနှင့် အီရန်၏ ဂျူကလီးယား ရည်မှန်းချက်များအပေါ် အမေရိကန်နှင့် အစ္စရေး နှစ်နိုင်ငံစလုံး ကစိုးရိမ်ပူပန်နေကြောင်း အီရန်နိုင်ငံနှင့်ပတ်သက်၍လည်း ဂျူကလီးယား လက်နက်များ ထုတ်လုပ်ခွင့်ပေးမည်မဟုတ်ဆိုသည်ကို ထပ်မံပြောကြားလိုသည်ဟု ဂျေရုဆလင်မြို့၌ အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ညာဟုနှင့် အတူပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် မစ္စတာပါနက်တာက ပြောကြားသည်။

"အမေရိကန်ဟာ အစ္စရေးပြည်သူတွေနဲ့အတူ ရပ်တည်နေတယ်ဆိုတာ သိစေချင်ပါတယ်။ ကျွန်တော်တို့ဟာ အစ္စရေးနဲ့ အစ္စရေးနိုင်ငံ လုံခြုံရေးအတွက်အခိုင်အမာစိတ်ပိုင်းဖြတ်ထားပါတယ်။ အီရန်က ဂျူကလီးယားလက်နက်များရယူမှုအပေါ် တားဆီးသွားရေးမှာလည်း ကျွန်တော်တို့အခိုင်အမာ ဆုံးဖြတ်ထားပါတယ်"ဟု မစ္စတာပါနက်တာက ပြောကြားသည်။

ယင်းမှတ်ချက်များက အမေရိကန်ကာကွယ်ရေးဝန်ကြီး၏ နှစ်ရက်ကြာ အစ္စရေးနိုင်ငံသို့အလည်အပတ်ခရီးစဉ်နှင့်ပတ်သက်၍ မီးမောင်းထိုးပြနေသည်။ ကန်ကာကွယ်ရေးဝန်ကြီးသည် အစ္စရေးနိုင်ငံသို့ ဩဂုတ်လ ၁ ရက်က ရောက်ရှိခဲ့ပြီး ထိပ်တန်းခေါင်းဆောင်များနှင့် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်းသိရသည်။

—*Ref: Xinhua*

# အမေရိကန်တွင် မိုးခေါင်မှုများကြောင့် ကမ္ဘာ့စားနပ်ရိက္ခာ ဈေးနှုန်းများမြင့်တက်နိုင်



**ဝါရှင်တန်၊ ဩဂုတ် - ၁**
ပြောင်းနှင့် ပဲပိစပ် စသည့်အရေးကြီးသောသီးနှံများကို အဓိကစိုက်ပျိုးသည့် အမေရိကန်ပြည်နယ်များတွင် ဆိုးရွားပြင်းထန်သော မိုးခေါင်ရေရှားမှုများ ကြုံတွေ့နေရပြီးယင်းအတွက်ကြောင့် ကမ္ဘာ့စားနပ်ရိက္ခာဈေးကွက်တွင် ထိတ်လန့်မှုများ ဖြစ်ပေါ်၍ ဈေးနှုန်းကြီးမြင့်မှုများဖြစ်နိုင်သည်ဟူသောစိုးရိမ်မှုများ မြင့်တက်လာသည်။

၂၀၀၈ ခုနှစ်အတွင်း ယင်းသို့ ဖြစ်ခဲ့ဖူး၍ ကမ္ဘာ့စားနပ်ရိက္ခာဈေးနှုန်းများ ခုန်တက်သွားခဲ့ပြီး နိုင်ငံများစွာတွင် နိုင်ငံရေးမငြိမ်မသက်မှုများ၊ လုယက်ရမ်းကားမှုများဖြစ်ပေါ်ခဲ့သည်။

အမေရိကန် မိုးခေါင်ရေရှားမှုစောင့်ကြည့်ရေးအေဂျင်စီ၏ ပြီးခဲ့သည့် ရက်သတ္တပတ်က ထုတ်ပြန်မှုတွင် ဆယ်စုနှစ်များစွာအတွင်း အမေရိကန်နိုင်ငံ၌ အကျယ်ပြန့်ဆုံးဖြစ်ပေါ်သည့် မိုးခေါင်ရေရှားမှုမှာ ပိုမိုဆိုးရွားလာပြီး လျော့ပါးမည့် အခြေအနေလည်း မရှိကြောင်းဖော်ပြထားသည်။ ကိုလိုရာဒို၊ အိုင်အိုဝါ၊ ကင်းဆတ်၊ နီဘရက်စ်ကာ၊ မစ်ဆူရီပြည်နယ်များတွင် ကြုံတွေ့နေရသော အခြေအနေကို 'အလွန်အခြေအနေဆိုး' ဟုသတ်မှတ်ထားသည်။ အမေရိကန်နိုင်ငံ ဧရိယာ၏ ၂၀ ရာခိုင်နှုန်းမှာ ဆိုးရွားသော မိုးခေါင်ရေရှားမှုနှင့်ကြုံတွေ့နေရခြင်းဖြစ်ရာ ယင်း၏ သက်ရောက်မှုများကို ပြောင်းနှင့် ပဲပိစပ်ဈေးကွက်များတွင် စတင်မြင်တွေ့နေရပြီဖြစ်သည်။ ယင်းကုန်ပစ္စည်းနှစ်မျိုး၏ ဈေးနှုန်းများမှာ စံချိန်တင်မြင့်မားနေပြီဖြစ်သည်။

—*Ref: UPI*



7 DAY NEWS JOURNAL
Vol.11, No.22 • AUGUST 9 , 2012


Photo : AFP

# ဆီးရီးယားသူပုန်များအား လျှို့ဝှက်ထောက်ပံ့ရန် အိုဘားမား အတည်ပြုပေးခဲ့ဟုဆို

**ဝါရှင်တန်၊ ဩဂုတ် - ၁**

ဆီးရီးယားသမ္မတ ဘာရှာအယ်လ်အာဆတ်နှင့် ၎င်း၏ အစိုးရအဖွဲ့အားဖြုတ်ချရန် ကြိုးစားနေသော သူပုန်များအား အမေရိကန်က ကူညီထောက်ပံ့ရန် အာဏာအပ်နှင်းလိုက်သော လျှို့ဝှက်အမိန့်တစ်ခုကိုအိုဘားမားက လက်မှတ်ရေးထိုးခဲ့သည်ဟု ယင်းကိစ္စနှင့် နီးစပ်သူများက ပြောကြားသည်။

ထောက်လှမ်းရေး တွေ့ရှိချက်ဟု ခေါ်ဆိုပြီး အိုဘားမားက ယခုနှစ်စောစောပိုင်းတွင် လက်မှတ်ရေးထိုးခဲ့သော အမိန့်မှာ ဗဟိုထောက်လှမ်းရေးအေဂျင်စီနှင့် အခြားအမေရိကန်ထောက်လှမ်းရေးအေဂျင့်များကို အာဆတ်အားဖြုတ်ချရေး သူပုန်များအား အထောက်အပံ့ပေးရန် ခွင့်ပြုထားသည်။

ယင်းနှင့် အခြားဖြစ်ပေါ်တိုးတက်မှုများက အာဆတ်အားလက်နက်ကိုင်ဆန့်ကျင်သူများအား ထောက်ပံ့ရေးဆီသို့ လမ်းကြောင်း ပြောင်းလဲပေးခြင်း လက္ခဏာဖြစ်သည်။ ဆီးရီးယားအစိုးရအပေါ် ပိုမိုတင်းကျပ်သောပိတ်ဆို့တားဆီးမှုများချမှတ်ရန် လုံခြုံရေးကောင်စီက အရေးယူရန် ပျက်ကွက်ခဲ့ပြီးနောက် လမ်းကြောင်းပြောင်းလဲမှု ပိုမိုသိသာလာခဲ့သည်။

လောလောဆယ်တွင် အိမ်ဖြူတော်က ဆီးရီးယားသူပုန်များအားလက်နက်များ ပေးအပ်ခြင်းအထိ မထောက်ပံ့သော်လည်း အမေရိကန်၏ မဟာမိတ်များက မူလက်နက်များပေးအပ်နေသည်။

လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့များအား အခွင့်အာဏာပြုပေးသည့် အမိန့်ကို မည်သည့်အချိန်တွင် လက်မှတ်ရေးထိုးခဲ့သည်ဟူသော အချိန်အတိအကျနှင့် ထောက်လှမ်းရေးအဖွဲ့များက မည်သည့်အတိုင်းအတာအထိ ပံ့ပိုးကူညီခဲ့သည်ဆိုသည်ကို ရှင်းရှင်းလင်းလင်း မသိရှိရကြောင်း ရိုက်တာသတင်းကဖော်ပြသည်။ အိမ်ဖြူတော်ကလည်း ယင်းကိစ္စအပေါ် မှတ်ချက်ပေးရန်ငြင်းဆိုထားသည်။

*—Ref: Reuters*

# တူရကီက ဆီးရီးယားသူပုန်များအား ဒုံးကျည်များပေးအပ်ခဲ့ဟုဆို

**ဘေရွတ်၊ ဩဂုတ် - ၁**

ဆီးရီးယားလွတ်မြောက်ရေးသူပုန်တပ်ဖွဲ့များအတွက် တူရကီနိုင်ငံက ပခုံးပေါ်တင်၍ ပစ်ခတ်နိုင်သော လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်နှစ်ဒါဇင်ခန့် ပံ့ပိုးပေးခဲ့ကြောင်း NBC ရုပ်သံကပြောကြားသည်။

သို့သော် ယင်းသတင်းကို တူရကီမီဒီယာများတွင် အတည်ပြုဖော်ပြခြင်း မရှိသေးပေ။ ယင်းပခုံးတင် ဒုံးကျည်များအား တူရကီ(သို့မဟုတ်) ဆော်ဒီအာရေးဗီးယား၊ ကာတာနိုင်ငံတို့က ထောက်ပံ့ခဲ့ခြင်းဖြစ်နိုင်ကြောင်း NBC သတင်းကဆိုသည်။

မည်ကဲ့သို့သော ပခုံးတင်ဒုံးကျည်များကို ပေးအပ်သည်ဟု သတင်းတွင် ဖော်ပြမထားသော်လည်း တူရကီနိုင်ငံသည် စတင်ဂျာအမျိုးအစား ပခုံးတင်ဒုံးကျည်များကို လိုင်စင်ရယူထုတ်လုပ်ခဲ့ကြောင်း GlobalSecurity.org ဝက်ဘ်ဆိုက်မှတစ်ဆင့်သိရသည်။ အဆိုပါ ပခုံးတင်ဒုံးကျည်များအား ၁၉၈၀ ခုနှစ်များအတွင်း ဆိုဗီယက်ယူနီယံက အာဖဂန်နစ္စတန်နိုင်ငံတွင် စစ်ဆင်နွှဲချိန်ကတွင်ကျယ်စွာ အသုံးပြုခဲ့သည်။ တူရကီနိုင်ငံသည် စတင်ဂျာဒုံးကျည်စနစ်မတိုင်မီ Red eye စနစ်ကိုလည်း အသုံးပြုခဲ့ကြောင်း သိရသည်။

ယင်းသို့သော လက်နက်များမှာ လောလောဆယ် ဆီးရီးယားနိုင်ငံ အလက်ပိုမြို့အား ထိုးစစ်ဆင်နေချိန်တွင် ဆီးရီးယားတပ်ဖွဲ့များ အသုံးပြုနေသည့် တိုက်ခိုက်ရေးရဟတ်ယာဉ်များအတွက် ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

*—Ref: Ria Novosti*


Photo : AP








Be a Best with . . BaB
(Chewable Tablet & Syrup)
ဘီအေဘီ ကလေးအားဆေး၏ ကျောင်းသား၊ ကျောင်းသူများအတွက်
မေတ္တာလက်ဆောင်အစီအစဉ်
လိမ္မော် စတော်ဘယ်ရီ စပျစ်
(သို့)
ဘီအေဘီ ဆေးကတ်ခွဲ(၆)ခု (သို့မဟုတ်) ဘီအေဘီ 100 ml ပုလင်းခွဲ(၁)ခု
BaB
Hot & Cold Lunch Box - 1 ဘူး
PROMOTION PERIOD
August & September
2012
KP KOREA PHARMA CO.,LTD.
လိုအပ်ချက်တွေပြည့်စုံဖို့ ဘီအေဘီ ကိုသောက်ကြစို့...
MARKETED BY:
AA MEDICAL PRODUCTS LTD.
TEL : (01) 249590, 2-3/ 391644-50


WATCH YOUR HEART
OMRON
Monitor your blood pressure regularly.
Hypertension is a silent killer.
JAPAN TECHNOLOGY & DESIGN
Digital Blood Pressure Monitor
Accurate
Fast measurement
Easy to use
Hypertension indicator
Average of last 3 readings
All for Healthcare
Market Expansion Services by www.dksh.com
DKSH
For more information,
Call DKSH Customer Care Centre 01-707181

7 DAY NEWS JOURNAL

# International

Vol.11, No.22 • AUGUST 9 , 2012

## ကန်နိုင်ငံခြားရေးဝန်ကြီး တူရကီနိုင်ငံသို့ သွားရောက်၍ ဆီးရီးယားအရေး ဆွေးနွေးမည်



**လီလောင်ဝီ၊ ဩဂုတ် - ၇**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စဟီလာရီကလင်တန်သည် လာမည့်ရက်သတ္တပတ်အတွင်း တူရကီနိုင်ငံသို့သွားရောက်၍ တူရကီအစိုးရနှင့် ဆီးရီးယားပဋိပက္ခအရေး ဆွေးနွေးသွားမည်ဖြစ်ကြောင်း ကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရအမျိုးသမီးကပြောကြားသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးသည် အီစတန်ဘူလ်မြို့၌ တူရကီအစိုးရနှင့်နှစ်ဖက်ဆွေးနွေးပွဲများ ပြုလုပ်ရာတွင် ဆီးရီးယားပြဿနာအပြင် အခြား အချိန်မီဖြေရှင်းရမည့်ကိစ္စရပ်များလည်း ပါဝင်လိမ့်မည်ဟု ပြောခွင့်ရအမျိုးသမီးဗစ်တိုးရီးယားနူလန်၏သတင်းထောက်များအတွက် ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

စာ(၄၅)သို့



Photo : AFP

## လန်ဒန်အိုလံပစ် မီတာ ၁၀၀ တွင် နှစ်ကြိမ်ဆက် အိုလံပစ်ရွှေဆုကို အူစိန်ဘော့ ထိန်းသိမ်း

**လန်ဒန်၊ ဩဂုတ် - ၆**

ကမ္ဘာ့အမြန်ဆုံးလူသားအဖြစ် သတ်မှတ်ခံထားရသော ဂျမေကာနိုင်ငံသား အပြေးသမား အူစိန်ဘော့သည် ဩဂုတ် ၅ ရက် (တနင်္ဂနွေနေ့)က ကျင်းပသော အိုလံပစ် မီတာ ၁၀၀ ပြိုင်ပွဲတွင် ၉ ဒသမ ၆၃ စက္ကန့်ဖြင့် အနိုင်ရကာ ကားလူးဝစ်ပြီးနောက် အိုလံပစ်သမိုင်းတွင် နှစ်ကြိမ်ဆက် မီတာ ၁၀၀ ချန်ပီယံဆွတ်ခူးနိုင်သော ပထမဆုံး အပြေးသမားအဖြစ် စံချိန်သစ်တင်နိုင်ခဲ့သည်။

ဘော့၏ယခုတင်ခဲ့သောစံချိန် ၉ ဒသမ ၆၃ စက္ကန့်သည် ဘေဂျင်းအိုလံပစ်တွင်ရရှိခဲ့သောစံချိန် ၉ ဒသမ ၆၉ စက္ကန့်နှင့်အနည်းငယ်ကွာခြားခဲ့သည်။ အိုလံပစ်ပြိုင်ပွဲ၏ လူကြည့်အများဆုံးပြိုင်ပွဲဖြစ်သော မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် အူစိန်ဘော့မှာ တစ်နိုင်ငံတည်းသားပြိုင်ဘက် ယိုဟန်ဘလိတ်နှင့် ထိပ်ဆုံးမှ ဦးဆောင်ခဲ့ပြီးနောက် ယခုကဲ့သို့ အနိုင်ရခဲ့ခြင်းဖြစ်သည်။

စာ(၄၅)သို့



**အာကာသယာဉ် အင်္ဂါဂြိုဟ်ရောက်ပြီ နာဆာသိပ္ပံပညာရှင်များ ဝမ်းသာလုံးဆို့**

စာ(၄၅)သို့



**Cloud ကွန်ပျူတာစနစ်တွင် ပြဿနာများဖြစ်ပေါ်နိုင်ဟု Apple ပူးတွဲတည်ထောင်သူ ဟောကိန်းထုတ်**

စာ(၄၅)သို့



**NEWS ANALYSIS**

**နှစ်တစ်ရာ မိုးခေါင်ရေရှားမှုကာလ ရောက်လာတော့မလား**

စာ(၃၆)သို့



၇ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL အချပ်ပို
Vol.11, No.22 • AUGUST 9 , 2012

# ရန်ကုန်ကမ်းနားလမ်းရှိ ဆိပ်ကမ်းအများစု ပုဂ္ဂလိကသို့ ငှားရမ်းလုပ်ကိုင်ခွင့်ပြု

မိုးညို

**ရန်ကုန်၊ ဩဂုတ်-၆**

ရန်ကုန်မြို့ ကမ်းနားလမ်းမပေါ်ရှိဆိပ်ကမ်းအများစုကိုပုဂ္ဂလိကတိုင်းရင်းသားလုပ်ငန်းရှင်များအား B.O.T စနစ်ဖြင့် စတင်၍ ယခုနှစ်အတွင်း လွှဲပြောင်းလုပ်ကိုင်ခွင့်ပေးအပ်သွားမည်ဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးချိုသန်းမောင်ကပြောသည်။

ပုဂ္ဂလိကသို့ လွှဲပြောင်းလုပ်ကိုင်ခွင့် ပြုမည့်နေရာများမှာ ဆူးလေဆိပ်ခံတံတား အမှတ် ၁၊ ၂၊ ၃၊ လမ်းမတော်ဆိပ်ကမ်း၊ ပန်းဆိုးတန်း-ဒလဆိပ်ကမ်းအတွင်းရှိမြေ ဧရိယာများတွင် စီးပွားရေးဆိုင်ရာ အဆောက်အအုံများ၊ ရေပေါ်ဟိုတယ်ဇုန်များ၊ နိုင်ငံတကာသင်္ဘောကြီးများ ပိုမိုဆိုက်ကပ်နိုင်သည့် ခေတ်မီဆိပ်ကမ်းများ တည်ဆောက်နိုင်ရေးအတွက် ယခုကဲ့သို့လုပ်ငန်းရှင်များအားငှားရမ်းလုပ်ကိုင်ခွင့်ပေးသွားမည်လည်းဖြစ်သည်။

“တည်ဆောက်ရေးကာလကို သုံးနှစ်အတွင်း ဆောင်ရွက်ဖို့ရှိတယ်။ တိုင်းရင်းသားလုပ်ငန်းရှင်တွေကို အဓိကဦးစားပေး လုပ်ကိုင်ခွင့်ပြုမယ်”ဟု ဦးချိုသန်းမောင်က ပြောသည်။




ဓာတ်ပုံ-မိုးညို

**မြန်မာ့စွမ်းအားရှင် ဂရု(ပ်)အက်(စ်)ကုမ္ပဏီဖြစ်ပြီး ဆိပ်ခံတံတားသုံးစင်းနှင့် ကုန်သေတ္တာလွင်ပြင် သိုလှောင်စခန်းလုပ်ကိုင်ရန် မြေငှားရမ်းစာချုပ်ချုပ်ဆိုစဉ်**

အထက်ပါဆိပ်ကမ်း လုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် စိတ်ပါဝင်စားသော ပြည်တွင်းပြည်ပမှ လုပ်ငန်းရှင်များကို ဩဂုတ်၉ရက်တွင်ခေါ်ယူတွေ့ဆုံရှင်းလင်းပွဲ ပြုလုပ်မည်ဖြစ်ကြောင်း ဩဂုတ် ၄ ရက်ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိသည်။

လက်ရှိတွင် ဆိပ်ကမ်းများအား ပုဂ္ဂလိကသို့ ပထမဆုံး လုပ်ကိုင်ခွင့်ရသည့် ကုမ္ပဏီမှာ မြန်မာ့စွမ်းအားရှင် ဂရု(ပ်)အက်(စ်)ကုမ္ပဏီဖြစ်ပြီး ဆိပ်ခံတံတားသုံးစင်းနှင့် ကုန်သေတ္တာလွင်ပြင် သိုလှောင်စခန်း လုပ်ကိုင်နိုင်ရန်အတွက် မြေ ၁၇ ဧကကျော်ကို စတင်လွှဲပြောင်း လုပ်ကိုင်ခွင့်ပေးခဲ့ပြီဖြစ်ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ယင်းကုမ္ပဏီနှင့် မြေငှားလက်မှတ်စာချုပ် ချုပ်ဆိုပွဲတွင် ပြောသည်။

လက်ရှိတွင် ရန်ကုန်ဆိပ်ကမ်းမှာ မြန်မာတစ်နိုင်ငံလုံး၏ သွင်းကုန်ထုတ်ကုန်တန်ဖိုး၏ ၈၅ ရာခိုင်နှုန်းကို လုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိပြီး ၂၀၁၁-၂၀၁၂ အတွင်း ရန်ကုန်ဆိပ်ကမ်းနှင့် နိုင်ငံခြားသင်္ဘောကြီးပေါင်း ၁,၈၃၆ စီး ဆိုက်ကပ်ခဲ့ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ထုတ်ပြန်သည်။ ဇူလိုင် ၂၉ ရက်က ပြုလုပ်ခဲ့သော ဆိပ်ကမ်းအဆင့်မြှင့်တင်ရေး ရှင်းလင်းပွဲတွင် ယခုသတ်မှတ်ထားသော ဆိပ်ခံတံတားအသစ်နှင့် ဆိပ်ကမ်းများ ပြီးစီးပါက ရန်ကုန်ဆိပ်ကမ်းတွင် ဆိပ်ခံတံတားအသစ်များကို ထပ်မံ၍ ဆောက်လုပ်ခြင်း ခွင့်မပြုတော့ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ပြောကြားသည်။

# မန္တလေးတွင် ယာဉ်တိုက်မှုကြောင့် သေဆုံးဒဏ်ရာရနှုန်း စံချိန်တင်

ညီညီဇော်

**မန္တလေး၊ ဩဂုတ် - ၄**

မန္တလေးမြို့တွင် ၂၀၁၂ ခုနှစ် ဇွန်လကုန်အထိ နှစ်ဝက်အတွင်း ယာဉ်တိုက်မှုကြောင့် သေဆုံး၊ ဒဏ်ရာရရှိမှုနှုန်းသည် ၂၀၁၀၊ ၂၀၁၁ ခုနှစ်များ၏ တစ်နှစ်တာသေဆုံး၊ ဒဏ်ရာရရှိသူနီးပါးပင် ရောက်ရှိနေကြောင်း သတင်းရရှိသည်။

ယာဉ်တိုက်မှုများတွင် ၂၀၁၀ ပြည့်နှစ်တွင် ယာဉ်တိုက်မှု(၃၈၀)မှု ဖြစ်ပွားပြီး၊ သေဆုံးသူ (၁၀၆) ဦး၊ ဒဏ်ရာရရှိသူ (၃၂၈) ဦးရှိခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် ယာဉ်တိုက်မှု ၃၁၀ မှုဖြစ်ပွားပြီး သေဆုံးသူ ၁၃၃ ဦး၊ ဒဏ်ရာရရှိသူ ၄၀၂ ဦးရှိခဲ့သည်။ ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှ ဇွန်လကုန်အထိ ၆ လတာကာလတွင် ယာဉ်တိုက်မှု ၃၀၈ မှုဖြစ်ပွားကာ သေဆုံးသူ ၉၇ ဦး၊ ဒဏ်ရာရရှိသူ ၃၃၇ ဦးရှိသည်ဟု မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ သတင်းထုတ်ပြန်သည်။

“တစ်ဦးချင်းစီက ပင်ကိုအသိစိတ်လေးနဲ့ ယာဉ်စည်းကမ်းကို လိုက်နာနိုင်မယ်ဆိုရင်တော့ ဖြစ်တာနည်းနိုင်တယ်။ တော်တော်များများဖြစ်တာက စည်းကမ်းမလိုက်နာလို့ ဖြစ်ကြတာများတယ်” ဟု ယာဉ်ထိန်းတစ်ဦးကပြောသည်။ မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းကြီးကြပ်ရေးထိန်းသိမ်း မှုကော်မတီမှ ယာဉ်မတော်တဆမှုများ မဖြစ်ပွားရေးနှင့် ယာဉ်စည်းကမ်းလမ်းစည်းကမ်း သတိမူရေးဆိုင်းဘုတ်ကြီးများကို လူစည်ကားရာနှင့် ယာဉ်ကြောရှုပ်ထွေးသည့် နေရာများတွင် စိုက်ထူထားသည်။

အဆိုပါဆိုင်းဘုတ်ကြီးများတွင်မန္တလေးခုနစ်မြို့နယ်အတွင်း သုံးနှစ်အတွင်းဖြစ်ပွားသော ယာဉ်တိုက်မှုများအရေအတွက်နှင့် ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည့် ပုံများကိုပါတွဲဖက်ဖော်ပြထားသည်။ “ဆိုင်းဘုတ်ကြီးတွေက သွေးထွက်သံယိုတွေခြေပြတ်လက်ပြတ်တွေ ခေါင်းကိုကားကြိတ်တာတွေပြထားတာ အော်ဂလီဆန်ပါတယ်ဗျာ။ ပညာပေးတာမှန်ပေမယ့် လူမြင်လို့မသင့်တော်ဘူးထင်တယ်” ဟု မန္တလေးမြို့ခံလုပ်ငန်းရှင်တစ်ဦးက သူ၏ အမြင်ကို ပြောကြားသည်။ မန္တလေးမြို့တွင် ယာဉ်တိုက်မှုများမှာ ဆိုင်ကယ်ကြောင့်ဖြစ်ပွားမှုပိုမိုများပြားပြီး လက်ရှိဆိုင်ကယ်အစီးရေမှာ ၃၇,၀၀၀ ကျော်ရှိသည်ဟု သတင်းရရှိသည်။

# မျက်နှာဖုံး - မြစ်ရေကြီး၍ ဒေသအချို့ ရေလွှမ်းမှ

သံလွင်မြစ်၊ စစ်တောင်းမြစ်၊ ပဲခူးမြစ်၊ တနင်္သာရီမြစ်ရေကြီး၍ မြစ်ကမ်းတစ်လျှောက်ရှိ မြို့ရွာအချို့ ရေလွှမ်းမိုးနေသည်။

သံလွင်မြစ်ရေတက်မှုကြောင့် ကျိုက်မရော၊ မော်လမြိုင်၊ ဘားအံမြို့နှင့် အနီးတစ်ဝိုက် ကျေးရွာများတွင် ရေလွှမ်း၍ နေအိမ်နစ်မြုပ်သည်မှာ ကိုးရက်ခန့်ရှိသောကြောင့် သက်ဆိုင်ရာ ရေလွတ်သည့် ဘုန်းကြီးကျောင်းများနှင့် စာသင်ကျောင်းများတွင် ရေဘေးဒုက္ခသည်များအတွက် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားကြောင်း မြို့ခံများကပြောသည်။

“ကမ်းနားလမ်းတစ်လျှောက်မှာရှိတဲ့ အိမ်တွေကတော့ ခေါင်မိုးပဲ မြင်ရတယ်။ ဘားအံ-မော်လမြိုင် ကားလမ်းက ရေကျော်နေတယ်။ ကားလမ်းတစ်လျှောက် မြစ်နဲ့နီးတဲ့ ကျေးရွာတွေ ရေမြုပ်တယ်။ ဘားအံကနေ တက်လာတဲ့ကားတွေ မော်လမြိုင်သွားရင် ရက်စောင့်ရတယ်။ ကားလမ်းကိုတော့ တစ်ပေခွဲကျော်လောက် တက်တယ်။ နေအိမ်တွေကိုတော့ လေးပေလောက် တက်တယ်။ တက်လိုက် ကျလိုက်နဲ့ ၁၅ ရက်တော့ရှိပြီ”ဟု ဘားအံမြို့နေ ကိုရှည်ကြီးကပြောသည်။

ဘားအံမြို့ အမှတ်(၂)၊ (၄)၊ (၅)၊ (၆)ရပ်ကွက်များနှင့် ဈေးအနောက်ဘက် နေအိမ်များ၊ သံလွင်မြစ်ကမ်းနား လမ်းများတွင် ရေလွှမ်းနေသောကြောင့် အားကစားကွင်းတွင်ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရကြောင်း ဘားအံမြို့နေ ကိုမြင့်ဟိန်းကပြောသည်။

ဘားအံမြို့ပေါ်တွင် ကယ်ဆယ်ရေးစခန်းရှစ်ခုရှိပြီး လှတာကျေးရွာတွင်ကယ်ဆယ်ရေးစခန်း သုံးခုနှင့် တရုတ်လှကျေးရွာတွင် တစ်ခုဖွင့်လှစ်ထားကြောင်း၊ ရေဘေးဒုက္ခသည် ၅,၄၀၀ ဦးကျော်ရှိပြီး အစားအသောက်ပစ္စည်းများ လိုအပ်နေကြောင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ အတည်ပြုပြောသည်။

အစားအသောက် ပစ္စည်းတွင် မီးဖိုချောင်သုံးပစ္စည်းများလိုအပ်နေပြီး၊ လှူဒါန်းလိုပါက ရွှေရင်မျှော်ကွပ်ကဲရုံး ၀၅၈-၂၂၈၈၃ နှင့် ပြည်နယ်အစိုးရရုံး ၀၅၈-၂၁၂၃၃ တို့အား ဆက်သွယ်လှူဒါန်းနိုင်သည်။

ကျိုက်မရော ကယ်ဆယ်ရေးစခန်းတွင် ရေဘေးဒုက္ခသည် ၃၀၀ ကျော်ရှိသည့်ကယ်ဆယ်ရေးစခန်းကို အ. မ. က(၁) ကျောင်းတွင် ဖွင့်လှစ်ထားပြီး အစားအသောက်ပစ္စည်းများလုံလောက်နေ၍ မလိုအပ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ အကြီးတန်းတာဝန်ရှိသူတစ်ဦးကပြောသည်။

ကျိုက်မရောမြို့နှင့် မော်လမြိုင်မြို့တွင် ပင်လယ်ရေထရက်နှင့် ချောင်းရေတိုးမှုမှာ တိုက်ဆိုင်သောကြောင့် ဩဂုတ် ၆ ရက်ထိ ရေမကျသေးပေ။ ရေတက်သည်မှာ ငါးရက်ခန့်ရှိပြီဖြစ်ပြီး ကျိုက်မရောမြို့နယ်အတွင်းရှိ ကျေးရွာလေးရွာတွင် ရေလွှမ်းခံရကာ မိုးသည်းထန်စွာ ရွာသွန်းသည်မှာ လေးရက်ခန့်ရှိပြီဖြစ်ကြောင်း ကျိုက်မရောအနီးတစ်ဝိုက် ကျေးရွာများတွင် လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေသူ ဦးအောင်ရွှေက ပြောသည်။

စစ်တောင်းမြစ်ရေမြင့်တက်မှုကြောင့် ညောင်လေးပင်မြို့နယ် ကျေးရွာငါးရွာမှ အိမ်များ နစ်မြုပ်မှုကြောင့် လူဦးရေ ၈,၄၁၈ ဦးမှာ ကျေးရွာ ဘုန်းကြီးကျောင်းနှင့် စာသင်ကျောင်းများတွင် ကယ်ဆယ်ရေး စခန်းများ ဖွင့်လှစ်ထားကြောင်း နိုင်ငံပိုင် သတင်းစာများတွင်ဖော်ပြထားသည်။ စစ်တောင်းမြစ်ရေလျှံမှုကြောင့် ကညင်ကျိုး ကျေးရွာတိုက်နယ်ဆေးရုံတွင် ရေခြောက်လက်မခန့် ဝင်ရောက်ခဲ့ပြီး လူနာများကို ကျေးရွာဘုန်းကြီးကျောင်းသို့ ပြောင်းရွှေ့ထားကြောင်း၊ စာသင်ကျောင်းအချို့ကိုလည်း ပိတ်ထားကြောင်း ဒေသခံတစ်ဦးက ပြောသည်။

တနင်္သာရီမြစ် ရေကြီးမှုကြောင့် တနင်္သာရီမြို့နှင့် တနင်္သာရီမြို့နယ်တွင်းရှိကျေးရွာ ၃၀ ကျော်တွင် ရေလွှမ်းမိုးမှုဒဏ် ခံနေရကြောင်းဒေသခံများက ပြောကြားသည်။ ရေဘေးကြုံတွေ့နေရသော ကျေးရွာများမှာ ညောင်ပင်ကွင်းကျေးရွာ၊ ကဝကျေးရွာ၊ အင်းတော်ကျေးရွာ၊ ဗောဓိတန်း၊ လိပ်တောင်၊ ပန်လော၊ ကျောင်းမီးချောင်း၊ ဒန်းပဲ၊ မမ တောင်အရှေ့၊ အောက်ကင်းအရှေ့စသည့် ကျေးရွာများဖြစ်သည်။

ရေလွှမ်းမိုးမှုကြောင့်တနင်္သာရီမြို့ပေါ်ရှိ အထက်တန်းကျောင်း၏နှစ်ထပ်စာသင်ဆောင်အောက်ထပ်ရေမြုပ်နေသည်။ တနင်္သာရီမြို့သည် နှစ်စဉ်ရေလွှမ်းမိုးမှုဒဏ်ခံရသော မြို့နယ်ဖြစ်သော်လည်း ယခုနှစ်တွင် မိုးရေနှင့် တနင်္သာရီမြစ်ရေပေါင်း၍ ရေပိုများခဲ့သည်ဟု ဒေသခံများက ပြောသည်။

ရေဝင်ရောက်မှုမှာ ဇူလိုင်လ ၂၇ ရက်နှင့် ၂၈ ရက်တွင် စတင်ခဲ့ပြီး နံနက်ပိုင်းတွင် အမြင့် ၁ ပေနှင့် ညပိုင်းတွင် ၁ ပေဝင်ရောက်ခြင်းဖြစ်ပြီး ရေဆက်မတက်သော်လည်းဩဂုတ် ၅ ရက်အထိရေမကျသေးကြောင်း ဒေသခံများကပြောသည်။ ရေဘေးဒဏ်ကြုံရသူများသည် ကျေးရွာများရှိ ဘုန်းကြီးကျောင်းများတွင် စုနေကြပြီး မြို့ခံများနှင့်မြိတ်မြို့နယ်မှဒေသခံအချို့ကရေဘေးဒဏ်ကြုံရသူများကို စုပေါင်း၍ကူညီစောင့်ရှောက်မှုများပေးနေကြောင်း သတင်းရရှိသည်။ “အခု ကျွန်တော်တို့ လုံးဝရွှေ့ပြောင်းနေရသူတွေကို တစ်အိမ်ထောင်ဆန်သုံးပြည်နဲ့ ခေါက်ဆွဲခြောက်တွေ ပေးနိုင်အောင်ကြိုးစားနေတယ်။ အဓိကလိုနေတာက ကျန်းမာရေးစောင့်ရှောက်မှုတွေလိုနေတာ၊ ခြင်တွေကြောင့် တုပ်ကွေးနဲ့ကူးစက်ရောဂါတွေဖြစ်နေပါတယ်။ ဒါကို လုပ်ဖို့လိုနေတယ်” ဟု ရေဘေးသင့်သူများကို ကူညီစောင့်ရှောက်မှုများပေးနေသူ ကိုဥက္ကာက ပြောသည်။

တနင်္သာရီမြို့နယ်နှင့် ထားဝယ်မြို့တွင် ဩဂုတ် ၆ ရက်က ရေအနည်းငယ် ပြန်ကျသွားပြီဖြစ်ကြောင်း သတင်းရရှိသည်။

ရွှေကျင်မြစ်ရေသည် ပြီးခဲ့သည့် ရက်သတ္တပတ်မှစတင်၍ မြင့်တက်လာခဲ့ရာ ရွှေကျင်မြစ်တစ်ဖက်ကမ်းရှိ မဒေါက်မြို့တွင် ရေတိုးမှုများ အလွန်လျင်မြန်စွာကြုံတွေ့နေရကြောင်းဒေသခံတစ်ဦးကပြောသည်။ မဒေါက်မြို့ရှိ မြို့မ(၁)နှင့် (၂) ရပ်ကွက်လူဦးရေ ၁,၀၀၀ မှာ ရေလွှမ်းမိုးမှုဒဏ်ကိုခံနေရသည်။

ပဲခူးမြစ်ရေတက်မှုကြောင့် ရွှေသာလျောင်းရပ်ကွက်တွင် ရေများဝင်ရောက်၍ လျှပ်စစ်မီးများပြတ်တောက်လျက်ရှိပြီး၊ ရေဘေးဒုက္ခသည်များအား ဘုန်းတော်ကြီးကျောင်းမှ ထမင်းထုပ်ဝေပေးနေရသည်။ မြစ်ရေတက်မှုကြောင့် စာသင်ကျောင်းအချို့ကိုပိတ်ထားရကြောင်း ပဲခူးမြို့တွင် နေထိုင်သူကိုအောင်မိုးဟိန်းကပြောသည်။

မိုးလေဝသနှင့် ဇလဗေဒဝက်ဘ်ဆိုက် သတင်းထုတ်ပြန်ချက်အရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်သော လေဖိအားနည်းရပ်ဝန်းမှာ အားပျော့ပျက်ပြယ်သွားပြီဖြစ်သော်လည်း ကပ္ပလီပင်လယ်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းရာမှ အလွန်ကောင်းလာကြောင်း ထုတ်ပြန်ထားသည်။

ယခုရက်ပိုင်း ဖြစ်ပေါ်နေသော ရာသီဥတု အခြေအနေကြောင့် ဝေနံမြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ်၊ မြစ်ငယ်မြစ်၊ ရွှေကျင်မြစ်များတစ်လျှောက်ရှိ ငါးသိုင်းချောင်း၊ ကလေးဝ၊ တောင်ငူ၊ မြစ်ငယ်၊ မဒေါက်မြို့တို့နှင့်အတူ ယင်းမြို့အောက်ပိုင်း ကျေးရွာများတစ်လျှောက် မြစ်များ စိုးရိမ်ရေမှတ်ကျော်လွန်သောကြောင့် ရေကြီးမည်ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးချစ်ကျော်က ပြောသည်။

7DAY NEWS JOURNAL
Vol.11, No.22 • AUGUST 9 , 2012

## မစ္စတာသောမတ်ကင်တားနား၏ ထုတ်ပြန်ချက် အငြင်းပွားဖွယ်ရာများ

**ရန်ကုန်၊ ဩဂုတ်-၄**

မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးအထူးကိုယ်စားလှယ်ကင်တားနား၏ ခြောက်ရက်ကြာ မြန်မာနိုင်ငံခရီးစဉ်အပြီး မြန်မာနိုင်ငံမှမထွက်ခွာမီပြုလုပ်သော ရန်ကုန်လေဆိပ်၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ၎င်း၏ ထုတ်ပြန်ချက်များမှာ အစိုးရ၏ တရားဝင် နိုင်ငံတကာသို့ အသိပေးထုတ်ပြန်ချက်များနှင့်ကွဲပြားမှုများရှိပြီး အချို့အချက်များမှာ အငြင်းပွားဖွယ်ရာဖြစ်နေသည်။

အစိုးရက မြန်မာနိုင်ငံတွင် ရိုဟင်ဂျာလူမျိုးမရှိဘဲ ဗြိတိသျှကိုလိုနီလက်အောက်တွင်မြန်မာနိုင်ငံသို့ လာရောက်နေထိုင်ရာမှ မွေးဖွားခဲ့သော ၎င်းတို့၏မျိုးဆက် ဘင်္ဂါလီလူမျိုးသာရှိသည်ဟု အတိအလင်း ထုတ်ပြန်ထားသော်လည်း ရှင်းလင်းပွဲတွင် ကင်တာနားက ရိုဟင်ဂျာဟူ၍သာ တွင်တွင်သုံးသွားသည်။

“လူ့အဖွဲ့အစည်းနှစ်ရပ်ကို ခွဲခြားရေးထက် ပေါင်းစည်းမှုပေါ် အခြေခံတဲ့ မဟာဗျူဟာတစ်ရပ် ဖော်ထုတ်ရပါမယ်။ ရခိုင်ပြည်နယ်က လူ့အဖွဲ့အစည်းတွေကြားက အမြစ်တွယ်နေတဲ့မုန်းတီးမှုတွေနဲ့ မယုံကြည်မှုတွေနဲ့ ပတ်သက်ပြီးတော့လည်း ကျွန်တော် အလွန်အမင်းစိုးရိမ်မိပါတယ်။ အစိုးရက ရဲရင့်တဲ့ခြေလှမ်းတွေ မလှမ်းဘူးဆိုရင် အခြေအနေဟာပိုမိုယိုယွင်းပျက်စီးသွားပါလိမ့်မယ်။ ဒီအကြောင်းအရာနဲ့ပတ်သက်ပြီးတော့ ကျွန်တော့်ရဲ့ လုပ်ပိုင်ခွင့်ကာလတစ်လျှောက်လုံးမှာရိုဟင်ဂျာတွေကိုစနစ်တကျခွဲခြားဆက်ဆံမှုတွေအပေါ် ပူပန်မှုတွေကို တောက်လျှောက်အသားပေးခဲ့ပါတယ်။ ဒီပူပန်မှုတွေမှာ ရိုဟင်ဂျာတွေကို နိုင်ငံသားအဖြစ်ငြင်းပယ်မှုသို့မဟုတ် တရားဝင်အနေအထားမပေးမှု၊ သူတို့ရဲ့ လွတ်လပ်စွာသွားလာလှုပ်ရှားခွင့်အပေါ် ကန့်သတ်ချက်များထားရှိမှု၊ အိမ်ထောင်ရေးချုပ်ချယ်မှုနဲ့ အခြားခွဲခြားဆက်ဆံမှု ပေါ်လစီတွေပါဝင်ပါတယ်” ဟု ပြောသည်။

ထို့အပြင် ၎င်းက ၁၉၈၂ခုနှစ် နိုင်ငံသားဥပဒေကို ပြန်လည် သုံးသပ်ရန်လည်း ၎င်းကဆိုသည်။ ထိုဥပဒေမှာ ၁၉၄၈မတိုင်ခင် မြန်မာနိုင်ငံ၌နေထိုင်သော ဘင်္ဂါလီမိဘနှစ်ပါးက မွေးဖွားလာသူ တတိယမျိုးဆက်ကိုသာ နိုင်ငံသားအဖြစ် အသိအမှတ်ပြုသည်။

“နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းတွေနဲ့ကိုက်ညီစေဖို့ရာ ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေကိုပြန်လှန်သုံးသပ်ခြင်း အပါအဝင်ဒီကိစ္စတွေကိုဖြေရှင်းသွားမယ်လို့ကျွန်တော် မျှော်လင့်ပါတယ်။ ရိုဟင်ဂျာတွေရဲ့ နိုင်ငံမဲ့မှုအခြေအနေအတွက် တာရှည်ခံမယ့်ဖြေရှင်းချက်တွေကိုဖော်ထုတ်ရာမှာ နိုင်ငံတကာ အသိုင်းအဝိုင်းကလည်း ပါဝင်ဆောင်ရွက်ရပါမယ်။ အဲဒီဖြေရှင်းချက်တွေကို လူ့အခွင့်အရေးအခြေခံမှုတွေအပေါ်မှာ မူတည်ရပါမယ်”။

ဇူလိုင်၃၀ရက်က ကျင်းပခဲ့သော သတင်းစာရှင်းလင်းပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ရခိုင်ပြည်နယ်တွင်ဖြစ်ပေါ်ခဲ့သော ပဋိပက္ခများကို ဖြေရှင်းရာတွင် အာဏာပိုင်များက မလိုအပ်ဘဲ အင်အားအလွန်အကျွံ အသုံးပြုကြောင်း အချို့အသိုင်းအဝိုင်း၏ စွပ်စွဲချက်များကို မြန်မာနိုင်ငံအနေဖြင့်အခိုင်အမာငြင်းဆိုသည်ဟု ပြောခဲ့သည်။

သို့သော် ရခိုင်ပြည်နယ်သို့ သွားရောက်စုံစမ်းမှုများ ပြုလုပ်ခဲ့သော ကင်တားနားကမူ “တည်ငြိမ်အေးချမ်းမှုပြန်လည်ရရှိအောင်လုပ်ဆောင်ရာမှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေကျူးလွန်ခဲ့တယ်ဆိုတဲ့ ကျွန်တော်လက်ခံရရှိခဲ့တဲ့ စွပ်စွဲချက်တွေအပေါ်မှာကျွန်တော်စိုးရိမ်ပူပန်မိပါတယ်။ ဒီစွပ်စွဲမှုတွေထဲမှာ လုံခြုံရေးနဲ့တပ်ဖွဲ့ဝင်တွေရဲ့ အင်အားအလွန်အကျွံသုံးစွဲမှု၊ စစ်ဆေးမေးမြန်းမှုမရှိ ဖမ်းဆီးထိန်းသိမ်းမှု၊ သတ်ဖြတ်မှု၊ လုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်ရေးအာမခံချက်များ ငြင်းပယ်ခံရမှု၊ ထိန်းသိမ်းရာနေရာများတွင် ညှဉ်းပန်းနှိပ်စက်မှုတွေ ပါဝင်ပါတယ်။ ဒီစွပ်စွဲချက်တွေကို အခုအချိန်မှာ ရှင်းလင်းအတည်ပြုဖို့ရာ မတတ်နိုင်ပေမယ့်လည်း ဒါတွေဟာ အလွန်စိုးရိမ်ပူပန်စရာကောင်းပါတယ်။ ဒါကြောင့် ရခိုင်ပြည်နယ်မှာဖြစ်ပျက်ခဲ့တာတွေကို ရှင်းရှင်းလင်းလင်း ဖော်ထုတ်ဖို့ရာ အခြေခံကျကျ အရေးကြီးလှပြီး တာဝန်ယူမှု ရှိဖို့လိုပါတယ်”ဟုဆိုသည်။

ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းနှစ်ခုမှ ဝန်ထမ်းအချို့အပါအဝင် INGO အချို့မှ ဝန်ထမ်းကိုးဦးအား ဖမ်းဆီးခဲ့ခြင်းမှာ ရခိုင်ပြည်နယ်ပဋိပက္ခများတွင် ပါဝင်ပတ်သက်ခဲ့ခြင်းကြောင့်ဖြစ်ပြီး သက်သေအခိုင်အမာရှိပြီး ၎င်းတို့အား ဥပဒေအရ ရှေ့နေငှားရမ်းခွင့်ပြုထားကြောင်းလည်း အစိုးရက တရားဝင်ပြောသည်။ သို့သော် ကင်တာနားက “ကျွန်တော်တို့တွေ့ဆုံမေးမြန်းမှုတွေအပေါ် အခြေခံပြီးပြောရရင် ထိန်းသိမ်းခံထားရတဲ့ လူတွေအပေါ် ဆက်ဆံမှုတွေနဲ့ပတ်သက်ပြီး ကျွန်တော် အလွန်ကို စိုးရိမ်ပါတယ်။ ကျွန်တော့်အမြင်ကတော့ သူတို့အပေါ် ထားရှိတဲ့ စွဲချက်တွေဟာ အခြေအမြစ်မရှိဘူး။ သူတို့အတွက် အစီအစဉ်တကျ လုပ်ဆောင်မှု အခွင့်အရေးတွေလည်းငြင်းပယ်ခံထားရပါတယ်။ . . . ဒါ့ကြောင့် ဒီလူတွေကို ချက်ချင်းလွှတ်ပေးဖို့နဲ့ သူတို့ရဲ့အမှုတွေကို ပြန်လှန်သုံးသပ်ဖို့ရာ တိုက်တွန်းပါတယ်” ဟု ဆိုပြန်သည်။

ကင်တားနားက ၂၀၁၃တွင် လူ့အခွင့်အရေးကောင်စီသို့ အစီရင်ခံစာမတင်သွင်းမီ မြန်မာနိုင်ငံသို့ ထပ်မံလာရောက်ရန်မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

## အချိုးကျ ကိုယ်စားပြုစနစ်အကြောင်း စက်တင်ဘာတွင် ဆွေးနွေးပွဲကျင်းပမည်

**အောင်နိုင်**

**ရန်ကုန်၊ ဇူလိုင်-၂**

အချိုးကျကိုယ်စားပြုစနစ်(PR) ကို ပိုမိုလေ့လာနိုင်ရန် နော်ဝေအခြေစိုက် Myanmar Peace Support Initiative(MPSI) က မြန်မာနိုင်ငံတွင် ဆွေးနွေးပွဲတစ်ခုကို စက်တင်ဘာတွင် လာရောက်ပြုလုပ်မည်ဖြစ်ကြောင်း ချင်းအမျိုးသားပါတီဥက္ကဋ္ဌ ဦးဇိုဇမ်က ပြောသည်။

ကမ္ဘာပေါ်တွင် နိုင်ငံပေါင်း ၉၀ ခန့်ကျင့်သုံးနေသော အချိုးကျကိုယ်စားပြုစနစ်ကို နိုင်ငံရေးပါတီများအနေဖြင့် လေ့လာဆွေးနွေးနိုင်ရန်အတွက်ပြုလုပ်ခြင်းဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ဆိုသည်။

“မြန်မာ့ဒီမိုကရေစီပြောင်းလဲရေးကို အထူးစိတ်ဝင်စားတဲ့ ပညာရှင်သုံးဦးလာဆွေးနွေးမှာပါ။ အဓိကကတော့ တိုင်းရင်းသားပါတီတွေနဲ့ပါ” ဟုပြောသည်။

လွှတ်တော်တွင် အချိုးကျကိုယ်စားပြုစနစ်ကို အလျင်စလိုမဆုံးဖြတ်သင့်ကြောင်း၊ ပါတီများနှင့်ပြည်သူများသေချာစွာသဘောပေါက်စေရန် အင်န်ဂျီအို၊ အိုင်အင်န်ဂျီအိုများက ရှင်းပြသင့်ကြောင်း ကောင်းစွာနားလည်ပြီးမှ အဆုံးအဖြတ်ခံယူခြင်းက ကောင်းမွန်ကြောင်း ဦးဇိုဇမ်ကဆက်လက်ပြောသည်။

အချိုးကျ ကိုယ်စားပြုစနစ်ကို ဆွေးနွေးရန် ရွေးကောက်ပွဲကော်မရှင်နှင့် ဒီမိုကရေစီမိတ်ဆွေများ ပါတီ ၁၀ ခုကို ဇူလိုင် ၂၇ ရက်က တွေ့ဆုံပြီးနောက် တိုင်းရင်းသားပါတီအချို့က ၎င်းတို့၏သဘောထားအမြင်များကိုထုတ်ပြန်ခဲ့သည်။

“ဒီစနစ်တောင်မှ ၂ နှစ်လောက်ရှိသေးတာ။ အသားမကျသေးဘူး” ဟု အက်စ်အင်န်ဒီပီ မှ ဦးစိုင်းလှကျော်က ပြောသည်။ သို့ရာတွင် အချိုးကျစနစ်ကို ပညာရှင်များနှင့် ဆွေးနွေးခြင်းသည် ကောင်းမွန်ကြောင်း ၎င်းက သုံးသပ်သည်။

ရခိုင်တိုင်းရင်းသား တိုးတက်ရေးပါတီက ဇူလိုင် ၂၇ ရက်စွဲဖြင့် သဘောထားကြေညာချက်တစ်စောင်ကို ထုတ်ပြန်ခဲ့သည်။ အချိုးကျစနစ်သည် ရခိုင်ပြည်နယ်အနေဖြင့် သင့်လျော်မှုမရှိကြောင်း ထည့်သွင်းဖော်ပြထားသည်။

အဆိုပါဆွေးနွေးပွဲကို MPSI မှ Charies Petrie, Ashley Sorth နှင့် Tom Kramer တို့က လာရောက်ဆွေးနွေးမည်ဖြစ်ကြောင်း ဦးဇိုဇမ်ကပြောသည်။

MPSI ကို မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲလုပ်ငန်းများနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းများကို ပံ့ပိုးကူညီရန်အတွက် နော်ဝေ အစိုးရကဦးဆောင်၍ ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

## Air Asia လေကြောင်းလိုင်း ဘန်ကောက်-မန္တလေး တိုက်ရိုက်ပျံသန်းမည်

**နေလင်းထွန်း**

**ဘန်ကောက်၊ ဩဂုတ်-၆**

Air Asia လေကြောင်းလိုင်းသည် လာမည့် အောက်တိုဘာမှစတင်၍ မန္တလေးနှင့် ဘန်ကောက်မြို့သို့တိုက်ရိုက်ပြေးဆွဲသွားမည်ဖြစ်ပြီး ရန်ကုန်နှင့် ဘန်ကောက်ခရီးစဉ်ကိုလည်း တိုးချဲ့ပြေးဆွဲသွားမည်ဖြစ်ကြောင်း Air Asia လေကြောင်းလိုင်း၏ အမှုဆောင်အရာရှိချုပ် Mr.Tassapon Bijleveld က ပြောသည်။

အောက်တိုဘာ ၄ ရက်မှစတင်၍ ဘန်ကောက်နှင့်မန္တလေးမြို့သို့ တစ်ပတ်လျှင် လေးကြိမ်၊ တနင်္လာ၊ အင်္ဂါ၊ ကြာသပတေးနှင့် စနေနေ့တို့တွင် ခရီးသည် ၁၈၀ စီးနင်းနိုင်မည့် အဲဘတ်စ် အေ ၃၂၀ ဖြင့် တိုက်ရိုက်ပျံသန်းပြေးဆွဲသွားမည်ဖြစ်သည်။ ထို့အပြင် ရန်ကုန်နှင့် ဘန်ကောက်မြို့သို့ အသွားအပြန် လေယာဉ်ခရီးစဉ်တစ်ကြိမ် တိုးချဲ့ပြေးဆွဲသွားမည်ဖြစ်သည်။

“မြန်မာနိုင်ငံက Air Asia အလေးထားတဲ့ နိုင်ငံတွေထဲမှာ ပါဝင်ပါတယ်။ ဘာလို့လဲဆိုတော့ ဆွဲဆောင်မှုတွေ အများကြီးရှိနေပြီး ကမ္ဘာကြီးနဲ့ စတင်နီးကပ်ပွင့်လင်းလာနေလို့ပါ။ ခရီးစဉ်တွေ တိုးချဲ့ပြေးဆွဲလိုက်တဲ့အတွက် ခရီးသည်တွေအနေနဲ့ အဆင်ပြေမယ့် အချိန်ကို ပိုမိုရွေးချယ်နိုင်တော့မှာဖြစ်ပါတယ်”ဟု Mr.Tassapon Bijleveld က ဘန်ကောက်မြို့တွင် ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

Air Asia လေကြောင်းလိုင်းသည် အရောင်းမြှင့်တင်မှု အစီအစဉ်အဖြစ် အောက်တိုဘာ ၄ ရက်မှ ဒီဇင်ဘာ ၃၁ ရက်တွင် ဘန်ကောက်နှင့် ရန်ကုန်မြို့သို့ စီးနင်းမည့် ခရီးသည်များအတွက် ခရီးစဉ်တစ်ကြောင်းလျှင် အမေရိကန်ဒေါ်လာ ၄၂ နှင့် ဘန်ကောက်နှင့် မန္တလေးမြို့သို့ စီးနင်းမည့် ခရီးသည်များအတွက် ခရီးစဉ်တစ်ကြောင်းလျှင် အမေရိကန်ဒေါ်လာ ၄၉ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားသည်။ ၎င်းလေကြောင်းလိုင်းသည် အောက်တိုဘာလဆန်းမှစ၍ ဘန်ကောက်မြို့ရှိ သုဝဏ္ဏဘူမိလေဆိပ်သို့ လေယာဉ်ဆင်းသက်နေရာမှ ဒွန်မောင်းလေဆိပ်သို့ ပြောင်းလဲဆင်းသက်သွားမည်ဖြစ်ကြောင်း သိရသည်။

## အက်ဖ်အီးစီကို တစ်နှစ်အတွင်း ဖျက်သိမ်းရန် မျှော်မှန်း

**အားမာန်**

**ရန်ကုန်၊ ဩဂုတ် - ၇**



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အက်ဖ်အီးစီကို ဖျက်သိမ်းလျှင် လက်ဝယ်ကိုင်ဆောင်ထားသူများ မနစ်နာစေရန် တန်ဖိုးညီမျှသည့် ဒေါ်လာကိုဖြစ်စေ၊ ကျပ်ငွေကိုဖြစ်စေရရှိစေရန် စီစဉ်ပေးမည်ဖြစ်ပြီး၊ လုံလောက်သောအချိန်ပေးမည်ဖြစ်ကာ ယခုမှစ၍ တစ်နှစ်အတွင်း အက်ဖ်အီးစီဖျက်သိမ်းနိုင်ရန် မျှော်မှန်းထားကြောင်း တာဝန်ရှိသူကပြောကြားသည်။

ဩဂုတ် ၁ ရက်က မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် ပြုလုပ်ခဲ့သော အစည်းအဝေးတစ်ခု၌ စီးပွားရေးလုပ်ငန်းရှင်များကို ဘဏ္ဍာရေးနှင့်အခွန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက အက်ဖ်အီးစီကို တစ်နှစ်အတွင်း ဖျက်သိမ်းမည်ဟုပြောကြားခဲ့ကြောင်း လုပ်ငန်းရှင်အချို့ကပြောသည်။

ထို့ကြောင့် အက်ဖ်အီးစီ တစ်နှစ်အတွင်း ဖျက်သိမ်းရန် ဟုတ်၊ မဟုတ် ဗဟိုဘဏ်သို့ မေးမြန်းရာ အထက်ပါအတိုင်း ဖြေကြားခဲ့ခြင်းဖြစ်သည်။ ဗဟိုဘဏ်က အက်ဖ်အီးစီကို ၁၉၉၃ ဖေဖော်ဝါရီ ၄ ရက်မှစတင်ထုတ်ဝေခဲ့ပြီး၊ အက်ဖ်အီးစီတစ်ယူနစ်လျှင် ကန်တစ်ဒေါ်လာနှင့်ညီမျှသည်ဟုသတ်မှတ်ခဲ့သည်။ ၂၀၁၂ ဧပြီ ၁ ရက်မှစ၍ နိုင်ငံခြားငွေလဲနှုန်းများကို ထိန်းကျောင်းမှုရှိသည့် နှုန်းရှင်စနစ်သို့ ပြောင်းလဲကျင့်သုံးခဲ့ပြီး နေ့စဉ်ငွေလဲနှုန်းကို ဗဟိုဘဏ်က သတ်မှတ်ထုတ်ပြန်ပေးနေသည်။

ပုဂ္ဂလိကဘဏ်များကို နိုင်ငံခြားငွေစာရင်းဖွင့်ခွင့်၊ ရောင်းဝယ်ခွင့်များပြုခဲ့ပြီး၊ နိုင်ငံခြားငွေ ကိုင်ဆောင်ခွင့်နှင့်ပတ်သက်သော လုပ်ထုံးလုပ်နည်းများစွာကို ဖြေလျှော့ခဲ့သည့်အတွက် ယခုအခါ အက်ဖ်အီးစီကိုကြားခံအဖြစ်မလိုအပ်တော့ကြောင်း တာဝန်ရှိသူက ရှင်းပြသည်။ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေသစ် မကြာမီ ထွက်ပေါ်လာရန်ရှိခြင်း၊နိုင်ငံခြားငွေကြေးဈေးကွက်ဖွံ့ဖြိုးမှုမရှိသေးခြင်း စသည်တို့ကြောင့် စပ်ကူးမတ်ကူးကာလတွင် စနစ်တကျစီစဉ်ပြီးမှ အက်ဖ်အီးစီကို ဥပဒေနှင့်အညီ ရုပ်သိမ်းမည်ဟုဆိုသည်။ ထိုသို့ ရုပ်သိမ်းရာတွင်လည်း အက်ဖ်အီးစီ လက်ဝယ်ကိုင်ဆောင်ထားသူများနစ်နာမှုမရှိစေရန် အထက်ပါအတိုင်းညီမျှသည့်ငွေကြေးနှင့်လုံလောက်သည့်အချိန်ပေးမည်ဖြစ်ကာယခုမှစ၍တစ်နှစ်အတွင်းဖျက်သိမ်းနိုင်ရန် မျှော်လင့်ကြောင်း ဗဟိုဘဏ်မှ တာဝန်ရှိသူကပြောကြားခဲ့ခြင်းဖြစ်သည်။ ဗဟိုဘဏ် ၂၀၁၂ဧပြီ၁မှစ၍ နိုင်ငံခြားငွေ ပေါင်းစည်းရေး ဆောင်ရွက်နေသည့်အတွက် အက်ဖ်အီးစီကဏ္ဍ များစွာမရှိတော့ဘဲ ဖျက်သိမ်းလိုပါက ရဲရဲဝံ့ဝံ့ဆောင်ရွက်သင့်ကြောင်း ဘဏ်ပညာရှင်တစ်ဦးက အကြံပြုသည်။ ထိုသို့ဖျက်သိမ်းမည်ဆိုလျှင် အက်ဖ်အီးစီကို အရေးပါအောင် ဆောင်ရွက်ချက်မျိုး ကြားကာလတွင်မပြုလုပ်သင့်ကြောင်း ၎င်းကဆိုသည်။

7DAY NEWS JOURNAL
Vol.11, No.22 • AUGUST 9 , 2012



# ပုဂ္ဂလိကဘဏ်များကို နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ ဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်ပြု

**ယုဇနကိုကို၊ သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဩဂုတ် - ၇**

ဗဟိုဘဏ်၏ ခွင့်ပြုချက်ဖြင့် ပုဂ္ဂလိကဘဏ် ၁၁ ဘဏ်သည် နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ ဘဏ်လုပ်ငန်း (International Banking Service) လုပ်ကိုင်ဆောင်ရွက်ခွင့် ကိုရရှိသွားပြီဖြစ်ကြောင်း သတင်း ရရှိသည်။

နိုင်ငံတကာ ကုန်သွယ်မှုဆိုင်ရာဘဏ်လုပ်ငန်းများနှင့်ပတ်သက်၍ ဝန်ဆောင်မှုအမျိုးအစား လေးမျိုးဖြစ်သော နိုင်ငံခြားငွေစာရင်း ဖွင့်လှစ်ခြင်းလုပ်ငန်း၊ နိုင်ငံခြားငွေကြေးလွှဲပြောင်းပေးပို့ခြင်းလုပ်ငန်း၊ ကုန်သွယ်မှုဆိုင်ရာပို့ကုန်လုပ်ငန်းဝန်ဆောင်မှုများနှင့် ကုန်သွယ်မှုဆိုင်ရာ သွင်းကုန်လုပ်ငန်းဝန်ဆောင်မှုများကိုပုဂ္ဂလိကဘဏ် ၁၁ ဘဏ်က ဝန်ဆောင်မှုပေးမည်ဖြစ်သည်။

နိုင်ငံခြားငွေစာရင်း ဖွင့်လှစ်ခြင်းလုပ်ငန်းတွင် နိုင်ငံခြားငွေစာရင်း အချင်းချင်း စာရင်းပြောင်းနိုင်ခြင်းနှင့် အခြားသောပြည်တွင်းဘဏ်တစ်ခုခုနှင့် စာရင်းပြောင်းရွှေ့နိုင်ခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။

နိုင်ငံခြားငွေကြေး လွှဲပြောင်းပေးပို့ခြင်းလုပ်ငန်းတွင် လုပ်ကိုင်ခွင့် ရဘဏ်များနှင့် ချိတ်ဆက်ထားသည့်နိုင်ငံတကာဘဏ်များရှိစာ ရင်းများမှ အပြန်အလှန်လွှဲပို့ဆောင်ရွက်နိုင်ခြင်းကို ပြုလုပ်နိုင်မည်ဖြစ်ပြီး ယင်းစနစ်သည် ကုန်သွယ်မှုလုပ်ငန်းနှင့် သက်ဆိုင်သည်များကို ရှင်းလင်းပေးသည့်စနစ်တစ်ခုမဟုတ်ဟုသိရသည်။

ကုန်သွယ်မှု ပို့ကုန်လုပ်ငန်းဝန်ဆောင်မှုများကို ဆောင်ရွက်မည်ဆိုလျှင် ပို့ကုန်ကြိုတင်ငွေပေးချေခြင်းစနစ်နှင့် ပို့ကုန်ငွေလွှဲစာတမ်းစနစ်များနှင့် သက်ဆိုင်သည်များကို လုပ်ကိုင်နိုင်မည်ဖြစ်သည်။ ကုန်သွယ်မှု သွင်းကုန်လုပ်ငန်းဝန်ဆောင်မှုတွင် သွင်းကုန်ငွေလွှဲစာ တမ်းဖွင့်လှစ်ခြင်း၊ သွင်းကုန်ဘီလ်များ လက်ခံခြင်းနှင့် သဘော်ာ တင်အာမခံစာရွက်စာတမ်းထုတ်ပေးခြင်းများကို ဘဏ်များဘက်မှ ဆောင်ရွက်ပေးမည်ဖြစ်သည်ဟု သတင်းရရှိသည်။

ယခုကဲ့သို့ ပုဂ္ဂလိကဘဏ်များက နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ ဘဏ်လုပ်ငန်းကို ဆောင်ရွက်ခွင့်ရလိုက်ပြီဖြစ်သဖြင့် မြန်မာနိုင်ငံ၏ ပို့ကုန်သွင်းကုန်ကဏ္ဍကို ပိုမိုအထောက်အကူဖြစ်လာစေမည်ဖြစ်ကြောင်း အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်၏ (Customer Sevice Department) မှ ဒါရိုက်တာဦးသက်လွင်ရွှေက ပြော သည်။

အဆိုပါဘဏ်များအနေဖြင့် နိုင်ငံခြားဘဏ်များနှင့်လည်း ကြိုတင်ချိတ်ဆက်ထားပြီဖြစ်ပြီး အများအားဖြင့်ထိုင်း၊စင်ကာပူ၊မလေးရှား၊ ကိုရီးယားအစရှိသည့်နိုင်ငံများကဘဏ်များနှင့်ချိတ်ဆက်သွားမည်ဟု CBဘဏ်၏ မန်နေးဂျင်းဒါရိုက်တာဦးဖေမြင့်ကပြောသည်။

နိုင်ငံခြားငွေစာရင်းဖွင့်လှစ်ခြင်းလုပ်ငန်းတွင် အမေရိကန်ဒေါ်လာ၊ယူရိုငွေနှင့်စင်ကာပူဒေါ်လာများကို လက်ခံမည်ဖြစ်ပြီး နိုင်ငံခြားငွေ တရားဝင်ကိုင်ဆောင်ခွင့်ရှိသူများအနေဖြင့် ၎င်းတို့ဖွင့်လှစ်မည့် စာရင်းအပ်ငွေရရှိသည့် မူလအရင်းအမြစ်ကို တိတိကျကျပြသရန် လိုအပ်သည်။

CB ဘဏ်မှ တာဝန်ရှိသူတစ်ဦးဖြစ်သော ဒေါ်သိင်္ဂီနွယ်က "နိုင်ငံခြားငွေစာရင်းဖွင့်လှစ်မယ့်သူအနေနဲ့ သူတို့ရဲ့နိုင်ငံခြားငွေဘယ်ကရသလဲဆိုတဲ့ ရင်းမြစ်ကို ပြသရမှာဖြစ်တယ်။ နိုင်ငံခြားသားနဲ့လက်ထပ်ထားလို့ နိုင်ငံခြားငွေရရင် လက်ထပ်စာချုပ်ပြရမယ်။ ဘယ်လုပ်ငန်းမဆို နိုင်ငံခြားငွေရရှိတဲ့ အဓိကမူလရင်းမြစ်ကို ပြသနိုင်မှ ဖွင့်လို့ရမယ်"ဟု ပြောကြားသည်။

# ပြည်သူ့လွှတ်တော်၏ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီတွင် ဒေါ်အောင်ဆန်းစုကြည် ဥက္ကဋ္ဌဖြစ်လာ

**သီဟ**

**နေပြည်တော်၊ ဩဂုတ် - ၇**

ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီသစ်ကို ဩဂုတ် ၇ ရက်တွင်ဖွဲ့စည်းလိုက်ရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည်ဖြစ်သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ လွှတ်တော်ကိုယ်စားလှယ်ဦးဝင်းမြင့်က အတွင်းရေးမှူးအဖြစ်ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အထက်ပါ ကော်မတီတွင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူမည့် ဒေါ်အောင်ဆန်းစုကြည်က "ခံစားချက်ကတော့ ဒါအလုပ်ဖြစ်အောင်တော့ လုပ်ရမယ်ဆိုတာပေါ့။ အခွင့်အရေးရှိသလောက်ကိုပဲ ဥပဒေစိုးမိုးရေးမြှင့်တင်ရေးအတွက် အသုံးချရမယ်လို့ ဒီလိုပဲရိုးရိုးခံစားချက်ပါပဲ။ ဒီဟာကတော့ ငြိမ်းချမ်းရေးနဲ့တိုက်ရိုက်တော့မဆက်နွယ်ဘူး။ ကော်မတီက ဥပဒေစိုးမိုးရေးကို ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ခွာလို့မရဘူး။ ဒါတွေကတော့ ဆက်နွယ်နေမှာပဲ။ ဥပဒေစိုးမိုးရေး ပြည်တွင်းငြိမ်းချမ်းရေးဆိုတာ အမြဲပဲ ဆက်နွယ်နေတာပဲ။ ဥပဒေဆိုတာ လူ့အဖွဲ့အစည်းကို ထိန်းချုပ်ဖို့လို့ထင်တယ်။ အမေကတော့ ဒီလိုမယုံကြည်ဘူး။ ဥပဒေဆိုတာလူ့အဖွဲ့အစည်းကိုကာကွယ်ဖို့စောင့်ရှောက်ဖို့ လူ့အဖွဲ့အစည်းက ရသင့်ရထိုက်တဲ့ အခွင့်အရေးကိုကာကွယ်ဖို့စောင့်ရှောက်ဖို့ဒီပုံစံနဲ့ပဲ လုပ်သွားမှာပါ"ဟု ပြောသည်။ အထက်ပါကော်မတီသည် ပြည်သူ့လွှတ်တော်၏ ၂၀ ခုမြောက် ကော်မတီဖြစ်သည်။

ပြည်ထောင်စုအဆင့်ရှိယခုကော်မတီသစ်ကို သက်တမ်းတစ်နှစ်သတ်မှတ်ထားပြီး ကော်မတီအနေဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ပြည်သူ့အစိုးရ တရားရေးအဖွဲ့အစည်းများ၊ ပြည်သူ့ဝန်ထမ်းများ၊ သတင်းမီဒီယာနှင့်သက်ဆိုင်သူအားလုံးကိုတရားဥပဒေနှင့်အညီ နေထိုင်ပြုမူ လိုက်နာဆောင်ရွက်နိုင်ရေးအတွက် နှိုးဆော်တိုက်တွန်း ထိန်းညှိကူညီခြင်း၊ အရေးယူဆောင်ရွက်ရန်ရှိပါက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့်လွှတ်တော်သို့တင်ပြခြင်း၊ တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေသော အကြောင်းကိစ္စများ ပေါ်ပေါက်ပါက၊ ပေါ်ပေါက်သည်ဟု ယူဆပါက သက်ဆိုင်ဆက်စပ်သည့် အဖွဲ့အစည်းများကို ကူညီစောင့်ကြည့်ထိန်းညှိပေးခြင်း၊တရားဥပဒေစိုးမိုးမှုနှင့် တည်ငြိမ်အေးချမ်းရေးမှတစ်ဆင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုအောင်မြင်နိုင်ရေးအတွက် လေ့လာသုံးသပ်ဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကို လေ့လာ၍ ပယ်ဖျက်၊ ပြင်ဆင်၊ အသစ်ပြဋ္ဌာန်းရန်များ တွေ့ရှိက လွှတ်တော်သို့ တင်ပြခြင်း၊ သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည်တည်ဆဲဥပဒေများ၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့် ဥပဒေများနှင့်ညီညွတ်ဆီလျော်အောင်ဆောင်ရွက်ခြင်း၊ ညီညွတ်ဆီလျော်မှုရှိပါကလိုက်နာဆောင်ရွက်မှုကိုစောင့်ကြည့်ထိန်းညှိကူညီခြင်း တာဝန်များကို ဆောင်ရွက်ရမည်ဖြစ်သည်။ အဆိုပါ ကော်မတီသည် လုပ်ငန်းနှင့်ပတ်သက်၍ ဆက်စပ်သက်ဆိုင်သည့်အဖွဲ့အစည်းများ၊ တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးခွင့်ရှိသည်ဟုဆိုသည်။




**လွှတ်တော်သို့လာရောက်လေ့လာသည့် မုံရွာစီးပွားရေးတက္ကသိုလ်မှဆရာတစ်ဦး၏ တိုက်ပုံအင်္ကျီပေါ်တွင် အမှတ်တရလက်မှတ်ရေးထိုးပေးနေသည့် ဒေါ်အောင်ဆန်းစုကြည်**

ထိုကော်မတီတွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးအပါအဝင် ကော်မတီဝင် ၁၄ဦးပါဝင်သည်။

## သတင်းတိုများ

### ■ သမ္မတနှင့် ပါတီ ၁၄ခု မှ တာဝန်ရှိသူများ တွေ့ဆုံ

**အိဖြူလွင်၊ ရန်မျိုးနိုင်** **ရန်ကုန်၊ ဩဂုတ်-၂**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ၁၉၉၀ရွေးကောက်ပွဲ အနိုင်ရပါတီအချို့ အပါအဝင် ပါတီ ၁၄ခုမှ တာဝန်ရှိသူ ၁၆ဦးတို့သည် ဩဂုတ် ၄ ရက်တွင် နေပြည်တော်ရှိသမ္မတ၏ လယ်တောရိပ်သာ တွင် တွေ့ဆုံခဲ့ကြသည်။ ယင်းသို့ တွေ့ဆုံကြရာတွင် နိုင်ငံရေးပါတီများမှ နိုင်ငံရေး၊ စီး ပွားရေးအခြေအနေများ၊ တိုင်း ရင်းသားစာပေသင်ကြားရေးကိစ္စရပ်များ၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် လတ်တလောဖြစ်ပွားနေသော မြေယာကိစ္စရပ်များကို အသီးသီး တင်ပြဆွေးနွေးခဲ့ကြသည်။ ပြီးခဲ့သည့် ဇူလိုင် ၁၈ ရက်ကလည်း နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ဒီမိုကရေစီမိတ်ဆွေ ပါတီ ၁၀ ခုတို့ ထိုရိပ်သာမှာပင် တွေ့ဆုံခဲ့သည်။

### ■ ပြည်ခိုင်ဖြိုးတိုင်းဒေသကြီး တာဝန်ခံနှစ်ဦး ပြောင်းလဲ

**ရန်ကုန်၊ ဩဂုတ်-၄**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး ရေးပါတီ၏ တိုင်းဒေသကြီးနှစ်ခုအတွက်တာဝန်ခံရာထူးကိုပြောင်းလဲတာဝန်ပေးအပ်ခဲ့သည်။ဩဂုတ် ၃ ရက်က ပြုလုပ်ခဲ့သော ပါတီအစည်းအဝေးတွင်ရန်ကုန်တိုင်းဒေသကြီး ပြည်ခိုင်ဖြိုးပါတီတာဝန်ခံရာထူးကို ဦးအောင်သိန်းလင်းထံမှ ဦးမောင်မောင်သိန်းသို့ပြောင်းလဲတာဝန်ပေးအပ်ခဲ့ကြောင်း ဆုံးဖြတ်ခဲ့သည်ဟု ထိုပါတီမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ပြောသည်။ ထို့အပြင် ဦးမောင်မောင်သိန်းမှာ ယခင် တနင်္သာရီတိုင်းဒေသကြီး ပြည်ခိုင်ဖြိုးပါတီတာဝန်ခံဖြစ်သည့်အတွက် ၎င်း၏နေရာတွင် သူရဦးအောင်ကိုအား လွှဲပြောင်းတာဝန်ပေးအပ်လိုက်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

### ■ မြန်မာ့ပို့ကုန်များ ပိတ်ပင်ထားမှု အမေရိကန်တစ်နှစ်သက်တမ်းတိုး

**ဝါရှင်တန်၊ ဩဂုတ် - ၄**

ပိတ်ဆို့တားဆီးမှုများအပေါ် ဖြေလျှော့ပေးမှုများ ဖြစ်ပေါ်စေခဲ့သည့် ပြုပြင်ပြောင်းလဲမှုများမြန်မာနိုင်ငံက လုပ်ဆောင်ခဲ့သော်လည်း မြန်မာနိုင်ငံမှ ပို့ကုန်များ အမေရိကန်သို့တင်ပို့ခွင့်ပိတ်ပင်ထားခြင်းကို အမေရိကန်ကွန်ဂရက်က ထပ်မံသက်တမ်းတိုးလိုက်သည်။ မြန်မာနိုင်ငံမှ ပို့ကုန်များ ပိတ်ပင်ထားခြင်းကို တစ်နှစ် သက်တမ်းတိုးရန် အမေရိကန် အထက်လွှတ်တော်နှင့် အောက် လွှတ်တော်က သီးခြားစီ မဲခွဲဆုံးဖြတ်ခဲ့သည်။

### ■ ကမ္ဘာ့ဘဏ်က မြန်မာနိုင်ငံသို့ ချေးငွေပေးရန်ပြင်ဆင်

**အောင်သူရ** **ရန်ကုန်၊ ဩဂုတ်-၁**

နှစ်ပေါင်းနှစ်ဆယ်ကျော်အတွင်း ကမ္ဘာ့ဘဏ်က မြန်မာနိုင်ငံသို့လာမည့် အောက်တိုဘာလမှစ၍ အမေရိကန်ဒေါ်လာ ၈၅ သန်း ထောက်ပံ့ရန် ပြင်ဆင်နေပြီဖြစ်ကြောင်း ကမ္ဘာ့ဘဏ်ဒုဥက္ကဋ္ဌ မစ္စပယ်ဟာကော့စ်က ပြောသည်။ ကမ္ဘာ့ဘဏ်အနေဖြင့် မြန်မာနိုင်ငံသို့ ချေးငွေထုတ်ချေးခြင်းအား ၁၉၈၇ ခုနှစ်မှ စတင်ရပ် ဆိုင်းခဲ့သည်။ ထို့အပြင်မြန်မာနိုင်ငံမှ ကမ္ဘာ့ဘဏ်သို့အကြွေးပေးရန်ရှိသော အမေရိကန်ဒေါ်လာ ၃၉၇ သန်းအား ၂၀၁၃ ခုနှစ်ဇန်နဝါရီလတွင်ပေးချေနိုင်မည်ဟုမျှော်လင့်ကြောင်း ဒုဥက္ကဋ္ဌကပြောသည်။ ၂၀၁၂ ခုနှစ် ဩဂုတ် ၂ရက်တွင် ကမ္ဘာ့ဘဏ်ရုံးခွဲအား မြန်မာနိုင်ငံ၌ ပြန်လည်ဖွင့်လှစ်ခဲ့သည်။

### ■ ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်စက်ရုံ မီးလောင်

**စောရန်နိုင်၊ ဆန်းညွန့်** **မကွေး၊ ဩဂုတ်-၂**

မကွေးတိုင်းဒေသကြီးအတွင်းရှိဟိုက်ဒရိုဂျင်ပါအောက်ဆိုက်စက်ရုံ၌ ဩဂုတ် ၂ရက် မွန်းလွဲပိုင်းက ၄ နာရီကျော်ကြာ မီးလောင်မှုကြောင့် ကျပ်သန်း ၂၂၁၆သန်းဆုံးရှုံးခဲ့ပြီး ခုနစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သတင်းရရှိသည်။ အဆိုပါ စက်ရုံသည်စက်မှုဝန်ကြီးဌာန၊ စက္ကူနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဟိုက်ဒရိုဂျင်ပါအောက်ဆိုက်စက်ရုံဖြစ်ပြီး မကွေး တိုင်းဒေသကြီးအတွင်းရှိ ချောက် မြို့မှ ငါးမိုင်ခန့်အကွာတွင် တည်ရှိသည်။ ဖြစ်စဉ်မှာ ၎င်းစက်ရုံတွင် $H_2O_2$ ထုတ်လုပ်ရာတွင် အသုံးပြုသည့် ဓာတုဗေဒပစ္စည်းသုံးမျိုး Heavy Aromatic, Tri Octyl Phosphorus (T.O.P), Amthra Quilmore တို့ ရောစပ်ထားသော Working Solution အား Oxydation တာဝါတိုင်အပေါ် သို့ ပန့်ဖြင့် တွန်းတင်စဉ် ပန့်လေ ခိုနေသဖြင့် လေချူပြီး ပြန်မောင်းရာ တာဝါတိုင်ပေါ် မှ $H_2O_2$ များ ပြန်စီးကျလာ၍ မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။

## ဝန်ထမ်းအလိုရှိသည်

7Day News ဂျာနယ်တွင် တာဝန်ထမ်းဆောင်ရန် ဝန်ထမ်းနှစ်ဦးအလိုရှိသည်

(၁) ဓာတ်ပုံသတင်းထောက် M(1) Post

• အခြေခံဓာတ်ပုံပညာ တတ်ကျွမ်းရမည်ဖြစ်ပြီး ဓာတ်ပုံသတင်းထောက်အဖြစ် အသက်မွေးဝမ်းကျောင်းပြုလိုသူ၊ 7Day News ဂျာနယ်နှင့်ရေရှည်လက်တွဲဆောင်ရွက်နိုင်သူဖြစ်ရမည်။

(၂) ပြင်ပဆက်သွယ်ရေး M(1) Post

• တက္ကသိုလ်ဝင်တန်းအောင်

(၁၈)နှစ်မှ (၂၅)နှစ်အတွင်း၊ ပုံနှိပ်မီဒီယာလုပ်ငန်းနားလည်ရမည်။ ဆက်ဆံရေးကောင်းမွန်ရမည်။

အခန်းအမှတ် (G-12)၊ မြေညီထပ်၊ တိုက် (B)၊ Diamond Centre၊ အမှတ် (၄၉၇)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၅၁၃ ၅၁၅~၅၁၉

## X2O မဏ္ဍပ်ပုံးဖောက်ခွဲမှု စွဲချက်ဖြင့် သေဒဏ်ပေးခံရသူကို လွတ်ငြိမ်းချမ်းသာခွင့်ပြု

**မင်းဟိန်းကျော်၊ အိဖြူလွင်** **ရန်ကုန်၊ ဩဂုတ်-၄**

ကုလသမဂ္ဂအထူးကိုယ်စားလှယ်မစ္စတာကင်တားနား လာရောက်တွေ့ဆုံပြီး သုံးရက်အကြာတွင် X2O မဏ္ဍပ်ပုံးဖောက်ခွဲမှုကျူးလွန်သည်ဆိုကာ သေဒဏ်ပေးခံထားရသူ ကိုဖြိုးဝေအောင်အား အစိုးရမှ ပုဒ်မ ၄၀၁ ဖြင့် လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ကြောင်း ၎င်း၏ဇနီးဖြစ်သူ မဌေးဌေးကပြောသည်။ ကိုဖြိုးဝေအောင်အား လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သော်လည်း ကျန်းမာရေးအခြေအနေမှာ အသည်းကင်ဆာဝေဒနာကြောင့် ခါးအောက်ပိုင်း လှုပ်ရှား၍မရဘဲ အောက်ပိုင်းသေသွားခဲ့ကြောင်း ကိုဖြိုးဝေအောင်ကပြောသည်။ ၂၀၁၀ ခုနှစ် သင်္ကြန်ကာလအတွင်း ကန်တော်ကြီးပတ်လမ်း ရှိ X2O ရေကစားမဏ္ဍပ် ပုံးပေါက်ကွဲမှုနှင့်ပတ်သက်၍ ၂၀၁၀ ခုနှစ် ဧပြီလ ၂၃ ရက် ည ၁၂ နာရီခွဲ ခန့်တွင် မေးမြန်းစရာရှိသည်ဟုဆိုကာ လာရောက်ခေါ် ဆောင်သွားပြီး ယခုနှစ် မေလ ၈ ရက် တွင် အမိန့်ချခဲ့ခြင်းဖြစ်သည်။

# အချပ်ပို

7 DAY NEWS JOURNAL
Vol.11, No.22 • AUGUST 9 , 2012

# သီပေါမင်းအရိုးအိုး ပြန်လည်သယ်ယူရေး အမျိုးသားလွှတ်တော်တွင် အဆိုတင်သွင်း

**ရန်ကုန်၊ ဩဂုတ် - ၁**

မြန်မာဘုရင် နောက်ဆုံးမင်းဆက်ဖြစ်သော သီပေါမင်း၏ အရိုးအိုးကို မြန်မာနိုင်ငံသို့ ပြန်လည်သယ်ဆောင်ရေးအဆိုအား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဆွေက လွှတ်တော်သို့ အဆိုတင်သွင်းလိုက်သည်။

အများပြည်သူနှင့် ရဟန်းတော်များဆီမှ သီပေါမင်းအရိုးအိုးပြန်လည်သယ်ယူရေး လိုလားသည့်စာများစွာ စာရေးသက် နှစ် ၂၀ ကျော်အတွင်း လက်ခံရရှိခဲ့သည့်အချက်ကလည်း ယခုကဲ့သို့ အဆိုတင်သွင်းရခြင်းအကြောင်းအရင်းများထဲမှ တစ်ချက်ဖြစ်ကြောင်းဦးသန်းဆွေကပြောကြားသည်။

ဦးသန်းဆွေသည်မောင်သန်းဆွေ(ထားဝယ်)အမည်ဖြင့် သမိုင်းစာပေများကိုရေးသားလျက်ရှိပြီး ကုန်းဘောင်မင်းဆက်နှင့် ပတ်သက်၍ စာအုပ်များစွာကိုလည်း ရေးသားထုတ်ဝေခဲ့သူဖြစ်သည်။

"ဒီဟာကိုပြန်သယ်ဖို့နဲ့ ပြန်သယ်ရင်လည်း ငွေကိုအစိုးရဆီကယူစရာမလိုဘဲ အလှူငွေထည့်ကြမယ်ဆိုတဲ့အကြောင်း စာရေးလာတာတွေ အများကြီးပဲ။ ရဟန်းတွေကလူတွေထက်ပိုများပါတယ်"ဟု အနယ်နယ်အရပ်ရပ်ရှိ ၎င်း၏



မြေးတော်၊ မြစ်တော်များက သချႋုင်းတော်ရှေ့တွင် သရဏဂုံတင်နေပုံ

စာဖတ်သူများထံမှ ရရှိသည့် စာများနှင့် ပတ်သက်၍ ရှင်းပြသည်။

ယင်းအဆိုကို လွှတ်တော်တွင် မကြာမီ ဆွေးနွေးမည်ဖြစ်ပြီး အခြား အန္တယ်တော်တစ်ဦးဖြစ်သည့် ဦးစိုးဝင်းကလည်း နိုင်ငံတော်သမ္မတထံသို့စာတင်ထားပြီးဖြစ်သလို အိန္ဒိယဝန်ကြီးချုပ်ထံသို့လည်း စာရေးတင်ပြထားကြောင်း ဦးသန်းဆွေက ပြောသည်။

အိန္ဒိယနိုင်ငံ ရတနာဂီရိတွင် သီပေါမင်း၏ အုတ်ဂူမှာ ယခုအခါ လူနေရပ်ကွက် အိမ်များအကြားတွင် ရောက်ရှိနေသည့်အပြင် ရုပ်ကလာပ်တော်မြှုပ်နှံစဉ်က ဒုတိယမိဖုရားစုဖုရားလေးနှင့် အတူ အုတ်ဂူတစ်ခုတည်းတွင် မြှုပ်နှံခဲ့ခြင်းဖြစ်ကာ အုတ်ဂူတွင် ရေးထိုးထားသည့်စာမှာ ပြောင်းပြန်ဖြစ်နေသည် ဆိုသည်။

သီပေါမင်းသည်ခမည်းတော် မင်းတုန်းမင်းကြီး၏ အရိုက်အရာဆက်ခံ၍ အသက် ၂၀ အရွယ်၌ ဘုရင်ဖြစ်လာသူဖြစ်ကာ နန်းစံနှစ် ၇ နှစ်အကြာ အင်္ဂလိပ် နယ်ချဲ့၏ နန်းချမှုကို ခံခဲ့ရခြင်း ဖြစ်သည်။ ထိုအချိန်က သီပေါမင်းသည် မိဖုရားခေါင်ကြီး၊ ဒုတိယ မိဖုရားနှင့် သမီးတော် ၂ ပါးနှင့် အတူ ပါတော်မူခဲ့ခြင်းဖြစ်သည်။ ကိုယ်ဝန်ခုနစ်လဖြင့် ပါတော်မူခဲ့သော မိဖုရားခေါင်ကြီးသည် အိန္ဒိယနိုင်ငံ မဒရပ်မြို့တွင် တတိယသမီးတော်ကို မွေးဖွားခဲ့ပြီး ရတနာဂီရိတွင် စတုတ္ထသမီးတော်ကို မွေးဖွားခဲ့သည်။

သီပေါမင်းနှင့် ဒုတိယ မိဖုရား ရမည်းသင်း စုဘုရားကလေးတို့ကို ရတနာဂီရိတွင် သဂြိုဟ်လိုက်ရသော်လည်း သရဏဂုံတင်ရန် ခွင့်မပြုခဲ့သည့်အတွက် ပါတော်မူပြီး ၁၀၈ နှစ်၊ သီပေါမင်းနတ်ရွာစံပြီး ၇၇ နှစ်အကြာ ရောက်မှသာ အန္တယ်တော် ၇ ဦးက ရတနာဂီရိသို့သွားရောက်သရဏဂုံတင်နိုင်ခဲ့ခြင်းဖြစ်သည်ဟု မောင်သန်းဆွေ(ထားဝယ်)က ရေးသားထားသည်။

သီပေါမင်း၏မြစ်တော်တစ်ဦးဖြစ်ပြီး တော်ဘုရားကလေးအောင်ဇေ၏သမီး ဒေါ်ဒေဝီသန့်စင်က "ဘိုးတော်အရိုးအိုး ပြန်လည်သယ်ယူမယ့်ကိစ္စကလက်မခံစရာ၊ သဘောမတူစရာ မရှိပါဘူး။ ဒီမှာ ဘွားတော်အရိုးအိုးနဲ့ သမီးတော်တွေလည်းရှိတော့ အားလုံး စုစုစည်းစည်းနဲ့ မြန်မာပြည်မှာ ရှိသွားတာ ကောင်းတာပေါ့။ ဒါပေမဲ့ ဒီအချိန်က တိုင်းပြည်ကလမ်းကြောင်းသစ်ပေါ်သွားခါစအချိန်၊ ပြည်တွင်းမှာ မငြိမ်းချမ်းမှုတွေလည်း ရှိနေသေးတယ်။ အဲဒီတော့ ဒီကိစ္စက ပထမအရေးပေးလုပ်ရမှာမဟုတ်ဘူး။ တိုင်းပြည်ငြိမ်းချမ်းရေးကိစ္စတွေ အရင်လုပ်ပြီးရင် ဒါတွေက အရပ်သား အစိုးရ ပီပီပြင်ပြင်ဖြစ်တဲ့ အခါ နောက်မှာပါလာပါလိမ့်မယ်"ဟု ပြောကြားသည်။

မြန်မာပြည်သူအများက သီပေါမင်းနှင့် မိဖုရားအပေါ် ထင်မြင်ယူဆသုံးသပ်မှုများနှင့် ပတ်သက်၍ အဆိုတင်သွင်းသူ ဦးသန်းဆွေက "အခုဟာကဘုရင်စနစ်ကို လိုလားလို့မဟုတ်ဘူး။ အမျိုးသား အရေးပဲ။ တကယ်ဆို နန်းကျတုန်းက ဘုရင်က အသက် ၂၀၊ မိဖုရားက ၁၉ နှစ်၊ ကိစ္စတွေအားလုံးက ကင်းဝန်မင်းကြီးနဲ့ အစိုးရ အဖွဲ့က ခြယ်လှယ်ခဲ့တာ။ ဒီကလေးလင်မယားကဘာမှမသိဘူး။ သူတို့က အချိန်ကိုက်လောင်မယ့် မီးပုံကြီးပေါ် တက်ထိုင်မိသလိုဖြစ်နေတယ်။ သီပေါမင်းညံ့တာလည်း ညံ့တာပေါ့။ ဒါပေမဲ့ အင်္ဂလိပ်တွေရေးတာကို ဒီကလူတွေက သံယောင်လိုက်ရေးတယ်။ ဗမာတွေက အဲဒီဟာတွေကိုဖတ်ပြီး သံယောင်လိုက်သွားတယ်။ သမိုင်းကြောင်းအရ ပြောရရင် မဆုံးပါဘူး"ဟု သုံးသပ်စကားဆိုသည်။

၁၈၈၅ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် သီပေါမင်းနှင့် မိဖုရားစုဖုရားလတ်တို့အား ရတနာပုံနေပြည်တော် ဆိပ်ကမ်းမှ သူရိယသင်္ဘောဖြင့် ဖမ်းဆီးခေါ်ဆောင်သွားခဲ့ခြင်းဖြစ်သည်။

ရွှေတိဂုံ စေတီတော်တောင်ဘက်မုခ် ခြေတော်ရင်းတွင်ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ ဦးသန့်၊ ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်တို့၏ အုတ်ဂူများနှင့် တစ်ဝင်းတည်းတွင် မိဖုရားကြီးစုဘုရားလတ် အုတ်နန်း ပြသာဒ်တော်တည်ရှိသည်။ စုဘုရားလတ်အုတ်နန်းပြသာဒ်တော် ခြေရင်းတွင် ဒုတိယသမီးတော်အရှင်ထိပ်စုဘုရားလတ်၊ တတိယသမီးတော်အရှင်ထိပ်စုမြတ်ဘုရားတို့၏ အရိုးအိုးများကိုလည်း အတူတကွမြှုပ်နှံထားသည်။

မြန်မာနိုင်ငံသားတစ်ဦးဖြစ်သူ ဦးရဲနိုင်မိုးကနိုင်ငံသားတစ်ဦး၏ အမြင်ကိုယခုကဲ့သို့ ပြောပြသည်။

"ဘုရင့်မိသားစုအတွက်ပဲဖြစ်ဖြစ်၊ နိုင်ငံရဲ့ သမိုင်းတန်ဖိုးအတွက်ပဲဖြစ်ဖြစ် ဒီလိုပြန်သယ်ဖို့လုပ်တာကောင်းပါတယ်။ ဘယ်သူမဆို တိုင်းပြည်ပြင်ပမှာ သေဆုံးခဲ့ရရင် ကိုယ့်နိုင်ငံမှာ ပြန်လည်ခေါင်းချခွင့်ရှိရမှာပါပဲ။ ဒါပေမဲ့ အခုပြည်ထောင်စုလို့ ပြောနေတဲ့အချိန်မှာတော့ ဗမာတွေရဲ့ ကိုယ့်ထီးကိုယ့်နန်းဆိုတာကိုမြှင့်တင်တဲ့အခါ သတိတော့ထားရပါတယ်"

## ရှုခင်းသာအားကစားကွင်း အလုပ်ရှင်နှင့် အလုပ်သမား နှစ်နာကြေးကိစ္စ ခုံသမာဓိရောက်

**အေးသူစံ**

**ရန်ကုန်၊ ဩဂုတ် - ၄**

ဩဂုတ်လ ၁ ရက်က ပိတ်သိမ်းလိုက်သော သာကေတမြို့နယ်ရှိ ရှုခင်းသာအားကစားကွင်း၏ကန်ထရိုက်လုပ်ငန်းရှင်နှင့် အလုပ်သမားများအကြား နှစ်နာကြေးညှိနှိုင်းမှုမှာ မြို့နယ်အဆင့်တွင် မပြေလည်၍ ခုံသမာဓိသို့ တင်ပြထားရကြောင်း အဆိုပါကစားကွင်းမန်နေဂျာ ဦးကျော်လွင်က 7Day News သို့ပြောသည်။

ပန်းခြံပိတ်ရန် ပြင်ဆင်နေသည့် ဇူလိုင်လကုန်ပိုင်းတွင် လက်ရှိလုပ်ကိုင်နေသော ပန်းခြံဝန်ထမ်း ၁၂၀ တို့က နစ်နာကြေးသုံးလစာပေးရန် စုပေါင်းတောင်းဆိုခဲ့သည်။ ကုမ္ပဏီဘက်မှ မလိုက်လျောသည့်အတွက် မြို့နယ်အလုပ်သမားရုံးတွင် အလုပ်ရှင်နှင့် အလုပ်သမားများ နှစ်ဦးနှစ်ဖက်ညှိနှိုင်းမှုများပြုလုပ်ခဲ့ကြောင်း သာကေတမြို့နယ်ရှိအလုပ်သမားမှတ်ပုံတင်ရုံးမှတာဝန်ရှိသူဦးထွန်းမင်းကပြောသည်။ "ကျွန်တော်တို့က အလုပ်ရှင်နဲ့ အလုပ်သမားတွေညှိနှိုင်းပေးတယ်။ ဒါပေမဲ့ မြို့နယ်အဆင့်မှာ မပြေလည်တဲ့အတွက် လုပ်ထုံးလုပ်နည်းအရ ခုံသမာဓိကို တင်လိုက်ရတာပါ"ဟု ၎င်းက ပြော သည်။

"ဇူလိုင် ၃၁ ရက်က ငါးနှစ်အထက်ဝန်ထမ်းကို နှစ်လစာပေးမယ်။ ငါးနှစ်အောက်ကိုတစ်လစာပေးမယ်လို့ ကျွန်တော်တို့ဘက်က ကမ်းလှမ်းပါတယ်။ အဲဒါကို အလုပ်သမားခေါင်းဆောင်က လက်မခံဘူး။ သုံးလစာ ပေးရင်ယူမယ်။ မပေးရင် ခုံသမာဓိက ဆုံးဖြတ်တဲ့အတိုင်းပဲလို့ အလုပ်သမားတွေကပြောပါတယ်"ဟု ပန်းခြံမန်နေဂျာ ဦးကျော်လွင်ကပြောသည်။

ရှုခင်းသာပန်းခြံတွင်းမှ ဝန်ထမ်းများကို သိဂီရွှေရည်ကုမ္ပဏီကပင်တာဝန်ယူလုပ်ကိုင်နေသော ပြည်သူ့ဥယျာဉ်ထဲရှိရေလွှာလျှောနှင့် ရေကူးကန်တို့တွင် ပြန်လည်ခန့်ထားရန် သိဂီရွှေရည်ကုမ္ပဏီဘက်မှ စီစဉ်ထားသော်လည်း ဝန်ထမ်းအများစုမှာ သာကေတတွင် နေထိုင်ခြင်းကြောင့် ခရီးဝေးသည်ဆိုကာ နစ်နာကြေးကိုသာ ဆက်လက်တောင်းဆိုခဲ့ကြောင်း သတင်းရရှိသည်။ "ခရီးစရိတ်ကို ကျွန်တော်တို့က တစ်သောင်း အပိုဆောင်းပေးတယ်။ သူတို့က သာကေတကနေ ဝေးတယ်ပြောလို့ ထပ်ပေးတာ။ ဒါလည်း လက်မခံပါဘူး"ဟု ဦးကျော်လွင်က ဆက်လက်ပြောသည်။

အလုပ်ရှင်နှင့် အလုပ်သမားကြား မပြေလည်မှုဖြစ်နေစဉ်တွင်ပင် ဇူလိုင်လကုန်က ပန်းခြံကို အပြီးပိတ်သိမ်းလိုက်ပြီဖြစ်ပြီး အချို့ဝန်ထမ်းများမှာ ပြည်သူ့ဥယျာဉ်ရှိရေလွှာလျှောနှင့် ရေကူးကန်တို့တွင် ဩဂုတ် ၁ ရက်ကတည်းက စတင်အလုပ်ဝင်နေပြီဖြစ်ကြောင်းသိရသည်။

သိဂီရွှေရည်ကုမ္ပဏီသည် ရှုခင်းသာအပန်းဖြေအားကစားကွင်းကို ၂၀၀၄ ခုနှစ် ဧပြီလမှစတင်ကာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကန်ထရိုက်စနစ်ဖြင့် ငှားရမ်းလုပ်ကိုင်ခဲ့ပြီး ယခု ပန်းခြံပိတ်သိမ်းခြင်းမှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ပြန်လည်ပြုပြင်ရန် အပ်နှံစေခဲ့ခြင်းကြောင့်ဖြစ်ကြောင်း ကိုကျော်လွင်ကပြောသည်။

"ကျွန်တော်တို့ကတော့ ခုံသမာဓိအဆုံးအဖြတ်ကိုခံယူမယ်။ အဓိကက ခရီးဝေးတဲ့အတွက် အလုပ်ဆင်းဖို့ လုံးဝအဆင်မပြေပါဘူး။ ဒါကြောင့် နစ်နာကြေးတောင်းဆိုရတာပါ"ဟု အလုပ်သမားအဖွဲ့မှ ပန်းခြံဝန်ထမ်းတစ်ဦးကပြောသည်။

## ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင် ကိုမြအေး၏ လုံးချင်းဝတ္ထု ဗီဒီယိုဇာတ်ကားရိုက်ကူးမည်

**ငြိမ်းချမ်း၊ ခိုင်ချို**

**ရန်ကုန်၊ ဩဂုတ်-၄**

၈၈ ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သော ကိုမြအေး၏ ပထမဆုံးဝတ္ထုဖြစ်သော 'မိုးကောင်းကင်၌ တိမ်တိုက်များ' စာအုပ်ကို ဗီဒီယိုဇာတ်ကားအဖြစ် ရိုက်ကူးရန် ဝယ်ယူလိုက်ကြောင်း ဒါရိုက်တာကြည်ဖြူသျှင်က ပြောသည်။

ဒါရိုက်တာကြည်ဖြူသျှင်က "ဒီစာအုပ်ကို ကိုမြအေးက ဖတ်ကြည့်ပေးပါဆိုပြီး ကျွန်မကိုပေးလိုက်တော့ဖတ်ကြည့်ပြီးတဲ့နောက်မှာ တော်တော်လေး သဘောကျသွားတယ်။ ဖတ်ပြီးတာနဲ့ ကိုမြအေးဆီ လှမ်းဖုန်းဆက်တယ်။ ကျွန်မဒီစာအုပ်ကိုဝယ်တော့မယ်၊ ဇာတ်ကားရိုက်တော့မယ်လို့ဆိုပြီး ချက်ချင်းဝယ်လိုက်တယ်"ဟုပြောသည်။ ဝတ္ထုကို ရုပ်ရှင်အဖြစ် ရိုက်တင်လိုသော်လည်း အချိန်ပေးရမည်ဖြစ်သောကြောင့် ဗီဒီယိုဇာတ်ကားအနေဖြင့်သာ ရိုက်ကူးမည်ဖြစ်ကြောင်း၊ ပရိသတ်ထံသို့ အမြန်ဆုံးချပြသွားမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။ ဝတ္ထုကို ဗီဒီယိုဇာတ်ကားအဖြစ် ရိုက်ကူးရန်ကျပ်လေးသိန်းဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း ကိုမြအေးက ပြောသည်။





"ကျွန်တော့်စာအုပ်ထဲမှာ နိုင်ငံရေးစကားလုံးကြီးတွေ သုံးမထားပါဘူး။ ကျွန်တော်နိုင်ငံရေးသမားတစ်ယောက်အနေနဲ့မဟုတ်ဘဲ စာရေးဆရာတစ်ယောက်ရဲ့စိတ်နဲ့ရေးထားတာပါ" ဟု ကိုမြအေးက ပြောသည်။ အဆိုပါဝတ္ထုကို ၂၀၀၉ ခုနှစ် စက်တင်ဘာတွင် လှိုင်ကော်ထောင်၌ စတင်ရေးသားခဲ့ပြီး ၂၀၁၀ ဩဂုတ်တွင် တောင်ကြီးတောင်လေးလုံးထောင်၌ အပြီးသတ်ခဲ့ကြောင်း ၎င်းကပြောသည်။ ဇူလိုင်လကဖြန့်ချိခဲ့သော ၈၈ ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်၏ 'နောက်ကြည့်မှန်' ဝတ္ထုကိုလည်း ဒါရိုက်တာဝင်းထွန်းထွန်းက ဗီဒီယိုဇာတ်ကားရိုက်ရန် ဝယ်ယူခဲ့သည်။

၈၈ ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သူ ကိုထွန်းမြင့်အောင်က "ကျွန်တော်တို့ အထဲမှာနေခဲ့တုန်းက စာဖတ်ဖို့တောင် ခက်ခက်ခဲခဲ ကြိုးစားခဲ့ရတယ်။ စာရေးဖို့ဆိုတာ အင်မတန်ခက်ခဲပါတယ်။ အဲဒီအခြေအနေနဲ့ ရေးခဲ့တဲ့ စာတွေဟာအခုဆိုရင် ဝတ္ထုတစ်ပုဒ်ဖြစ်လာခဲ့ပြီဗျာ"ဟု ကိုမြအေး၏ စာအုပ်မိတ်ဆက်ပွဲတွင် အမှတ်တရ စကားပြောကြားခဲ့သည်။

နိုင်ငံရေး အကျဉ်းသားဟောင်းတစ်ဦးဖြစ်သူကိုဇော်သက်ထွေးက "ကျွန်တော် ဒီစာအုပ်အတွက် အမှာစာလေးရေးထားတယ်ဗျာ။ ဒီစာတွေကို ကိုမြအေးဟာ အကျဉ်းကျခံနေရပေမယ့် အကျဉ်းကျမခံတဲ့စိတ်နဲ့ ရေးခဲ့တယ်"ဟု ဆိုသည်။

၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင် ကိုမြအေး၏ 'မိုးကောင်းကင်၌ တိမ်တိုက်များ' စာအုပ်ကို အင်လျားစာပေက ၂၀၁၂ ခုနှစ် ဩဂုတ် ၄ ရက်တွင် ပထမအကြိမ် ရိုက်နှိပ်ဖြန့်ချိပြီး ယခုအခါ ဒါရိုက်တာကြည်ဖြူသျှင်က ဗီဒီယိုဇာတ်ကားအဖြစ် ရိုက်ကူးမည်ဖြစ်သည်။